www.burmeseclassic.com

ရင်မိုး
(ဆေးတက္ကသိုလ်)

BURMESE CLASSIC .com

# အိပ်မက်ထဲက တကယ့်အဖြစ်အပျက်

အသစ်စက်စက်ဇ / ဆုံးလုံးချင်း



www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု ခိုင်မာရေး
ခိုင်မာသော ဒီမိုကရေစီစနစ် ရှင်သန်နိုင်မည့်အခြေခံ တည်ဆောက်ရေး
ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရှင်မိုး (ဆေးတက္ကသိုလ်)

## အိပ်မက်ထဲက တကယ့်အဖြစ်အပျက်

www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

Synergy Publications
အမှတ်(၉၄)၊ ၃-လွှာ၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၂၅၇၂၅၈၀၀-၃၀၀၀၇၇၂

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ် (၂၀၁၃ ဧပြီ)၊ |
| အုပ်ရေ | ၅၀၀ |
| မျက်နှာဖုံး | မေယုဝင်းထက် |
| ကွန်ပျူတာစာစီ | Synergy |
| ထုတ်ဝေသူ | ဦးသုတ (ယ ၁၆၂၁) |
| | Synergy Publication |
| | အမှတ်(၉၄)၊ ၃-လွှာ၊ (၃၉)လမ်း၊ ကျောက်တံတား။ |
| အဖုံး/အတွင်းပုံနှိပ် | ဒေါ်နွဲ့နွဲ့ရီ (မြဝဇီရာ) |
| | ရွှေရောင်လင်းပုံနှိပ်တိုက် |
| | အမှတ် (၄၂၃)၊ အောက်ပုဇွန်တောင်လမ်း၊ |
| | (၁)ရပ်ကွက်၊ ပုဇွန်တောင်၊ |
| စာအုပ်ချုပ် | မေသုဝင်း |
| တန်ဖိုး | ၁၄၀၀ |

ရှင်မိုး(ဆေးတက္ကသိုလ်)
အိပ်မက်ထဲက တကယ့်အဖြစ်အပျက် / ရှင်မိုး(ဆေးတက္ကသိုလ်)၊ - ရန်ကုန်
ဦးသုတ၊ Synergy Publication၊ ၂၀၁၃၊
၂၃၇ - စာ၊ ၁၂ စင်တီမီတာ၊ ၁၈.၃ စင်တီမီတာ၊
(၁) အိပ်မက်ထဲက တကယ့်အဖြစ်အပျက်

BURMESE CLASSIC .com

**မြူလင်းလင်း** ဟူသော အမည်ကို စတင်ကြားလိုက်ရတော့ သူ့စိတ်ထဲမှာ ဖြစ်ပေါ်လာတာတွေကို ထုတ်ပြောရယ်မောပစ်လိုက်မိသည်။

"မြူတွေထဲမှာမှ ... လင်းလင်းကြီးဖြစ်နေတဲ့ ... မိန်းမဆိုတော့ ... မဟုတ်မှလွဲရော Alien (အေလီယန်) များလား ..."

Alien (တခြားကမ္ဘာမှဂြိုလ်သား)ဟု ကြံဖန် လျောင်ရယ်မိသော သူ့ကို မင်းမိုင်က စိတ်ဆိုးပါသည်။

"(.......) မှပဲ ... alien တွေက မြူတွေထဲမှာ လင်းနေတယ်လို့ မင်းကို ဘယ်သူပြောလဲ"

စိတ်ဆိုးတကြီး ဆဲဆိုကာ မြူလင်းလင်းကို မထိနဲ့ မီးပွင့်သွားမယ် ပုံစံမျိုးဖြစ်နေသော သူငယ်ချင်းမင်းမိုင်ကို သူ ဟားတိုက်လှောင်ပြောင်ပစ် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နှာရည်တို့ ပေဖန်တာလေးနဲ့ ဒီလောက်တောင် ဖြစ်သွားရလား
တွာ—ဝင်းချုံမြလင်းလင်းက...ဘယ်လောက်များ လှနေလို့ မင်းအသည်း
အသည်းမြှောက်နေတာလဲ"

"ဘယ်လောက်လှလှ...မလှလှ...ဒါဟာ ချစ်တတ်တဲ့စိတ်နဲ့
ဆိုင်တယ်...မိန်းကလေးတစ်ယောက်ကို သိပ်လှနေမှ ချစ်မယ်ဆိုတဲ့...
ဝင်းလိုကောင်မျိုးထဲမှာ...ငါမပါဘူး။ မြူက...မင်း တွဲနေကျ ကောင်မလေ
တွေလောက်မလှပေမယ့်ငါ့အတွက်တော့ မြူကလွဲရင်ကျန်တဲ့မိန်းကလေး
တွေအားလုံး ဖွဲ့နဲ့ဆန်ကွဲပဲ"

"မသိလို့ မေးရဦးမယ်...ဖွဲနဲ့ဆန်ကွဲက ဘယ်လိုကွာလို့လဲ...အဲ
စကားပုံကို ကြားကြားနေတာ ကြာပါပြီ...ဘာအဓိပ္ပါယ်မှန်းကို ငါမသိဘူး"

သူတို့နှစ်ယောက် အငြင်းအခုန် ဖြစ်လို့ကောင်းတုန်း ကြားထဲ
ကနေ ဇက်တီးသီဟက သူ စားနေသော ပေါက်စီကို ပါးစပ်ထဲ အကုန်ထိုး
ထည့်အပြီးမှာ ဝင်မေးလေသည်။ အစားအသောက်ကလွဲရင် ဘာကိုမှ စိတ်
ဝင်စားလေ့မရှိသော သီဟအတွက် ဖွဲ့နဲ့ဆန်ကွဲဆိုတာဟာ စိတ်ဝင်စားစရာ
တစ်ခု ဖြစ်လာပုံရသည်။ အဲဒီလို ဝင်မေးတော့ ကျန်တဲ့ သူငယ်ချင်းတွေ ...
ဘာရယ်မဟုတ် အုန်းခနဲ ရယ်လိုက်ကြလေသည်။

"ဟာ...ဘာလဲ...ငါမေးတာ ဘာရယ်စရာ ပါလို့လဲ"

"ဖွဲ့နဲ့ဆန်ကွဲဆိုတာ စားလို့ရတဲ့ စာရင်းထဲမှာပါတယ်ထင်ပြီး မင်း
မေးတာ မဟုတ်လား"

"ဖွဲတော့ ငါ မြင်တောင်မမြင်ဖူးလို့ မသိဘူး ဆန်ကွဲတော့ မြင်ဖူးပါ
တယ် ဆန်ကွဲနဲ့မြန်မာမုန့်တွေလုပ်စားချင်ရင် စားလို့ရအောင် မဟုတ်လား"





"မင်းကတော့ ဒါပဲ...စားစရာပဲ စဉ်းစားနေတာ...နည်းနည်းပါးပါး
ပြီး ရည်းစားလေး တစ်ယောက်လောက်ထားကြည့်မယ်လို့ စိတ်မကူး
လား"

"ဟော့ကောင်တွေ...တိတ်တိတ်နေကြကွာ...မြူ လာခါနီးပြီ၊
တို့ လိုက်ကြည့်ချင်တယ်ဆိုလို့...ငါခေါ်လာတာ...တိတ်တိတ်နေပြီး
ကြည့်ကြကွာ...တော်ကြာ ငါတို့စောင့်ပြီး မြူကို...လှောင်တယ်ထင်
ဦးမယ်"

မင်းပိုင် အဖြစ်သည်းနေပုံကြောင့် သူတို့ အားလုံး မျက်နှာအမူ
အရာနဲ့ သံသေးသံကြောင်မျိုးစုံ အော်မိကြသည်။

သူတို့မှာသူငယ်ချင်းငါးယောက်ရှိပါသည်။ အလယ်တန်းလောက်
ကတည်းက အတူတူတွဲလာသော သူငယ်ချင်းများဖြစ်ကာ ဆယ်တန်းအောင်
သည့်အခါ မင်းပိုင်က ဆေးကျောင်းဝင်သည်။ သီဟက အဝေးသင်တက်ကာ
သူ့ဖခင်၏ ပွဲရုံလုပ်ငန်းမှာ ကူသည်။ ကျော်ကျော်ကတော့ GCEO Level
(ဂျီစီအီးအိုလယ်ဗယ်လ်)မှာအမှတ်ကောင်းရအောင်ဝင်ဖြေကာ အမှတ်တွေ
ကောင်းတော့ အင်္ဂလန်က တက္ကသိုလ်တစ်ခုမှာ ကွန်ပျူတာဆိုင်းယန့်(စ်)
သွားတက်လေသည်။ ကျန်တဲ့ နှစ်ယောက်ဖြစ်သော ဇေယျာတင်နဲ့ သူက
တော့...စင်ကာပူမှာပဲ ဟိုတယ်လ်လုပ်ငန်းနှင့်ဆိုင်သော ဒီပလိုမာအတူတူ
သွားတက်ဖြစ်ကြသည်။

သူနဲ့ ဇေယျာတင်တို့က ဒီပလိုမာသင်တန်းမှ သုံးနှစ်ကျော်ကြာ
သောအခါ ဒီပလိုမာဘွဲ့ရပြီး မြန်မာပြည်ပြန်ရောက်လာကြသည်။ သီဟလည်း
အဝေးသင်မှာ ဘွဲ့တစ်ခုရပြီး ဖခင်နှင့်တွဲလုပ်ရသော ပွဲရုံလုပ်ငန်းဖြင့် ငြိမ်နေ
သည်။ မင်းပိုင်ကတော့ ဆေးကျောင်းသားမို့ နှစ်ရှည်တက်ရကာ ယခု



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးချိန်အထိ(တ)ရှိသေးသည်၊ သူတို့လေးယောက် လူချင်းပြန်ဆုံမိတ်မှာ တော့်ကျော်တလည်း အင်္ဂလန်ကနေ ခဏပြန်လာလည်သဖြင့် ငါးယောက်ပြည့်စုံကြပါသည်။ ဒီကြားထဲမှာတော့ အဆက်အသွယ်ပြတ်တယ်ရယ်လို့မရှိလှပါ။ Social Networks (ဆိုရှယ်နက်(ခ)ဝေါ့(ခ))ဟု ခေါ်သော လူမှုဆက်သွယ်ရေးကွန်ယက်တွေ ထွန်းကားလှတဲ့ခေတ်မှာ လူဖြစ်လာရသူတွေဖြစ်ရာ Facebook (ဖေ့ဘုတ်(ခ်))မှာတွေ့ကြ၊ G-talk (ဂျီတော့ခ်(ခ်)) နဲ့စကားပြောကြ၊ ဖုန်းချင်း ဆက်သွယ်ကြဖြင့် သူတို့အဆက်အသွယ်မပြတ်ခဲ့ကြပါ။

အဲဒီတော့လည်း တစ်ယောက်အကြောင်းတစ်ယောက် သိနေကြတာ မင်းမိုင်ကြိုက်နေသော ကောင်မလေးတစ်ယောက်ရှိကြောင်း၊ သီဟတစ်ယောက် ပွဲရုံမှာဝင်ကူရင်း လုပ်ငန်းရှင်ကြီးဖြစ်ကာ ငယ်ငယ်က ခပ်ပြည့်ပြည့်လေးဖြစ်နေရာမှ အခုတော့ မျက်နှာဖောင်းဖောင်း ဗိုက်ပူပူနဲ့ ဖက်တီးဖြစ်နေကြောင်း၊ ကျော်ကျော်ဟာ အင်္ဂလန်မှာ အတော့်ကို ပျော်နေသဖြင့် တော့ချင်ပြီးရင်တောင် အပြီးပြန်လာနေချင်မှ နေတော့မှာဖြစ်ကြောင်း၊ ဇေယျတင်ကတော့ မြန်မာပြည် ပြန်လာတာနဲ့ အမေ့ဆီက အမွေတောင်းကာ သူ့ကိုယ်ပိုင်ဟိုတယ်လည်း တစ်ခုစတင်ဖွင့်တော့မှာဖြစ်ကြောင်းနဲ့ အားလုံးထဲမှာမိဘအချမ်းသာဆုံးဖြစ်သလို အစ်မနှစ်ယောက်သာရှိသောတစ်ဦးတည်းသောသား၊ တစ်အိမ်လုံးက အလိုလိုက်ကာ ဖူးဖူးမှုတ်ထားခံရသော သူကတော့ ရည်းစားတွေ မှိုလိုပေါက်အောင်ထားကာ ရှုပ်လို့၊ ပွေလို့ကောင်းနေကြောင်း ဆိုသော သတင်းတွေလည်း အသီးသီး အပြန်အလှန်ဖို့ပြီးကြလေပြီ။





"ဒါ...မပြန်ခင်လေး...မင်းရဲ့မြို့ကို မြင်ဖူးသွားအောင် ကြည့်ချင်လို့ပါကွာ...မင်းကို ဒါပြောသားပဲ...တစ်ပုံရိုက်ပြီး ပြပါဆိုတော့...မလုပ်ခဲ့ဘူး"

"မင်း...မမြင်ဖူးလိုက်တော့ရော...ဘာဖြစ်မှာမို့လဲ..."

"ဟောတော်...ငါက...နောက် သုံး၊ လေးနှစ်အတွင်း ဒီပြန်လာဖို့ မသေချာဘူး။ ဒီတော့...ငါတို့ဆုံတုန်းလေး ဘာတွေ ဘယ်လိုသောင်းကျန်းခဲ့တယ်ဆိုတာလေး ပြန်စဉ်းပြန် သတိရချင်လို့ကွ...နားလည်လား။ ငါတို့အခု အသက်နှစ်ဆယ်မှာ ခံစားရတဲ့ ခံစားချက်နဲ့...အသက်အစိတ်မှာ ခံစားရတဲ့ ခံစားချက်က တူချင်မှ တူတာ"

"မင်းကလည်း...အဲဒီလောက်တောင် လွမ်းတတ်နေရင်...ဘာလို့ အင်္ဂလန်မှာ အပြီးနေတော့မလဲ၊ ဒီပဲ ပြန်လာပေါ့...ဒါမှ မြန်မာပြည်ရဲ့ Life (လိုက်(ဖ်))နဲ့ အမြဲထိတွေ့ရမှာပေါ့"

"အေးကွာ...ဒီကောပြန်လာတော့လည်း...ဒီမှာပဲ ပြန်နေချင်တယ်...ဒါပေမယ့် ဟိုမှာကြာကြာနေရတော့လည်း ဟိုမှာပဲ နေရထိုင်ရတာ အဆင်ပြေတယ်ထင်ပြီး နေချင်တယ်...ဥပမာကွာ...အစစအရာရာပေါ့ ရှော့ပင်းမောလ်သွားပြီး ပစ္စည်းတစ်ခုဝယ်လာမိတယ်...အိမ်ရောက်မှ စိတ်မကြိုက်တော့တာတို့၊ မှားဝယ်လာတာတို့...အဆင်မပြေတာတို့ရှာတွေ့ရင် ယူလာတဲ့ receipt (ငွေလက်ခံဖြေစာ)ပြပြီး အဲဒီဆိုင်မှာ ပြန်လဲလို့ရတယ်၊ ဒါမှမဟုတ် ပိုက်ဆံပြန်တောင်းလို့ရတယ်...ဆိုတာမျိုးတွေ၊ နေမကောင်းဖြစ်လို့ ဆေးရုံသွားပြရင်...အားလုံးက ကိုယ့်ကို နူးနူးညံ့ညံ့ကောင်းကောင်းမွန်မွန် ခေါ်ပြောဆက်ဆံပြီး လူလူချင်းလည်း ချမ်းသာမှု၊ ဆင်းရဲမှုဆိုတာတွေ ခွဲခြားမဆက်ဆံဘူး။ မအော်ငေါက်ဘူးပေါ့...အဲဒါမျိုးတွေ...၊ ရုံးဌာနတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



သွားစရာရှိလို့ သွားရရင်လည်း appointment (အပွိုင့်မန့်) သာလုပ်ထားလိုက် ... ဘယ်နေရာမှာမှ ... ကြာကြာစောင့်ရတာတို့၊ ကိုယ့်အလှည့်ရောက်အောင် လာဘ်ထိုးရတာတို့၊ ဟိုနေရာ မထိုင်ပါနဲ့ ဒီနေရာမရပ်ပါနဲ့ဆိုပြီးအလကားနေရင်းလာဟောက်တာတို့မရှိဘူး...လူကြီးသားသမီးဆွေမျိုးလာမှာမို့ ... သူ့ကို ဦးစားပေးရမယ်တို့ ဘာတို့ မရှိဘူး ... အားလုံးတန်းတူညီတူဆက်ဆံရတယ် ... အဲဒါမျိုးတွေပေါ့ကွာ ။ ကြုံရရင် ... အဲဒီမှာနေရထိုင်ရတာ အဆင်ပြေတယ် ... နေလို့ကောင်းတယ်လို့ ... ခံစားရတယ် ... အဲဒီမှာပဲနေချင်တယ် ... မြန်မာပြည်ကလူတွေကတော့ ... နှစ်ပေါင်းများစွာခေါက်ရိုးကျိုးနေတဲ့ပုံစံတွေနဲ့ဆိုတော့ ... ဆက်ဆံရေးတွေက မပြေပြစ်ကြဘူး"

သူတို့အားလုံးမှာ ကျော်ကျော့်ထံက လေးနက်သော ဝေဖန်ပိုင်းခြားမှုကို နားထောင်ကာ ဘယ်လိုထင်ကြေးပေးရမှန်းမသိ ဖြစ်နေသည်။ ဖေယျာတင်နဲ့ သူ ဆိုတာကလည်း နိုင်ငံခြားတိုင်းပြည်တစ်ခုမှာ သုံးနှစ်ကျော်လေးနှစ်နီးပါး နေခဲ့ဖူးသူတွေမို့ ကျော်ကျော့်ပြောသမျှ လက်ခံကာ ဒီလို ကွာခြားမှုတွေဟာ ဘာကြောင့်ဖြစ်ရသလဲဆိုတာ အဖြေရှာမရဖြစ်နေသည်။

"ကဲ...ကဲ...တော်ကြပါကွာ...ငါတို့အရွယ်၊ ငါတို့ဦးနှောက်လေးနဲ့...ဒါတွေ ဆွေးနွေးရမှာ...ခက်ခဲနေတယ်...ပေါ...ပေါ...ပြောရင်းဆိုရင်း...မှူးလာနေပြီ...ကဲ...အသံတိတ်တိတ်နဲ့ စောင့်ကြည့်ကြနော်...မြှူကို စသလို နောက်သလို အသံမျိုး မဖြစ်စေနဲ့နော်"

မင်းပိုင်တစ်ယောက် ပြာပြာသလဲ ဖြစ်ပြီး သူ့ရှေ့ရှုလာထားသော ကုန်နေပြီဖြစ်သည့်လက်ဖက်ရည်ခွက်ကိုကောက်မော့လိုက်မော့၊ ကုန်နေမှန်းသိမှ ပြန်ချနှင့် ကုန်ခြွေပျက်နေလေသည်။





အားလုံး ငြိမ်ပြီး မင်းပိုင် ကြည့်ရာဘက်ဆီ စိတ်ဝင်တစားစောင့်ကြည့်လိုက်ကြပါသည်။ မင်းပိုင်လိုမျိုး ဆရာဝန်ကြီးသားတစ်ယောက် ရှပ်ရည်သန့်ပြန့်ပြေပြစ်သော ဆေးကျောင်းသားတစ်ယောက်က အရှုံးအမှုးကြိုက်သည်ဆိုသည့် မြှူလင်းလင်းဟာ ဘယ်လို မိန်းကလေးမျိုးလဲ၊ ဘယ်လောက်များ ချောလှနေသလဲ။

"ဟင်..."

သူ့ စိတ်ထဲမှာ ဖြစ်ပေါ်လာတာဆိုရင် ရင်ထဲမြှုမထားတတ်သော အကျင့်အတိုင်း ဟင်ခနဲ သူ ရေရွတ်မိသည်။

"သိပ်လည်းမလှဘူးလို့ပြောမလို့ မဟုတ်လား"

မင်းပိုင်က ကြိုတင်မေးလေသည်။

"အေးပေါ့ကွ ... မင်းနဲ့ သူနဲ့ တခြားစီပဲ။ မင်းကတော့ ဖြူသန့်ပြီး ဆရာဝန် မဖြစ်ခင်ကတောင် ဆရာဝန်ရုပ်ထွက်နေတာ ... သူကတော့ကွာ ချောကလက်ရှူပေ...ဆံပင်ဖားလျား သာမန် မိန်းမပါတကား..."

သူ့ရဲ့နောက်ဆုံးဝေဖန်ချက်အသံမှာ ဇာတ်ထဲမှာ ပြောသလို ဇာတ်သံနေပြီး ပြောရင်း အသံကျယ်ကြီး ရယ်ချလိုက်ပါသည်။

ယောက်ျားလေးအများစုရှိသော လက်ဖက်ရည်ဆိုင်ရှေ့က ဖြတ်လျှောက်သွားသည့် မြှူလင်းလင်းမှာ ခြေလှမ်းတော့ မများပေမယ့် ဒါဟာ သူမကိုပဲ လှောင်ရယ်တာဖြစ်ကြောင်း ရိပ်မိမှာ အသေအချာပင်။ ကျောပြင်တစ်လျှောက် ဖြန့်ဆင်းပြီး ခါးအထိရှည်သော ဆံပင်ရှည်တွေကို ပိုးခေါင်းစည်းကြိုးလေးဖြင့် စည်းထားသည့် ခေါင်းကို အသာအယာပိုင့်သွားသည့် အသွင်အပြင်ကို မင်းပိုင် စိုးရိမ်တကြီး လိုက်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါထိုင်နေတာ…သူ သိတယ်ကွ…လမင်းရာ မင်းကတော့ လှစ်ရှလိုက်ပြန်ပြီ…ငါ့ကို…စိတ်ဆိုးမှာကွ…"

"စိတ်မဆိုးပါဘူးကွာ…သူ့လို မိန်းကလေးကို မင်းလိုတောင်က ကြိုက်နေတယ်ဆိုရင် သူ့ခမျာ လက်လွှတ်တောင်ခံချင်မှာ မဟုတ်ဘူး"

"မင်း…အဲဒီလို မပြောပါနဲ့…"

"ငါ…အမှန်အတိုင်း ဝေဖန်မှာ…မင်းပိုင်။ မင်း စိတ်မဆိုးနဲ့…သူ့ပုံစံအနေအထားကြည့်ရတာ…သာမန်ပဲလေ၊ ခြင်းတောင်းတစ်လုံးကိုင်၊ အပေါ်ထားသားရေအိတ်တစ်လုံးလွယ်၊ ဘတ်(စ်)ကားတိုးစီးပြီး ဖူကြိုကျောင်းမှာ လစားဆရာမလုပ်ဖို့ နေ့တိုင်းအလုပ်ဆင်းရတယ်။ ရုပ်ရည်ကြည့်တော့လည်း အသားမည်းမည်း…သေးသေးပိန်ပိန်နဲ့…ဘယ်လိုမှ ယောက်ျားတစ်ယောက်ကို ဆွဲဆောင်နိုင်တဲ့ရုပ် မဟုတ်ဘူး။ အဲဒီလို အနေအထားမှာ မင်းလို ဥစ္စာပေါ၊ ရုပ်ချော၊ မိဘမျိုးရိုးကောင်း ဆေးကျောင်းသားက လာကြိုက်နေတယ်ဆိုတာ သူ့အတွက်…ဘယ်လိုမှ…လက်မလွှတ်နိုင်တဲ့…အခွင့်ကောင်းကြီးတစ်ရပဲ…"

သီဟက မင်းပိုင်ဘက်ကနေ အားနာပြီး…

"အသားမမည်းပါဘူးကွာ…ညိုတာပါ…ညိုချောလေးပါ"

ဟု ဝင်ပြောပေးနေသေးသည်၊ ကျော်ကျော်ကလည်း ပျစ်ပျစ်နှစ်နှစ်ဝေဖန်နေသော သူ့ကို ကြည့်မရဟန်ဖြင့်…

"ဗိုလ်မတွေများ ဖြူဆွတ်နေလွန်းလို့ ညိုချင်ကြတာ…ပိုက်ဆံအကုန်ခံပြီးတော့တောင် ညိုအောင်လုပ်ကြရတယ်…မြန်မာပြည်မှာမို့ ညိုတာကို အထင်ကြီးစရာမဖြစ်တာပါ။ အမြူနိုင်ငံမှာဆိုရင်တော့ ညိုရင်ကိုပဲ တစ်ဝက်လှပြီး နေပြီ"





ဟူ၍ မသိမသိုင်တွေ ဝင်ပြောနေသည်။

"အသားညိုညိုလေးနဲ့ သာမန်ရုပ်ရည်လေးပါပဲ…ဒါပေမယ့် အချစ်ဆိုတာ ပြောရခက်တယ်ကွ…မင်းပိုင် ရင်ထဲမှာ ချစ်နေတာတော့…လက်ခံသင့်ပါတယ်"

ဖေယျတင်ကလည်း မင်းပိုင်ဘက်က ဝင်ပြောပေးနေသည်၊ သူ တစ်ယောက်သာ ဒီလို သာမန်ပုံစံကို လက်မခံနိုင်စွာ ခါးခါးသီးသီး ဝေဖန်ချင်သူဖြစ်နေလေသည်၊ ဘာကြောင့်မှန်းမသိ သူ သူငယ်ချင်းလို့လူဟာ ဒီ့ထက်သာတာကိုပဲ ကြိုက်သင့်သည်၊ ချစ်သင့်သည်၊ ဖုံသင့်သည်ဟု ထင်သည်၊ မင်းပိုင်နဲ့ ဒီကောင်မလေး လုံးဝမတန်ပါဟူ၍ ဝေဖန်ချင်သည်။ သူနဲ့လည်း မဆိုင်ပဲနဲ့ မင်းပိုင် ဒီကောင်မလေးကို မကြိုက်ဘဲ စိတ်ပျက်သွားစေချင်နေသည်။

"လမင်း…မင်းကို ငါပြောပြီးပြီလေ…မြူက မင်းတွဲသမျှ ကောင်မလေးတွေနဲ့ မတူဘူး။ ဘာမှကို ယှဉ်လို့မရအောင် နိမ့်ပါးပါတယ်…မင်းတွဲသမျှ ထိတ်ထိတ်ကြဲတွေလို…ရုပ်ရည်၊ ပညာအရည်အချင်း၊ ချမ်းသာကြွယ်ဝမှုတွေ မြူမှာ တစ်ခုမှ မပိုင်ဆိုင်ဘူး။ ဒါပေမယ့်…ငါ…သူ့ကို…ချစ်တို့ချစ်တာကွာ…အဲဒီတော့ မင်းကြိုက်သလောက် ဝေဖန်ပါ…ငါ…ဘယ်တော့မှ…စိတ်ပျက်ပြီး နောက်ဆုတ် မသွားပါဘူး"

*       *       *

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၁)

## သော်တာလမင်း

(၁)

ကျောက်မြတ်ရတနာလောကတွင် နာမည်ကြီးညီအစ်မနှစ်ယောက် ရှိလေသည်။ အသက်သုံးဆယ်အရွယ် သော်တာသက်ထားနဲ့ သူမထက် တစ်နှစ်သာငယ်သော ညီမဖြစ်သူ သော်တာမေခင်တို့သည် မြန်မာပြည်မှာလည်း ဘူမိဗေဒဘွဲ့ယူပြီးခဲ့သလို စင်ကာပူမှာလည်း ကျောက်မြတ်ရတနာ ဒီဇိုင်းထွင်ခြင်းနှင့်ဆိုင်သော ဒီပလိုမာအတူတူယူပြီး ပြန်လာကာ ကိုယ်ပိုင် ရတနာဆိုင်ကို စတင်ဦးစီးဖွင့်လှစ်ပါသည်။

ဘိုးဘွားစဉ်ဆက်ပိုင်လာသော ကျောက်မြတ်ရတနာတွင်းများမှ ထွက်သမျှ ကျောက်ကောင်းတွေပါမက ကျောက်ညံ့ ကျောက်အရည်မရှိ တွေပါမကျန် သူတို့ညီအစ်မလက်ထဲမှာ ဒီဇိုင်းထုတ်ပြီး တင်ရောင်းလိုက်





လျှင် တမက်တမော ဝယ်ချင်ကြသူတွေ တန်းစီနေတော့သည်။ မိဘကလည်း ပိုက်ဆံချမ်းသာပြီးသားမို့ ငွေရဖို့ကို ငွေနဲ့ရင်းနှီးတာ ကျောက်မြတ်လောက တွင် ရပ်တည်နိုင်သောအခါ သူတို့ညီအစ်မကို မသိသူ မရှိသလောက်နီးပါး နာမည်ကြီးလာပါသည်။

ရုပ်ရည်၊ ပညာအရည်အချင်း မိဘဆွေမျိုးဂုဏ်နှင့် ချမ်းသာကြွယ်ဝ ခြင်းတွေမှာ အားလုံးက လိုက်မမီအောင် မြင့်မားနေသော သူတို့ညီအစ်မက လည်း ခုထိ သူတို့နဲ့ တူတယ် တန်တယ် ထင်ရတဲ့ ယောကျ်ားကိုမတွေ့သေးဘူး ထင်ကာ မာနတွေ ခေါင်ခိုက်နေသည်။ မိဘနှစ်ပါးဖြစ်သော ဦးသော်တာနဲ့ ဒေါ်ယမင်းမြတ်တို့ကတော့ သမီးနှစ်ယောက်ကို အစစ အရာရာ လွှဲပေးနိုင်ပြီ ဖြစ်ရာ ကျောက်မြတ်ရတနာလုပ်ငန်းမှနားပြီးမြန်မာပြည်အနှံ့ ဘုရားဖူးထွက် လိုက်၊ ကမ္ဘာပတ်လိုက်ဖြင့်သာ ဘဝကိုအချိန်ဖြုန်းတော့လေသည်။

ဦးသော်တာနှင့် ဒေါ်ယမင်းမြတ်တို့မှာ ဒီ သမီးနှစ်ယောက်အပြင် အငယ်ဆုံး သားလေးတစ်ယောက် ရှိသေးသည်။ အစ်မနှစ်ယောက်နဲ့ အသက်များစွာ ကွာလှသော အသက်နှစ်ဆယ်အရွယ် မောင်လေးမို့ အစ်မ နှစ်ယောက်ကလည်း တုန်နေအောင်ချစ်သည်။ ထမင်းကိုတောင် ခွံ့ကျွေး တတ် ခုထိ အချစ်ပိုဆဲ၊ အလိုလိုက်ဆဲ၊ မောင် မျက်နှာတစ်ချက်အညိုမခံ အောင် အဖြစ်သည်းနေဆဲဖြစ်သလို မိဘနှစ်ပါးကလည်း သမီးနှစ်ယောက် မွေးပြီးမှ ဆက်မမွေးတော့ဘဲ နှစ်ပေါင်းများစွာနေခဲ့ပြီးမှ မမျှော်လင့်ဘဲ ဒီ သားလေးတစ်ယောက် အမှတ်မထင် ရလိုက်သောကြောင့် ထားစရာမရှိ အောင် အချစ်ခံရသည့်သူမှာ သော်တာလမင်း တည်း။

ငယ်ငယ်လေးထဲက တစ်အိမ်လုံးမှာ မင်းသားတစ်ပါးလို နေလာခဲ့ ပြီး အရာရာကို လက်ညှိုးညွှန်တိုင်း ရေဖြစ်လာရသည့်ဘဝမို့ သော်တာ



www.burmeseclassic.com

www.burmeseclassic.com



လမင်းမှာသူများကိုအနိုင်ယူဗိုလ်ကျချင်စိတ်လေးရှိသည်။သူဒါလုပ်မယ်ဆို လုပ်ရမှ။ သူ ဒါမကြိုက်ဘူးဆိုရင် လိုက်မကြိုက်ရမှ ဟူသော တစ်ဇွတ်သား ကို လွှမ်းမိုးအနိုင်ယူချင်စိတ်လည်း များလေသည်။ ဒီတော့ သူငယ်ချင်းတွေ ဟာ ငယ်ပေါင်းတွေလည်း ဖြစ်လို့သာ သည်းခံပေါင်းနေကြပေမယ့် အခါ တော်တော်များများမှာတော့ သော်တာလမင်းရဲ့ အမူအကျင့်တွေကို သူတို့ မနှစ်သက်ကြတာ များပါသည်။

အခုတလောလည်းမဆီမဆိုင်မင်းပိုင်ကြိုက်နေသောကောင်မလေး ကို ဝေဖန်နေတာ မပြီးတော့။ မင်းပိုင်နဲ့တွေ့တိုင်း အဲဒီကောင်မလေးကို မစွဲ လန်းဖို့ တရားကို အဓိသအာလဲ ဟောလေသည်။

"မင်းက...သူမှုကြိုသင်တဲ့အိမ်နားက သူငယ်ချင်းဆီ တသွားသွား ကူးရင်း . . . မတော်တဆ စိတ်ပြေလက်ပျောက် မျက်စေ့ကစားတုန်းမှာ . . . သူ့ကို အပျင်းပြေ သဘောကျသွားတာပါကွာ. . . အဲဒါ တကယ်မဟုတ်ဘူး။ မင်း...သူ့ကို တကယ် မချစ်ပါဘူး...ဏာတစ်ဖြုတ်...စိတ်ဝင်စားတာပါ"

"မဟုတ်ဘူးကွာ . . . မဟုတ်ဘူး . . . ဘာလို့ ငါက စိတ်ကစားရမှာ လဲ...စိတ်ကစားတဲ့အရွယ်လား ငါက။ ဆယ့်သုံး လေးနှစ် ငြိုးကောင်ပေါက် အရွယ် မဟုတ်တော့ဘူး။ ငါ...သူ့ကို တကယ်ချစ်တာ"

"မင်းပိုင် . . . ငါ့မှာ သူလိုပဲ ဆံပင်ရှည်ရှည်လေးနဲ့ အသားညိုညို ပေမယ့် အရမ်းကိုလှတဲ့ သူငယ်ချင်း ကောင်မလေး သုံး၊ လေး၊ ငါးယောက်ရှိ တယ်...မင်းကို မိတ်ဆက်ပေးမယ်"

"အံမာ...ဆံပင်ရှည်တိုင်း၊ အသားညိုတိုင်း ငါက...ကြိုက်မယ်လို့ ထင်လို့လား"





"မသိဘူးလေ . . . မင်းက အဲဒီပုံစံကိုမှ ကြိုက်မယ်လို့ ခေါင်းထဲမှာ "ဝ" ရွေးထားတုန်း မြူလင်းလင်းကို တွေ့လို့ ဇွတ်ရွတ်ကြိုက်သလား ထင်လို့ ပါ။ မင်းရဲ့ "ဝ" တွေနဲ့ ကိုက်မယ့် မိန်းမလှလေးတွေနဲ့ ငါ သိကျွမ်းပါတယ်..."

"မင်း . . . ဘာဖြစ်လို့ . . . မြူ့ကို . . . ငါ မကြိုက်စေချင်ရတာလဲ . . .။ မင်းနဲ့ မဆိုင်ပါဘူး..."

"ဟား . . . ဟား . . . ဟား . . . သော်တာလမင်းလေကွာ သူများကို မထိန်းချုပ်ရရင် . . . မနေတတ်တဲ့ ကောင်လေကွာ။ မင်းလို သန့်ပြန့်ပြီး ချော မောရည်မွန်တဲ့ ငါ့ သူငယ်ချင်းအကောင်းစားကို . . . သာမန် မိန်းကလေးနဲ့ မဆုံရအောင် ငါ ထိန်းချုပ်နေတာ"

သီဟာနဲ့ ဇေယျာတင်ကတော့ ခေါင်းတခါခါဖြင့်...

"ဒီကောင်တော့ ခက်တော့တာပဲ . . . မင်းပိုင်ရှိလို့ ငြိမ်ခံနေတာ၊ ငါသာဆို ထထွယ်ပြီးနေပြီ"

တီးတိုးဝေဖန်ကာ ဇေယျာတင်က မကျေမနပ်ပြောလေသည်။ သူ တို့ဟာ သော်တာလမင်းကို ပေါင်းသာပေါင်းနေရပေမယ့် တကယ်တော့ မနှစ်မြို့မှုတွေ ရှိနေပါသည်။ ခက်တာက သူတို့ မပေါင်းဘူးဆိုပြီး ရှောင်သွား လည်း မရခဲ့၊ သော်တာလမင်းရဲ့ အကျင့်က အရွဲ့တိုက်တတ်သော အကျင့် လည်း ရှိသည်။ သူ ဒါလုပ်ချင့်ရင် လုပ်ရမှ၊ သူ ဒီလူ ဒီလူတွေနဲ့ ပေါင်းမယ်ဆို ရင် ပေါင်းကိုပေါင်းရမှ၊ သူ လိုချင်တာ မရမက ယူရမှ ဟူသော စိတ်ဓာတ် လည်းရှိလေရာ အတင်းလိုက်ခေါ်၊ လိုက်ပေါင်းပြန်သဖြင့် ဘယ်တုန်းကမှ ရှောင်လို့ မရခဲ့ပါ။

သော်တာလမင်းသာ တကယ်ပဲ သူပြောတဲ့အတိုင်းပင် အသား ညိုညို၊ ဆံပင်ရှည်ရှည်နဲ့ ရုပ်ရည်မှာ အပျံစားလှသော ကောင်မလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပြီးတစ်ယောက် ခေါ်လာကာ မင်းပိုင်ဆီ ရောက်ရောက်လာသည်။ နောက်ဆုံးနှစ် ဆေးကျောင်းသားမို့ ဆေးရုံမှာ မနက်ပိုင်းစာသင်ပြီး လျှင် ညနေမှာတော့ လမ်းမတော်ဆေး(၁)တွင် လက်ချာပြန်သင်ယူရသည့် မင်းပိုင်တို့ကျောင်းကို သော်တာလမင်းတစ်ယောက် ဒီရက်ပိုင်းလေးမှာ [illegible]နေပြန်သည်။ အတန်းတက်နေသော မင်းပိုင်ကို အတင်းခေါ် [illegible]သော ကောင်မလေးတွေနဲ့ မိတ်ဆက်ပေးဖို့ ကော်ဖီဆိုင်၊ [illegible]မှာ လိုက်ထိုင်နိုင်းတတ်လေသည်။

[illegible]တော့ မင်းပိုင် အတိအလင်းပဲ သော်တာလမင်း ကို့ထားတော့သည်။

"လမင်း . . . မင်း သူတို့နဲ့ ဘယ်လောက်ပဲ မိတ်ဆက်ပေး ပေး . . . မြူအပေါ် ငါချစ်နေတာက ပျက်ပြယ်မသွားဘူး။ သူတို့ကို . . . ငါပြောင်းချစ် မယ်အထင်နဲ့ မင်းကြံစည်ကြိုးစားနေရင် ရပ်လိုက်တော့ မင်း . . . အချိန်ကုန် ပြီး ပင်ပန်းတာပဲ အဖတ်တင်မယ်"

"မပင်ပန်းပါဘူး"

"ငါ့ကို မကြိုက်နိုင်းပဲ . . . မင်းပဲ သူတို့ကို . . . ကြိုက်လိုက်ပါလား"

"ဘာလို့ ကြိုက်ရမှာလဲ . . . ငါက အသားညိုရင် မကြိုက်ဘူး . . .၊ အသားအရည်ဆို ဖြူပြီးစင်းနေမှ ကြိုက်တာ . . .။ ရှည်းစားထားတာတောင် အသားဖြူတဲ့ မိန်းကလေးမှ ထားသလို သူငယ်ချင်းဆိုလည်း အသားဖြူမှ ပေါင်းတာ . . . ညိုရင် မည်းရင် မပေါင်းဘူး"

သော်တာလမင်းပြောလိုက်တော့မှ မင်းပိုင်လည်း သတိထားမိသည်။ သူ့တို့အားလုံး အသားဖြူကြသည်။ ပြီးတော့ . . . သော်တာလမင်း တွဲ သမျှ ကောင်မလေးတွေဟာလည်း ဖြူဝင်းချောမောကြသူတွေပဲ ဖြစ်သည်။





"မင်းဟာကလည်းကွာ . . . စိတ်ထဲဆန်လိုက်တာ။ ညိုတာ ဘာဖြစ် လဲကွ . . . သူ့ အသားအရည်နဲ့သူ ဖြစ်လာတာပဲ။ အသားဖြူပြီး အသုံးမကျရင် ဘာလုပ်မလဲ . . . အသားညိုတိုင်းလည်း အထင်သေးစရာ မရှိဘူး"

"ဟုတ်ကောင် . . . မင်းပိုင် . . . ငါပြောတာ ကလေးဆန်ရင်ဆန်နေ မယ် . . . ဒါပေမယ့် ငါက အသားညိုရင် ကြိုက်တို့ မကြိုက်တာ . . . ဒါကြောင့် မြူလင်းလင်းကိုလည်း . . . ငါမကြိုက်ဘူး"

"မကြိုက်တာ ကျေးဇူးတင်ပါတယ်ကွာ"

"ဘာဖြစ်လို့လဲ"

"မင်းကြိုက်ရင် မရမက ရအောင်ယူတတ်လို့လေ . . ."

"ဟား . . . ဟား . . . ဟား . . . ကြည့်လည်း ပြောပါကွာ"

ငါက ဒီလိုပုံကြီးကို ရအောင်ယူမယ့်ကောင်လား။ မင်းမို့လို့ . . . လို ချင်နေတာ . . ."

သော်တာလမင်း လှောင်ရယ်ရယ်ပြီး ပြောလိုက်သောအခါ မင်းပိုင် ရင်ထဲ အောင့်သွားပါသည်။ မြူက ဘာဖြစ်နေလို့ ဒီလောက် ဝေဖန်နေရ တာလဲ။

မြူ . . . မလှပါဘူး။ ဟုတ်တယ်။ လှတယ်လို့လည်း ပြောလို့ မရတဲ့ အလယ်အလတ်ပုံစံမျိုး။ ဒါပေမယ့် မြူရဲ့ မျက်ဝန်းလေးတွေဟာ အားကောင်း တယ်။ အရောင်တောက်တယ်။ အဲဒီ မျက်ဝန်းထဲမှာ ကိုယ့်ကိုယ်ကို ယုံကြည် စိတ်ချမှုတွေရှိတယ်။ မျက်တောင်ထူထူ ကော့ကော့လေးတွေရှိတဲ့ မျက်ဝန်း တစ်စုံဟာ မြူ့ဆီမှာ အလှဆုံး အရာပဲဖြစ်သည်။ ကျန်တဲ့ မျက်နှာပေါ်က အ စိတ်အပိုင်းတွေကတော့ ဆွဲဆောင်မှုကောင်းလောက်အောင် လှနေတာမျိုး



www.burmeseclassic.com

www.burmeseclassic.com



[illegible]ကြည့်ရင်းနှစ်သက်မြတ်နိုးလာမိတဲ့ပုံစံလေးလည်း ဖြစ်သည်။

သူငယ်ချင်းအိမ် စာသွားကျက်ရင်း မျက်နှာချင်းဆိုင် တိုက်ခန်း[illegible]ကျောင်းလေးဖွင့်ထားရာအမှတ်မထင်ကြည့်မိစဉ်မြူလင်းလင်း[illegible] မူကြိုကျောင်း အကူဆရာမလေးကို ဆုံရတာဖြစ်သည်။ တွေ့စကတော့ သာမန်ကာလျှံကာမျှ ကြည့်ရင်း ကြည့်ရင်းကပဲ ဘယ်လိုဘယ်လို သဘောကျသွားမှန်းတောင် မသိလိုက်။ အခုတော့ ရင်ထဲမှာရှိတာတွေ မနေနိုင် မထိုင်နိုင် ပြောမိလို့ သော်တာလမင်းဆိုသော သူငယ်ချင်းနဲ့ နေ့စဉ် အငြင်းအခုန်ဖြစ်နေရလေပြီတည်း။

"မင်း...သူ့ကို ယူဖို့အထိ ဆုံးဖြတ်ပြီးပြီလား"

"ဟေ့ကောင်...လမင်း အဆင့်တွေ ကျော်နေပြီကွ။ ငါ...အခုမှ အသက်နှစ်ဆယ်ကျော်ရုံလေးရှိသေးတယ်။ ကျောင်းလည်း မပြီးသေးဘူး။ ကိုယ့်ခြေထောက်ပေါ်လည်း ကိုယ် မရပ်နိုင်သေးဘူး။ အဲဒီအဆင့်တွေထိ စဉ်းစားဖို့ တော်တော်လိုသေးတယ်...မင်းရော...ရည်းစားထားရင် ငါ...သူ့ကို ယူမယ်လို့ပါ ဆုံးဖြတ်ပြီး ထားလား"

"ကောင်မလေးတွေက ချစ်ဖို့ကောင်းလို့ ချစ်တာ၊ ရည်းစားကို ပျော်လို့ထားတာကွ...ဘယ်သူ့ကိုမှ ယူမယ်လို့ကို စိတ်ကူးထဲမှာ မရှိဘူး။ ဒါပေမယ့် ငါ့အခြေအနေက မင်းလို အရူးအမူးချစ်လှ ကြိုက်လှပါချည်ရဲ့ အော်ပြီး ချစ်တာ မဟုတ်ဘူးလေ...။ မင်းကတော့ မြူမှ မြူနဲ့ တစ်မြူမြူဖြစ်နေတာ"

"သူ့ကိုပဲ ချစ်တယ်။ သူ့ကိုပဲ ယူမယ်လို့တော့ စိတ်ကူးတာပေါ့...ဒါပေမယ့် ငါ ငယ်ငယ်လေးရှိသေးတာ...မိန်းမ မယူချင်သေးဘူး"

"မင်းမိဘကတော့ သဘောတူမှာ မဟုတ်ဘူး"





"ဟေ့ကောင်...အဲဒီ Heayv (ဟဲဗီး) ပြဿနာတွေ ကြိုပြောမနေနဲ့လေ...အဝေးကြီးလိုသေးတယ်"

သို့သော် မရ။ သော်တာလမင်းဆိုသောသူကလည်း ရအောင် ဆက်ပြောနေသည်။

"အထူးကုဆရာဝန်ကြီး လင်မယားရဲ့သား ဆရာဝန်၊ အစ်ကိုအစ်မကလည်း ဆရာဝန်၊ တစ်ဆွေတစ်မျိုးလုံး ဆရာဝန်၊ အင်ဂျင်နီယာတွေပဲ...တန်းစီနေတဲ့ မိသားစုကြီးဆိုတာ မင်း...ခေါင်းထဲ ရှိမှာပဲ...။ သူ့ကိုယူရင်..မင်း ရင်ဆိုင်ရမှာတွေ အများကြီးပဲကွ . . . ဘယ်တော့မှ Happily Ever After (ပျော်ရွှင်စွာ တစ်သက်လုံး အတူတူနေထိုင်သွားကြလေသတည်း) ဆိုတာ ဖြစ်လာမှာ မဟုတ်ဘူး"

သော်တာလမင်းတစ်ယောက် သူ့ စိတ်ကျေနပ်လောက်အောင် အနိုင်ပိုင်းပြောလိုက်ရ၍ စိတ်ထဲမှာ ဝမ်းသာနေသည်။ သူ ပြောလိုက်၍ တွေဝေသွားသလိုလိုဖြစ်နေသော မင်းပိုင်၏ မျက်နှာကို အရသာခံကြည့်ရင်း ဒီလိုပဲ ဖြစ်ရမှာပေါ့ လမင်းဆိုတဲ့ ငါပြောရင်မဖြစ်နိုင်တာ မရှိဘူးဟု၍ ကျေနပ်နှစ်နှစ်တွေးလေသည်။ ဒီကောင် ငါ့ စေတနာကို နားမလည်ပါဘူး။ ငါက သူ ကောင်းဖို့ ပြောနေတာ စိတ်ချမ်းချမ်းသာသာနဲ့ ပညာသင်ပြီး ကိုယ်နဲ့ ဂုဏ်ရည်တူမိန်းကလေးကိုပဲယူလိုက်ဖို့စဉ်းစားခိုင်းနေတာငါပြောတာတွေထဲမှာ မမှန်တာ ဘာတစ်ခုမှ မပါဘူးဟု သူ့ကိုယ်သူ လူသိ၊ လူတတ်ကြီးထင်ကာ မြောက်နေပါသည်။

သော်တာလမင်းဆိုတဲ့ကောင်က ကိုယ်နဲ့ မဆိုင်တဲ့သူများ ကိုယ်ရေးကိုယ်တာကိစ္စမှာလည်း ဝင်ပါတတ်တယ်။ ဝင်ပါတိုင်းလည်း ရှုံးနိမ့်ပြီး နောက်ဆုတ်သွားရတာ မရှိဘူး၊ အနိုင်နဲ့ပဲ ပြီးဆုံးသွားခဲ့ရမှုဖြစ်မှာပေါ့။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၂)

"ရပြီ . . . ရပြီ . . . ဒီဆိုင်ပဲ . . . ဒီနားမှာ ပါကင်ရှာ ရပ်လိုက်နော် . . . မောင်လေး"

"မကြီးက ကြာမှာပဲ မဟုတ်လား . . . ဘာလို့ ပါကင်ရှာရပ်မလဲ . . . ချထားပေးခဲ့မယ် . . . လမင်းပြီးမှ ပြန်လာခေါ်မယ်"

"အံမယ် . . . အံမယ် . . . ပြီးမှ ပြန်လာခေါ်မယ်ဆိုရင် ငါက သေလောက်အောင် ပြန်စောင့်ရတော့မှာ မသိဘူး မှတ်နေလား"

"မရဘူးဗျာ . . . ပျင်းတယ် . . . မစောင့်ဘူး ကိစ္စပြီးခါနီးမှ ဖုန်းဆက်လိုက် . . . ပြန်လာခေါ်မယ်၊ အဲဒီလိုမှ မလုပ်ရင် တက္ကစီနဲ့ ပြန်လာခဲ့ . . ."





"ဟယ် . . . ကြည့်စမ်း ကောင်စုတ်လေး . . . အစ်မကို . . . တက္ကစီနဲ့ ပြန်နိုင်းစရာလား။ ဒီအိတ်ထဲမှာ ဆင်းရဲသားမိသားစုတစ်စု ချက်ချင်းသူဌေး ဖြစ်သွားနိုင်လောက်တဲ့ ပစ္စည်းတွေပါတယ်ဟဲ့ . . .။ ကဲပါ . . . ကဲပါ . . . ကြွတော်မူပါ . . . ပြီးရင် ဖုန်းဆက်လိုက်ပါ့မယ် . . . ကျေနပ်ပြီလား"

သော်တာသက်ထားတစ်ယောက် မောင် ဖြစ်သူကို ချစ်စနိုးဖြင့် ခေါင်းကိုအသာထုရင်း အလျှော့ပေးလိုက်ပါသည်။

ခါတိုင်းတော့ ကိုယ့်ကားနဲ့ကိုယ်၊ ဒရိုင်ဘာ မောင်းတာကိုသာ လိုင်စီးပြီးသွားလာနေကျပါ။ ဒီနေ့မှ ဒရိုင်ဘာကြီး နေမကောင်း၍ ခွင့်ယူသော ကြောင့် သွားရ၊ လာရ ခက်နေသည်။ သော်တာသက်ထားရော သော်တာ မခင်ရော ကားကို မောင်းတတ်ရုံလေး သင်ထားပြီးပေမယ့် ဘယ်တော့မှ လမ်းပေါ်မှာ ကျွမ်းကျွမ်းကျင်ကျင် လျှောက်မောင်းကြည့်တာမျိုး မလုပ်ဖူးပါ။ ဒရိုင်ဘာမောင်းသော ကားကိုသာ နောက်ကနေ ဇိမ်နဲ့ လိုက်ထိုင်စီးပါသည်။

"သူဌေးဆိုတာ ကားကို ကိုယ်တိုင်မောင်းဖို့ မလိုပါဘူး။ ဒရိုင်ဘာ မောင်းတာကိုပဲ စိတ်အေး လက်အေး လိုက်စီးသင့်တယ်"

ဟုညီအစ်မနှစ်ယောက်သဘောထားတူစွာပင်သူမတို့တစ်ယောက် တစ်စီးဆီပိုင်သော မာစီဒီးစ်တွေကို ဒရိုင်ဘာကိုယ်စီဖြင့် မောင်းစေပြီး သွား လာတတ်ပါသည်။

ဒီလိုမျိုးဒရိုင်ဘာ မရှိသောနေ့တွေမှာတော့ မောင်ဖြစ်သူကို အား ကိုးရကာ စုပုပ်ကောက်ချိုင်ပြီး လိုက်ပို့သော မောင်ကို ပြန်ဖားရတာနဲ့တင် အလုပ်မှာအမြတ်ရသမျှကုန်လေသည်။ သို့သော် သူတို့ကဒါကိုပဲ ကျေကျေ နပ်နပ် အကုန်ခံချင်နေလေသည်။ တစ်ဦးတည်းသော မောင်လေးမို့ ဘာ



www.burmeseclassic.com

www.burmeseclassic.com



[illegible]ဘယ်လောက်မြန်မြန်ပါတို့မောင်လေးသုံးတာ [illegible]ကြိုးဖြောက်ပေးဖို့အသင့်ပင်။

အစ်မနှစ်ယောက်ကလည်း မှန်နေအောင် ရှောလှသလို မောင်ဖြစ်သူ သော်တာလမင်းကလည်း အိမ်ဆံပင်ပုံစံ မျက်လုံးတစ်ခြမ်းကို ဆံပင်အုပ်ထားတဲ့ ဝတိုင်လ်မှာအပေါ်ကအပြာရင့်ရင့်ဟိုက်လိုက်ထိ တင်ထားတာကလည်း သူနဲ့ ပိုလိုက်ဖက်လွန်းနေတဲ့အထိ ချောချောမိမိ ကောင်လေးဖြစ်လေသည်။ ဆံပင်ပုံစံကိုက သူများနဲ့မတူအောင် ထွင်ပြတာလားပင် သော်တာလမင်းကိုယ်ပိုင်ဆံပင်ပုံစံဖြစ်နေသည်။ လည်ကုပ်နဲ့ နားသယ်ဘေးဘက်တွေမှာကျတော့ ဘယ်ဘက်မျက်လုံးတစ်ခြမ်းတင်မက မျက်နှာတစ်ဝက်လောက်ကိုပါ အုပ်ထားသော ဆံပင်ထူထူဖြောင့်ဖြောင့်၊ ဝတိုင်လ်မိမိနဲ့ ဝတ်ပုံစားပုံအဆင့်မြင့်ကာ ကိုယ့်ကိုယ်ကိုမာနကြီးလျက် ဘဝင်မြင့်နေသော ဆောင့်ကြွားကြွားပုံစံတပင် ကောင်မလေးတွေ အသည်းစွဲဖြစ်နေတာ။

သော်တာသက်ထားသည် ကားကို ကျွမ်းကျင်စွာ မောင်းနှင်ပြီး အိမ်တော သံ အကျယ်ကြီးလုပ်လျက် မောင်းထွက်သွားသော မောင်ဖြစ်သူကို မျက်ပြူး ပြူးကျန်ခဲ့ရလေသည်။ သူမတို့ ညီအစ်မကိုယ်တိုင် ဒီဇိုင်းထွင်ထားသော ရတနာပုံစံတွေပြီး စက်ပန်းတိမ်တို့ အစ်ရမှာမို့ ကျောက်မြတ်ရတနာအသိတ် ကြီးပွဲကာ အစ်နေကျဆိုင်ထဲ ဝင်လာခဲ့ပါသည်။

သော်တာလမင်းကတော့ အစ်မကိုစောင့်ရမှာ ပျင်းတာနဲ့ မြို့ထဲ ကားလျှောက်မောင်းရင်းစိတ်ဝင်စားတဲ့ဆိုင်တွေရှိဖြစ်ဖြစ် ကောဝင်မွှေမယ် စဉ်းစားကာ ကားထဲမှာ ဖွင့်ထားသောသီချင်းသံအတိုင်း လိုက်အော်ဆိုနေ လိုက်သည်။





"Hey I just met you ... this is crazy here is my number ... so call me may be ..."

"ဟ...ဟ...ရှစ်(ထ်)...သေပြီ"

သီချင်းအော်ဆိုလို့ကောင်းလျက် ကားကို လမ်းမကျယ်ထဲမှ လမ်းရိုးတစ်ခုထဲ ချိုးဝင်လိုက်လျှင် လမ်းချိုးဟိုဘက်ခြမ်းမှ ဒီဘက်ခြမ်းသို့ ဖြတ်ကူးသော လူရိပ်တစ်ရိပ်ကို ဝင်တိုးမိလိုက်ကြောင်း သူ့ဘာသာသူ သိလိုက်ကာ လန့်ပြီး ဘရိတ်ကို ခပ်မြန်မြန် နင်းချလိုက်ပါသည်။ ပါးစပ်မှလည်း ယောင်၍ ဆဲဆိုအော်ဟစ်လိုက်မိ၏။ သွားပြီ...ငါတော့ လူတစ်ယောက်ကို တိုက်မိသွားပြီထင်တယ်။

"ကောင်မလေး လဲသွားတယ်"

"ကားက တအားမောင်းဝင်လာတာကိုး"

"ဘေးဘီလည်း ကြည့်ပုံမရပါဘူး . . . သီချင်းတွေ အကျယ်ကြီး အုန်း...အုန်းနဲ့ ဖွင့်ထားပြီး...ထင်တိုင်းကြဲလာတာ"

လမ်းဘေးမှ တစ်ယောက်တစ်ပေါက် ပြောသံတွေကြောင့် သော်တာလမင်း ကားထဲကနေ အပြင်တောင် မထွက်ရဲသလိုဖြစ်နေသည်။ ထွက်လိုက်လို့ ဝိုင်းရိုက်ကြရင် ဘယ့်နှယ့်လုပ်မလဲ၊ သူ သတ္တိမရှိတာ မဟုတ်၊ ရန်ပွဲတွေလည်း မကြာခဏနွှဲဖူးပါတယ်။ ဒါပေမယ့် လူအုပ်စုကြီးနဲ့ သူ တစ်ယောက်တည်းကို ဝိုင်းရိုက်ခံရမှာတော့ ကြောက်တယ်။ တစ်ယောက် တစ်ယောက်ချင်း ယှဉ်ပါဆိုရင်တော့ ယှဉ်ရဲတယ်၊ သူက ဂျူဒို၊ ကရာတေး၊ တိုက်ကွမ်ဒို သင်တန်းတွေလည်း စုံအောင်တက်ထားဖူးတော့ ရန်ဖြစ်လို့ သူ မနိုင်ခဲ့ရင်တောင် သူ မခံလိုက်ရဖို့တော့ ကာကွယ်နိုင်တဲ့ အနေအထားမှာရှိပါသည်။ လူဆယ်ယောက်လောက် အုပ်စုကြီးနဲ့ကျတော့ သူ မယှဉ်ရဲ။ တရှိသိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကားတွေထဲမှာသာ ဖတ်လိုက်တစ်ယောက်တည်းနဲ့ လူ ငါးဆယ်လောက် ဝိုင်းချလည်း ဖတ်လိုက်မရှုံးတာ တွေ့ဖူးပါသည်။

"ဟေ့လူ . . . ကားထဲက ဆင်းအုံးလေဗျ . . . ဒီမှာ . . . ခင်ဗျား လူ တစ်ယောက်ကို ဝင်တိုက်ထားတယ်လေ"

လူတစ်ယောက် ကားမှန်နား မျက်နှာကြီးကပ်လာပြီး အော်လိုက်တာကြောင့် သူ ကားမှန်အနည်းငယ်ချလိုက်ပြီး . . .

"ဆင်းမှာပါ . . . ဒါပေမယ့် . . . လူအုပ်နဲ့ အနိုင်ကျင့်ဖို့တော့ မစဉ်းစား နဲ့ . . . ကျွန်တော် ခုလေးတင် ယာဉ်ထိန်းရဲကို အကြောင်းကြားပြီးပြီ . . . အခု ရောက်လာတော့မှာ . . ."

သော်တာလမင်းကလည်း ပြန်ခြိမ်းခြောက်လိုက်ပြီး သူ့ လက်ထဲ ကဖုန်းကို ထောင်ပြလိုက်ပါသည်။ ဟုတ်တာ မဟုတ်တာထား၊ ကိုယ့်ကို နည်းနည်းရှိန်သွားအောင်တော့ လုပ်ရမယ်လေ။

"ဟော . . . ကောင်မလေး ပြန်ရပ်နိုင်ပြီပဲ"

ထိုသူမှာ ကားရှေ့မှာ ကုန်းကုန်းကွကွပြန်ကြိုးစားထနေသော လူ ရိပ်ကို လှမ်းကြည့်ပြီး၊ ရေရွတ်လိုက်စဉ် သော်တာလမင်း ကားတံခါးကိုဖွင့် ဆင်းလိုက်သည်။ သူ၏ ဟွန်ဒါပြိုင်ကားငွေမင်ရောင်လက်လက်လေးရှေ့မှာ ရပ်နေသော မိန်းကလေးကို တစ်ချက်တွေ့ပြီး ကြည့်မိ၏။ ဘယ်သူပါလိမ့်၊ မြင်ဖူးသလိုပဲ၊ ဘယ်မှာ တွေ့ဖူးမှန်း မသိဖြစ်နေပေမယ့် သူ ဝတ္ထုရေးရှိတဲ့ အတိုင်း မိန်းကလေးအနား လျှောက်သွားလိုက်တာ . . .

"ဘာဖြစ်သွားသေးလဲ . . . ကျွန်တော့်ကားနဲ့တိုက်မိတာမှန်ပေမယ့် အရှိန်လျှော့ထားလို့ ကံကောင်းသွားတယ် . . . ဘယ်နား ဘာထိသွားသေးလဲ ခင်ဗျာ"





ဟု မေးလိုက်ရပါသည်။

ခေါင်းကိုငုံ့ပြီး လက်တစ်ဖက်ကို ပြန်ပွတ်ကာ တကျွတ်ကျွတ်ညည်း ညူနေသော မိန်းကလေးက မဖြေဒသေးပေမယ့် သူမ၏ခြင်းတောင်းတို့၊ ခြင်း တောင်းထဲက လွင့်ကျသွားသော ထမင်းဘူးတို့ ခေါက်ထီးတို့ကို ဝိုင်းကောက် ထည့်ပေးနေသော အဒေါ်ကြီးတစ်ဦးကတော့ . . .

"ရှက်မနေနဲ့ . . . သမီးရေ၊ ဘယ်ထိသွားလဲ ပြောသာပြော . . . ဒါ တို့ရဲ့အမှားမဟုတ်ဘူး၊ သူ့အမှား . . .၊ ကိုယ်က လမ်းကို အေးအေးဆေးဆေး ဖြတ်ကူးတဲ့လူ . . ."

"အေးလေ . . . လမ်းချိုးထဲဝင်လာရင် ဘယ်လိုမိုင်နှုန်းနဲ့ဝင်ရမလဲ ဆိုတာ ဂရုမစိုက်ဘဲ ဖွတ်ဝင်လာတာ . . . ဘယ်သူ့ အမှားလဲ၊ ပိုက်ဆံရှိရင် ဘာမဆို လုပ်လို့ရတယ်ဆိုတဲ့ စိတ်နဲ့ ကားကို ထင်တိုင်းကြဲ မောင်းနေတာ"

ဟူ၍ တစ်ယောက်တစ်ပေါက် ဝိုင်းပြောပါသည်။

"ကျွန်တော် ဆေးခန်းပို့ပေးပါ့မယ် . . . လက် ဘာဖြစ်သွားတာလဲ"

"လက်နဲ့ကတ္တရာလမ်းနဲ့ ပစ်ရိုက်လိုက်သလိုဖြစ်သွားပြီး . . . အရမ်း နာတယ်"

ကောင်မလေးက ဖြတ်ခနဲ မော့ကြည့်လာပြီး ရှက်ရွံ့ရွံ့လေးပြော လိုက်လျှင် သော်တာလမင်းတစ်ယောက် ရုတ်တရက် မှတ်မိသလိုလို ဖြစ် သွားပါသည်။ ဒါ . . . ဒါဟာ . . . ဟိုက် . . . သူပဲထင်တယ်၊ မင်းဗိုင်ရဲ့မြူလင်းလင်း ထင်တယ်၊ လက်ဖက်ရည်ဆိုင်ရှေ့က ဖြတ်လျှောက်သွားတာကို အသေ အချာလိုက်ကြည့်ခဲ့ဖူးတာ တစ်ရက်ထဲမို့ မမှတ်မိသလိုလိုဖြစ်ပေမယ့် အခု တော့ တဖြည်းဖြည်းမှတ်မိသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အသားညိုညို၊ မျက်လုံးဝိုင်းဝိုင်းနဲ့ ဆံပင်တော်တော်ရှည်သေ... ခပ်ရှိန်းရှိန်းခုံစံ ဖြူလင်းလင်းကို သူ အသေအချာလိုက်ကြည့်ဖူးတာမို့ အခု... တွေ့လျှင်ရုတ်တရက်မမှတ်မိပေမယ့်ကြည့်ရင်းကြည့်ရင်းမှတ်မိလာတာ... ဖြစ်သည်။

"နောက်မှာ ကားတစ်စီးဝင်လာပြီ ... လမ်းဖယ်ပေးလို့ရရင် ဖ... ပေးလိုက်ပါဦး"

လမ်းဘေးမှာ ဈေးရောင်းနေသော ဈေးသည်တစ်ယောက်က သ... ပေးသလို လှမ်းပြောသည်။

"လာ ... လာ ... ကားပေါ်တက်လိုက်ခဲ့ပါ ... ကျွန်တော် ... ဆေးခန်းတစ်ခါတည်း ခေါ်သွားပြပေးပါ့မယ် ... အန်တီတို့ ကျေးဇူးပြုပြီး ... ပစ္စည်းတွေ ကားပေါ်တင်ပေးလို့ ရမလား ခင်ဗျ"

"အို ... နေပါ ... ရတယ် ... ဆေးခန်း မပြဘူး"

"မိန်းကလေးရေ ... ငြင်းမနေနဲ့ ... ရုက်ပြီး ငြင်းရင် ကိုယ်ပဲ... မယ်၊ ဆေးခန်းလိုက်ပြပြီး မာတ်မှန်တွေ ဘာတွေ ရိုက်စစ်ကြည့်ပေ့ါ၊ လ... အဆစ်လွဲသလား ... ကျိုးသလား မသိ"

"ကြာတယ် .. သူ့ခြင်းလေး ကားပေါ်တင်ပေးလိုက်ပါ .. နောက်... ကားကတစ်စီးမကဘူး စောင့်နေကြပြီ ... လမ်းတွေလည်း ပိတ်ကုန်ပြီ"

ကောင်မလေးလည်း လူကြီးတွေ တွန်းတွန်းထိုးထိုးနဲ့ ကားပေါ်... တင်ပေးလိုက်တာကြောင့် သူ့ရဲ့ပြိုင်ကားလေးနောက်ခန်းမှာ ပါလာ... လေသည်။ ပြိုင်ကားပုံစံမို့ passenger seat ဘက်ခြမ်းမှ ခုံကိုချိုးကာ နော... ခန်းမှာဝင်ထိုင်ရတာမျိုးဖြစ်သည်။ ပိုင်းတင်ပေးလိုက်သော လူကြီးတွေ...





...ည်း ကြဲကြဲဖန်ဖန် နောက်ခန်းထဲရအောင် ပိုင်းတင်ပေးလိုက်ကြသည်။ ...တော့လည်း သူ့ မောင်းမထွက်ခင်လေးတင် ...

"ကားနံပါတ်ရော ... ကားကိုရော ... ဓာတ်ပုံရိုက်မှတ်ထားတယ်..."

ဟူသော ခြိမ်းခြောက်သံသဲ့သဲ့ကိုလည်း လူအုပ်ထဲမှ ကြားလိုက်ရ...သည်၊ သော်တာလမင်းတစ်ယောက် ကားမောင်းထွက်လာရင်း ပခုံး...ချက်တွန့်ပြီး ဟက်ခနဲ ရယ်မိလေသည်။ လူတွေများ သူတို့ ကားမစီးနိုင်၊ ...ဆံမချမ်းသာနိုင်တာပဲနဲ့ ကိုယ်ပိုင်ကားစီးပြီး ပိုက်ဆံသုံးနိုင်သော သူဌေး...င် အလိုလိုနေရင်း မျက်မုန်းကျိုးနေကြသလား မသိချေ။ အခုတော့ သူ ...ကြည့်ဖြူဖြူခေါ်တင်ရုင်လှတာ မဟုတ်ပါဘဲ မိန်းကလေးတစ်ယောက် ...ပေါ် ပါလာခဲ့လေပြီ။ သော်တာလမင်းအတွက်တော့ ဒီလို ပုံတုံးတုံး၊ ...ကောင်မလေးတစ်ယောက် သူ့ကားပေါ် ပါလာခြင်းမှာ အတော့်ကို ...ကျသလို ခံစားရသည်။

"မင်းပိုင် မျက်နှာနဲ့ ..." ဆိုသော စကားကို မသုံးချင်ပါ။ မင်းပိုင်ဟာ ...ိုန်မှာသာ အရွံးဝပြီး ဒီကောင်မလေးကိုကြိုက်နေတာပါ။ သူ့ ဆရာဝန် ...ဒဲ့အခါကျရင် ဘာတွေဖြစ်လာမလဲ၊ ဒီကောင့် စိတ်ကူးတွေ ဘယ်လို ...သွားမလဲဆိုတာ ကြည့်ရသေးတာပေ့ါ။

အထူးကုဆေးခန်းတစ်ခုရှေ့ရောက်သောအခါပါကင်ဝင်ရပ်လိုက် ...ှင် ကောင်မလေးကို ခပ်ငုံ့ငုံ့စောင်းကြည့်လိုက်ကာ ...

"ဆေးခန်းရောက်ပြီ"

ဟု ဝတ်ကျေတန်းကျေ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ကို ပွေ့ဖိုက်ထားကာ မျက်နှာအပျက်ကြီးပျက်ကာ စိတ်ဆင်း ရဲနေပုံရသောပုံကို အမှတ်မထင်တွေ့လိုက်ရသည်။

"ဘာဖြစ်နေတာလဲ"

"ကျွန်မသိတယ်...လက်က အဆစ်လွဲသွားတာ"

"ခြော်...တယ်ဟုတ်ပါလား။ ဆရာဝန်တောင် မစစ်ဆေးရသေး ဘူး...ကိုယ့်ဘာသာ စမ်းသပ်တတ်သားပဲ"

"အဲဒါကြောင့် မဟုတ်ဘူး...ကျွန်မ မောင်လေးတစ်ယောက် အဲ လိုဖြစ်ဖူးလို့ သိနေတာ"

"ဒါဖြင့်လည်း...ဆရာဝန် ဝင်ပြပြီး ပတ်တီးစည်းလိုက်ပေါ့"

"ညာဘက်လက်ကြီး ဖြစ်နေလို့..."

"ညာဘက်လက်ဖြစ်တော့ ဘာဖြစ်လဲ..."

"အလုပ် လုပ်လို့ မရတော့ဘူးပေါ့"

"ဘာလဲ...ဒါဆို ဆေးခန်းမပြဘဲ နေမယ်ဆိုတဲ့ သဘောလား"

ကောင်မလေး အူကြောင်ကြောင်ပုံစံဖြင့် မျက်လုံးကိုပြူးနေအောင် စဉ်းစားနေသည်။

"ဘယ်လိုလဲဗျာ...အချိန်ကုန်ခံပြီးတော့လည်း ဆေးခန်းလိုက်ပြ ရသေးတယ်။ ဆေးခန်းရှေ့ရောက်မှ အူကြောင်ကြောင်တွေ ပြောနေပြန်ပြီ ကဲ...ဒါဆိုလည်း မင်းဘာသာ ကြိုက်သလိုလုပ်တော့...လျော်ကြေးဖိုက်ဆံ ပေးလိုက်မယ်"

သော်တာလမင်း စိတ်မရှည်တော့ပဲ သူ လွယ်သိုင်းလွယ်နေကျ ယောက်ျားကိုင် သားရေအိတ်လေးထဲ ထိုးထည့်ထားသည့် ဖိုက်ဆံတစ်ထပ် ကို ထုတ်ပေးလိုက်သည်။ တစ်သိန်းလောက်တော့ ရှိမှာပင်။





"ငွေနဲ့ ပေါက်ပြီး ဖြေရှင်းချင်တဲ့သဘောပဲ"

"ဘာ...ဘာပြောတယ်"

"ငွေပေးပြီး ဖြေရှင်းတိုင်းရမယ်ထင်နေလား။ နင့်ကြောင့် ငါ့လက် ဖြစ်ရတာ...နင်တာဝန်ယူရမယ်...နင်ကိုယ်တိုင် ဆေးခန်းပြပေးရမယ်။ ဖိုက်ဆံနဲ့ပေါက်ပြီး ပစ်ထားခဲ့လို့ရမယ် မထင်နဲ့"

ကောင်မလေးက ချက်ချင်းပုံစံပြောင်းသွားပြီး ရန်တွေ့သလိုပြော လျှင် သော်တာလမင်း ခေါကန်သွားပါသည်။

"ဘယ်သူကရောပစ်ထားခဲ့လို့လဲ...နင်ပဲရှေ့မှာအူကြောင်ကြောင် လုပ်နေတာ"

သူကလည်း မခံဘဲ နင်နဲ့ငါဟု ပြောသော မြူလင်းလင်းကို နင်နဲ့ငါ ဟုပင် ပြန်ပြောမိသည်။

"ဆင်းမယ်...ဆေးခန်းပြမယ်...ကုန်ကျစရိတ်ကို နင်ကိုယ်တိုင် လိုက်ရှင်းရမယ်"

ဆင်းမယ်ဟုသာ အော်နေတာ၊ ကားထဲက ဘယ်လိုထွက်ရမှန်း မသိဖြစ်ကာ ဘေးမှာ ကားတံခါးဖွင့်လို့ရတဲ့ ခလုတ်များပါမလား တွေးပြီး လက်နဲ့လိုက်စမ်းနေပုံကို သော်တာလမင်းတစ်ယောက် ကဲ့ရဲ့သလို လှောင် ရယ် ရယ်လိုက်ရင်း...

"ဒါကဖြင့်ကား...မှတ်ထားလိုက်။ နောက်မှာ တံခါးပေါက်မရှိဘူး။ ရှေ့က ဆင်းရတယ်"

မောင်းသူဘေးခုံကိုလည်း ခါးချိုးလို့လည်းရသည်။ မောင်းသူထိုင် သောခုံကိုလည်း ခါးချိုးလို့ရသည်မို့ သော်တာလမင်း အရင်ဆင်းလိုက်ပြီး သူ့ခုံကိုပါ ချိုးပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



[illegible] ကောင်တာမှာ စာအုပ်ဝယ်၊ ပြရမယ့် ဆရာဝန် [illegible] မြလင်းလင်းကတော့ လူနာထိုင်ခုံတွေမှာ ထိုင်နေပေ [illegible] လင်းက ဆေးခန်းရှေ့အပေါက်ဝမှာ ဟိုလျှောက်ဒီလျှောက် [illegible] စောင့်ပေးလိုက်ပါသည်။ သူ့ကို မယုံသလိုလို စောင့်ကြည့်နေသော မြလင်းလင်း၏မျက်လုံးများကို ရယ်ချင်နေသည်။ ဆေးဖိုးရှင်းမပေးဘဲ လစ်ပြေးသွားမလားဆိုသော မယုံသင်္ကာမှုကို တွေ့ရ၍ပင်။

"ဟဲ့...ငါ့ကို ဆရာဝန် ခေါ်နေပြီ"

သူမအမည်ကို နာ့(စ်)တစ်ယောက် ထွက်ခေါ်သံကြားရတော့ မြလင်းလင်းက သူ့ကို လှမ်းပြောလေသည်။

"နင် ဝင်ပြပေါ့"

"အံမာ...နင်လည်း လိုက်ဝင်ရမှာပေါ့...နင့်ကြောင့် ဖြစ်တာပါဆိုတာ ပြောပေးရမှာပေါ့"

"ဘယ်သူကရော...ငါ့ကြောင့်ပါလို့ ဝန်မခံနေလို့လဲ...ဓာကဓာကစကားထဲ ထည့်ပြောစရာ မလိုဘူး"

"ဒါ...ရာဇဝတ်မှုမြောက်တယ် သိရဲ့လား...လူတစ်ယောက်ကို ထိခိုက်အနာတရရအောင် ကားနဲ့တိုက်မှု...။ ငါ ဒီတိုင်းပြလို့ မဖြစ်ဘူး...။ ဆရာဝန်ဆီက ထောက်ခံစာယူထားမှ ဖြစ်မယ်..."

"အံမာ . . . ငါ့ကိုများ ရာဇဝတ်မှုလေး ဘာလေးနဲ့၊ တော်တော် ဆရာလုပ်တာပဲ"

သူတို့ နှစ်ယောက် တီးတိုးရန်ဖြစ်ကာ ဆရာဝန်အခန်းထဲအတူဝင်လိုက်ကြရသည်။ ဆရာဝန်ကို ဖြစ်ကြောင်းကုန်စင်ပြောပြနေသော မြလင်းလင်းကို မလိုလားစွာကြည့်ရင်း အသေအချာကြည့်တော့လည်း ရုပ်လေး





[illegible]ချစ်စရာကောင်းသားပဲ။ ဒါကြောင့် ဟိုကောင်အသည်းအသန်ဖြစ်နေတာ [illegible]အမှတ်မထင်တွေးလိုက်မိသေးလေသည်။

"ဓာတ်မှန်ရိုက်မယ်"

နာ့(စ်)က လှမ်းပြောသဖြင့် ဓာတ်မှန်ဖိုးပြေးရှင်းရသည်။ ဓာတ်မှန် [illegible]ဖြတွင်အရိုးလည်းမအက်၊ အရိုးလည်းမကျိုးဘဲအဆစ်လွဲသွားကြောင်း [illegible]ပြပါသည်။ ဆရာဝန်ကား ကျောက်ပတ်တီးကိုင်ပေးလိုက်ပါသည်။ နာ [illegible] ကျင်တာတွေအတွက် သောက်ဆေးနှင့် လိမ်းဆေးတချို့ပါ ဝယ်ပေးရ [illegible]။ ဆေးဖိုး၊ ဓာတ်မှန်ဖိုးစုစုပေါင်း သုံး၊ လေးသောင်းတော့ ရှင်းရပါသည်။

မြလင်းလင်းက ငွေရှင်းပြေစာတစ်ရွက်ချင်းသိမ်းကာ ' အားလုံး [illegible]ပြီးရော...

"တွေ့လား...လေးသောင်းလောက်ပဲ ကျတယ်"

ဟု ပြောသဖြင့်...

"ဘာဖြစ်လို့ ရှင်းပြနေရတာလဲ"

"နင်...ပေးတဲ့ တစ်သိန်းအုပ်ကို ငါ ယူထားလိုက်ရင်...ငါက ငွေ [illegible]တဲ့ လူစားမျိုးဖြစ်သွားမှာပေါ့...ဒါကြောင့် မယူဘဲ...နင့်ကို ကိုယ်တိုင် [illegible]လိုက်ရှင်းခိုင်းတာ၊ ငါက သူများကို ခေါင်းပုံဖြတ်ချင်ဘူး...တန်ရာ တန် [illegible]ပဲ ကုန်စေချင်တယ်"

"ဟား...ဟား...ဟား"

သော်တာလမင်းမှာ အလိုလို အမြင့်ကပ်ပြီး လှောင်သလိုလို ရယ် [illegible]ပါသည်။

"ဘာရယ်တာလဲ..."



www.burmeseclassic.com

www.burmeseclassic.com



“Wo Wo oppa gangnam style ... hey ... sexy lady...”

ရုတ်တရက် သော်တာလမင်း၏ဖုန်းခေါ်သံက ဖြတ်ဝင်လာသည်။ နာမည်ကြီးနေသော ကိုရီးယားပေါ့(ပ်)သီချင်းတစ်ပုဒ်ဖြစ်သည့် Gangnam Style (ဂန်းနမ်းစတိုင်လ်)သီချင်းသံ Raing tone (ရင်းတုန်း)ကို ထည့်ထားလေရာ သီချင်းသံက အကျယ်ကြီးထွက်လာသည်။ ဒီတော့ သော်တာလမင်းကို ရန်ပြန်တွေ့မလို့ပြင်လိုက်သော မြလင်းလင်း၏ စကားသံတွေကို ဖြတ်ထားလိုက်သလို ဖြစ်သွားပါသည်။

“မကြီး...ဘာလဲ”

“ဘာ...ဘာလဲလဲ...ဒီမှာ ငါပြီးပြီ...လာခေါ်တော့လို့ ပြောမလို့”

“လာခေါ်မယ်”

“ဘယ်တော့လောက် ရောက်မလဲ...နင်ရောက်ခါနီးမှ ငါအောက်ဆင်းစောင့်နေမယ်...”

“မိနစ်နှစ်ဆယ်လောက်ဆို ရောက်မယ်”

“အိုခေ...အခု ဘယ်ရောက်နေလို့လဲ...”

“ရွှေဘုံသာမှာ...”

“ရွှေဘုံသာ ဘာသွားလုပ်တာလဲ ... နင် အဲဒီသွားစရာရှိတယ်ဆိုတာသိရင် ...ငါလည်း လိုက်ပါတယ် ...အဲဒီနားက ...ရွှေဆိုင်တစ်ဆိုင် ဝင်စရာရှိနေတာ”

“မကြီး...ဒါပဲ မဟုတ်လား...လမင်း ခုပဲ ဖုန်းပိတ်လိုက်ပြီ”

မြလင်းလင်းကတော့ လက်ပတ်နာရီကို ငုံ့ကြည့်နေကာ သူ ရန်ပြောအပြီးကို စောင့်နေပုံရသည့်မို့ သော်တာလမင်းဖုန်းပြောတာ ဖြတ်လိုက်ပါသည်။





“ငါ့ခြင်းတောင်းပြန်ထုတ်ပေးပါ...ငါ အိမ်ပြန်လို့ရပြီဆိုတော့ ...ဒီကပဲ ကားတက်စီးပြီးပြန်တော့မယ်”

“ကား ငှားသွားပါလား”

“ရတယ်...မငှားဘူး”

“ငါ...ငှားပေးမှာပါ...တကယ်တော့ ငါ...လိုက်ပို့သင့်ပါတယ်လေ။ ဒါပေမယ့်...ငါ့အစ်မကို ပြန်သွားခေါ်ရမှာမို့...လိုက်ပို့လို့ မရဘူး”

“လိုက်မပို့ပါနဲ့...ငါတို့နေတဲ့ နေရာက ကားဝင်ရခက်တယ်”

“တက္ကစီ ငှားပေးတာတော့ လက်ခံပါ...တကယ်ပြောတာပါ...လက်မှာ ပတ်တီးကြီးနဲ့ ဘတ်စ်ကားစီးဖို့ အဆင်မပြေဘူး”

မြလင်းလင်းလည်း ဆက်ငြင်းမနေတော့ဘဲ ...သော်တာလမင်း ငှားပေးသော အငှားကားပေါ်တက်လိုက်ပါသည်။

“ရော့ ...ဒီမှာ ကားခ ...နင်ယူထားလိုက် ...နင့် အိမ်ရောက်မှ ရှင်းလိုက်ပါ။ ဒါက ငါ့ဖုန်းနံပါတ် ...နင့် လက်အခြေအနေ တစ်ခုခု မကောင်းတာများဖြစ်လာရင် ...ဖုန်းဆက်နိုင်ပါတယ်”

“ဘာ...တစ်ခုခုမကောင်းရမှာလဲ...ကောင်းမှာပါ။ ပါးစပ်ပုတ်ကြီးနဲ့ မဟုတ်တာတွေ လျှောက်ပြောမနေနဲ့...”

တက္ကစီက သူတို့စကားနိုင်လုတာကို မစောင့်တော့ပဲ ဆောင့်ထွက်သွားပါသည်။ သော်တာလမင်းတစ်ယောက် တက္ကစီ၏ကားနောက်ပြီးတန်းလေးကို တစ်ဆုံးလိုက်ကြည့်ပြီး ကျန်ရစ်ခဲ့သည်။ ပြီးတော့ သူ့ကိုယ်သူ အလိုမကျသလိုဖြစ်ကာ ပခုံးတစ်ချက်တွန့်လိုက်ပြီး ခပ်တိုးတိုး ဆဲရေးလိုက်မိပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၃)

ထိုနေ့က မင်းပိုင်ရယ်၊ သီဟရယ်၊ သူရယ်၊ ဇေယျတင်ရယ် လေးယောက်ဆုံဖို့ ချိန်းကြသည်။ ကျော်ကျော်ကတော့ အင်္ဂလန်ပြန်သွားပြီမို့ သူတို့လေးယောက်သာ မကြာခဏဆုံကြရသည်။ ဆုံကြတယ်ဆိုတာတောင် သုံး၊ လေးပတ်နေမှ တစ်ခါလောက်သာ မင်းပိုင် ပါနိုင်သည်။ ဆေးကျောင်းသားလည်းဖြစ်သလို ဖခင်ဖြစ်သူပိုင်သော အထူးကုဆေးခန်းကြီးမှာလည်း ဖခင်နဲ့အတူ ပညာယူဖို့ လိုက်လုပ်အားပေးရသော မင်းပိုင်က များသောအားဖြင့် မပါနိုင်ပါ။

ဒီတော့ အလုပ်လက်မဲ့ဖြစ်သော သူရယ်၊ အလုပ်ရှိပေမယ့် အေးအေးဆေးဆေး လည်ပတ်နိုင်သော သီဟရယ်၊ ဟိုတယ်လည်းဆောက်နေ





လက်စမို့ အလုပ်သိပ်မများသေးသော ဇေယျတင်ရယ် သုံးယောက်သာ အတော့တွေ့ကြမယ်ဟော့ဆိုရင်ဘယ်သူကမှပျက်ကွက်တာမရှိ။ အထူးသဖြင့် သူကတော့ နိုင်ခံကြီးလို လူစုသူဖြစ်နေသည်။

"မေမေ့သားလေး...ကြည့်ပြောဦး...နုထိ ဘာအလုပ်မှ စိတ်မဝင်စားပဲ လတ်လျား လတ်လျားဖြစ်နေတယ်"

အစ်မတွေက သူ့ကိုချစ်ပေမယ့် သူငယ်ချင်းတွေအလုပ်ရှိပြီး သူကတော့ အလုပ်မရှိဖြစ်နေတာကို မခံချင်ဟန်ဖြင့် မေမေ့ကို တိုင်သည်။

"အစ်မတွေနဲ့အတူတူ ရတနာဆိုင်ထိုင်ပါလား"

"အံမာ . . . မထိုင်ပါဘူး . . . အခြောက်မှတ်လို့ ဆိုင်ထိုင်နိုင်းတာလား"

"ဟဲ့...ဘယ်သူကပြောလဲဆိုင်ထိုင်တာနဲ့ပဲ အခြောက်ဖြစ်ရတယ်လို့..."

"ရတနာ ပစ္စည်းဆိုင်ထိုင်ရောင်းရတာ အခြောက်ဆန်တယ် . . . မလုပ်ချင်ဘူး"

"ဒါဖြင့် ...ဘာဆိုင်ဖွင့်ချင်လဲ ဖွင့်လေ..."

"ကော်ဖီဆိုင် ...ဂိမ်းဆိုင် ...ဖွင့်မယ်"

"ဟယ် ...ပေါက်ကရတွေ ...စီးပွားမဖြစ်နိုင်မယ့် ဟာတွေများ ...လုပ်ချင်းလုပ် ...ဇေယျတင်လို ...ဟိုတယ်လုပ်ငန်းလုပ်ပါလား"

"ဘာလို့ စီးပွားဖြစ်အောင် လုပ်စရာလိုလဲ . . . ဖေဖေ မေမေတို့ မကြီး၊ မလေးတို့ ရှာတာတွေမှ စားလို့သုံးလို့တောင် မကုန်ဘူး။ လမင်း ထပ်စီးပွားဖြစ်နေတော့ရော ...ဘာထူးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သော်တာလမင်း ဒီလိုပြန်ပြောတာကိုပင် မိဘတွေနဲ့ အစ်မတွေမှာ စိတ်မဆိုးနိုင်ပဲ တဟားဟား သဘောကျကာ…"အံမယ်လေး…ဆင်ခြေပေးတတ်လိုက်တာ" ဆိုကာ ကြဲဖန်ချစ်ကြပြန်သည်။

"သူ…လုပ်ချင်တာလုပ်ပါစေလေ…မေမေ့ သူငယ်ချင်းကန်ထရိုက်တာက အိမ်အဟောင်းတွေဝယ်၊ ဖျက်ချပြီး တိုက်ခန်းကျယ်ကြီးတွေ ဆောက်နေလို့ . . . သူ့အပြောကောင်းတာနဲ့ သူ ဆောက်လက်စတိုက်ရဲ့ အောက်ဆုံးအလွှာကို နှစ်ခန်းတွဲဆွဲထားမိတယ် . . . ပုံစံက ဟောလ်ပုံစံဆိုတော့ အကျယ်ကြီးပဲပေါ့။ မီနီမားကတ်လေး ဘာလေး ဖွင့်မလား စဉ်းစားနေတာပါ။ ခုတော့ မောင်လေးက ကော်ဖီဆိုင်ဖွင့်ချင်နေတာဆိုတော့ မေမေ့ တိုက်ခန်းလေး သူ့ ပေးလိုက်ပါ့မယ်"

အစ်မတွေက အားကြိုးမာန်တက်ပင် သူ့ကော်ဖီဆိုင်ဖြစ်မြောက်ရေးကို လုံးပမ်းနေကြသောအခါ သော်တာလမင်းတစ်ယောက် စိတ်အညစ်ကြီးညစ်နေတော့လေသည်။ သူကတော့ ဘာရယ်မဟုတ် လျှောက်ပြောလိုက်တာပေမယ့် မိဘတွေက ပိုက်ဆံဒိုင်ခံထုတ်ပေးကာ အစ်မနှစ်ယောက်ကတော့ကော်ဖီဆိုင်ပုံပေါ်လာဖို့ဆိုင်အတွင်းအပြင်ဒီကော်ရေးရှင်းလုပ်ပေးတာကအစ ကော်ဖီဖျော်စက်၊ အအေးဖျော်စက်ပါမကျန် ကိတ်မုန့်လုပ်သော oven (မီးဖို)အဆုံး အော်ဒါမှာပေးခြင်းတွေ စတင်စီစဉ်နေတော့လေပြီ။ ဆိုင်ပုံပေါ်လာရင် သော်တာလမင်းတစ်ယောက် ကောင်တာမှ အခန့်သားလေးထိုင်လိုက်ရုံအပြင် ဘာမှတောင်ကြိုးစားစရာမလိုတော့ပါ။ ဒါကိုတောင် သော်တာလမင်းတစ်ယောက် ညည်းညည်းညူညူဖြစ်နေတော့သည်။

"နောက်ဆို…ဒီလိုအားမှာမဟုတ်တော့ဘူးကွ…ဆိုင်ကဖွင့်ရခါနီးပြီ"





ရှော့ပင်းမောလ်ကြီးထဲရှိ food court (ဖုဒ်ကုတ်)မှာထိုင်ကာ အလုချင်းပြိုင်နေကြသော ကောင်လေးတွေကိုငေးရင်း ပြောသောသူ့ကို သူငယ်ချင်းတွေက အဖက်လုပ်ပြီးတော့တောင် ပြန်ဆွေးနွေးမနေပါ။ သော်တာလမင်းအတွက် ဘာမဟုတ်တာလေးတောင် ရေရှည်ကြီးခွင်ကျယ် လုပ်စရာဖြစ်နေတာမို့ သူတို့ရိုးနေပြီ။ ဘာမဆို လိုတရနေသော အိမ်ရှေ့မင်းသားတစ်ယောက်ဘဝမို့ ဒါလေးလုပ်ရမှာကိုတောင် ညည်းညူပြနေတာ။

"ဆိုင်ရှင်နေရာကိုပဲ ယူထားပြီး မန်နေဂျာနဲ့လွှဲထားရင်တော့ အားမယ်ဝင်တယ်…ဟောကောင်တွေ…ငါ ဆွေးနွေးတာကို အနည်းအကျဉ်းတော့ အကြံပေးပါဦး"

"မင်း မလုပ်ချင်ရင် ဘာလို့ သွားစသေးလဲ"

"မင်းတို့ကောင်တွေက အလုပ်ကိုယ်စီရှိပြနေတော့ အိမ်မှာ တစ်နေ့တစ်နေ့ ငါ့ကို အလုပ်မရှိတာပဲ အရေးလုပ် ထိုင်ရှုနေကြတော့…ပါးစပ်ထဲရှိတာ ပြောလိုက်တာပေါ့ကွ"

"မရှုပါဘူးကွာ…မင်းအိမ်ကလာ၊ မင်းကိုရှုမှာ…"

"မင်း ဘာမှလည်း မလုပ်ရပါဘူးကွာ…မင်းအစ်မတွေ ဒိုင်ခံယာနဲ့ ဆိုင်ကပုံပေါ်လာရင် မင်း အဆင်သင့်လေးဖွင့်လိုက်ရုံပဲ…ဒါကိုများ လည်ဖို့ ဆိုဖို့ အချိန်မရှိတော့ပါဘူးလေး ဘာဖြစ်တယ်လေး ညည်းပြနေတယ်။ ထောက်ညင်ကပ်လာပြီ…။ ငါဆို ငါ့ဟိုတယ်လုပ်ကိစ္စ…ကကြီးကနေ အ အထိ အကုန်ပါနေရတာ"

"မကြီးတို့ကပြောတယ်…စိတ်တာတွေ မုန့်ဖုတ်တဲ့လူတွေ…ဘတ်ဇီစက်ကိုင်မယ့်သူတွေကအစ သန့်ရှင်းရေးသမားအဆုံး ကိုယ့်ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



ခန့်ရမယ်တဲ့။ သတင်းစာ၊ ဂျာနယ်နဲ့ မဂ္ဂဇင်းတွေမှာ ကြော်ငြာထည့်ပြီး ခေါ်ရမယ်တဲ့…"

"အေး…ဒါပေါ့ကွ…အဲဒါမှန်တာပဲ…ကိုယ့်အလုပ်သမား ကိုယ့်စိတ်ကြိုက်ရွေးပေါ့…အဲဒါ ဘာဖြစ်လဲ"

"ခေါင်းရှုပ်စရာကြီး . . . သူတို့ကို ခေါ်တွေ့အင်တာဗျူးရမယ် … သူတို့ရထားတဲ့ လက်မှတ်တွေလည်း အချိန်ကုန်ခံပြီး ဖတ်ရဦးမယ်…ဘယ်လောက်ပျင်းစရာကောင်းလဲ"

"ဒါဆို…မင်းက ဒီလောက်လေးတောင် အပင်ပန်းမခံချင်ရင် တစ်သက်လုံး ဘာအလုပ်မှ မလုပ်ဘဲ နေတော့မလို့လား"

"ဒီလိုတော့ ဘယ်ဟုတ်မလဲကွ . . .။ ငါအခု ငယ်သေးတာပဲ … အသက်နှစ်ဆယ်ကျော်ရုံလေး ရှိသေးတာ။ လူငယ်သဘာဝ ပျော်ပျော်ပါးပါး ရှုပ်ပွပြီး ဝေးလား ဝါးလား လုပ်ချင်တဲ့ သဘောပါ။ အသက်အစိတ်ကျော်လာရင်တော့ တစ်ခုခုကို serious (ဆီးရီးယက်(စ်)) ထားတော့မှာပေါ့…"

"ဟော့…ဟော့ကောင်တွေ…ဟိုမှာ…ဟိုမှာ…"

မင်းပိုင်စကားပြောနေရာမှ တစ်နေရာကိုကြည့်ကာ ထိတ်လန့်တကြား ထအော်သည်။ အားလုံးမင်းပိုင်ကြည့်နေရာသို့ ပြိုင်တူကြည့်လိုက်ကြပါသည်။

"မြလင်းလင်း…" ဟူသော ခေါ်သံတစ်သံက သော်တာလမင်း ကိုယ်ခန္ဓာအတွင်းတစ်နေရာမှ ထွက်လာသည်။ မြလင်းလင်း ကျောက်ပတ်တီးကြီးနဲ့ဖြစ်နေတာကို မင်းပိုင် မသိသေး။ သူကလည်း မပြောမိသေး။

"မြ…မြ…ဘာဖြစ်လို့လဲ မသိဘူး လက်မှာ ကျောက်ပတ်တီးပါလား…ငါ သူ့ကို မတွေ့တာ တစ်ပတ်လောက်ပဲ ရှိသေးတယ်…ဘာများဖြစ်သွားတာလဲ"

"ငါ…သွားနှုတ်ဆက်မယ်"

မင်းပိုင် ရုတ်ချင်း ထသွားပါသည်။ မြလင်းလင်း သူတို့ထိုင်နေသော ဆိုင်နှင့် မနီးမဝေးမှာရှိသော မယ်လမင်းသန်းတန်ဆောင်းသည့်ဆိုင်မှာ ရှိနေသည်။

"ငါတို့ လိုက်သွားကြရအောင်"

"ဟော့ကောင်…လမင်း…ထားလိုက်ပါကွာ မင်းပိုင်တစ်ယောက်တည်း စကားပြောပါစေ"

"မင်းတို့ မလိုက်ချင်ရင်…နေ။ ငါတော့ သွားမယ်…ဘာဖြစ်လို့လဲ ဆိုတော့ မြလင်းလင်း ဘာဖြစ်လို့ လက်မှာ ကျောက်ပတ်တီး စည်းထားရသလဲဆိုတာကို ငါသိနေလို့ပဲ"

"လမင်း…လမင်း…ဟော့ကောင်…ဟာကွာ…"

"သူ သွားရင် သွားပစေ။ ငါတို့နှစ်ယောက်တော့ မသွားရင်ကောင်းမယ်။ မိန်းကလေးတစ်ယောက်တည်းကို … သွားစကားပြောရင် မကောင်းပါဘူး"

သီဟနဲ့ဝေယျတင်တို့ ထိုင်ကြည့်ကာ ကျန်ခဲ့ကြသည်။ သော်တာလမင်းကတော့ မင်းပိုင်နောက်ကို မီအောင်လိုက်သွားပါသည်။ မင်းပိုင်က [illegible] ဘလောက်(စ်)အဖြူပွင့်လေးဝတ်ကာ … ပိတ်သားအနက်ဖြင့် ချုပ်[illegible]သော စကတ်လေးဖြင့် ဆိုင်ထဲ ဟိုငေးဒီငေးရှိနေသည့် မြလင်းလင်းကို [illegible]မလှမ်းမကမ်းကြည့်နေသည်။







www.burmeseclassic.com

www.burmeseclassic.com



မည်းနက်ပြောင်စင်းရှည်လျားသည့် ဆံပင်တွေကို ခွေပတ်လိမ် ခေါက်ထားကာ Tiger claws (တိုက်ဂါးကလော်(စ်))ဟုခေါ်သည့် ကျား လက်သည်းပုံစံ ဆံညှပ်ဖြင့် ပြန်ဖိထားသော ဖရိုဖရဲဆံပင်ပုံစံရယ်၊ ခပ်ပါးပါး လိမ်းထားသော သနပ်ခါးပြယ်စ ညိုဝင်းဝင်းရှိသည့် အပြစ်ကင်းသော မျက်နှာ လေးရယ်တို့ဖြင့် ယောက်ျားလေးတစ်ယောက်ကို ဘယ်လိုမှ ဆွဲဆောင်မှု မရှိလှတဲ့ မြူလင်းလင်းကို သော်တာလမင်း အသေအချာ အကဲခတ်နေမိ သည်။

"ဟာ…မင်းက ဘာလိုက်လုပ်တာလဲ"

"အဲဒါ နောက်မှမေး…ဟိုမှာ သူမင်းကို တွေ့သွားပြီ"

မြူလင်းလင်းနဲ့ မင်းပိုင် ဘယ်တုန်းကတည်းက သိကျွမ်းနေသလဲ ဆိုတာတော့ သော်တာလမင်း မသိပါ။ သို့သော်…မြူလင်းလင်းဟာ မင်းပိုင် အမှတ်မထင်တွေ့လိုက်ရချိန်မှာလိုက်လိုက်လှဲလှဲပြုံးပြလိုက်သောအပြုံး တွင် မင်းပိုင်ကိုများ လက်စံချင်နေသလားလို့…သူ စဉ်းစားစရာ ဖြစ်သွား သည်။ ရုပ်ရည်မွန်ရည်ပြီး ဝိုက်ဆံပြည့်စုံချမ်းသာသော ဆေးကျောင်းသား လေးတစ်ယောက်ရဲ့ချဉ်းကပ်မှုကို မြူလင်းလင်းဟာ ဘာမှ လက်မခံချင်စရာ မရှိဘူးဟု သူ ထင်နေသည်။

မင်းပိုင်ဘေးမှာ တမင်ဝင်ရပ်ပြလိုက်သော သူ့ကို အမြင်မှာပဲ မြူလင်းလင်းရဲ့ အပြုံးတွေ တစ်ဝက်တစ်ပျက် ရပ်တန့်သွားသလိုဖြစ်သွား သည်။ အံ့သြမှုဖြင့် သူ့ကို မင်းပိုင်နဲ့ ယှဉ်တွဲကြည့်နေသည့် မြူလင်းလင်း မျက်လုံးတွေထဲ သူ တည့်တည့် စိုက်ကြည့်လိုက်ပါသည်။

"မြူလင်းလင်းကို တွေ့လို့ လာနှုတ်ဆက်တာ…မတွေ့တာ… တစ်ပတ်လောက်ရှိပြီနော်။ ကျွန်တော်လည်း…စာမေးပွဲပြီးသွားလို့…





သူငယ်ချင်းအိမ် တလာမကျက်ဖြစ်သေးပဲ လျှောက်လေနေတာလေ။ တစ် ပတ်အတွင်း ဘာတွေဖြစ်သွားသေးလဲ…လက်မှာလည်း ကျောက်ပတ်တီး ကြီးနဲ့"

မင်းပိုင်စကားတွေ တသီကြီး မနားတမ်းပြောချလိုက်သောအခါ သော်တာလမင်းကဲ့ရဲ့ချင်သလိုဖြစ်ပြီးခွီခနဲ အသံထွက်ရယ်ပြလိုက်ပါသည်။

"ဟေ့ကောင်…ဘာရယ်တာလဲ"

"ပြောပါ…ဆက်ပြောပါ…မင်းပြောစရာတွေကုန်မှ…ငါပြော မယ်"

"ရှိတယ်…ငါ့မှာ ပြောစရာရှိတယ်ဆိုတာ သူ သိတယ်"

"ဟင်…ဘာ…ဘာရယ်"

မင်းပိုင် မျက်နှာမှာ စိုးရိမ်တကြီးဖြစ်သွားပါသည်။ သူနဲ့ မြူလင်းလင်း ကြားမှာ တတိယလူအဖြစ် သော်တာလမင်း ပါလာတာကို သူ ကြိုက်ပုံမရ။ ဘာကြောင့်လဲဆိုရင် သော်တာလမင်းရဲ့စိတ်ဓာတ်ကို သိနေ၍ပင်။ သော်တာ လမင်းဟာ စိတ်မပါဘဲ ဘာကိုမှ မလုပ်။ သူ စိတ်ပါလို့ သူတို့ကြားထဲပါလာခဲ့ တာဟာ ကောင်းသောပါဝင်ခြင်းမျိုး မဖြစ်နိုင်တော့ပြီ။

"ဘာ…ဘာလဲ…မြူလင်းလင်း…ကျွန်တော်က…အဲ…ဟို… ကျွန်တော့်သူငယ်ချင်းနဲ့ ဘယ်လို သိနေတာလဲ"

"သိနေတာတော့ မဟုတ်ပါဘူး…သူ့ကြောင့် ကျွန်မ လက်မှာ ကျောက်ပတ်တီးစည်းလိုက်ရတာလေ"

"ဘယ်လိုဖြစ်ပြီး…"

မင်းပိုင်ထံတွင် မေးစရာမေးခွန်းမရှိသလိုဖြစ်ပြီး သော်တာလမင်း ကို မယုံသင်္ကာသလို ကြည့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကားနဲ့ မတော်တဆတိုက်မိသွားတာ"

"ဟင်း...ဟင်း...ဟုတ်လား..."

"တော့ကောင်...မတော်တဆပါကွာ...သိပ်လည်း အရှိန်မပြင်းပါဘူး...။ သူချော်လဲသွားလို့ လက်တံတောင် အဆစ်လွဲသွားတယ်...ငါဆေးခန်းပို့ပေးပြီး သေသေချာချာ ကုပေးလိုက်ပါတယ်...။ သေစေလောက်တဲ့ အကျိုးအဆိုးရာမဟုတ်ပါဘူးကွာ...ဒါကြောင့် မင်း သူ့ကို အကောင်လိုက် ဒီမှာ မြင်နေရတာပေါ့"

မင်းပိုင်ပုံစံက ခုပဲ မြူလင်းလင်း လဲသေတော့မလို စိုးရိမ်သွားဟန်ကြောင့် သော်တာလမင်းက လျောင်သလိုလို ရယ်မော ရှင်းပြပေးလိုက်ပါသည်။

မြူလင်းလင်းကတော့ သူတို့ရဲ့ရင်းနှီးမှုကို အကဲခတ်သလိုကြည့်နေသည်။ သို့သော် သူမမျက်နှာမှာလည်း သော်တာလမင်း၏ စကားပြောဆိုပုံကို မနှစ်မြို့သလိုပုံစံ ပေါ်လွင်နေသည်။

"လက်မှာပတ်တီးကြီးနဲ့ အိမ်မှာ နားနားနေနေ နေတာမဟုတ်ဘူး။ ဘာလို့ ရှော့ပင်ထွက်လာတာလဲ"

"ရှော့ပင်ထွက်လာတာ မဟုတ်ဘူး..ကိုမင်းပိုင်၊ ကျွန်မကို တာဝန်ပေးပြီးဝယ်ထားခိုင်းတာမို့...မဝယ်ရသေးတာနဲ့ ဒီပဲဝင်လာပြီး ဝယ်တာပါ။ ဒီမှာက ဈေးတော့ပိုကြီးမှန်းသိပေမယ့် ... ပလာဇာလိုနေရာမျိုးကလည်း ဝေးတော့ မသွားချင်တော့ဘူး။ ကျွန်မနဲ့အတူတူ အလုပ်လုပ်တဲ့ ဆရာမလေးက နောက်အပတ် မင်္ဂလာဆောင်မှာလေ။ သူ့အတွက် ငွေစုပြီး ပစ္စည်းတစ်ခုခု ပိုင်းလက်ဖွဲ့ဖို့...ကျွန်မ ဝယ်ပေးမယ် တာဝန်ယူထားလို့...လာဝယ်တာပါ"

"အလုပ်ဆင်းတုန်းပဲလား"





"ဆင်းရတာပေါ့ ... ဒီပတ်တီးက တစ်လလောက် ထားရမယ်ဆိုတော့ တစ်လလုံးလုံး ကျွန်မအလုပ်မဆင်းလို့ ဘယ်ဖြစ်မလဲ"

"ခြော်...မှုကြိုက...လခစား မဟုတ်ဘူးလား...ကျွန်တော်က လခစားထင်လို့"

"နေ့စားသဘောမျိုးပဲ သူတို့က ခန့်တာပါ။ တစ်နေ့မဆင်းရင် ... တစ်နေ့စာ မရဘူး...ကျွန်မတို့က အကူဆရာမ သဘောမျိုးပါ...ကိုမင်းပိုင်၊ ဆရာမ အစစ်နှစ်ယောက်ရှိတယ်။ ကျွန်မနဲ့ အခု မင်္ဂလာဆောင်မယ့် ဆရာမတ အကူဆရာမပေါ့"

သူတို့နှစ်ယောက်ပဲ ... ဘေးပတ်ဝန်းကျင်ကို ဂရုမစိုက်သလိုလို ပုံစံဖြစ်ကာ စကားအပြန်အလှန်ပြောနေကြတာကို သော်တာလမင်းတစ်ယောက် မနာလိုသလိုဖြစ်လာသည်။

"ဟေ့ကောင်...မင်းပိုင်...ကြုံတုန်း ကော်ဖီလိုက်သောက်ပါလားလို့ ခေါ်လေကွာ..."

"ခြော်...အင်း...အင်း ဟုတ်သားပဲ။ တစ်ခုခု လိုက်စားပါလား"

မင်းပိုင်က သူတို့ကြားဖြတ်ပြောလိုက်သလို ဝင်ပါသော သော်တာလမင်းကို သဘောမကျပေမယ့် မြူလင်းလင်းကို ဖိတ်ခေါ်ဖို့ သူကိုယ်တိုင်လည်း မေ့နေတာမို့ သူကိုယ်သူပင် အပြစ်တင်ချင်သွားပါသည်။

"နေပါစေ...မစားတော့ပါဘူး...ကျွန်မ ဒါဝယ်ပြီးရင် အိမ်တန်းပြန်ရဦးမှာမို့ပါ။ အိမ်မှာ ဒေါ်လေးလည်း သိပ်နေမကောင်းတော့ စောစောပြန်မှဖြစ်မှာလေ..."

"လက်ကရော သက်သာရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"သတ်သာလား...ဘာလားတော့ မသိဘူး။ ကျောက်ပတ်တီးကြီးနဲ့ဆိုတော့ နေရထိုင်ရတာ အဆင်မပြေဘူးပေါ့"

"ပတ်တီးဖြေမယ့်နေ့က...နောက်လ...နှစ်ဆယ်ရက်နေ့နော်...ကျွန်တော် အဲဒီနေ့ကျ မြလင်းလင်းကို ဆေးခန်းလိုက်ပို့ပေးရမယ်...လာခေါ်လိုက်မယ်နော်...စောင့်နေ..."

သော်တာလမင်း ပြောလိုက်လျှင် မြလင်းလင်း အမှတ်မထင် ငေးကြည့်ပါသည်။ ပြုံးပြုံးရော မေ့ထားလိုက်မည်ထင်ကာ ဂရုစိုက်မယ့်ပုံမရသော သူ့ဆီမှ ဒီနေ့ ဒီရက်ကို မှတ်ထားကြောင်း သိလိုက်ရ၍ အံ့အားသင့်သလိုလိုတော့ ဖြစ်နေသည်။ မင်းပိုင်မျက်နှာကတော့ ဟန်မဆောင်နိုင်လောက်အောင်ပင် မည်းပုတ်နေသည်။

"ရပါတယ်...ကျွန်မဘာသာပဲ သွားလိုက်တော့မယ်"

"အဲဒီလို ဘယ်ဟုတ်မလဲ . . . ကျွန်တော့်ကြောင့်ဖြစ်ထားတာဆိုတော့ အစအဆုံး ကူညီမယ်လို့ ဆုံးဖြတ်ပြီးသားပါ။ မင်း ဆရာဝန်ကို ဝင်ပြမယ်ဆိုတော့ ကျွန်တော့်ကိုပါ . . . အတင်းဝင်နိုင်းပြီး . . . ဒီလက်ဖြစ်ရတာ ကျွန်တော်ကြောင့်ဖြစ်ရတာလို့ ပြောခိုင်းတယ်လေ။ ကျွန်တော့်ကြောင့်ဖြစ်ရတာ...ရာဇဝတ်မှုမြောက်သလေး ဘာလေးနဲ့...ပုဒ်မတောင်တပ်လိုက်သေးတယ်...မှတ်မိလား"

"ဪ...အဲဒါက စိတ်ဆိုးနေတုန်းမို့ ပြောတာပါ"

"ကျွန်တော်က သူများအပြစ်တင်တာလည်း မခံဘူး။ ပြုံးပြုံးရောသဘောနဲ့ တာဝန်မဲ့ပစ်မထားတတ်ဘူး။ မင်းကို အဲဒီနေ့ဆေးခန်းပြပြီးကတည်းက ပတ်တီးဖြေခါနီးကျရင် . . . တစ်ခေါက်လာတွေ့ပြီး ဆေးခန်းမှာပတ်တီးပြန်သွားခွာဖို့အချိန်ကို ချိန်းမယ်လို့...ဆုံးဖြတ်ပြီးသား"





"ကျွန်မဘယ်မှာရှိတယ်ဆိုတာ...ရှင် သိလို့လား"

"မင်း...လိပ်စာက (..........)လေ"

သော်တာလမင်းအလွတ်ရွတ်ပြလိုက်တော့ မြလင်းလင်း အံ့သြသွားသလို မင်းပိုင်လည်း ငေးကြောင်ကြည့်နေပါသည်။ ခေါင်းထဲမှာ ဘယ်အရာမှ လေးလေးနက်နက်မှတ်မထားတတ်သော သော်တာလမင်းခေါင်းထဲတွင် အလယ်အလတ်တန်းစားနှင့် ဆင်းရဲသားအများစုသာ နေတတ်သော ဆင်ခြေဖုံးရပ်ကွက်တစ်ခု၏ လိပ်စာကို အလွတ်မှတ်မိနေသည်တဲ့။ မင်းပိုင် ရင်လေးသွားပါတော့သည်။ ရှေ့မှာဘာတွေဖြစ်လာမလဲဆိုတာ သူဆုံးဆ မတွေးကြည့်ချင်တော့ပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၄)

"အဲဒီနေ့ကျရင်...ငါလည်းလိုက်မယ်"

ဟု အသိပေးကာ ဆေးခန်းသွားရမည့်ရက် အတိအကျကို မှတ်ထားသော မင်းပိုင်တစ်ယောက် မသွားခင် တစ်ရက်အလိုတွင် သော်တာလမင်းထံ ဖုန်းဆက်လာပါသည်။

"အေး...ပြော...ဘာလဲ...မင်းပိုင်"

"မနက်ဖြန်ကွာ..."

"အေးလေ...ဘာဖြစ်လဲ...မင်း...ငါ့အိမ် လာခဲ့၊ ငါနဲ့မင်း သွားစရာ အတူတူသွားမယ်လေ..."





"ငါကွာ ... မနက်ဖြန် ကျူတိုရီယာယ်ဖြေရမှာ၊ ဒီနေ့မှ ဆရာက တစ်ပြောလို့ အသေအလဲ စာဖတ်နေရတယ်..."

"မင်းတို့ ကျောင်းက စာမေးပွဲတွေများ ရိုးနေပြီ မဟုတ်လား ... ဘာဖြစ်လဲ...ဖြေစရာရှိ ဖြေလိုက်ပေါ့"

"ကျူတိုရီယာယ်က...အမှတ်ငါးမှတ် ယူမယ်တဲ့...ကျောင်းသားတွေ ... စာများလွန်းလို့ စာမေးပွဲမှာ ခံသာအောင် လုပ်ပေးတဲ့ သဘောတဲ့။ လွယ်တာလေးတွေ သိသင့်တာလေးတွေ မေးမယ်လို့ ပြောပြီးတော့ကို ... ဆရာကြီးက ကျူတိုရီယာယ် ချက်ချင်းထလုပ်ပေးတာ ...။ အဲဒီ ငါးမှတ်က အလကားရမယ့်နီးနီးတောင် ဖြစ်နေလို့ အားလုံး ဘယ်သူမှ အလွတ်မခံဘူး။ ဖြေမယ့်လူချည်းပဲ၊ ကလေးတွေ အဖြစ်များတဲ့ဝမ်းပျက်ဝမ်းလျှောရောဂါတို့၊ ချောင်းဆိုးရင်ကျပ်အဆုတ်ပွန်ရောင်ရောဂါတို့၊ ကြက်ညှာချောင်းဆိုးတို့၊ သွေးလွန်တုပ်ကွေးတို့လိုတွေပဲ...ရာကျက်ခဲ့၊ အဲဒါတွေပဲ မေးမယ်ပြောပြီး"

သော်တာလမင်း စိတ်မရှည်တော့ဘဲ မင်းပိုင် စကားကိုဖြတ်ပြောလိုက်သည်။

"အေးပါ...အေးပါကွာ...ငါ့ကို ကလေးရောဂါတွေ ရွတ်ပြမနေပါနဲ့။ ငါလည်း...ဘာတစ်ခုမှ မသိဘူး။ မင်းတို့ အလကားရမယ့် ငါးမှတ်ကို... မင်းလိုကောင်က မဖြေလည်းရပါတယ်ကွာ...မင်းက စာတော်ပြီးသားပဲ"

တကယ်တော့ မင်းပိုင်လို ဂုဏ်ထူးနှစ်တိုင်းထွက်အောင်ဖြေသော ကျောင်းသားက ဒီလို စာမေးပွဲ အသေးတွေလည်း အလွတ်ခံမယ့်သဘော မရှိကြောင်း သိထားလေရာ တမင် သူ့ကို မြှောက်ပေးလိုက်တာဖြစ်ပါသည်။

"ဟာ...ဘယ်ဖြစ်မလဲ...ငါက ဒီနှစ်လည်း ကလေးဆေးပညာကို (ဒီ)ရအောင်ဖြေဖို့ မှန်းထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ဘာလုပ်ချင်လဲကွာ ...။ မင်းက မရေမရာနဲ့၊ ဟိုဘက်လည်းမလွှတ်ချင် ... ဒီဘက်လည်းမလွှတ်ချင်နဲ့ .."

"မင်း ... မင်း ... မြှူကို မင်းကားနဲ့ သွားခေါ်ပြီး ဆေးခန်းပို့ပေးမှာလား"

"မင်း သိပြီးသားလေ ... ဘာလို့ ထပ်မေးနေတာလဲ"

"ဆေးခန်းပို့ပေးပြီးရင် ... သူ့ကို အိမ်ပြန်လိုက်ပို့ပေးဦးမှာလား"

"ဒါပေါ့ ..."

မင်းပိုင် မယုံသင်္ကာသော ဟန်ဖြင့် သက်ပြင်းအကြီးကြီး ချပြပါသည်။ သော်တာလမင်းရင်ထဲတွင် ကလိကလိနှင့် သဘောရွှေ့နေသည်။ မင်းပိုင် ခံစားနေရတာကို ဘယ်လိုကျေနပ်မှန်းမသိ။ သူက ဘာရယ်မဟုတ် မင်းပိုင်နှင့် မြှူလင်းလင်းကြားကို ဝင်ရှုပ်ချင်တာဖြစ်သည်။ မင်းပိုင်သာ မြှူလင်းလင်းကို အသေအလဲ ကြွေရင်ကြွေမယ်၊ သူ့လိုကောင်ကတော့ အဲဒီလို ခပ်ရိုးရိုးပုံနဲ့ ဘာမှဆွဲဆောင်မှုမရှိသော မိန်းကလေးကို စွဲမက်နေစရာမရှိပေ၊ တမင်ကို နှောင့်ယှက်နေတဲ့သဘောနဲ့ သူတို့ကြားဝင်ပါနေတာ။

"လမင်း ..."

"အေး ... ပြော ... ဘာလဲ"

"မင်း ... မင်း ... မြှူကို ... ကြိုက်မနေပါဘူးနော်"

"ဟား ... ဟား ... ဟား ... ဟား ..."

"ဘာရယ်တာလဲ"

"ငါ ... ဘယ်လို မိန်းကလေးကိုမှ တွဲတယ်ဆိုတာ မင်းသိရင် ... အဲဒီမေးခွန်းထွက်လာစရာ မရှိဘူး"





"မြှူက ... ဟုတ်တယ် ... မလှပါဘူး ... ဆွဲဆောင်မှုလည်း မရှိဘူး။ ဒီသမရှိတော့လို့ အဒေါ်မိသားစုနဲ့ ကပ်နေပြီး ကိုယ့်ဘဝကိုယ် ရပ်တည်နေရတာပါ။ မင်း ... သူ့ကို စိတ်မဝင်စားနိုင်ပါဘူးလေ"

အမှန်တော့ သော်တာလမင်း စိတ်ဝင်စားသွားမှာစိုးလို့ မင်းပိုင်တမင်ပဲ ဇာတ်ကြောင်းပြန်သလိုပြောကာ စိတ်ပျက်သွားအောင် ပြောနေကြောင်း ရိပ်မိပြီး ဒီဘက်မှာတော့ ကြိတ်လှောင်နေမိသည်။ မင်းပိုင် .. မင်းပိုင် ဒီလိုပုံစံလေးကို ငါလက်ထဲပါသွားမှာစိုးပြီး အသည်းအသန်ဖြစ်နေသတဲ့လား။ ငါက စိတ်ပါလာရင် ဘယ်သူတားတားမရဘူး။ ဝင်ပါမှာပဲ။ စိတ်မပါရင် လှည့်တောင်မကြည့်ဘူးဆိုတာ မင်းမသိဘူးလား။

မင်းပိုင်ဖုန်းချသွားသောအခါမှာတော့ သော်တာလမင်းတစ်ယောက် သူ့ဘက်ပါသော ကံတရားကို ကျေနပ်စွာပင် သီချင်းအကျယ်ကြီးဖွင့်ကာ အော်ဟစ်သီဆိုကခုန်လိုက်မိပါသည်။

ဘာကြောင့်မှန်း မသိဘူး။ ပျော်တယ်။ မြှူလင်းလင်းကို သူတစ်ယောက်တည်း သွားခေါ်ပြီး ဆေးခန်းပို့ရမယ် ...။ အိမ်ပြန်ပို့ရမယ်ဆိုသော အသိက သူ့ရဲ့အတ္တကို ကျေနပ်နှစ်သိမ့်သွားစေပါသည်။

"ဟဲ့ ... မောင်လေး ... မောင်လေးလမင်း ... အမယ်လေး ... နည်းကိုအော်ဟစ်နေရပါလားဟေ့ ...။ စကားပြောစရာရှိလို့ ... အသံလေး နည်းနည်းတိုးပေးဦး"

စေ့ထားသော အခန်းတံခါးကို အသာတွန်းဝင်ကာ အော်ခေါ်လိုက်သည့် အစ်မနှစ်ယောက်ကြောင့် သူ ခုန်ပေါက်နေတာရပ်လိုက်ပြီး စီဒီရီမုဒ်ခြင့် အသံတိုးပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ...မနက်ဖြန် တွေ့ရမယ့် လူတွေပဲ...အင်တာဗျူးခေါ်မယ့်သူကို [illegible] သူ့အကြောင်းကြိုသိအောင် ကြည့်ထားဖို့ လာပေးတာ"

"အားလုံး နင်နဲ့ မတိမ်းမယိမ်း ရွယ်တူလိုတွေပေမယ့်...ကိုယ့်က Boss (ဘော့စ်)နေရာက နေရမှာနော်...။ အပေါ်စီးက ဆက်ဆံ။ ပေးလား ဝါးလားတွေ မပြောမိစေနဲ့"

"မိန်းကလေးတွေနဲ့လည်း...စကားပုံမှန်ပြော။ သူတို့က...ဝိတ်ထရက်(စ်)နေရာလာပြီး လျှောက်ကြတာ။ ပိုင်ရှင်သူဌေးနဲ့ ရောနှောသလို မနေစေနဲ့။ ကိုယ်နဲ့အဆင့်တူတာ မဟုတ်ဘူး..."

အစ်မနှစ်ယောက် ဖိုင်တွေ ကိုယ်စီ သူ့ထံထိုးပေးပြီး မနားတမ်း မှာတမ်းချွေသလို ပြောလိုက်လျှင်...

"ဟာ...ဟာ...နေကြပါဦး...ဘာတွေလဲ...ဘာဖြစ်တာလဲ"

ဟု လက်ကာပြီး ပြန်မေးလိုက်ရပါသည်။

"မနက်ဖြန်...အင်တာဗျူးရှိတယ်လေ"

"ဘယ်တုန်းက စီစဉ်လိုက်တာလဲ"

"နင်က လျှောက်လွှာတွေ လာတင်ဖို့လည်း ကြော်ငြာမထည့်...။ မစီစဉ်နဲ့ ဖြစ်နေတော့ ငါပဲ စီစဉ်ပြီး ကြော်ငြာထည့်လိုက်တယ်...။ အခု... လျှောက်လွှာတွေရောက်လာကြပြီ... ဒီထဲကပဲ လူတွေစစ်ဆေးပြီး ခန့်ရမှာပေါ့..."

"ဆိုင်က...အကုန်လုံးနီးပါး အဆင်သင့်ဖြစ်နေပြီ ဖွင့်ဖို့ပဲ လိုတော့တာ...။ Balcery (ဘေကာရီ)အတွက် လိုတဲ့ မုန့်ဖုတ်သမားတွေ၊ အလုပ်သမားတွေလည်း ငါတို့ပဲ ရွေးထားပြီးပြီ၊ နင်...ဒီလောက်တော့...ရွေးရမှာပေါ့"





"မကြီးတို့ပဲ...လူတွေခန့်ပြီးပြီဆိုတော့ ဝိတ်တာနဲ့ ဝိတ်ထရက်(စ်) လောက်ခန့်တာလည်း...ကိုယ့်ဘာသာပဲ ခန့်လိုက်ကြပါလားဟ...လမင်း ဘာအပျော်သဘောဖွင့်မယ့်ဟာကိုဟာ...။ စီးပွားဖြစ်ကြီး လုပ်မယ့်သဘောနဲ့ အသည်းအသန်ကို စီစဉ်နေတော့တာပဲ"

"အပျော်ဖွင့်ပေမယ့်လည်း...ရင်းနှီးထားရတာ မနည်းဘူး။ မမြတ်နိုးတောင် အရင်းတော့ကြေအောင် လုပ်ရမှာပေါ့။ ပြီးတော့...ဆိုင်တစ်ဆိုင် အောင်မြင်ဘဲ ပိတ်လိုက်ရတယ်ဆိုတာဟာ ရှက်စရာကောင်းတယ်။ ဘာ အလုပ်ပဲဖြစ်ဖြစ်...အရှုံးမရှိအောင်လုပ်တာ အကောင်းဆုံးပဲ မောင်လေး"

"ကိုယ်က ချမ်းသာလို့ ပေါ်များနေပေမယ့်...တခြားလူတွေမှာ ရှားပါးနေတာ၊ ကိုယ့်ဆိုင်လေး ရောင်းကောင်းပြီး အောင်မြင်နေမှ ကိုယ့် အလုပ်သမားတွေလည်း အလုပ်အကိုင်တည်မြဲပြီး စားဝတ်နေရေး ပြေလည်မယ်။ လစာမှန်မှန်ရတော့ သူတို့လည်း ဝမ်းသာမယ်...သူတို့အတွက် လခ မှန်မှ အဆင်ပြေမှာလေ...။ ဒီတော့ ကိုယ့်အတွက် ဆိုင်ရောင်းမကောင်းလို့ ပိတ်ပစ်တာဟာ ဘာမှ မထိခိုက်ပေမယ့် ကိုယ့်ဆိုင်ပိတ်လိုက်တဲ့အခါမှာ အလုပ်လက်မဲ့ဖြစ်သွားမယ့်လူတွေကို သနားရမယ်..."

အစ်မနှစ်ယောက်ကတော့ အကြီးဗိဗိ မောင်ဖြစ်သူကို ကောင်းရာ မွန်ရာတွေ ဆုံးမပြောဆိုနေပြန်သည်။ သော်တာသက်ထားနဲ့ သော်တာမေခင် တို့ဟာ ဘဝအကျိုးပေးကောင်းလို့ ချမ်းသာကြွယ်ဝသော မိဘနှစ်ပါးမှမွေးဖွား လာရပြီး သူတို့ကိုယ်တိုင်လည်း ပို၍ပို၍ ချမ်းသာအောင် စီးပွားရှာနိုင်၍ မာန တွေကတော့ ခေါင်နိုက်နေကြသည်။ အလှကိုယ်စီ၊ မာနကိုယ်စီတွေနဲ့ ခေါင်း ကို မော့ရှိထားကာ အဆင့်အတန်းလည်း ခွဲခြားတတ်လှသည်။ သို့သော် ထူးဆန်းတာတစ်ချက်ကတော့ ဆင်းရဲတဲ့လူကို ဆင်းရဲတဲ့လူရယ်လို့ ခွဲခြား



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံပေးမည့် ပေးကမ်းစွန့်ကြဲလှူဒါန်းဖို့ အလုပ်အကိုင်ပေးပြီး ကြည့်ရှု ကျွေးမြှန်တော့လည်း နောက်မတွန့်၊ ဝန်မလေးကြပဲ လှုလှုချင်း ညာတာ ထောက်ထားတတ်သော စိတ်ဓာတ်လည်းရှိကြပြန်သည်။

သူတို့ အလုပ်အကိုင်တွေ၊ စီးပွားရေးတွေ ပို၍ ပို၍ အောင်မြင်တိုး တက်အောင် လုပ်နိုင်လေလေ သူတို့အလုပ်ထဲမှာ လုပ်ကိုင်နေကြသော ဝန် ထမ်းအလုပ်သမားတွေရဲ့စားဝတ်နေရေးမပူမပင်ဘဲစိတ်အေးရလေလေဆို သော စိတ်ထားမျိုး ပိုင်ဆိုင်ကြသေးသည်။ ဒါကြောင့် သူတို့လို စိတ်ဓာတ်မျိုး သော်တာလမင်းကိုလည်း ရှိစေချင်တာဖြစ်သည်။

သော်တာလမင်းဆိုသော သူကတော့အဲဒီလိုစိတ်ဓာတ်မျိုးမထား နိုင်တာလည်းမဟုတ်၊ စိတ်ထဲမှာ ဘာမှလည်းရှိမနေ။ အစ်မတွေကို ဒါလုပ် ချင်တယ်ပြောလိုက်တာနဲ့ပဲ ချက်ချင်းလက်ညှိုးညွှန်ရာ ရေ ဖြစ်လာသော အခြေအနေမို့ ဘာကိုမှ အလေးအနက်မထားတာ ဖြစ်သည်။ သူ ပျော်ရင် လုပ်မယ်၊ မပျော်ရင် မလုပ်ဘူးဆိုသော စိတ်ဓာတ်လေးသာ သူ့ထံရှိလေ သည်။

အခုကျတော့ ခက်တာက သူ့ကို ဘယ်နေ့အားလဲ မမေးမမြန်းဘဲ အင်တာဗျူးခေါ်ဖို့ကို သူတို့ဘာသာ စီစဉ်ပြီးနေပြီ၊ ယောက်ျားလေးပေမယ့် အစ်မတွေကို စိတ်ကောက်ချင်သလိုလိုတောင်ဖြစ်ပြီး ရှုသိုးသိုးမျက်နှာထား နှင့် အိပ်ရာပေါ်ဒိုင်ဗင်ထိုးမှောက်ချလိုက်ပါသည်။

"ဟဲ့...ဘာဖြစ်ရတာလဲ"

"လမင်းမှ...မနက်ဖြန် မအားတာကို..."

"ဘာအလုပ်မှ မရှိသေးတဲ့လူက မအားစရာရှိသေးလို့လား"

"ရှိတာပေါ့...ချိန်းပြီးနေပြီ"





"ဘယ်သူတွေများ သူ့မှာ အပေါင်းအသင်းရှိလို့လဲ...မကြီးရယ်.. ဟိုကောင်လေးတွေပဲဖြစ်မှာပေါ့..."

"ကိုယ့် သူငယ်ချင်းချင်းပဲ...ဒါ...မနက်ဖြန် မအားဘူး...ချိန်း တာဖျက်တယ်ဆိုရင် ရတာပဲ...၊ မင်းပိုင်လည်း ဆေးကျောင်းသားဆိုတော့ အမြဲအားနေတာ မဟုတ်ဘူး။ သီဟဆိုတာကလည်း...သူ့အဖေပွဲရုံမှာ ဝင် ကူရတာ၊ အားမှ တွေ့နိုင်တဲ့ သူ။ ဇေယျာတင်ဆိုတာ ပြောမနေနဲ့...အမြော် အမြင်ကြီးကြီး...ဟိုတယ်လ်တစ်လုံးရအောင် ဆောက်နေတာ...ပိုတောင် မအားဘူး"

"အခုဆို...ဇောရိန်နာတွေ ဒီကို တအားဝင်လာကြတာဆိုတော့ ဟိုတယ်လ်က လိုကိုလိုနေပြီ၊ ခုချိန် ဟိုတယ်လ်ရှုပ်ငန်း ထလုပ်လို့ကတော့ အောင်မြင်မှာ သေချာလို့ကို ဒီကောင်လေး...ကျောင်းပြီးပြီးချင်း မဆိုင်းဘူး စတော့တာပဲ..."

အစ်မနစ်ယောက် မပြီးနိုင်မစီးနိုင် ပြောဆိုနေတော့ပြန်သဖြင့်...

"တော်ပြီဗျာ...တော်ပြီ...၊ ဘာတွေ...ဗိကျိဗိကျိလာပြောနေမှန်း မသိဘူး။ မနက်ဖြန် မအားဘူး...ပြောပြီးပြီ။ အင်တာဗျူးခေါ်ပြီးရင်လည်း မကြီးတို့ပဲ လုပ်လိုက်ကြ...ခန့်ချင်တဲ့လူကို ခန့်လိုက်ကြ..."

"ဟယ်...မနက်ဖြန်...ငါတို့မအားလို့ နင့်ကို လွှဲပေးတာ"

"အင်တာဗျူးက ဘယ်အချိန်လဲ"

"မနက်ပေါ့...မနက်ဆိုတာ...လူတိုင်းအလုပ်တစ်ခု စလုပ်ဖို့ အ ကောင်းဆုံးအချိန်ပဲ..."

"မနက်လည်းမအားဘူး...တစ်နေကုန် မအားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မနက် တိုးနာရီဆိုရင် … ဆယ်နာရီကျော်လောက်ဆို ပြီးပါတယ် မောင်လေးရယ် …။ နည်းနည်းပါးပါး လူခေါ်ကြည့်ပြီး စကားပြောကြည့်ရုံပါ သူတို့ရဲ့ကျောက်လွှာတွေထဲမှာတော့ အင်္ဂလိပ်ရှုကို ကောင်းကောင်း ရေးနိုင် ဖတ်နိုင်၊ ပြောနိုင်တယ်ရေးထားပေမယ့် မောင်လေးကိုယ်တိုင် ပြောကြည့်ပြီး ဆုံးဖြတ်ရမှာလေ"

"မောင်လေးက … စင်ကာပူမှာလည်း ကျောင်းနေခဲ့တာ ကောင်း ကောင်းပြောနိုင်တော့ အကဲခတ်လို့ ရတာပေါ့"

"မကြီးတို့လည်း စင်ကာပူမှာ ကျောင်းသွားတက်လာတာလေ ပြီးတော့ ကျောက်မြတ်ရတနာပြပွဲဆိုရင် … နိုင်ငံတကာက ကုန်သည်တွေနဲ့ အမြဲစကားပြောနေရတာလေ၊ ဆိုင်ကိုလာဝယ်တဲ့ တိုးရစ်(စ)တွေနဲ့လည်း အမြဲပြောနေရတာလေ"

"ဒီကောင်လေးဟာလေ … ဘာလို့ ပြောမရ၊ ဆိုမရ ဖြစ်နေမှန်းကို မသိဘူး"

"ကဲ … ကဲ … သူ မလုပ်ချင်ရင်လည်း နင်နဲ့ပါပဲ … တစ်ယောက်ဝင် ပေးလိုက်။ ဟိုဘက်မှာ ထိုင်ဝမ်သူဌေးကို ချိန်းပြီးသွားတာလည်း ဖြစ်နေပြီ ဆိုတော့ မဖျက်ချင်ဘူး"

"ကောင်ဆိုးလေး … ကြပ်ကြပ်သတိထား …။ ဆိုင်ဖွင့်ပြီးမှ ဆိုင် ကို မကြီးကြပ်ချင်ရင်တော့ နင့်ကို မိန်းမကောက်ပေးစားလိုက်မယ်"

"ဟုတ်တယ် … မကြီး၊ ဒီကောင် မိန်းမရမှ အလုပ်လုပ်ချင် တိုင်ချင် စိတ်ရှိလာမယ်။ မေခင့် သူငယ်ချင်း တူမလေးနဲ့ဆိုရင် … အဆင်ပြေမယ် နော်၊ မြဒါလီလေးက ချစ်စရာလေး။ ဟိုကျိုမှာ ဒီဇိုင်နာ သင်တန်းပြီးလို့ ပြန် လာတာ …"





ဒုနရင်းထိုင်ရင်း သူ့ကို မိန်းမပေးစားဖို့ ခေါင်းစဉ်ပြောင်းသွားသော မနှစ်လောက်ကြောင့် သော်တာလမင်းတစ်ယောက် ဟားခနဲ အကျယ် ကြီးအော်ကာ ခုန်ထပစ်လိုက်သည်။

"မေမေရေ … ဒီမှာ မကြီးတို့ လမင်းကို မိန်းမပေးစားနေပါတယ် …"

"ဟဲ့ … တိုးတိုး အော်ပါဟယ် … အသံကျယ်ကြီးနဲ့ …"

ဘာပဲဖြစ်ဖြစ် မနက်ဖြန်မှာ အင်တာဗျူးကို သူ သွားမလုပ်ရတော့ ခြင်း စိတ်အေးသွားပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၉)

လမ်းအခြေအနေကို ကြည့်လိုက်သောအခါ လမ်းထဲဝင်ဖို့
အတော် စိတ်ပျက်သွားပါသည်။ လမ်းကို ကွန်ကရစ်လမ်းရှည်ခင်းထား
မယ့် လမ်းပေါ်မှာ လမ်းဘေးဈေးဆိုင်တွေဆီမှ ခွေးခြေပုတွေ၊ တိုးလို့
လောင်းတွေ၊ ဆိုက်ကားတွေနဲ့ လမ်းပေါ်မှာ ပျောက်သောက်ပြေးလွှား
နေသော ဗိုက်ပူနံကားကလေးတွေကြောင့် လမ်းက ကျဉ်းမြောင်းသလိုဖြ
နေသည်။ ဟိုဘက် ဒီဘက် ဈေးဆိုင်အပြိုင်ခင်း ဈေးရောင်းသလို လမ်းဘေး
မှာပဲ ကြက်သားဇန်း၊ ငါးဇန်းချကာ ခုတ်ထစ်ချိန်ထိုးရောင်းချနေကြသော
ခေါင်းရွက်ဈေးသည်တွေလည်း တစ်ပုံကြီးပင်။ ဆိုက်ကားတစ်စီးတော



နည်းကို ဘဲလ်တီးလမ်းတောင်းပြီး အထဲဝင်နေရပုံကိုကြည့်ရင် လမ်းထိပ်
တို့ ကားရပ်ပြီး တွေဝေနေသည်။ မင်းပိုင် ပါလာရင် ကောင်းသား။ ဒီမြင်ကွင်း
ကိုမြင်တာနဲ့တင် မြလင်းလင်းကိုစိတ်ဝင်စားနေတာတွေတစ်ဝက်လောက်
လျော့သွားနိုင်တယ်။

နောက်တော့ အကြံတစ်ခုရသွားကာ လမ်းထိပ်မှာပင် ကားကို ရပ်
လိုက်သည်။ သူ့ကားကို ပဲ့ကြည့်၊ ဒီကြည့် လာပွတ်ကြည့်နှင့် စပ်စုနေ
သော ဆယ်နှစ်အရွယ် ကလေးတစ်ယောက်ကို...

"ဟေ့ကောင်...ခဏလာဦး"

ဟု ကားမှန်ချကာ လှမ်းခေါ်လိုက်သောအခါ ကားထဲမှာ လူမရှိဘူး
ထင်ထားပုံရသော ကောင်လေး နည်းနည်းလန့်သွားပါသည်။

"ခဏလာပါကွ..ငါ..မင်းကို ဘာမှမလုပ်ပါဘူး..မေးစရာရှိလို့"

ကောင်လေး အနားတိုးလာသည်။

"ဒီလမ်းထဲမှာ...မြလင်းလင်းတို့အိမ်ရှိတယ် မင်းသိလား...အိမ်
နံပါတ်(.....)လေ"

"သိတယ်...အဲဒါ မျိုးမျိုးတို့အစ်မ..."

"မျိုးမျိုးဆိုတာ ဘယ်သူလဲ"

"မျိုးမျိုးက ကျွန်တော်နဲ့ သူငယ်ချင်းတော့ မဟုတ်ဘူး။ ကျွန်တော်နဲ့
ခင်ဘူး။ အဲဒီကောင်က သိပ်ဗိုလ်ကျတယ်"

"အေးပါကွာ...မင်းတို့ ပြဿနာတွေ ထားလိုက်ပါ။ ငါ...သူ့အစ်မ
တို့ ဆေးခန်းသွားပြပေးဖို့ လာခေါ်တာ...လမ်းထဲဝင်ဖို့ အဆင်မပြေဘူး...
မင်းတို့လမ်းက ပိတ်နေတယ်...ကားမောင်းဝင်ရမှာ အသည်းယားစရာကြီး။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်…မင်း…သွားပြောပေးမလား။ ဆေးခန်းပြပေးမယ့်လူ ရောက်နေပြီလို့…"

ကောင်လေး တစ်ချက်တော့ စဉ်းစားနေသည်။ ကြည့်ရတာ ဗိုလ်ကျသည်ဟု သိထားရသော မြူလင်းလင်း၏မောင်ဝမ်းကွဲကို ဒီကောင်လေးတွေ့ချင်ပုံမရဟု ခန့်မှန်းမိသည်။ သူလည်း ဒီလို ဆယ်နှစ်သားအရွယ်ကနေ အရွယ်ရောက်လာရတာမို့ ခံစားချက်ကို သိသည်။ အတန်းထဲမှာ ဗိုလ်ကျအနိုင်ကျင့်တတ်သောကောင်မျိုးဆိုလျှင် ဝေးဝေးရှောင်ချင်ကြပါသည်။ ဒီကောင်လေးလည်းအဲဒီလိုဖြစ်နေပုံရသည်။ဒီတော့ဒီကောင်ရဲ့ကြောက်စိတ်ကို ရဲဆေးတင်တဲ့အနေနဲ့…

"ညီလေး…လုပ်ပါကွာ…သွားပြောပေးပါ။ ဒီမှာ…မုန့်ဖိုးယူလိုက်။ သွားပြောပေးစမ်းပါ…"

သူ့လက်ထဲက ငါးထောင်တန်တစ်ရွက်သည် ကောင်လေး၏တွေဝေနေသော မျက်လုံးအစုံကို ပြူးကျယ်သွားစေပါသည်။ ကလေးတစ်ယောက် (အထူးသဖြင့် ဒီလိုရပ်ကွက်က ကလေး) အတွက် ငွေငါးထောင်ဆိုသော ပမာဏသည် အတော့်ကို များပါသည်။

ကောင်လေး ဖျတ်ခနဲ ယူမလိုပြင်တော့ သူက ဆက်ဆိုပြန်ရပ်လိုက်ကာ…

"အသေအချာ သွားပြောနော် . . . မင်းပြောပြီး ပြန်လာမှ ငါ . . . ပေးမယ်"

"ဟုတ်…ဟုတ်ကဲ့…ကျွန်တော် ခုပဲ…သွားပြောမယ်"

ကောင်လေး ရုတ်ခနဲ ပြေးထွက်သွားပါသည်။ ဆယ်မိနစ်လောက်ကြာတော့ လမ်းထဲက ပြန်ပြေးထွက်လာသည်။





"သူ…ခုပဲ ထွက်လာနေပြီ။ သူ့ ဘာသာသွားမှာလို့ ပြောတယ်.."

"အေး…သူ့ဘာသာ သွားသွား၊ မသွားသွား ဒီဘက်လမ်းထိပ်က ထွက်မှာလား…၊ ဟိုဘက်လမ်းထိပ်က ထွက်မှာလား . . . မင်း အဲဒါရော …လား…"

"ဒီဘက်လမ်းက ထွက်မှာဗျ…ဟိုဘက်ကို မထွက်သွားဘူး။ သူ …တပ်ပဲ ထွက်လာတာ…ကျွန်တော် ကြိုပြီး အရင်အစ်ကို့ဆီ လာပြောထား …ပါ"

"အေး…လိမ္မာတယ်…ရော့…မင်းရဲ့လုပ်အားခ"

"အစ်ကို…အစ်ကို နောက်ရော အဲဒီလို လာခေါ်ရဦးမှာလား"

"မပြောတတ်ဘူး"

"အဲဒါဆို…ကျွန်တော့်ကိုပဲ…ခေါ်ခိုင်းနော်၊ ကျွန်တော် မျိုးမျိုးကို ကြောက်တော့ဘူး။ သွားခေါ်ရဲတယ်"

"ဟား…ဟား…ဟား…ပိုက်ဆံငါးထောင်တန်နိုးနဲ့ သတ္တိတွေရှိ …ပြီပေါ့လေ…မင်း ကျောင်းမသွားဘူးလား"

"ကျွန်တော်တို့ကျောင်း…မိုးရွာပြီး ရေကြီးနေလို့…ခဏပိတ်ထား …တယ်…ရေပြန်ကျမှ…သွားရမယ်"

ကြော် . . . ဒါမျိုးတွေလည်း ဒီရပ်ကွက်တွေမှာ ရှိသေးတာပဲလား။ …ရွာပြီး ရေကြီးရင် ကျောင်းမသွားရဘူးလား။ ကျောင်းက ရေမြုပ်နေလို့ …။ ဘယ်လို ကျောင်းမျိုးမို့လို့လဲ။ သော်တာလမင်း၏ခေါင်းထဲကို မေးခွန်း…တွေ ခဏဝင်လာသည်။ မွေးကတည်းကနေ ခုအရွယ်ရောက်တဲ့အထိ ဒုက္ခ…တော မကြုံရဘူးလေရာ သူ့အတွက် အသစ်အဆန်းလို ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆေးခွန်းတွေ သိပ်တော့ကြာကြာ ခေါင်းထဲရှိမနေလိုက်ပါ။ ဘာ ကြောင့်လဲဆိုတော့ မြူလင်းလင်း ထွက်လာတာကို မြင်လိုက်ရ၍ပင်။ အရင် ထပ်ခါ ရှော့ပင်းမောလ်မှာ တွေ့သလိုပင် ... ဆံပင်ရှည်တို့ကို ခေါက်လိပ် ချွတ်ထားကာ ကျားလက်သည်းကလစ်ကြီးဖြင့် ခေါင်းထိပ်မှာ စုတင်ထား သည်။ ဆံပင်တွေက မျက်နှာတစ်ဝိုက် လည်ကုပ်တစ်ဝိုက်မှာ ကပိုကရို ပြန် ကျနေပေမယ့် တစ်မျိုးတော့ ကြည့်ကောင်းသလိုပင်။

အရုပ်အကျီပုံစံ အကျီအကျားလေးနှင့် စကပ်အနက်ရှည်ကို ဝတ် ထားကာ ကတ္တီပါအုပ်လုံးသိမ်းဖိနပ်အနက်လေးစီးပြီး လမ်းထိပ်ကို ခပ်သုတ် သုတ်ထွက်လာလေသည်။ သော်တာလမင်း သူ့ကိုမြင်အောင် ကားထဲက ထွက်လိုက်ပါသည်။ သူရှိနေမယ်ဆိုတာ ကြိုသိထားသဖြင့် မြူလင်းလင်း မအံ့ဩသလို ကြည့်သည်။

"ဆေးခန်းသွားဖို့ လာခေါ်တာ...လမ်းထဲ ဘယ်လိုမောင်းဝင်ရမှန်း မသိလို့"

"ဒါတောင် . . . ပြီးခဲ့တဲ့လကမှ ကွန်ကရစ်လမ်းခင်းပေးလိုက်လို့ ဒီပုံဖြစ်သွားတာ"

"ဒါဆို ...အရင်က ဘယ်လိုပုံလဲ"

"အရင်က မြေနီလမ်းလေ...ဟင်း...ဟင်း...ဟင်း...မြေနီလမ်း ဆိုပြီး ကဗျာဆန်ဆန်မြင်ယောင်မနေနဲ့ဦး။ နွေရာသီမှာ ဖုန်ထူပြီး မိုးရာသီမှာ ရွှံ့ပေါ်တဲ့ မြေနီလမ်း"

"အဲဒီမှာ သူတို့က ဒီလိုပဲ ဈေးရောင်းနေကြတာပဲလား"

"အရင်ကတော့ ဈေးဆိုင် ဒီလောက် မပေါ်ဘူး။ ခုတော့ . . . လမ်း လည်းခင်းပြီးရော . . . ရောင်းလို့ ဝယ်လို့ ပိုကောင်းသွားပုံရတယ်။ ဈေးသည်





တွေ ပိုရောက်လာတော့တာပဲ . . .၊ ဒီလမ်းထဲကို ဆိုက်ကားကလွဲရင် ဘယ် ကားမှ မဝင်ရဲကြဘူး။ အငှားကားနဲ့ ပြန်လာရင်လည်း . . . လမ်းထိပ်မှာ ရပ် ပြီး ဆင်းလျှောက်ရတာပဲ၊ လမ်းက တစ်ခြမ်းပိတ်နေပြီလေ"

"စည်းကမ်းမှ မရှိကြတာ..."

မြူလင်းလင်းက ဒီရပ်ကွက်မှာ ဒါမျိုးပဲရှိတာ ဟူသော ပြုံးစေ့စေ့ မျက်နှာဖြင့် ကြည့်လေသည်။

"လာ . . . ကားပေါ်တက်ပါ။ ကျွန်တော် . . . လိုက်ပို့မယ်ဆိုပြီး လာ ခေါ်တာ၊ ကြိုထွက်သွားမှာစိုးလို့တောင် မနက်စောစောထွက်လာတာ..."

"ဆရာဝန်က ဒီနေ့ ဆယ်နာရီကနေ ဆယ့်နှစ်နာရီထိပဲ . . . အဲဒီ ဆေးခန်းမှာရှိတာ။ ဒီအချိန်သွားရင် မိုပါသေးတယ်နော် ..."

နာရီကြည့်လိုက်တော့ ကိုးနာရီသာသာ ပြနေသည်။ မြို့ထဲကို ဆယ် နာရီတော့ ရောက်နိုင်ပါသည်၊

"ကျွန်တော့်ကားနဲ့သွားရင် ရောက်ပါတယ်"

"မဟုတ်ဘူး . . . ရှင် သွားစရာရှိရင် သွားပါ၊ ကျွန်မ . . . ကိုယ့်ဘာ သာပဲ...ဆေးခန်းသွားမယ်လို့ တွေးပြီး အိမ်ပြင်ထွက်လာတုန်း ဖိုးသား လာ ပြောတာပါ"

"ကျွန်တော်...ပို့ပေးမယ်"

သော်တာလမင်း လွှမ်းမိုးသောအသံဖြင့် တစ်ခွန်းထပ်ပြောလိုက် ကာ မောင်းသူနံဘေးထိုင်ခုံတံခါးကို ဖွင့်ပေးလိုက်ပါသည်။ မြူလင်းလင်း အလိုမကျသလို မျက်မှောင်ကျုံ့သွားသည်။

"မင်း . . . ဆက်ပြီး ညှိနိုင်းနေမယ်ဆိုရင် ဆေးခန်းကို ဆယ်နာရီ



www.burmeseclassic.com

www.burmeseclassic.com



မရောက်နိုင်တော့ဘူး။ နောက်ကျမှရောက်ရင် တိုကင်ရဖို့ မသေချာတော့ဘူးနော်"

သူ မြိမ်းခြောက်သလိုလို၊ အသိပေးသလိုလို ထပ်ပြောလိုက်သော အခါမှ မြလင်းလင်းအထဲ ဝင်လေသည်။ ဒီတစ်ခါတော့ သူ့ကားရှေ့ခန်းမှာ ဖြစ်လေရာ သူမ ငြင်းမနေတော့ပဲ ဝင်ထိုင်လိုက်လေသည်။

ကားစက်နှိုးလိုက်တာနဲ့ ရင်ဘတ်ထဲကိုလာဆောင့်သလိုဘော့(စ်) သံပြင်းပြင်းထုသည့်သီချင်းသံက တအုန်းအုန်းထွက်ပေါ်လာလေသည်။ သော်တာလမင်းက ကားကိုကျင်လည်စွာမောင်းကာဝိုက်ကာ အရှိန်မလျှော့ဘဲ မောင်းလေရာ မြလင်းလင်းတစ်ယောက် "အံမယ်လေး . . ." အော်လိုက် "အား...သေပါပြီ" ဟုလန့်အော်လိုက်၊ "ဘုရား...ဘုရား" ဟုတလိုက်ဖြစ်နေ တော့သည်။

"ဖြည်းဖြည်းမောင်းပါ"

"မရဘူး . . . ကျွန်တော် ဒီလိုပဲ မောင်းတတ်တယ်။ စိတ်ချ . . . သေ တော့လည်း နှစ်လောင်းပြိုင်ပေါ့..."

"ဒါကြောင့်...ရှင့် ကားနဲ့ကျွန်မ တိုက်မိတာ"

"ဟာ...အဲဒါတော့ လုံးဝမဆိုင်ဘူး။ ကျွန်တော် အဲဒီတုန်းက ကွေ့ ဝင်တာမို့ အရှိန်လျှော့ထားတယ် . . . မင်းသာ လမ်းကိုသေချာမကြည့်ဘဲ ဖြတ်ကူးတာလေ"

"ဟုတ်ကဲ့...ကျွန်မမှားပါတယ်...အဲဒီလိုဖြစ်တဲ့အတွက် ကျွန်မပဲ လျော်ပေးပါ့မယ်..."

"ဟား . . . ဟား . . . ဟား . . . ကောင်းပြီ . . . ဒါဆို လျော်ကြေးကို . . . ခုပဲ တောင်းမယ်"





"ဟင်...ဘာလဲ"

မြလင်းလင်း လန့်သွားဟန်ဖြင့် မျက်လုံးပြူးကြည့်သည်။ သူက မြလင်းလင်း မျက်လုံးတွေထဲ ပြန်စိုက်ကြည့်လိုက်ပါသည်။ အင်း...မဆိုးပါ ဘူး။ မျက်လုံးတော့လှသားပဲ၊ ဒါကြောင့် မင်းဆိုင် ပြောတာ၊ မြလင်းလင်း မျက်လုံးလေးတွေက ကြည်ပြီး အရည်လဲ့နေတယ်ဟု တစ်ခါက ပြောဖူးတာ ပြန်မှတ်မိသွားပါသည်။ သူတို့ တစ်ယောက်နဲ့တစ်ယောက် စက္ကန့်ဝက်မျှ စိုက်ကြည့်မိကြပြီးမှ အသီးသီး သတိရသွားသလို မျက်လုံးချင်း ပြန်အကြည့် လွှဲလိုက်ကြသည်။

သော်တာလမင်း ရင်ထဲတော့ ဘာမှန်းမသိတဲ့ အပူစီးမျောလေး တစ်ခု စီးဝင်သွားပါသည်၊ ဒါကိုပင် ဓါးသွဖြစ်ပြီး စိတ်ထဲမှာ ဆဲဆိုပစ်လိုက် မိသည်။

"လျော်ကြေးက...ဘာလဲ"

"အခု...မပြောသေးဘူး...ကျောက်ပတ်တီး ဖြေပြီးမှ..."

"ကျွန်မ...မပေးနိုင်တာတော့ မတောင်းနဲ့"

"မပေးနိုင်ဘူးလို့ စိတ်ထင်ရင် ဘာဖြစ်လို့ လျော်ပေးပါ့မယ်တွေ ဘာတွေ ဟန်လုပ်နေသေးလဲ"

"ပိုက်ဆံကလွဲရင်...ကျွန်တို့ဟာတော့...ပေးနိုင်မယ် ထင်လို့"

"ပိုက်ဆံနဲ့ မလျော်ရင်...ဘယ်လိုနည်းနဲ့ လျော်တာရှိသေးလဲ"

"တော်ပြီ . . . တော်ပြီ . . . ရှင် စကားကို တော်တော် ကတ်သီး တတ်သတ် ပြောတတ်တာပဲ...။ လူပုံကြည့်တော့..."

"လူပုံကြည့်တော့...ဘာဖြစ်လဲ...။စကားမပြောတတ်တဲ့ပုံပေါက် နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မှန်းမသိ၊ မြလင်းလင်းကို စနောက်ပြောရတာ ပျော်နေသည်။ သီချင်းသံအကျယ်ကြီးကိုလွှမ်းအောင် အော်ပြောနေရတာလည်း ကြိုက်နေသည်၊ သီချင်းသံကိုကျော်အောင် အော်ရသဖြင့် အသံနာကာ ချောင်းခဏခဏဆိုးနေသော မြလင်းလင်းကိုလည်း အလိုက်တသိ သီချင်းသံတိုးမပေးဘဲ ဒုက္ခပေးနေရတာကို သဘောကျနေမိသည်။

သူ့ဘဝအတွက် ဒါဟာ နေ့စဉ်ကြုံတွေ့နေရတာတွေထဲက ခွဲထွက်လာသော ဖြစ်စဉ်တစ်ခုလည်း ဖြစ်သည်။ သူ့ သက်တမ်းတစ်လျှောက်မှာ ဒီလို ခပ်ရိုးရိုး၊ ဆွဲဆောင်မှုမရှိ၊ မဝတ်နိုင် မစားနိုင်သော သာမန်မိန်းကလေးတစ်ယောက်နဲ့ မဆုံဖူးခဲ့။ ထို မိန်းကလေးပြောသော ပိုက်ဆံနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို သူ မငြင်းခုန်ရခဲ့ဖူးချေ။ ပိုက်ဆံကုန်မှာကြောက်ပြီး တွက်ချက်နေတတ်သော အမူအရာမျိုးကို သူနဲ့ ဆုံခဲ့ရဖူးသည့် မိန်းကလေးတွေထဲမှာ မတွေ့ခဲ့ဖူးပါ။

ဗန်ကောက်၊ စင်ကာပူ၊ မလေးရှားကို ဈေးဝယ်ထွက်တာတွေ၊ ဘယ် Brand (ဘရန်း)ကို ဘယ်လိုဝယ်လိုက်တာတွေ၊ ဘယ်ဆိုင်မှာ ဘယ်လိုသွားစားလိုက်တာတွေ၊ ဘယ်အလှပြင်ဆိုင်မှာ ဘယ်နှစ်သိန်းဖိုးအကုန်ခံပြီး အလှသွားပြင်တာတွေ စသဖြင့် မြလင်းလင်းထံမှာ ကြားရဖို့ မမြင်။ သူ့အတွက် အတွေ့အကြုံဆန်းဖြစ်သော အကြောင်းအရင်းတွေ မြလင်းလင်း ဘယ်လိုပြောမှာပါလိမ့်…ဆိုကာ ထပ်ကြားချင်လာသည်၊

"ကိုမင်းပိုင်လည်း…ဒီနေ့ လာမယ်ပြောတယ်"

ဆေးခန်းရှေ့ရောက်တော့ဟိုကြည့်ဒီကြည့်နဲ့မင်းပိုင်ဒီမှာလာစောင့်နေမယ်ထင်ကာ ပြောလိုက်လျှင် သော်တာလမင်း အံ့ဩသွားသည်။ မြ





လင်းလင်းဟာ မင်းပိုင်ကို တကယ်ပဲ လက်ခံချင်နေတာပါလား။ အေးလေ.. ဘွာပေါ်ဆေးကျောင်းသားဆိုတော့ မလိုချင်ပဲနေမလား။

"ချိန်းထားလို့လား"

သော်တာလမင်း စသလို နောက်သလိုလို အသံဖြင့် မေးလိုက်လေသည်၊

"ကျွန်မ… ဒီနေ့ ပတ်တီးဖြေရမှာသိတော့ ဆေးခန်းရော ့ ယ်အချိန်ကိုပါ သူမေးထားတယ်။ သူလည်း…လာခဲ့မယ်တဲ့…"

"မင်းနဲ့သူက ဘာလဲ…"

"ရှင်…ဘာ…ဘာလဲလဲ"

"ဟာ…ရှုပ်နေတာပဲ…မေးခွန်းက…မေးခွန်းပြန်ဖြစ်နေပြီ…။ ထားပြီ…နောက်မှ မေးတော့မယ်။ တိုကင်သွားယူထားတော့…ဆရာဝန်ကြီးလာခါနီးလို့ တိုကင် စပေးနေပြီ"

ဒီဆေးခန်းက တိုကင်ကိုကြိုပေးထားတာမရှိဘဲ ဆရာဝန်ကြီးလာခါနီးအချိန်ကျမှ တိုကင်စယူလို့ရတာ၊ တိုကင်လည်း အများကြီး မပေးပါ။ ဆရာဝန်ကြီး ကြည့်နိုင်သလောက်သာ ပေးသည်၊ မြလင်းလင်းတစ်ယောက် အလုပ်ထပ်၊ တိုကင်ယူဝင်လုပ်နေစဉ် သော်တာလမင်းကတော့ ဆေးခန်းရှေ့မှာရပ်ရင်း ဖုန်းထဲက ဂိမ်းကို ကစားနေလိုက်ပါသည်။

မြလင်းလင်း ဝင်ရမည့်အလှည့်ကတော့ . . . သူပါ လိုက်ဝင်ပေးလိုက်ပါသည်၊ ကျောက်ပတ်တီးကို ခွာရသောအခါ စိုးရိမ်တကြီး သူမခြေထောက်ကိုငုံ့ကြည့်နေရှာသော မြလင်းလင်းကိုအခန်းထောင့်မှငေးကြည့်ရင်း ရင်ထဲတွင် သနားသလိုလို၊ ဘာလိုလိုတော့ဖြစ်မိသည်။ မျက်တောင်ထူထူ



www.burmeseclassic.com

www.burmeseclassic.com



[illegible]နေသော မျက်လုံးအရောင်လက်လက်နှင့် မိန်းကလေးသည် သူ[illegible]ထဲမှာတော့ အရိုးသားဆုံး မိန်းကလေးဖြစ်သည်။ ဘာမှုယာမာယာမှ[illegible] တန်မာနလေးတော့ရှိပေမယ့် အဲဒါက မရှိဆင်းရဲသားတွေရဲ့မာနပုံစံမျိုး ဖြစ်နေသည်။

"ဟော...ပတ်တီးခွာပြီးသွားပြီ...လက်ကို လှုပ်ရှားကြည့်ပါဦး... ရှိုးလိုက်ဆန့်လိုက် ဖြည်းဖြည်းချင်း ... ဟုတ်ပြီ ... အစတော့ နည်းနည်း တောင့်နေမယ်လေ ... တစ်လခွဲလောက် လက်ကို ဆန့်ဆန့်ကြီးထားထား ရတာဆိုတော့ ဖြည်းဖြည်းချင်း အကြောတွေ အဆစ်တွေ ပြန်ကျင့်သားရ လာမယ်"

ဆရာဝန်ကြီးညွှန်ကြားတဲ့အတိုင်းလုပ်ကြည့်ပြီးသောအခါ လက်က ကောင်းကောင်းလှုပ်ရှားလို့ရသွားပါသည်။ ဒီတော့မှ မြလင်းလင်း မျက်နှာ လန်းလာကာ ရယ်ဖို့ပြုံးဖို့ သတိရတော့လေသည်။ ဆရာဝန်ကြီးက ဆောင် ရန်၊ ရှောင်ရန်တွေ မှာကြားပြီးသောအခါ ဆေးခန်းပြခြင်းကိစ္စပြီးပါသည်။

ဆေးခန်းထဲမှ အတူတူထွက်လာပြီးလျှင် သော်တာလမင်းက ကားတံခါးကို အသင့်ဖွင့်ပေးပြီး ဝင်ထိုင်စေလိုက်ပါသည်။

"ဘယ်သွားစရာရှိသေးလဲ"

"ဘယ်မှသွားစရာမရှိပါဘူး...ဒီနေ့ကျောင်းကခွင့်ယူလိုက်တယ်။ ပတ်တီးဖြေရမှာနဲ့ ဘာနဲ့ဆိုတော့ ... အချိန်ဘယ်လောက်ကြာမှန်း မသိလို့ လေ..."

"ပတ်တီးဖြေရမှာက ဟုတ်ပါပြီ ... အဲဒီစကားနောက်က "ဘာနဲ့" ဆိုတာ ဘာကိုပြောနေတာလဲ...ပတ်တီးဖြေပြီးရင် ဘာလုပ်မှာလဲ"





"ရှင် . . . တော်တော်စကားကို ကတ်သီးကတ်သတ်ပြောတတ် သလဲ"

"မပြောတတ်ပါဘူး...ကျွန်တော် သိချင်လို့ပါ...မင်းပိုင်နဲ့လည်း [illegible]ထားသလိုလိုသိထားတော့ပတ်တီးဖြေပြီးရင်...လျှောက်များလည်ကြ တောလို့...ဟဲဟဲ"

သော်တာလမင်း၏စကားအဆုံးမှာ ရယ်သံလည်း တမင်ထည့် သလာ မြလင်းလင်း ရှက်ကိုးရှက်ကန်းလိုလိုဖြစ်ပြီး သူ့ကို မျက်စောင်းထိုး လိုက်တာ တွေ့လေသည်။

"ဒီနေ့တစ်နေ့တည်းမှာ ကျွန်တော့်ကိုစကားကတ်သီးကတ်သတ် ပြောတတ်တယ်လို့ ဝေဖန်တာ နှစ်ခါတိတိခံလိုက်ရတယ်..."

"အဝေဖန် မခံချင်ရင်...စကားကို ကောင်းကောင်းပြော..."

"ကဲ...စကားကောင်းကောင်းပြောမယ်ကွာ...ကော်ဖီဆိုင်တစ် ဆိုင်ဝင်မယ်...မုန့်စားမယ်"

"ဟာ...မဖြစ်ပါဘူး"

မြလင်းလင်းပြာပြာသလဲငြင်းလေသည်။

"ဘာဖြစ်လို့လဲ..."

"ဘာမှတော့ မဖြစ်ပါဘူး . . . ဒါပေမယ့် အဲဒီဆိုင်တွေက ဈေးကြီး တယ်"

"ကျွန်တော် မြလင်းလင်းကို လယ်မကျွေးနိုင်းပါဘူး။ ကျွန်တော် ကျွေးမှာပါ..."

"အဲဒါလည်း...မဖြစ်ဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူးဆိုတာ ဘာမှ မရှိဘူး...မင်းတစ်ယောက်ပိုစားလိုက်လို့ ဗိုက်ဆံဘယ်လောက်မှ ပိုမကုန်သွားဘူး"

သော်တာလမင်းက သူလုပ်ချင်ရာလုပ်နေကျသူမို့ မြလင်းလင်း အာချောပြောပြောဂရုစိုက် မနေတော့ဘဲ ... သူ သွားနေကျ နာမည်ကြီး ကော်ဖီ ဆိုင်ကို မောင်းသွားပါသည်။ ကော်ဖီဆိုင်ဖွင့်ထားရာခြံဝန်းကားပါ့ခ်မှာရပ်ပြီး လျှင် ခပ်အေးအေးပင် ဆင်းလိုက်ပါသည်။

မြလင်းလင်းကိုဆင်းပါဟုဖိတ်ခေါ်မနေဘဲဆိုင်ရှိရာဘက်လျှောက် လာလိုက်ပါသည်။ သူနောက်က ကားတံခါးပိတ်သံသဲ့သဲ့ကိုကြားသော အခါ သူ ကျေကျေနပ်နပ်ပင် ပြုံးလေသည်။ ဒီလိုပဲ ဖြစ်ရမှာပေါ့။ သော်တာ လမင်းပဲ၊ သော်တာလမင်း လုပ်ရင် ဖြစ်ကိုဖြစ်ရမယ်။ ဘာမှမဖြစ်နိုင်တာ မရှိဘူး မြလင်းလင်း။

တွန်းဝင်ရသော မှန်တံခါးမှတစ်ဆင့် ဆိုင်ထဲရောက်လျှင် အေးစိမ့် သော ပတ်ဝန်းကျင်က ဆီးကြိုနေသည်။ မလင်းတလင်း မီးအိမ်ပုံစံ မီးသီး လေးများ နံရံတိုင်းမှာ ကပ်ထားသောဆိုင်သည် ဆူညံသောသီချင်းကို ဘယ် ဒေတာ့မှဖွင့်သည့်ရက်မရှိ။ များသောအားဖြင့် ပီယာနိုတေးသံများ၊ အမေ ကန်ကျေးလက်သီချင်းများကိုသာဖွင့်လေ့ရှိသည်။ ဆိုင်မှာလူခပ်ကျဲကျဲသာ ရှိနေလေသည်။

မြလင်းလင်းက သူနှဲ့ယှဉ်မလျှောက်ပဲ နောက်ကသာ လိုက်လာ ရသည်။ အသံလည်း တိတ်နေသည်။ သော်တာလမင်းက သူစိတ်ကြိုက် စားပွဲမှာသွားထိုင်လိုက်ပါသည်။ စားပွဲတိုင်းက အကန့်လေးတွေနှင့် သီးသန့် ဖြစ်သည်။ ကိုယ့်ဝိုင်းနဲ့ကိုယ် သီးသန့်ပုံစံလေး ထိုင်ရတာမျိုးဖြစ်သည်။ မြ လင်းလင်းက မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်သည်။





"ရော့...ဒီမှာ မီနူး"

"ရှင်...ကျွန်မကို အရှက်ခွဲလိုက်သလိုပဲ"

"ခင်ဗျား...ဘာဖြစ်လို့လဲ...။ မီနူးဖတ်နိုင်းတာ အရှက်ခွဲတယ်လို့ ပြောရအောင်လည်း ဒီမှာ မြန်မာနဲ့အင်္ဂလိပ်ရှိတွေရေးထားတာပါ...တစ်ခုခု တော့ ဖတ်တတ်မှာပါ"

"အဲဒါကို ပြောတာမဟုတ်ဘူး"

"ဒါဖြင့်...ဘာလဲ"

"ကျွန်မလို အဝတ်အစားပုံစံနဲ့ ဒီလိုဆိုင်မျိုးထဲ ဝင်လာနိုင်းတာဟာ အရှက်ခွဲရာရောက်တယ်..."

ဒီတော့မှ သော်တာလမင်းရင်ထဲ အနည်းငယ်ကရုဏာသက်သွား ပါသည်။ မြလင်းလင်းဝတ်ထားတာလေးတွေက အပေါ်စားမှန်းသိသာလှ သဖြင့် ဒီလိုအဆင့်အတန်းမြင့်မြင့်ဆိုင်ထဲဝင်လာတဲ့အခါကျ မိန်းကလေးဝီဝီ ရှက်နေသည်ထင်သည်။ ဆိုင်ထဲ ခပ်ကျဲကျဲရှိသော မိန်းကလေး ယောကျ်ား လေးတချို့တွေကြောင့် အနေကျုံ့နေပုံရသည်။

မင်းသားလေးတစ်ယောက်လို ချောမောသန့်ပြန့်လှကာ ဝတ်ပုံ စားပုံကြည့်တာနဲ့တင် သူဌေးသားတစ်ယောက်မှန်း သိသာလှသော သော် တာလမင်းနဲ့ တွဲဝင်လာရသောအခါ သူမကိုယ်သူမ ပို၍ သိမ်ငယ်သယောင် ယောင် ခံစားနေရပုံရသည်။

"အရှက်ခွဲသော ဝါသနာမပါဘူး . . . မြလင်းလင်း၊ ကျွန်တော် ခင်လို့ မင်လို့ ကော်ဖီတိုက်မယ်...မုန့်ကျွေးမယ်ဆိုတဲ့စိတ်နဲ့ ခေါ်လာတာ... ခင်ဗျားကို အရှက်ခွဲသလိုဖြစ်သွားတယ်ဆိုရင်...ဆောရီးပါ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ...ဘာမှမစားချင်ဘူး...သောက်လည်း ...မသောက်ချင်ဘူး"

"ရဘူး...ဆိုင်ထဲဝင်လာပြီးပြီ...ဒီတိုင်းထိုင်နေလို့ မရဘူး...ဒါဆို မှာရင်...ကျွန်တော်...ကြိုက်တာမှာလိုက်မှ ဒုက္ခရောက်နေမယ်...ကျွန်တော်က ကော်ဖီဆို ခါးတောက်နေတဲ့ ကော်ဖီမှ သောက်တာနော်"

"ကျွန်မ...ကော်ဖီ မကြိုက်ဘူး"

"မကြိုက်ရင်...တခြားဟာမှာလေ...ရတယ်၊ ဒါကြောင့်...မီနူးကြည့်ပါလို့ပြောတာ..."

မြူလင်းလင်း မီနူးကို သူ့မဘက်ယူကြည့်လိုက်သည်။

"ice lemon tea (အိုက်(စ်)လီမွန်တီး)ဆိုတာ အမြင်မှာကြော်ငြာနေလို့ သိပါတယ်၊ ဒါပေမယ့် green tea (ဂရင်းတီး)ဆိုတာ ဘာလဲ... lipton tea (လစ်(ပ)တန်တီး) ဆိုတာကရော...ဘာလဲ၊ အခုမှပဲ တီးတွေ ပုံစံမျိုးစုံရှိမှန်း သိတယ်..."

"green tea ဆိုတာ...ရေနွေးကြမ်းပါပဲ...ဘာမှ မဟုတ်ဘူး... lipton tea ကတော့...သကြားတို့ နွားနို့တို့နဲ့ထည့်ဖျော်သောက်ရတဲ့ ...လက်ဖက်ရည်တစ်မျိုးပဲ"

"ဒါဆို...အဲဒါပဲ သောက်မယ်...ကျွန်မက လက်ဖက်ရည်ဆို တကယ့်လက်ဖက်ရည်ဆိုင်မှာ ဖျော်တဲ့ လက်ဖက်ရည်မျိုးပဲ သောက်ဖူးတာ ဒီလို...လက်ဖက်ရည်တွေ တစ်ခါမှ မသောက်ဖူးပါဘူး"

မြူလင်းလင်းက ရိုးရိုးသားသားဝန်ခံနေသဖြင့် သော်တာလမင်း ဘာမှ ဆက်မပြောတော့ဘဲ မုန့်တွေ သီးသန့်ရေးထားသည့် မီနူးကို ထပ်ကြည့်လိုက်သည်။





"မုန့်မစားတော့ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်မ...မနက်စာ စားလာခဲ့တယ်"

"ကျွန်တော်လည်း...မနက်စာ စားလာတာပဲ...အခု ဗိုက်ဆာနေပြီ"

"မဟုတ်ဘူး...ကျွန်မ မနက်က စားလာတာ ရှင်တို့စားတဲ့ မနက်စာမုန့်တို့ဘာတို့မဟုတ်ဘူး။ ထမင်းကြမ်းနဲ့ဘူးသီးကြော်တစ်ခုနဲ့အများကြီး စားလာတာ၊ အဲဒါကြောင့် နေ့လယ်ဆို...မဆာဘူး။ ကျွန်မ အမြဲ အဲဒီလို စားနေကျ...မနက်စာ စားစရာမလိုတော့ဘူး။ ညနေကျမှ စားရုံပဲ...။ အစားအသောက်ဖိုး သိပ်အကုန်ခံစရာမလိုတော့ဘူးပေါ့"

အထူးအဆန်းကြားရသလိုပင်ဖြစ်လျက်...သူ တအံ့တဩ နားထောင်နေသည်။ မနက်အိပ်ရာထ အချိန်ကြီး တစ်ခါမှ ထမင်းမစားဖူးခဲ့။ သူတို့အိမ်မှာရှိသည့်အိမ်ဖော်တွေပင် ထမင်းကြမ်း မစားကြရချေ။ တစ်ပတ်ခုနစ်ရက်လောက်မှာ နာမည်ကြီး မုန့်ဟင်းခါးဆိုင်က ချိုင့်ကြီး၊ ချိုင့်ငယ်နဲ့သွားဆွဲလာတာ တစ်ပုံကြီးမို့ အိမ်ရှိလူကုန်စားကြရသည်။ မုန့်ဟင်းခါး မစားချင်ရင် အုန်းနို့ခေါက်ဆွဲ၊ ကြာဆံချက်၊ နန်းကြီးသုပ်၊ ရှမ်းခေါက်ဆွဲ စတာတွေလည်းနေ့စဉ်တစ်နေ့တစ်မျိုးမရိုးရအောင်ချိုင့်ကြီးချိုင့်ငယ်နဲ့သွားဝယ်တတ်သည်၊ အဲဒါတွေကိုတောင် သူ အိပ်ရာကနိုးလာလို့မစားချင်ပါဘူး ဂျီကျရင် အိမ်မှာ စားစရာတွေက အဆင်သင့်ဖို့ ပြာပြာသလဲ ဝိုင်းပြင်ဆင်ပေးကြပါသည်။ ပေါင်မုန့်မီးကင်၊ ထောပတ်၊ စတော်ဘယ်ရီယို၊ ဝက်ပေါင်ခြောက်ဘေကင် (Bacon) ကြက်ဥမွှေကြော် ဒါမှမဟုတ်ရင် ကိတ်မုန့်၊ ဘီစကွတ်တို့ဟာ ကျွန်ုပ်ယ်ကြိုက်တာ လက်ညှိုးထိုးရုံပင်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ဖော်တို့ ... မနက်စာ ထမင်းကြမ်းစားရမယ်လို့ မသတ် အူးဒေါ်တို့နဲ့ တန်းတူစားချင် စားခွင့်ရှိတယ်နော် ...။ အစားတစ်လုပ်အတွ မှာမပြောဘူး။ ကြိုက်တာစား ... ဒါလည်း နေ့စဉ်လုပ်တဲ့အလုပ်ဒါနတစ်မျိုး သဘောထားတယ် ... ကြိုက်တာစားကြ"

ဟူ၍ မေမေဒေါ်ယမင်းမြတ် ခွင့်ပြုပြောဆိုထား၍သော်တာလ တို့အိမ်က အိမ်ဖော်တွေပင် ဘဝင်မြင့်ကုန်ကြပြီ။

မနက်ဆို ထမင်းကြမ်းဘယ်သူမှ မစားတော့။ မနက်အစော ထမင်းကြမ်းစားရတယ်ဆိုတာကိုတောင် မေ့ကုန်ကြပြီထင်သည်။ ဒါ သော်တာလမင်းမွေးလာကတည်းက အိမ်မှာ ဘယ်သူမှ အစောကြီး ထ စားတာ မမြင်ခဲ့ဖူးချေ။

"ရှင့်ကြည့်ရတာ ... အံ့ဩနေပုံပဲ။ ဘာဖြစ်လို့လဲ ... ထမင်းကြ အကြော်စားတာ ... မကြားဖူးဘူးလား ..."

သော်တာလမင်း အားနာနာနှင့် ဘာမှမဖြေဘဲ အသာပြုံးနေလို သည်။ လူ့ဘဝတွေဟာ ဘာကြောင့် ဒီလောက် ကွာခြားနေတာလဲ။ ခွ တော့သုံး၊ လေးသောင်းပိုက်ဆံဆိုတာကိုမုန့်တစ်ခါစားသဘောမျိုးလော သုံးနိုင်နေချိန်မှာ မြူလင်းလင်းတို့လို လူမျိုးတွေကတော့ တစ်လလုံး အလုပ်လုပ်တာတောင်အဲဒီလောက်ပိုက်ဆံရဖို့ခြစ်ခြုတ်ကြိုးစားနေရတာ ဆိုတဲ့ စကားတွေ။ မုန့်ပဲသရေစာ စားရင် အပိုပိုက်ဆံကုန်မှာစိုးလို့ ထမင်း ပဲ အားပြုစားရပြီး သရေစာဆိုတာ မစားဖြစ်သလောက်နီးပါး ရှောင်ရတာ ဆိုတာတွေ။ အဖေရော၊ အမေရော ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးပါးခဲ့ရလို့ ဆေ နမရင်းချာလည်း မရှိဘဲ အမေ့ညီမ အဒေါ်ဟာ စီးပွားရေး အဆင်မပြေ တည်းနေရတဲ့ကြားက တူမဖြစ်သူကို ခေါ်ယူ စောင့်ရှောက်ထားရတာ





အဒေါ့်အိမ်စရိတ်ကိုကူပြီး ဖြည့်ပေးနေရတယ်ဆိုတာတွေ စသဖြင့်သော ရင်မောမွန်းကြပ်စရာကောင်းသည့် ဘဝတစ်စိတ်တစ်ဒေသကို ကြားသိရသောအခါ သော်တာလမင်းဘဝတွင် ဒီတစ်ခါလောက် သူကိုယ်သူ ငါဟာ ကံကောင်းတဲ့သူပါလားလို့ ခံစားလိုက်ရ အမှန်ပင်။

အဲဒီလိုခံစားချက်နဲ့အတူ သူ့ဘဝတွင် တစ်ခါမှ မဖြစ်ပေါ်ဖူးသေးသော မိန်းကလေးတစ်ယောက်အပေါ် ကရုဏာသက်စွာ အကူအညီပေးလိုစိတ်လည်း ဖြစ်သွားမိသည်။ တစ်ခါမှမဖြစ်ပေါ်ဖူးသေးသော အကူအညီပေးလိုစိတ်ဟု သုံးရခြင်းမှာ သူ့ ပတ်ဝန်းကျင်မှာရှိသဖြင့် မိန်းကလေးတွေထဲလည်းမြူလင်းလင်းလောက် ဘယ်သူမှ မချို့ငဲ့၊ မဆင်းရဲ၊ အခက်အခဲတွေရှိသူတွေ များရာ ... ဒီလို သနားကြင်နာမိခြင်းဟူသည့် ခံစားချက်က သူ့ထံတွင် ဖြစ်ပေါ်လာစရာလည်း မရှိခဲ့တာကြောင့်ဖြစ်သည်။

အသားညိုစိမ့်စိမ့်လေးပေမယ့် တဖြည်းဖြည်းကြည့်ရင်းကြည့်ရင်း ကြည့်ကောင်းလာသော မြူလင်းလင်း၏ပုံသဏ္ဍာန်လေးက သူ့ဆုံခဲ့ဖူးသော ခေတ်ပေါ် အပြင်အဆင်၊ အသုံးအဆောင်တွေနဲ့ တန်ဖိုးကြီးအဝတ်အစားတွေ ဝတ်ကြသော အသိုင်းအဝိုင်းမှ မိန်းကလေးတွေနဲ့မတူတဲ့ ထူးခြားမှုတစ်ခုလို့ပင် ခံစားလာရသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၂)

## မြူလင်းလင်း

### (၆)

"ကျောင်းဆင်းလာပြီလား"

"ဪ...ကိုမင်းပိုင်"

မှုကြိုကျောင်းဖွင့်သောတိုက်ခန်းလေးမှအထွက် နောက်က လှမ်း ခေါ်နှုတ်ဆက်လိုက်သောကြောင့်မြူလင်းလင်းလှည့်ကြည့်၍ပြန်နှုတ်ဆက် လိုက်ပါသည်။ တည်ကြည်ရှင်းသန့်ပြီး အဆင့်အတန်းရှိလှသော ဤ ဆေး ကျောင်းသားကို မြူလင်းလင်း ရင်ထဲမှာ နှစ်မြိုက်မိခြင်းတွေရှိပါသည်။ စကား အပြောအဆိုယဉ်ကျေးတာအပြင် မိန်းကလေးတစ်ယောက်အပေါ်လေးလေး စားစားဆက်ဆံတတ်တာသည်လည်း တစ်ပိုင်း၊ မြူ...အထင်ကြီးလေးစား အားကျရသော ဆရာဝန်ပညာရပ်ကို သင်ကြားနေတာတစ်ပိုင်းကြောင့် မြူ





နှင်ထဲမှာတော့ သူဟာ မင်းသားလေးတစ်ပါးလိုပင်။ သူနဲ့ ယှဉ်ကြည့်မိရင် သော်တာလမင်းဆိုတဲ့သူဟာ အရည်အချင်းရော၊ အတွေးအခေါ်ရော၊ စိတ် ဓာတ်ရော ဆီနဲ့ရေလို ကွာလှကြောင်း နှိုင်းယှဉ်မိပါသည်။

သော်တာလမင်းကတော့ ရုပ်ကလေးချောသလောက် မျက်နှာမှာ မာန်မာနတွေ အလိုလိုပင် ထင်ရှားပေါ်လွင်နေသည်။ ပိုက်ဆံမရှိတာ၊ အဆင် မပြေတာ၊ ရုန်းကန်ရတာတွေကို လုံးဝမကြားဖူးသလောက်နီးပါး ချမ်းသာ ကြွယ်ဝလှသော မိသားစုကြီးမှ တစ်ဦးတည်းသောသားပီပီ အရာရာကို အနိုင်ယူလိုစိတ်၊ လူတစ်ဖက်သားအပေါ် ဗိုလ်ကျချင်စိတ်တွေလည်း ထိုသူ့ အအပြည့်ရှိကြောင်း မြူ အလိုလိုစိတ်ထဲမှာ သိနေသည်။

"စကား ဆက်ပြောပါဦး...ဘာတွေ စဉ်းစားနေတာလဲ"

မင်းပိုင်ကိုတွေ့မှ သော်တာလမင်းအကြောင်းကိုပါ တသီတတန်း ကြီး သတိတရတွေးမိသွားကာ ငြိမ်နေမိသောကြောင့် မင်းပိုင်က ပြုံး၍နှုတ် ဆက် မေးလိုက်ပါသည်။ မြူ ဘတ်(စ)ကားစီးပြန်ဖို့ ဘတ်(စ)ကားမှတ်တိုင် ဆီဆက်လျှောက်လာလေရာ မင်းပိုင်ကပါ အလိုလို ဘေးက လိုက်လျှောက် လာပါသည်။ သူ ... လက်တစ်ကမ်းအကွာလောက်ကနေ တွဲလျှောက်ပြီး လာတာကို မြူ မတားမိ၊ ရင်ထဲမှာ ကျေနပ်နေသည်။ အရင်ကဆို သူ စာ သင်ကျက်သောတိုက်ခန်းကနေ လှမ်းကြည့်၊ ပြုံးပြ၊ အသိအမှတ်ပြုသလို ခေါင်းဆတ်ပြ၊ တစ်ခါတလေ အသံအနည်းငယ်ပြု နှုတ်ဆက်ရုံအပြင် မပိုရဲ သော ဆေးကျောင်းသားလေးက ဒီနေ့တော့ ဘယ်က အင်အားတွေရလာ သည်မသိ၊ အိမ်ထဲက ထွက်လိုက်လာပြီးတော့တောင် ဘေးကပါလာတာ။ ထို့ကြောင့် မြူ ရင်ထဲမှာ မျှော်လင့်ချက်တွေနဲ့ ပိုပြီးနွေးနေသည်။ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ဗိဗိ သူ့ကိုယ့်အပေါ်စိတ်ဝင်စားနေမှန်း ရိပ်မိပေမယ့် အခြေအနေချင်းတွေ[illegible] တာမို့ မမျှော်လင့်မိအောင် ကြိုးစားနေခဲ့ရာက ခုလို သူ့ ရှေ့ကို နည်းနည်း[illegible] လာပြတာဟာ ရင်ခုန်စရာပဲပေါ့။

"ကိုမင်းပိုင်တို့က စာ အမြဲကျက်နေရတာပဲနော်...မြူ...အဲဒါ[illegible] အံ့သြနေတယ်"

"ဒီလိုပဲပေါ့...ဒီ field (ဖီးလ်)ထဲဝင်ရင် ဒီလိုပဲ လုပ်ရမယ်ဆို[illegible] သိပြီးသားဆိုတော့ ထူးပြီး စိတ်မညစ်နေပါဘူး"

"ကိုမင်းပိုင်တို့တွေက တစ်မျိုးလုံး ဆရာဝန်တွေချည်းပဲနော်..."

"ဟုတ်တယ်လေ..."

"အကယ်၍...ကိုမင်းပိုင်သာ...ဆေးကျောင်းမဝင်ဘူးဆိုရင်[illegible] ဘာရွေးမလဲ"

"ကျွန်တော်...တစ်ခါမှ အဲဒါကို မတွေးကြည့်မိဘူး..."

မြူ အံ့သြသွားရပြန်သည်၊ ဒါဆို သူ့ဘဝမှာ ဒါကို ဖြစ်ကိုဖြစ်ရမယ်[illegible] ဆိုတဲ့ အစီအစဉ်ရှိပြီးသားပေါ့။

"ဘာဖြစ်လို့လဲဆိုတော့...ဘယ်လိုပြောရမလဲ...ကျောင်းစနေ[illegible] ကတည်းက ဖေဖေ၊ မေမေတို့ လမ်းညွှန်ပေးထားတဲ့လမ်းက ဒီလမ်းသ[illegible] မျိုးဖြစ်နေတယ်...ကိုယ့်မိသားစု၊ ဆွေမျိုးမှာလည်း ဘယ်သူ့ကြည့်လိုက်[illegible] ကြည့်လိုက် ဆရာဝန်ပဲဖြစ်နေတော့...ဒီထက်ပိုပြီး ဘာမှ...မတွေးကြည့်[illegible] မိဘူး"

"စာတော်တာလည်း ပါမှာပေါ့...၊ စာတော်မှပဲ ဆရာဝန်လိုင်း ဝင်[illegible] မှာလေ"





"တဲ...အဲဒါတွေ ထားလိုက်ပါတော့...ကျွန်တော်....မြူ့ကို [illegible]နဲ့စရာရှိလို့..."

"ဟုတ်လား...ဘာလဲ"

မြူ ကားမှတ်တိုင်မှာ ရပ်လိုက်ပြီမို့ မင်းပိုင်ပါ လိုက်ရပ်ပါသည်။

"မြူ့လင်းလင်း...ပတ်တီးဖြေမယ့်နေ့က လာခဲ့မယ်ပြောပြီး...[illegible]မလာခဲ့လို့ပါ"

"ရပါတယ်...ကျွန်မ နားလည်ပါတယ်"

"ဘာကို နားလည်တာလဲ"

"ကိုမင်းပိုင် မအားလို့ဆိုတာ..."

"လမင်းက ပြောပြလား..."

"ရှင်...ဘယ်သူ..."

မြူ...ရုတ်တရက် နားမရှင်းတော့သလိုဖြစ်ပြီး ပြန်မေးမိသည်၊ [illegible]တဲ့...ဟု စိတ်ထဲမှာ ပြန်ရေရွတ်ကြည့်ပြီးမှ သြော်...အဲဒါ သော်တာ[illegible]ကိုပြောတာထင်တယ်ဟု ဆက်စပ်တွေးမိသွားသည်။

"သော်တာလမင်းကို ပြောတာပါ...သူ...မြူ့လင်းလင်းတို့ ဆေး[illegible]လိုက်ပို့ပေးတယ် မဟုတ်လား"

"ပို့ပေးပါတယ်...ဒါပေမယ့်...ကိုမင်းပိုင် ဘာကြောင့် မလာနိုင်[illegible]လဲဆိုတာတော့ မပြောဘူး"

မင်းပိုင်မျက်နှာ မကြည်မလင်ဖြစ်သွားတာကို သတိထားမိသည်။ [illegible]ညိုကြည့်ရတာ တရင်းတနှီးပေါင်းသင်းကြပေမယ့် သိပ်မခင်ကြဘူးလား။ [illegible]ပြင်ပန်းသာ ခင်ခင်မင်မင်ပေါင်းကြပေမယ့် အတွင်းစိတ်မှာတော့ အချင်း



www.burmeseclassic.com

www.burmeseclassic.com



ချင်း ကြိတ်မြိုင်ပြီး ယှဉ်နေကြသလား။ ပိုက်ဆံရှိသူ ဌေးသား လူရည်သန့် အ ချင်းချင်းဆိုတော့ အဖက်ဖက်က ပြိုင်နေကြသလား။

မြူကတော့ လောကဓံကို ငယ်ငယ်ရွယ်ရွယ်နဲ့ ခံစားရဖူးသူ၊ လူ့ လောကအသိုင်းအဝိုင်းမှာ အဆင်ပြေအောင် ကြိုးစားကျင်လည်နေရသူ မိန်းကလေးတစ်ဦးဖြစ်လေရာ ကိုယ်နဲ့ ရွယ်တူ မတိမ်းမယိမ်းကောင်လေး တွေရဲ့အတွင်းစိတ်သဏ္ဌာန်ကို မှန်းဆလေ့လာကြည့်နိုင်နေပါသည်။

မြူ့လိုအသက်နှစ်ဆယ်စွန်းစအရွယ်မှာဒုက္ခတွေအရွယ်နဲ့မမျှတာ သူတို့ ကြားဖူးမယ် မထင်။ အိမ်ရဲ့စီးပွားရေးကြပ်တည်းသဖြင့် မြူ့ကိုပါ တင် ကျွေးထားရသည်ကိုပင် ရေးကြီးခွင်ကျယ်လုပ်အပြစ်ဖို့ချင်သော အဒေါ် ယောကျ်ားရဲ့ဖြူစုမှု၊ အဒေါ်အိမ်မှာထမင်းဟင်းကိုအတိုင်းအတာနဲ့ချက်လေ ရာ ဦးလေး၊ အဒေါ် အပါအဝင် သူတို့ သားသမီးလေးယောက်၊ လူ ခြောက် ယောက်ဝလင်အောင် စားပြီးမှ အကျန်ကို မြူ ဖြစ်သလိုစားရသလို သ မကျန်ခဲ့ရင်လည်းရှိသလောက်စားကာမဝမလင်နဲ့ဖြတ်သန်းရတဲ့ရက်တွေ မြူ ဆယ်နှစ်အရွယ်မှာ အရက်အရမ်းသောက်သော အဖေက အသည်း ရောဂါဖြစ်သဖြင့် ကုလိုက်ရသလို အဖေဆုံးပြီးသိပ်မကြာ အမေကလည်း တရှောင်ရှောင် နေမကောင်းဖြစ်လို့ ဆေးရုံမှာ ဆေးစစ်ကြည့်တော့ lymphoma (လင်ဖိုးမား)ဟု ခေါ်သည့် လင့်(ဖ်)ပြန်ရည်ဂလင်းများ အကြိတ် တည်ကင်ဆာဖြစ်နေကြောင်းသိရပြီးနောက်ရှိသမျှထုခွဲရောင်းချကုသတာ တောင် ခြောက်လပဲအသက်ရှင်ကာ အသက်ဆယ့်တစ်နှစ်အရွယ် မြူ့ကို ထားရစ်ခဲ့တာမျိုးတွေ။ ထိုစဉ်က စီးပွားရေးအနည်းငယ်ကောင်းသောအဒေါ် က ခေါ်ယူကျွေးမွေးပညာသင်စောင့်ရှောက်ခဲ့လို့ လူလားမြောက်ခဲ့ရပေမယ့်





အဲဒီထဲကပင် အဒေါ့်ယောကျ်ားဟာ ညိုညိုညင်ညင်ရှိပြီး အမြဲတစေ ဆူ ဝေါက်ကြိမ်းမောင်းရိုက်ပုတ်ခြင်းကို ခံခဲ့ရတာတွေ အဲဒီလို အသက်ဆယ့် တစ်နှစ်အရွယ်ကစပြီး လောကဓံကို ကောင်းကောင်းကြီး ရင်ဆိုင်ခဲ့ရသူ မြူသည် သူမ ဆုံတွေ့လိုက်ရသော ရွယ်တူ ယောကျ်ားပျိုလေး နှစ်ယောက် တို့ရဲ့ စိတ်အခြေအနေကို အလွယ်တကူပင် မှန်းဆကြည့်နိုင်နေသည်မှာ ဆန်းလှ၊

"ကျွန်တော် အရေးကြီးတဲ့ ကျူတိုရီယာယယ်တစ်ခု ဖြေရမှာမို့ . . . လာဖြစ်တာ။ အဲဒါကို လမင်း သိပါတယ် . . .။ သူ . . . ပြောပြပေးမယ် ထင် တို့ပါ"

"ကိုမင်းပိုင်တို့က ငယ်သူငယ်ချင်းတွေလား"

"အဲဒီလိုပဲပြောရမယ်ထင်တယ်...ခြောက်တန်းလောက်ကတည်း ကစခဲ့တာလေ။ ဆယ်တန်းအောင်ပြီးတော့မှ နည်းနည်းလူချင်းဝေးသွား ခဲ့သဘောပဲ . . ."

"ကိုမင်းပိုင်တစ်ယောက်တည်း ဆေးကျောင်းဝင်တာလား"

"ဟုတ်တယ်...သူငယ်ချင်းကငါးယောက်ရှိတာ၊ တစ်ယောက်က အဝေးသင်တက်ပြီး သူ့မိဘလုပ်ငန်းဝင်လုပ်နေတယ်၊ နောက် တစ်ယောက် ကတော့ . . . အင်္ဂလန်မှာ ကျောင်းတက်နေတယ် . . . ကျန်တဲ့နှစ်ယောက်က တော့ ဝင်ကာပူမှာ ကျောင်းတက်ပြီးအခုမှ ပြန်လာတာ . .။ အခုမှ သူငယ်ချင်း တွေ လူချင်းသေသေချာချာ ပြန်ဆုံတဲ့သဘောပါပဲ၊ အရင်ကတော့ online (အွန်လိုင်း)ပေါ်မှာပဲ တွေ့ကြတာပေါ့"

မြူက ဘတ်(စ)ကား အလာလမ်းကို မျှော်ကြည့်နေမိသည်။ နီ ခင်ခါလာရင်တော့ မရမကတက်မှပဲလည်း တွေးနေသည်။ အိမ်ကို မြန်မြန်



www.burmeseclassic.com

www.burmeseclassic.com



ရျက်ပြုတ်နိုင်မည်။ဦးလေးနဲ့အဒေါ်ကတစ်နေကုန်ပင် ထဲမှာ ဖွင့်ထားသော ကုန်စုံဆိုင်မှာ ထိုင်ရသည်။ ဆိုင်က အပိုင် ။ ငှားဖွင့်ထားရတာဖြစ်သလို၊ ဆိုင်အကူလည်း မထားနိုင်သဖြင့် အဒေါ်လင်မယားနှစ်ယောက်စလုံးအလုပ်တွေ ပိနေတတ်သဖြင့် မြူက အိမ် အလုပ်တွေ ကြုံးလုပ်ရကာ ကိုယ့်အပေါ် မငြိုငြင်အောင် ကြည့်နေရပါသည်။ မြူရသည့်လခသုံးသောင်းလည်းအဒေါ်ကိုမျက်နှာလုပ်အပ်ရပါသေးသည်။ ဒီတော့မြူ့ထံတွင်အဝတ်အစားလေး၊ငါးစုံအပြင် ဘာမှမရှိ။ ဘာမှမဝတ်နိုင် မစားနိုင် အစစအရာရာချွေတာနင့်မို့ ဘတ်(စ)ကားတောင်မှ အထူးယာဉ် လိုင်းမျိုးမစီးနိုင်ပါ။ အင်မတန် ကြပ်တောက်လှသော အများပြည်သူသုံး ယာဉ်လိုင်းကိုသာ အားကိုးရသည်။

"ဟေး . . . ဟေး . . . မင်းပိုင် . . . မင်းပိုင် . . . ငါ ရှေ့မှာရပ်မယ် . . . လာခဲ့ . . ."

ဖြတ်မောင်းသွားသောကားပေါ်မှ ရုတ်တရက် အော်ခေါ်နုတ်ဆက် လိုက်သံကြောင့် မင်းပိုင်ရော မြူပါ လှမ်းကြည့်မိလိုက်လျှင် သော်တာလမင်း ကိုတွေ့ရသည်။ သူ မောင်းနေကျပြိုင်ကားပုံစံမျိုးမဟုတ်ဘဲ မြင့်မားခန့်ထည် လှသော ပရာဒိုကားကြီးပေါ်မှ အော်ခေါ်သွားပြီး ကားမှတ်တိုင်အလွန်၊ လမ်း ဘေးကားခဏရပ်လို့ရသောနေရာမှာ စီးပြဲရပ်စောင့်နေသည်။

မင်းပိုင်မှာ သော်တာလမင်းကိုတွေ့လိုက်၍ သိပ်တော့ မနှစ်မြို့လှ ပေမယ့် သော်တာလမင်းကတော့ ကားတံခါးကိုပင်ဖွင့်ပြီး ဆင်းစောင့်နေ တာမို့ မြူလင်းလင်းလည်းရှိတာမို့ . . .

"လမင်းပဲ . . . ခဏနော် . . . ကျွန်တော် သွားလိုက်ဦးမယ်"





မင်းပိုင်လျှောက်လာမလို့ခြေလှမ်းပြင်လျှင်...သော်တာလမင်းက လှမ်းခေါ်ပါသည်။

"ဟေ့ကောင် . . . မင်းပိုင် . . . မင်းတစ်ယောက်တည်း မလာနဲ့ . . . င်းလင်းပါ ခေါ်ခဲ့။ မင်းတို့ ဘယ်သွားမလို့လဲ . . . ငါလိုက်ပို့မယ်၊ ငါ့ကား ကြာကြီးရပ်လို့ မရဘူး . . ."

"ဟာ . . . မဖြစ်ဘူးထင်တယ်"

"ဘာလို့ မဖြစ်ရမှာလဲ . . . ကောင်မလေးကို အိမ်လိုက်ပို့ဖြစ်အောင် ဦါကွာ။ ဘတ်(စ)ကားတွေ ဒီအချိန်ကြပ်ကကြပ်နဲ့ မင်း သူ့ကို မသနား လား။ ဒီအတိုင်း ဘတ်(စ)ကားနဲ့ ပြန်လွှတ်မလို့လား။ ငါက စေတနာနဲ့ ဦတာနော်။ မင်း ရအောင်ခေါ်ခဲ့ . . . အိုကေ . . . ငါဖုန်းချပြီ"

မင်းပိုင် ဖုန်းကို ပြန်ပိတ်နေစဉ် မြူလင်းလင်းကတော့ ထိုးဆိုက် သော ဘတ်(စ)ကားကို ပြေးတက်မလို့ပြင်နေသည်။

"မြူ . . . အဲ . . . မြူလင်းလင်း . . . ကျွန်တော်နဲ့ လမင်း လိုက်ပို့ပေးမယ် ပါ . . . ဘတ်(စ)ကား စီးမနေပါနဲ့ . . ."

"နေပါ . . . ရပါတယ် . . . ကိုမင်းပိုင်တို့တွေပဲ သွားကြပါ"

"လမ်းကြုံပါတယ် . . . လမင်းက လိုက်ပို့ပေးမယ်လို့ ခုပဲ ဖုန်းဆက် . . . ကျွန်တော်လည်း မြူလင်းလင်းကို ကားနဲ့လိုက်ပို့ပေးချင်တာပါ . . . ရုမှာ အားနာနေလို့ . . . ခုတော့ . . . လမင်းလည်း ခေါ်နေတာနဲ့ အတော်ပဲ ပါ . . ."

မင်းပိုင်က ဘေးက ပြောနေသဖြင့် မြူသည် ဘတ်(စ)ကားပေါ်ကို သလိုမှ တိုးတိုက်တက်၍မရဖြစ်ကာ ကျန်ရစ်ခဲ့ရတော့သည်။ ဒီတော့ ည်း မြူ ဆက်ငြင်းမနေတော့ဘဲ မင်းပိုင် ခေါ်ရာ ပါလာခဲ့သည်။ ကား



www.burmeseclassic.com

www.burmeseclassic.com



ပြီး အိမ်ကို သက်တောင့်သက်သာ ပြန်ရမယ်ဆိုလည်း ကောင်းတာပဲ တစ်နေ့တာလေလေး သက်သက်သာသာ သွားလာခွင့်ရတဲ့ လမ်းခရီးကို သာ ကြောင့် မာနတွေထားပြီး ငြင်းနေစရာလဲ၊ သူတို့လို ပိုက်ဆံရှိတဲ့ သူဌေးတွေ က ကွယ်ရာမှာ ဘာပြောကြမလဲ၊ လူမွဲမာနလေး ဘာလေးနဲ့ ပြောဦးမှာ … ဒီတော့ ဟန်ဆောင်ပြီးငြင်းမနေတော့ပါဘူး။

ဘယ်သူမဆို သက်တောင့်သက်သာ အေးအေးဆေးဆေးလေး ဒီလို ကိုယ်ပိုင်ကားစီးပြီး သွားလာချင်တာပဲမို့ မြသည်လည်းပဲ သူတို့ ခွင့် တောင်းတာကို အရေးလုပ်၊ ဟန်ဆောင်ပြီး ငြင်းမနေတော့ချေ။ သော်တာ လမင်းဖွင့်ပေးသော ကားနောက်ခန်းတံခါးမှတစ်ဆင့် နူးညံ့အိစက်သော ကတ္တီပါအစွပ်များစွပ်ထားသည့် ကားကူရှင်ပေါ်ဝင်ထိုင်လိုက်တော့သည်။

"မင်းပိုင် … မင်းကရော … ဘတ်(စ)ကားနဲ့ ဘယ်ပြန်မလို့လဲ"

"မြလင်းလင်းကို နှုတ်ဆက်ရင်းစကားဆက်ပြောနေတာပါ …"

"ဩော် … မင်းဒီနားမှာ စာလာကျက်နေရပြန်ပြီပေါ့"

"ဗိုင်နယ်လည်း နီးနေပြီကွ။ ခုတည်းက စတာတောင် ဖြေခါနီးရင် ကုန်အောင် ဖတ်နိုင်မှာ မဟုတ်ဘူး"

"မပူပါနဲ့ကွာ တစ်နေ့ကျ ဆရာဝန်ဖြစ်မှာပဲ"

သော်တာလမင်းက ပေါ့ပေါ့ပါးပါး ရယ်မောရင်း ပြောလေသည်။ သူ့ကြည့်လိုက်ရင်အပူအပင်ကင်းမဲ့တဲ့ပုံစံနဲ့အမြဲပေါ့ပါးသွက်လက်နေတတ် တယ်။ ပြုံးရယ်နေတာများတယ်။ စိတ်ညစ်စရာလည်း သူ့ဘဝမှာ သိပ်မရှိ တော့ စိတ်တောင် ညစ်ဖူးပုံမရ။ ကံများကောင်းလိုက်ကြတာနော်လို့ မြ တွေးနေမိသည်။ မြတို့ကျတော့ စိတ်ညစ်စရာ အမြဲပြည့်နေတတ်တာမို့





ညစ်စရာ၊ စိတ်ချမ်းသာစရာဟာ ဘာများလဲလို့ မေးရမလိုတောင် ဖြစ်နေ သည်။

မြက နောက်ခန်းမှာထိုင်တာမို့ ရှေ့ဆုံးမှာယှဉ်ထိုင်လာတဲ့ကောင် လေးနှစ်ယောက်တို့ရဲ့ လည်ပင်းကုပ်သားနဲ့ ပခုံးပြန့်ပြန့်တို့ကို မြင်နေရ ရာ ဘာရယ်မဟုတ် ယှဉ်ကြည့်နေမိသည်။ ဆံပင်ခပ်တိုတိုထားကြသူ တွေမို့ နှစ်ယောက်စလုံးရဲ့ လည်ကုပ်ဖြူဖြူတွေကို တွေ့နေရသည်။ အရပ် မောင်းကလည်း အရွယ်တူချင်းမို့ မတိမ်းမယိမ်းလိုလိုဖြစ်နေသည်။

မင်းပိုင်ကတော့ ရှပ်အင်္ကျီအဖြူလေးတွေ၊ အပြာဖျော့လွှင်လွှင် လေးတွေသာ ဝတ်တာတွေ့ဖူးကာ ဂျင်းနဲ့တောင် သိပ်ဝတ်ပုံမရ။ များသော အားဖြင့် စတိုင်လ်ပင်နဲ့တွေ၊ ဘက်ဂီဘောင်းဘီ ခပ်ပွပွပုံစံတွေ ဝတ်သလို ခါတလေလည်းပုဆိုးနဲ့ သေသေသပ်သပ်တွေ့ရပြန်လျှင် အင်မတန်မှ ညံ့သောရုပ်လေးဖြစ်ကာ ကြည့်ကောင်းလှပါသည်။ မြကို စိတ်ဝင်စား ပြီး မရဲတရဲခိုးကြည့်နေတတ်တာ၊ မှုကြိုကျောင်းပိုင်ရှင် အန်တီကြီးမှတစ် ဆင့် စကားရော ဖောရောနှင့် မိတ်ဆက်ကာ ရင်းနှီးအောင်လုပ်တာတွေကို မြ သဘောတူပါသည်။ မင်းပိုင်ဟာ မြအတွက်တော့ ပုံပြင်ထဲက မင်းသား လေးလိုပဲ ခံစားရစေပါသည်။

မင်းပိုင် တစ်ယောက်သာ မြဘဝတွင် စိတ်ကူးယဉ်စရာအဖြစ် ပျော်မွေ့နေတုန်း ဖြုန်းဆို သော်တာလမင်းနဲ့ ထပ်မံဆုံတွေ့ရပြန်သည်။ သူကတော့ အမြဲတမ်း ကိုယ့်ကိုယ်ကို အထင်ကြီး ကျေနပ်ယုံကြည်နေသော ဘာလုံးတွေနဲ့ မျက်နှာမှာ မာနအရောင်လွှမ်းနေသည်။ တီရှပ်၊ စပို့ရှပ်၊ ရိုးရိုး အင်္ကျီတို့ကို ဒီဇိုင်းစုံ၊ အရောင်စုံ တစ်ခါတွေ့ တစ်မျိုးပုံစံပြောင်းဝတ်တ



www.burmeseclassic.com

www.burmeseclassic.com



ချောင်း ရှင်နေဝတ်လိုက်၊ သရီးကွာတားဝတ်လိုက်နှင့် သရီးကွာတား
ရှိတော့ ဘောင်းဘီအဖျားကို ခေါက်စရာမလိုတာမို့ မခေါက်ပေမယ့် ရှ
ချွံချွံ၊ တခြားပုံစံမျိုးစုံဘောင်းဘီရှည် ပင်နီတွေပဲဖြစ်ဖြစ် ဝတ်ရင်
အဖျားကို လိပ်ခေါက်ထားပြီး ခြေသလုံးနားလောက်ထိ ရောက်အေ
ခေါက်ထားတာကတော့ ဘာဇက်ရှင်မှန်းမသိ။ ခြေဖျက်စေ့ထိသာရှည်
လည်တိုင်မပါ ခြေအိတ်ဖြင့် နာမည်ကြီးတံဆိပ် (Brand) တွေမှ ထုတ်
လမ်းလျှောက်ဖိနပ်မျိုးစုံတွေလည်း ထည်လဲဝတ်ကာ သူ့ကိုယ်သူ စတိုင်
မကျ ကျအောင်နေတတ်ပုံကို သတိထားမိသည်၊ ယောကျ်ားလေးတ
လက်ချောင်းတွေ သိပ်လှနေတာ၊ လက်သည်းကိုလည်း ကြွချောင်ဖော
နေအောင် သထားပုံရသောကြောင့် မြူမှာ သူနဲ့ဆုံတိုင်း ကိုယ့်လက်ချော
တွေကိုယ် ပြန်ဖျက်ထားချင်သလို ခံစားရသည်။ ဘာကြောင့်လည်းဆိုတေ
မြူ့ လက်သည်းတွေဟာ မပြင်မဆင်၊ ခပ်တိုတို၊ တုံးတိတိ ညှပ်ထား
အမြဲတမ်း အိမ်အလုပ်တွေ ဆက်တိုက်လုပ်ကာ ရေနဲ့ မပြတ်၊ ဆပ်ပြာနဲ့
စတမ်းထိတွေ့နေရသဖြင့်ကြွချောင်လည်းတောက်မနေတော့ပါ။ မိန်းက
ဖြစ်ပြီး လက်သည်းတွေ၊ လက်ချောင်းကလေးတွေ မလှတာဟာ အဓေ
ရှက်ဖို့ကောင်းမှန်း သူနဲ့ဆုံမှ မြူ ခံစားလာရတာဖြစ်သည်၊

"လက်က အခု...ဘယ်လိုနေသေးလဲ"

ရုတ်တရက် မြူအတွေးတွေကို လာလှုပ်နှိုးလိုက်သလို မေ
ကြောင့် သတိဝင်လာရသည်။

"ဪ...ကောင်းပါတယ်"

"အကောင်းအတိုင်းပဲ ပြန်ဖြစ်သွားပြီပေါ့"

"ဟုတ်တယ်"





"ကျွန်တော် ... တစ်ခါမှ လက်မကျိုးဖူးလို့ မသိဘူး။ အဲဒါကြောင့်
မေးတာနော်..."

"ရပါတယ်"

မင်းပိုင်ကတော့ ဘာမှပြောစရာမရှိသဖြင့် သူတို့ နှစ်ယောက်
စကားပြောတာ ဟိုဘက်ကြည့်၊ ဒီဘက်ကြည့်လိုက် နားထောင်ရင်း အဟင်း
အဟမ်း လုပ်နေသည်။ တကယ်တော့ သူ့စိတ်ထဲမှာ မြူလင်းလင်းနဲ့ သော်
တာလမင်းတို့ ရင်းနှီးသွားမှာကို အလွန်အမင်းစိုးရိမ်နေတာဖြစ်သည်၊ မြူ
လင်းလင်းကတော့ ဒါကို ရိပ်မိကာ တအံ့တဩတွေးနေမိသည်။

ဒါ့လို မိန်းကလေးတစ်ယောက်ကို သော်တာလမင်း စိတ်ဝင်စား
သွားမှာများ စိတ်ပူပန်နေသလား။ တော်တော် အံ့ဩစရာပဲ၊ ကိုယ့်မျက်နှာ
ကိုယ် သနပ်ခါးလိမ်းတိုင်း မှန်ကြည့်မိရင် လှတယ်ပတယ်ရယ်လို့ကို မထင်။
တော်ရုံသင့်ရုံလေး ကြည့်ကောင်းသားပဲလို့ ကိုယ့်ဘာသာတောင် မှတ်ချက်
ချရသူကို ဒီလိုအထက်တန်းလွှာက သူဌေးသား လူချောလေးတွေဟာ
အပြိုင်အဆိုင် လုယက်ပိုးပန်းရလောက်အောင် ဖြစ်စရာလား။ မြူလင်းလင်း
တစ်ယောက်တည်း ပြုံးမိရက်သား ပါလာခဲ့သည်။

* * *

www.burmeseclassic.com

## (၇)

ကြားလိုက်ရသောစကားကြောင့်မြူထိုင်ငိုချင်လောက်အောင်ပင် စိတ်ပျက်သွားပါသည်။ မူကြိုကျောင်းပိုင်ရှင် အန်တီကြီးကတော့ မျက်နှာ ပျက်နေသော မြူ့ကို ဂရုတစိုက်ကြည့်မနေအားပါ။ သူ ပြောစရာပြောပြီးပြီ လှည့်ထွက်သွားပါသည်။

"ဒီအခန်းကို ရောင်းတော့[illegible] ... မူကြိုကျောင်းလည်း ဆက်ဖွင့် မထားတော့ဘူး။ လကုန်ရင် ပိတ်[illegible]တော့မယ်..."

ဆိုသော စကားသည် [illegible]ကျောင်းဖွင့်သော အခန်းကျယ်ကြီး အပြင် တခြားအခန်းပေါင်းများစွာ[illegible]သော အန်တီကြီးအတွက်တော့



ပြော၍လွယ်သည့်စကားတစ်ခွန်းဖြစ်ပါသည်။ သို့သော်...မြူတို့လို လခစား ဆရာမများမှာတော့ ဒီအလုပ်မရှိတော့ရင် ဘယ်မှာ အလုပ်ရှာရပါ့မလဲဆို သော မေးခွန်းတွေပြည့်ကြပ်သွားစေပါသည်။

ဦးစီးသော ဆရာမနှစ်ယောက်နဲ့ မြူတို့ အကူဆရာမနှစ်ယောက် တတော့ ခေါင်းချင်းဆိုင်လိုက်မိကြသည်။

"ထင်တော့ ထင်သားပဲ ... သတင်းသဲ့သဲ့ကြားနေတာ ကြာပြီ..."

"ဟုတ်လား ... အစ်မ ကြားလို့လား"

"အန်တီကြီးက ရှိသမျှ အခန်းတွေရောင်းပြီး တိုက်နဲ့ခြံနဲ့နေရတဲ့ နေရာမျိုးမှာ သွားဝယ်နေတော့မယ်ဆိုတာ ကြားတာပါ"

"ဟုတ်မှာပေါ့ ... သူ ဝယ်ထားတဲ့အခန်းတွေ နည်းမှမနည်းတာ .. အဲဒါတွေ အကုန်ပေါင်းလိုက်ရင် ခြံနဲ့တိုက်ကောင်းကောင်းရတဲ့အပြင် ပို တောင်ပိုလျှံဦးမှာ..."

"ထားပါ ... သူ့ကိစ္စက အရေးမကြီးဘူး ... ငါတို့ ဘယ်လို လုပ်ကြ မလဲ"

"ကိုယ့်ဘာသာပဲ မူကြိုဖွင့်ရုံပေါ့"

"ခြော် ... ကြံကြံဖန်ဖန် ဒီအချိန်မှာ ရယ်စရာပြောနိုင်သေးတယ် တွယ် ...မြို့ထဲလိုနေရာ ကိုယ်ပိုင်အခန်းမရှိလို့ သူများဖွင့်တဲ့ကျောင်းမှာ ဝင် လုပ်နေရတာပေါ့ ... အလုပ်ရှာမယ်သာပြောတာ။ ချက်ချင်းရပ့ါမလား မသိ ဘူး။ ကြားထဲ သုံး၊ လေးလ ဘာနဲ့သွားစားမလဲ"

"မြူက တော်ပါသေးတယ် တစ်ကိုယ်တည်းသမား။ အခေါ်နဲ့လည်း အတူနေတာဆိုတော့"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ်လေး...မထင်နဲ့ အစ်မရေ...အဒေါ်တို့လည်း အရော
အဝယ်တွေမကောင်းလို့...မြူ့ လခရရင်ပြန်ထောက်ပံ့တာလေးကို မျှော်
ရတဲ့အခြေအနေပါ..."

ဒီအလုပ်လေးရှိလို့ အဒေါ်ယောက်ျားဟာ နည်းနည်းအပြုံးအပြ
လျော့တာထည့်မပြောချင်တော့ပါ။ အရင်ကဆိုမြူ့မှာဘာအလုပ်မှမရှိသေ
တစ်နေ့တစ်နေ့ စားအိုးကြီးသလေး၊ အသုံးအစွဲများသလေး၊ ကျောင်းစရိတ်
ကုန်သလေး စောင်းမြောင်းတာ ခံရသည်။

အဝေးသင်တက်နေဆဲဖြစ်သော မြူ့မှာ ကျောင်းတက်နေခဲ့
သက်တမ်းတစ်လျှောက်လုံး ကျူရှင်ဆိုတာ ဘာမှန်းမသိပါပဲ ဆယ်တန်း
အောင်ခဲ့ရတာဖြစ်သလို ဆယ်တန်းအောင်၊ အဝေးသင်တက်တဲ့အထိလည်း
မြူ့အမေ ကျန်ခဲ့တဲ့ လက်ဝတ်လက်စားလေးကို ထုခွဲပြီး ထားပေးနေတာ
ကြောင်း မြူ့ မှန်းမိပါသည်။ ဒါကို ကျောင်းစရိတ် ကုန်ပါသည်ဟု ထည့်ပြော
ညည်းညူတာခံရသည်။ တကယ်တော့ သူ့ သားသမီးသုံးယောက်တို့ရဲ့ကျူရှင်
စရိတ်တွေ များလှတာကိုကျ ထည့်မပြောခဲ့။ ဒါ့အပြင် မြူ့ဟာ ကျွန်တစ်ယောက်
လိုပဲ တစ်အိမ်လုံးအလုပ်တွေ မိုးလင်းက မိုးချုပ်လုပ်ပေးတာ အိမ်မှာအလကား
နေခဲ့တာရယ်လို့ မရှိခဲ့တာကိုလည်း ကျေးဇူးမတင်တတ်ဘူး။

သူတို့ ထုတ်ပေးသော ရေးဖိုးဖြင့် လောက်ငှပြီး ထမင်းပွဲလုအောင်
မြူ့ ဘယ်လိုစီမံခဲ့သလဲဆိုတာလည်း မသိချင်ယောင်ဆောင်ထားကြသည်။
ဟင်းကုန်သွားရင် မြူ့မှာ ဟင်းမပါဘဲ ငြိုးလိုက်ရတဲ့ ထမင်းနပ်တွေ များခဲ့သလို
ဟင်းမကောင်းလို့ ဟင်းမလောက်ငှလို့ဆိုကာ ဆူပူကြိမ်းမောင်းခံခဲ့ရတာ
တွေလည်း ရှိခဲ့သည်။





ဒါကြောင့် မြူ့ မခံချင်စိတ်လေးနဲ့ ကိုယ့်ဘာသာပဲ ဟိုစုံစမ်း၊ ဒီစုံစမ်း
ဒီအလုပ်လေး ကံကောင်းပြီး ရခဲ့တာ၊ ကျောင်းမပြီးသေးတဲ့တစ်ဖက်နဲ့
...ပ်လည်းဆင်းကာ ရသမျှ လခထဲက လမ်းစရိတ်နဲ့ သုံးစွဲဖို့လေး တွက်
...ည်းနည်းချန်ကာ အကုန်ပြန်အပ်သောအခါမှသာ အနည်းငယ်ကြည်
...ရသော်လည်း...

"တစ်သက်လုံး ကျွေးမွေးပညာသင်စေခဲ့ရောက်လာရတာ"

ဟူသော စကားကိုတော့ လူထုလျှင် ကျယ်ကျယ်ပြောတတ်လေ့
... ယောက်ျားကိုကြောက်ရသောအခါမှာ မြူ့ကို သနားကရုဏာသက်
...တ်လည်း မြူ့ဘက်က ဝင်မပြောရဲ။

"ညည်းဦးလေးက မသောက်မစား လူ့ငွစာကြီးပါ...စိတ်ကောင်း
...ရှိပါတယ်ကွယ်"

ဟုသာ ကာကွယ်ပြောဆိုပြီး ဖြေသိမ့်တတ်ပါသည်။

ဒီအလုပ်လေးရတာ မြူ့မှာ အသက်ရှူချောင်သလိုဖြစ်ပြီး ကိုယ့်
...တိုလည်း ယုံကြည်မှုရှိလာသလို ခံစားရသဖြင့် စိတ်ချမ်းသာလို့ မဆုံး
... တစ်နှစ်လောက်လုပ်ပြီးသောအခါမှာ ကိုယ့်အမှားကြောင့်မဟုတ်ပဲ
...ပ်မရှိတော့တဲ့ဘဝ ပြန်ရောက်ရတော့မည်။

မြူ့မှာ အတွေးတွေ တသီကြီးနဲ့ ကျောင်းအဆင်းမှာအိမ်ပြန်ဖို့ ကား
...ိုင်ခဆီ လျှောက်လာမိပါသည်။ လကုန်ရင်ဟု အန်တီကြီးပြောသွားသ
... နောက်နှစ်ပတ်သာ မြူ့ ဒီအလုပ်လုပ်ခွင့်ရှိတော့မည်။ နောက်နှစ်ပတ်
...ကျွင်...မြူ့ ဘယ်လိုများ အလုပ်ရှာရပါ့မလဲ။

"မြူ့လင်းလင်း"



www.burmeseclassic.com

www.burmeseclassic.com



ရှတ်တရက် ရှေ့မှ ဖြတ်ဝီတ်လိုက်သော လူရိပ်ကြောင့် ခြေ
တွေ တုံ့ခနဲရပ်တန့်သွားပါသည်။ ရှတ်တရက်ကြီး ဖြတ်ဝင်ဝီတ်ရပ်
ဝင်တိုက်မိတော့မလိုတောင် ဖြစ်သွားပါသည်။ ကြည့်လိုက်တော့ သော်
လမင်းဖြစ်နေသည်။ မြူ…မျက်မှောင်ကျုံ့တာကို တွေ့ပြီး မေးလိုက်သည်

"ဘာလဲ"

"မျက်မှောင်ကြီးကျုံ့ပြီးကြည့်လို့"

"လူ့ရှေ့ဖြတ်ဝင်လာတာကိုး"

"ဆောရီး"

"ဆောရီးဆို ဘေးဖယ်၊ သူများသွားမယ့်လမ်းကို ဝီတ်လည်
နေသေးတယ်"

"ဘာဖြစ်လာတာလဲ၊ မျက်နှာကလည်းရှစ်ခေါက်ချိုးနဲ့၊ တစ်လော
လုံးကို လုပ်ကျွေးထားရတဲ့မျက်နှာနဲ့ပါလား။ ကြောက်နေရပါလား"

"လာနောက်မနေနဲ့၊ ဒီမှာ စိတ်ညစ်လာရတဲ့အထဲ"

"ဘာဖြစ်လာလို့လဲ"

မြူဘေးမှာယှဉ်ပြီး ပါလာသောအခါ မြူ မနှစ်မြို့သလိုလို၊
သလိုလို နှစ်မျိုးခွန်တွဲ ခံစားရလေသည်။

သူ့လို ချောမောသန့်ပြန့်ပြီး လူရည်သန့်ကောင်လေးနဲ့ တွဲ
သဖြင့် မြူရဲ့ စုတ်ချာသိမ်ငယ်မှုမှာ ပို၍ပေါ်လွင်သလို ဖြစ်နေတာမို့
မနှစ်မြို့နိုင်။ မြူဟာ သူ့ရည်းသပ်သပ်နေရင် သတိထားစရာမရှိ၊ ထို
အမည်းဟာလည်း သူ့ဘာသာ သီးသန့်ရပ်တည်နေလျှင် ဘယ်သူက
ပြီး သတိမထားမိ။ သို့သော် အဖြူနဲ့အမည်း တွဲလိုက်ရင်တော့ သ
သိသာထင်ရှားသွားတတ်သလိုပဲ၊ အခုလည်း ဆန့်ကျင်ဘက်ပုံစံလို





ာ ကောင်လေးနဲ့ ကောင်မလေးတို့ ယှဉ်တွဲလာသောအခါ တော်တော်
များက သတိထားကြည့်မိသွားကြတာ ခံရသည်။ အဲဒါကို မနှစ်မြို့ခြင်းနဲ့
ရ သူ့လိုကောင်လေးက မြူလို ဘာမဟုတ်တဲ့ကောင်မလေးကို အရေး
သူ့ရှိတာ ခံရတော့လည်း မြူမှာ ငယ်ရွယ်သောမိန်းကလေးပီပီ ကျေနပ်
ကျက်ချင်သလိုလိုဖြစ်နေပြန်သည်။

အသိစိတ်မှာတော့ သူဟာ ငါ့ကို တမင်လာအရောဝင်တာ၊ မယိမ်း
င်သွားမိစေနဲ့လို့ အတန်တန် သတိပေးပေမယ့် မသိစိတ်မှာတော့ သူ
အကြောင့် ငါ့ကို လာစောင့်နေသလဲဆိုတဲ့ အတွေးနဲ့ ရင်ခုန်ချင်သလိုလို
လိုလို။

"အလုပ်အဆင်မပြေတော့လို့"

"ဘာဖြစ်လို့လဲ၊ ဘယ်သူနဲ့ပြဿနာတက်လို့လဲ"

"ဘယ်သူနဲ့မှပြဿနာမတက်ပါဘူး၊ နောက်လဆို ဒီမှုကြီးကျောင်း
ပိတ်တော့မှာ၊ ဒီတော့ ကျွန်မလည်း အလုပ်မရှိတော့ဘူး"

သော်တာလမင်း အမူအရာက နားသာထောင်နေရတယ်၊ ဘယ်
စ်သိမ့်စရာစကား ပြောပေးရမှန်းမသိသလို ဖြစ်နေသည်။ သူ့လို
တက်နစ်ဆယ်အရွယ် လိုတာရနေတဲ့၊ မွေးကတည်းက ရွှေဇွန်းကိုက်
လာတဲ့သူတစ်ယောက်အနေနဲ့ မြူအခက်အခဲကို ဘယ်လိုမှ ခံစားပေး
နိုင်မှန်း မြူနားလည်သွားပါသည်။ တစ်ခါမှမဆင်းရဲဖူးသူ လူတစ်ယောက်
ပိုက်ဆံမရှိလို့ စိတ်ဆင်းရဲရတဲ့ဒဏ်ကို မခံစားဖူးတာ သဘာဝကျ
သည်။

"နောက်အလုပ်တစ်ခု ရှာရမှာလေ၊ ဘယ်အချိန်ကျမှ အလုပ်ရ



www.burmeseclassic.com

www.burmeseclassic.com



မယ်မှန်း မသိတော့ တော်တော်စိတ်ညစ်နေမိတယ်၊ အင်း . . . ရှင့်ကြည့် တာ ခံစားတတ်ပုံလည်း မပေါ်ပါဘူး၊ ပြောမနေတော့ပါဘူး"

"အခေါ်နဲ့ နေတယ်ဆိုတော့ ဘာကြောင့် အလုပ်ထွက်လုပ် လိုလဲ၊ သူတို့ ကျွေးထားနိုင်တာပဲ"

"အမယ်လေး . . . ပြောတာလွယ်လိုက်တာနော်၊ ရှင့်အခေါ်ဆို တော့ လူတစ်ယောက်ကို အေးအေးဆေးဆေး တင်ကျွေးထားနိုင်မှာ ရှင်တို့က သူဌေးတွေပဲ၊ ကျွန်မတို့က ဆင်းရဲတယ်လေ၊ အခေါ်က တ ကည်းသော တူမလေးမို့ သနားလို့ ခေါ်မွေးထားရတာ၊ သူ့မှာလည်း ပြေလည်တာမဟုတ်ဘူး၊ ကျွန်မရတဲ့ လခနဲ့ ပြန်ထောက်ပံ့မှ အသက် ချောင်တာ"

သော်တာလမင်းပုံစံက အခက်အခဲတွေ၊ ဆင်းရဲတာတွေ ထောင်နေရတော့ စိတ်ရှုပ်သလို ဖြစ်နေသည်။ ဘောင်းဘီအိတ်ထဲ လ နှိုက်၍ ခေါင်းငုံ့တွေးတောနေရင်း...

"အိမ် ချက်ချင်းမပြန်နဲ့ဦး၊ ကျွန်တော်နဲ့ တစ်ခုခု လိုက်စားဖို့ စောင့်ခေါ်နေတာ၊ လိုက်ခဲ့နော်"

ဟု၍ သူလာစောင့်ရခြင်း အကြောင်းရင်းကိုသာ ပြောလိုက် လေသည်။

မြူလင်းလင်း စူးစမ်းသလို ပြန်ကြည့်လျှင် မနေတတ် မျက်နှာပေးဖြင့် ရှက်ကိုးရှက်ကန်းပြုံးရင်း...နာခေါင်းပွတ်လိုက်၊ မျက် လက်ညှိုးနဲ့ ကုတ်လိုက်၊ မျက်နှာတစ်ခြမ်း ဝဲကျနေသော ဆံပင်တို့ကို တင်လိုက် လုပ်နေသည်။

"အဲဒါ... ဘာသဘောလဲ"





"ဘာသဘောထင်လို့ မေးတာလဲ"

"ရှင်နဲ့ကျွန်မ သူငယ်ချင်းတွေမှ မဟုတ်တာ"

"မိတ်ဆွေလေ...မိတ်ဆွေ"

"မိတ်ဆွေနဲ့ သူငယ်ချင်း အတူတူပဲလေ"

"သူငယ်ချင်းဆိုတာ ငယ်ငယ်က ပေါင်းလာတဲ့သူကို ခေါ်တာ၊ မိတ်ဆွေကျတော့ အခုမှ အသက်ကြီးမှတွေ့ပြီး ခင်ခင်မင်မင်ဖြစ်သွားတဲ့ သူကို ခေါ်တာ"

"ရှင်...မြန်မာစာအဘိဓာန် ဝယ်ဖတ်ထားပြီး ပြောတာလား"

"မဟုတ်ပါဘူး၊ ဒီလိုပဲ၊ ကိုယ့်ဦးနှောက်ကိုယ်သုံးပြီး အဓိပ္ပာယ် ခွင့်တာပေါ့"

"ဘာပဲဖြစ်ဖြစ် ကျွန်မ ကိုယ့်သိက္ခာကိုယ် ထိန်းရတယ်၊ ယောကျ်ား တစ်ယောက်ခေါ်တိုင်း တွဲမသွားနိုင်ဘူး၊ ဘာမှလည်း မဆိုင်ဘဲနဲ့လေ"

"မင်းပိုင်နဲ့ဆိုရင်ရော..."

မြူ သူ့ကို စူးကန်ပြန်ကြည့်လိုက်ပါသည်။ ပြုံးတေ့တေ့နဲ့ စိန်ခေါ် သလိုမေးလိုက်ဟန်က မြူ့ကို လှောင်နေသလိုပင်။ ဘာသဘောနဲ့မေး တာလဲ။ မင်းပိုင်ဟာ သူ့ သဘောကျနေသလိုလို အရိပ်အယောင်သာပြ ပေမယ့် ဖွင့်ပြောလာတာလဲမရှိ။ ကြိုးလည်း မကြိုးစား။ အမူအရာပြရုံနဲ့ မြူက ရိပ်မိနေရပေမယ့် ဖွင့်ပြောမလာတဲ့အခါ မြူ ဘာတတ်နိုင်မှာလဲ၊ ကိုယ့် ကို စိတ်ဝင်စားသယောင်ယောင် ပြရုံကလွဲရင် ရေ့တိုးရဲပုံမရသော သူ တစ်ယောက်ကို မြူ သိပ်ကြီးမျှော်လင့်မနေရဲပေ။ မိန်းကလေးပီပီ ဒီအကြည့် လေးကိုသာ ရင်ခုန်ကျေနပ်ပြီး အိပ်မက်မက်ရုံသာ။ မြူဘဝသည် သူ့ကို မမျှော်လင့်ရဲသော အနေအထားမှာ ရှိနေလေသည်။ မရနိုင်တာကို မနိုးသ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ကိုယ့်ကိုယ်ကို ညှဉ်းဆဲနေသလိုပဲမို့ မြ ဘယ်လိုမှ မမျှော်လင့်
[illegible]

"တိုင်းပိုင်နဲ့ဆိုရင်လည်း ကျွန်မ မသွားပါဘူး၊ ရည်းစားမဟုတ်ဘဲနဲ့ ခဏခဏတွဲရလောက်အောင် ကျွန်မ ဦးနှောက်မရှိတဲ့ မိန်းကလေး မဟုတ်ဘူး၊ ပိုက်ဆံမချမ်းသာပေမယ့် စဉ်းစားဆင်ခြင်ဉာဏ်တော့ အပြည့်အဝရှိပါတယ်"

"အိုကေ"

သော်တာလမင်း ဘာအဓိပ္ပာယ်မှန်းမသိ ပခုံးတွန့်၊ လက်ဖဝါး နှစ်ဖက် ဖြန့်လိုက်ကာ…"

"ဒါဖြင့်လည်း…"

ဟု ဆက်ပြောလိုက်ရင်း သူ့ကိုယ်သူ စိတ်ချယုံကြည်သော အသံမျိုးဖြင့်…

"ကျွန်တော်တို့ ရည်းစားတော်လိုက်ကြတာပေါ့"

ဟူသော စကားကို ပြောလိုက်သောအခါ မြတစ်ယောက် တုန်လှုပ်အံ့ဩကာ ငေးကြောင်သွားပါသည်။

"ဘယ်လိုလဲ"

သော်တာလမင်းနှုတ်ခမ်းပေါ်မှာ စိန်ခေါ်နေသလို အပြုံးမျိုး တွဲခိုလျက် မြကို ကြည့်လေသည်။ ဒီစကားကို လွယ်လွယ်ကူကူပြောချရဲသော သူ့ရဲ့စိတ်ဓာတ်ကို ရှုံ့မုန်းသွားမိသည်။ ထမင်းစား၊ ရေသောက်ပုံစံပြောလိုက်သော သူ့စကားသည် မြကို များစွာအထင်သေးခြင်းတွေ ပါသလို၊ မြကို စိန်ခေါ်လိုသောသဘောလည်း ပါသည်ဟု ခံစားရလေသည်။

"ရှင်…ကျွန်မကို ဘာများအညှိုးထားစရာရှိလို့လဲ"





" What? (ဝှက်ထ်)"

သော်တာလမင်း စိတ်ရှုပ်ဟန်ဖြင့် အင်္ဂလိပ်လို တစ်ချက်ရွတ်ပြီးမှ

"ဘာတွေပြောနေတာလဲ၊ မင်းလောက် ကျွန်တော့်မှာ ရှည်ရှည်ဝေးဝေးတွေးပြီး ဒီစကားကို ပြောတာမဟုတ်ဘူး"

"ဒီစကားဟာ ဘယ်လောက်အဓိပ္ပာယ်ရှိတယ်ဆိုတာရော သိ ရဲ့လား"

"ဘာလဲ၊ ရည်းစားဆိုတဲ့စကားလား၊ မင်းပဲ အဓိပ္ပာယ်တွေဖွဲ့နေ၊ ကျွန်တော်တော့ တစ်ခါမှကို အကြာကြီး မစဉ်းစားခဲ့ဖူးဘူး၊ ကျွန်တော် ရည်းစားတော်ဖူးတဲ့ ကောင်မလေးတိုင်း လွယ်လွယ်ကူကူ လက်ခံခဲ့တာ ချည်းပဲ"

"သူတို့ကို နင်နဲ့ငါ ရည်းစားတော်ကြရအောင်လို့ပဲ ပြောလိုက်လား"

"အဲဒီလိုကို ပြောနေစရာမလိုဘူး၊ တစ်ယောက်နဲ့တစ်ယောက် ကာလီလေးတွေ ပြောကြရင်း သူ ဘယ်သွားမယ်၊ ဘာလုပ်မယ်ဆိုရင် လိုက်ပေးတယ်၊ အတူတွဲသွားတယ်၊ ကျွန်တော်ခေါ်ရင်လည်း သူ လိုက် တယ်၊ သူငယ်ချင်းတွေနဲ့တွေ့ရင် ဒါ ငါ့ရဲ့ရည်းစားလေလို့ မိတ်ဆက်ပေး တယ်၊ သူလည်း မငြင်းဘူး၊ လက်ခံတယ်၊ အဲဒါနဲ့ပဲ ရည်းစားဖြစ်ကြတာပဲ၊ ရှင်တွေ၊ ဗွီဒီယိုတွေထဲကလို အချစ်ဆိုတာကို အကြာကြီး ဖွဲ့နွဲ့ပြောပြ ရာမလိုဘူး၊ ချစ်မှရည်းစားဖြစ်စရာမလိုပါဘူး၊ တစ်ယောက်နဲ့တစ်ယောက် ဘာကျရင်လည်း ရည်းစားဖြစ်ကြတာပဲ၊ ဘဝနဲ့ချီပြီး စဉ်းစားရတာတွေ သနာမပါဘူး၊ ရည်းစားထားတာပဲ အဖြစ်ကြီးတစ်ခု ကျူးလွန်တာမှတ်လို့"

မြ သူ့စကားတွေကြောင့် ငေးသွားပါသည်။ ဒါ သူ့ရင်ထဲမှာ တကယ်ရှိတဲ့စကားပဲ၊ ဘာမှသံသယဖြစ်စရာ မရှိဘူး၊ ငါ့ကိုမို့ အထင်သေး



www.burmeseclassic.com

www.burmeseclassic.com



နှိပ်ရာတွေနဲ့ပြီး အလွယ်တကူ ရည်းစားတော်ကြရအောင်လို့ ပြောတာမဟုတ်ဘူး။ သူ့အသိုင်းအဝိုင်းက မိန်းကလေးတွေလည်း သူ့ ဒီလိုပြောပြီး တွဲတာပဲ မြ သူ့စိတ်သဘောကို မှန်းလို့ရသွားပါသည်။

"သော်တာလမင်း...ရှင်ကတော့ ဘာအပူအပင်မှမရှိလို့ ရည်းစားထားတာကို ပျော်စရာတစ်ခုလို့ထင်ပြီး ပြောနိုင်ပေမယ့် ကျွန်မအတွက်တော့ ဘာတစ်ခုမှ ပျော်စရာရှိမှာမဟုတ်ဘူး"

"မင်း ရည်းစားဖြင့် မထားဖူးဘဲနဲ့ မပျော်ဘူးလို့ ကြိုပြောနေရလား"

"ကျွန်မမှာ အလုပ်အကိုင် မရှိဘူး။ ဒီကြားထဲ ရည်းစားထားတယ် ရည်းစားနဲ့ လျှောက်လည်တယ်ဆိုရင် ဒေါ်လေးသိရင် အိမ်ပေါ်က ကန်ချလိမ့်မယ်"

"အလုပ်အကိုင်သာရှိရင်တော့ ရည်းစားထားဖို့ကိစ္စကို လက်ခံရင် ခံမယ်ပေါ့"

"ရှင် . . . ဘယ်လိုဖြစ်နေတာလဲ၊ ရည်းစားသိပ်လိုချင်ရင်လည်း ရှင်နဲ့ အဆင့်အတန်းတူ သုံးနိုင်စွဲနိုင်ပြီး လှလည်းလှတဲ့ မိန်းကလေး တစ်ယောက်ကိုပဲရည်းစားတော်လိုက်ပါတော့လား။အဲဒါကမှပျော်ရဦးမယ် ကျွန်မနဲ့ဆို ပျော်ရမှာမဟုတ်ဘူး၊ ရှင် တစ်ခါမှ မကြားဖူးတဲ့ စိတ်ညစ်စရာတွေ၊ အဆင်မပြေတာတွေ၊ ပိုက်ဆံမရှိတာတွေပဲ ကြားရမယ်"

ပြောရင်းပြောရင်းနဲ့ မြူ့ရင်ထဲ နာကျင်လာသည်။ ကြည့်စမ်း... ဘယ်လောက်ထူးဆန်းလိုက်လဲ၊ လူတစ်ယောက်နဲ့တစ်ယောက် အရွယ်ချင်း သဖြင့် ရွယ်တူကောင်လေးနဲ့ ကောင်မလေးတို့ဟာ ရည်းစားဖြစ်ကြဖို့





ဆွေးနွေးနေကြတာတဲ့၊ တစ်ယောက်နဲ့တစ်ယောက်ကြားမှာ အချစ်ဆိုတာ ဘာမှလည်း မပါ။ ဘာခံစားချက်မှလည်း မရှိကြ။ မြူ မျှော်လင့်ထားခဲ့ဖူးသော ရည်းစားစကား (မင်းပိုင်ဆီကဖြစ်ဖြစ် မမျှော်လင့်ဘဲ ကြားရင်ကြားရနိုင်မယ့်စကား) ဟာ အဲဒီလိုမျိုးတော့ မဟုတ်။ ရင်ထဲ၊ နှလုံးသားထဲမှာ တကယ်ကို ခံစားရလို့ ချစ်တယ်ဆိုတာနဲ့စတဲ့ ရည်းစားစကားမျိုးသာပင်။ အခုတော့...

"ကျွန်တော် ပြောပြီးသားပဲ၊ ကျွန်တော်က ဒါလုပ်ချင်ရင် ဘာမှ မစဉ်းစားဘဲ ရအောင်ကို လုပ်တယ်၊ နောက်ဆက်တွဲ၊ ရှေ့ဆက်တွဲတွေ ဘာမှမစဉ်းစားဘူး၊ မင်းနဲ့ တွဲသွားတွဲလာလုပ်ချင်တယ်၊ မင်းဆီက ညည်းညူရင်ဖွင့်ပြမယ့် အကြောင်းအရာတွေကို နားထောင်ချင်တယ်၊ seriously (ဆီးရီးယက်(စ)လီး) တယ်ပြောတာ၊ ကျွန်တော့်အတွက် အသစ်အဆန်း ဖြစ်လို့ပါ၊ မင်း ဘာပဲပြောပြော ကျွန်တော့်အတွက်တော့ နားထောင်ရတာ ဟာ ပုံပြင်နားထောင်ရသလိုပဲ"

မြူ သူ့ကို ဒီထက်ပိုပြီး စိတ်ဆိုးဒေါသထွက်လို့ မရတော့ပါ။ သူ့ ရှက်နာက တကယ့်ကို စိတ်ထဲရှိတဲ့အတိုင်း ပြောနေတာမျိုး ဖြစ်နေ၍ပင်။

"အလုပ်သိပ်လိုချင်နေရင်လည်း ဒီလိုလုပ်၊ မနက်ဖြန် ဆယ်နာရီ လောက် အလုပ်လျှောက်ဖို့ လာခဲ့မလား"

ချက်ချင်း ခေါင်းစဉ်ပြောင်းသွား မြူ သူ့ကို အလိုမကျစွာ ကြည့်မိ၏။ ဘယ်တော့မှ ဒီကောင်ဟာ လေးလေးနက်နက် ဖြစ်လာမယ်မထင်ဘူး။

"အံမာ...လွယ်လိုက်တာ၊ အလုပ်လျှောက်တိုင်း ရမှာမှတ်လို့"

"ရမှာပါ၊ သေချာလို့ချိန်းတာ၊ အလုပ် ရကိုရစေရမယ်၊ ဒီမှာ ကဒ်"

မြူ လှမ်းယူကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"My Cuppa (မိုင်ကပ်ပါ)၊ Cafe and Bakery (ကဖီး အင်န် ဘေတာရီ) အမှတ်(- - - -)၊ - - - - - - - - - လမ်း၊ - - - - - - - - မြို့နယ်၊ ဖုန်း - - - - - -"

မြ တစ်ချက်ဖတ်လိုက်ပြီး သူ့ကို ပြန်ကြည့်လိုက်တော့ မြ့ လှုပ်ရှားမှုတွေကို စောင့်ကြည့်နေသည့် သူ့မျက်လုံးတွေနှင့် ဆုံရလေသည်။ ရှုချပြီး ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချ အထင်ကြီးရိပ်တွေ ထင်းနေသော သူ့မျက်လုံးများကြောင့် မြ့ရင်ထဲမှာ ဖျတ်ခနဲ ဖြစ်သွားပါသည်။ အို း . . . သေတော့မှာပဲ။

"အဲဒါ...ဘာလဲ"

"မြန်မာနာမည်ကျတော့ ငါ့ရဲ့ကော်ဖီတစ်ခွက် ဒါမှမဟုတ် လက်ဖက်ရည်တစ်ခွက်လို့ အဓိပ္ပာယ်ဖွဲ့လို့ရတယ်။ ငါ့ရဲ့တစ်ခွက်ပေါ့၊ ရိုးရိုး ကော်ဖီဆိုင်တစ်ဆိုင်ပါ။ အခု စဖွင့်နေပြီ၊ လူလိုနေသေးလို့"

"ဘာလုပ်ရမှာလဲ"

"ကြိုက်တဲ့နေရာ ပြောလိုက်ပါ၊ ထည့်ပေးလို့ရတယ်"

"တယ်ပိုင်ပါလား"

"ဒီလိုပဲပေါ့၊ ဘော်တာလမင်းပဲ၊ မပိုင်ရင် မလုပ်ဘူး"

"လခက..."

"အင်တာဗျူးမှာ ပြောမယ်၊ အခုရတဲ့ မူကြိုလခထက်တော့ သာပါတယ်"

"လာလျှောက်ရင် ရမယ်ဆိုတာ သေချာလား"

"သေချာပါတယ်"

"ဘယ်သူ့ဆိုင်လဲ"





"အဲဒါ သိဖို့လိုလို့လား။ အလုပ်ရဖို့ အရေးကြီးတယ်ဆို၊ အလုပ်ရမယ်ဆိုရင် စိတ်အေးအေးနေတော့ပေါ့"

ဘာပဲဖြစ်ဖြစ် မြ လက်ခံလိုက်ပါသည်။ မြ့အတွက်ကတော့ ဘာကြောင့်ပဲ အလုပ်တစ်ခုခုရရ အလုပ်ရဖို့က အရေးကြီးသည်လေ။ ပြီးတော့ ပြောရဦးမယ်။ သူ လိုက်ပို့ပေးမယ်ပြောတော့ မြ မငြင်းခဲ့ပါ။ အိမ်အပြန်လမ်းကို သက်တောင့်သက်သာ ပြန်ချင်ခဲ့၍ သူ့ကားကို မြ စီးခဲ့ပါသည်။ ဒါပေမယ့် သူလိုချင်သော အရာကိုတော့ ပေးမယ်၊ မပေးဘူး မြ မဖြေခဲ့ပါ။ သူကတော့ "သိပ်စဉ်းစားမနေပါနဲ့၊ ပျော်ပျော်ပေါ့" ဟု ပေါ့ပါးစွာဆိုကာ မြ့ကို စိတ်ပါဖို့ ဆွယ်ခဲ့သေးလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၈)

"ကျွန်မ . . . စားပွဲထိုးဖူးတဲ့အတွေ့အကြုံလည်း မရှိပါဘူး၊ ဒီတော့ အဲဒီနေရာကို မလျှောက်ချင်ပါဘူး၊ မီးဖိုချောင်ဘက်၊ မုန့်ဖုတ်တဲ့နေရာဘက် တွေမှာတော့ လုပ်ရင် ရနိုင်မယ်ထင်တယ်၊ သင်ပြပေးရင်တော့ ရနိုင်မယ် ထင်လို့ပါ"

အင်တာဗျူးပေးမယ့် အလုပ်ရမယ်လို့ သေချာပြီးပုံဖြင့် "ဘယ်လို နေရာမျိုး ဝင်နိုင်မလဲ" ဆိုသော မေးခွန်းနှင့် စတင်ရသည့်အတွက် မြသည် သော်တာလမင်း၏ အာမခံချက်ကို အခုမှ တကယ်ယုံသွားပါသည်။

ဒါဖြင့် Kitchen (ကစ်ချင်း)နဲ့ Bakery (ဘေကာရီ)ဘက်မှာ လိုအပ်တဲ့ပစ္စည်းမှာဖို့၊ မုန့်အဝင်အထွက်စာရင်းမှတ်ဖို့ပန်းကန်ခွက်ယောက်



တွေ မတော်တဆ ကွဲခဲ့ရင် ဘယ်ဟာကွဲတယ်၊ ဘယ်ဟာ ပြန်အစားဖြည့် မယ် . . . စသဖြင့်ပေါ့၊ အဲဒီဘက်မှာ လိုတာမှန်သမျှကို ထိန်းသိမ်းပေးရမယ်၊ စာရင်းမှတ်ပေးရမယ်၊ အဲဒီနေရာမှာ လုပ်နိုင်မလား၊ စားပွဲထိုးတဲ့လူတို့၊ အစားအသောက် ချက်ပြုတ်ပြင်ဆင်တဲ့လူတို့၊ မုန့်ဖုတ်တဲ့လူတို့လို နေ့ဆိုင်း ညနေဆိုင်း ခွဲလုပ်ရမှာ မဟုတ်ဘူး၊ မနက်ရှစ်နာရီကနေ ညနေငါးနာရီ ထိပဲ၊ စနေ၊ တနင်္ဂနွေ မပါဘူး၊ လိုအပ်ရင်တော့ အချိန်ပိုဆင်းပေးရမယ်"

ကြားရသော စကားက မြ မျှော်လင့်ထားတာထက်ဝင် အတိုင်း ဆက်အလွန် ဖြစ်နေပါသည်။

"ချက်ပြုတ်ပြင်ဆင်တဲ့နေရာက သူ့နေရာနဲ့သူ ပြည့်နေပြီ . . . မြလင်းလင်း၊ ဒီတော့ အဲဒီနေရာပဲ ဝင်လိုက်ပါ၊ ရာထူးက Store Keeper (စတိုး ကီပါ) လို့ ခေါ်ပါတယ်၊ စတိုခန်း ထိန်းသိမ်းသူပေါ့၊ လစာက ရှစ်သောင်းပါ"

"ရှင် . . ."

မြမှာ အဲဒီလောက် မမျှော်မှန်းထား၍ တအံ့တသြ ရေရွတ်မိလျှင် အင်တာဗျူးလုပ်နေသော အသက်ခပ်ကြီးကြီးလူကြီးက ပြန်၍ အကဲခတ် သလို ကြည့်ပါသည်။ သူ့ကိုယ်သူ "ဦးထင်ကျော်ပါ" ဟုသာ ပြောဆိုမိတ် ဆက်ကာ သူဟာ ဒီမှာ ဘာရာထူး၊ ဘာအဆင့်အတန်းဆိုတာလည်း ထည့် မပြော၊ ဒီကော်ဖီဆိုင်ထဲဝင်လာပြီး စားပွဲထိုးတစ်ယောက်ကို သူမနာမည် ပြောလိုက်တာနဲ့ ချက်ချင်း အင်တာဗျူးခန်းကို ညွှန်သဖြင့် ဒီအခန်းထဲ ဝင် လာရာ ဒီလူကြီးနဲ့ အဆင်သင့်ဆုံရတာ ဖြစ်ပါသည်။

"နည်းလို့လား၊ မနည်းပါဘူး၊ ဒီမှာ စဝင်ဝင်ချင်း အကုန်လုံး ခြောက် သောင်းက စပြီးရကြတာပါ၊ ညနေဆိုင်းဝင်ရင် နည်းနည်းပိုရတယ်၊ နေ့



www.burmeseclassic.com

www.burmeseclassic.com



**တနင်္ဂနွေပါ** လုပ်နိုင်ရင် ပိုရကြတယ်၊ မမြလင်းလင်းက နေ့စဉ်
**မွန်းလွဲရှိတာနေ** ငါးနာရီပဲ ဝင်ရမှာပါ၊ ရှစ်သောင်းအပြင် စနေ၊ တနင်္ဂနွေ
**ရိုးအောင်လို့** လာရရင် အိုဗာတိုင်းကြေး ပေးမယ်လို့ ပြောထားပါတယ်"

ဦးထင်ကျော်က သေသေချာချာ ရှင်းပြနေလေသည်။

"နည်းလို့မဟုတ်ပါဘူး၊ ကျွန်မ အဲဒီလောက် ရမယ်မထင်လို့
ဒီအလုပ်ကို ကျေကျေနပ်နပ်လုပ်ဖို့ သဘောတူပါတယ်"

"ဟုတ်ပြီ၊ ဒါဖြင့် ဘယ်နေ့အလုပ်စဆင်းနိုင်မလဲ"

"ဒီစနေ၊ တနင်္ဂနွေ ပိတ်ရက်ပြီးရင် တနင်္လာနေ့ကစပြီး ဆင်း
ပါတယ်"

အင်တာဗျူးပြီး၍ပြန်ထွက်လာရသောအခါမြူ့ရင်ထဲတွင်ကြည်
ရွှင်ပျနေပါသည်၊ မြူ့အတွက် ဒီလောက်လခများများရသည့် အလုပ်မျိုး
အိပ်မက်တောင် မမက်ဖူးခဲ့၊ လွယ်လွယ်ကူကူ ရလိမ့်မယ်ရယ်လို့
ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါဘဲ အခုတော့ လခကောင်းသည့် အ
တစ်ခုကို ရလေပြီ၊ သော်တာလမင်းအစွမ်းက ထက်လှချည်လား။
အရမ်းကို ချမ်းသာမှန်းသိပေမယ့် လူတစ်ယောက်ကို အလွယ်တကူ အ
ရအောင် ကူညီချင်စိတ်၊ လုပ်ပေးချင်စိတ် မရှိနိုင်ဘူးဟု ထင်ခဲ့လေရာ
တော့ ကိုယ့်ထင်မြင်ချက်ကို ကိုယ် မောင်းထုတ်လိုက်ပါတော့မည်။

မုန်ချပ်တော်စတော်များများနဲ့ ဖွဲ့စည်းထားပြီး ခြံဝန်းမြေနိမ့်ရာ
လိုနေရာမှာ ဆောက်ထားသော ကော်ဖီဆိုင်လေးထဲမှ အပြင်ထွက်ဖို့
တံခါးကို တွန်းဖွင့်ထွက်လာခဲ့သည်၊ မြေနိမ့်လေးမို့ ကားပါကင်ရှိရာ
ဖို့၊ လမ်းမပေါ်ရောင်အောင် ပြန်ထွက်ဖို့ဆိုလျှင် အုတ်နီလှေကား
လေးတွေ စီပြီးလှပစွာလမ်းဖောက်ပေးထားတာကြောင့် မြူ့လည်းလှေ





လေးတွေမှတစ်ဆင့် နင်းတက်လာခဲ့သည်၊ ငါ့နေ့တိုင်း ဒီလှေကားထစ်
တွေကို အဆင်းအတက်လုပ်ရင်း ဒီဆိုင်လေးမှာ အလုပ်လာလုပ်ရ
မှာပါလားဆိုသော အသိဖြင့် ဝမ်းသာနေမိပြန်သည်၊ ဘယ်သူ မလုပ်
ချင်ဘဲရှိပါ့မလဲ၊ အေးစိမ့်နေသော လေအေးစက်ပေးထားသည့် မွှေးရနံ့
သင်းပျံ့နေသော၊ သီချင်းသံငြိမ့်ငြိမ့်လေးတွေ အမြဲကြားနေရသော
ငြိမ့်မြိမ့်မြိမ့် ကော်ဖီဆိုင်လေးမှာ သက်သောင့်သက်သာ အလုပ်ကို
ရမှာ။

"ဘယ်လိုလဲ...အလုပ်ရခဲ့ပြီလား"

လှေကားထစ်အပေါ်ဆုံးထစ်ကို နင်းတက်လိုက်လျှင်ပဲ လှေကား
အပေါ်ဆုံးမှာ စီးရပ်ပြီးကြည့်နေသော သော်တာလမင်းကို ဆုံရပါသည်၊

"ရခဲ့ပြီ၊ ရှင့်ကို ကျေးဇူးတင်ပါတယ်"

"ဘယ်တော့ စရမတဲ့လဲ"

"အခုလာမယ့် တနင်္လာနေ့မှာ စချင်တယ်လို့ ပြောခဲ့တော့ အဲဒီ
မှာ စဆင်းလို့ရတယ်တဲ့"

"ကောင်းတာပေါ့"

"အင်း . . . ဟုတ်တယ်၊ တော်တော်ကောင်းပါတယ်၊ ကျွန်မ အဲဒီ
လောက်လခလည်း မမျှော်လင့်ထားပါဘူး၊ ပြီးတော့ လုပ်ရမယ့်အလုပ်
ကလည်း တရင်းဇယားလောက်ပဲ လုပ်ရမယ့်သဘောမို့ မပင်ပန်းဘူး၊ စိတ်
ချမ်းသာပြီး မယုံနိုင်ဘူးဖြစ်နေတယ်၊ အိပ်မက်မက်နေတဲ့အတိုင်းပဲ"

မြူ့မှာ ရင်ထဲက ဝမ်းသာစိတ်အခံဖြင့် စကားတွေ တရစပ်ပြောနေ
မိသည်၊ သော်တာလမင်းက ပြုံးပြီး စိုက်ကြည့်နေလေသည်၊



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ စကားရှပ်ပြောနေရတာ မကောင်းပါဘူး လာ…တစ်နေရာရာ သွားရအောင်၊ စကားတွေ အဲဒီကျမှ အေးအေးဆေးဆေး ပြောကြတာပေါ့"

မြူ မငြင်းမိဘဲ သူ့ကားပေါ် ပါလာခဲ့သည်၊ ဒါနဲ့ပါဆိုရင် မြူ သူ့ကားတို့စီးနေမိတာ ဘယ်နှစ်ကြိမ်တောင် ရှိပြီလဲမသိ။

ကားထဲမှာထိုင်တော့ မြူက နောက်ကျောတွင် ကလစ်ဖြင့်ညှပ်ကာ သိမ်းထားသော ဆံပင်ရှည်တို့ကို ထိုင်မိမည်စိုးသဖြင့် ရှေ့ကို ဝိုက်၍ လိုက်လျှင် သော်တာလမင်းက ငေးကြည့်နေလေသည်၊ ပျော့ပျောင်းဖြောင့်စင်းသော ဆံပင်တို့က ဘေးတစ်စောင်းလေး သိမ်းထားသလိုဖြစ်သွား သည်၊ ဒီနေ့ အင်တာဗျူးလာရမှာမို့ ဆံပင်တွေကို သေသပ်စွာ ကလစ်ဖြ ထိန်းထားခဲ့တာဖြစ်သည်၊ များသောအားဖြင့်တော့ မြူက ဆံပင်တွေ သုံးလေးခေါက်ခေါက်ပြီး ကျားလက်သည်းဖြင့်သာ ထိပ်မှာ စုစည်းညှ ထားလေ့ရှိရာ ဆံပင်တွေက သိမ်းတစ်ချို့ ပြန်ဖွာတစ်ချို့ဖြင့် အမြဲတော့ က ကရှိနိုင်လှသည်။

"မိန်းကလေးပေမယ့် နားပေါက်မရှိဘူး"

သော်တာလမင်းထံမှ မှတ်ချက်ကြောင့် မြူ…သူ့ကိုကြည့်လို လေရာ သူကတော့ နားနှစ်ဖက်လုံး နားပေါက်ဖြင့်၊ ပြီးတော့ စိန်သေးသေ လက်လက် နားကပ်လေးဖြင့် တောက်ပနေသည်။

"နားပေါက်ရှိရင် နားကပ်အတွက် ပူနေရဦးမယ်လေ၊ ဒါကြော မဖောက်တာ"

"ရွှေနားကွင်းဝိုင်းဝိုင်းလေးနဲ့ဆို လိုက်မှာပဲ၊ အသားညိုညို၊ ဆံ နက်နက်၊ မျက်လုံးနက်နက်ဆိုတော့ ရွှေနားကွင်းနဲ့ လိုက်တယ်"





"ရှင်က ဒီဇိုင်နာလုပ်ဖို့ စဉ်းစားနေလို့လား"

"ဘာဖြစ်လို့လဲ"

"လူတစ်ယောက်ကို ဘယ်လိုဒီဇိုင်း ထွင်ရမလဲဆိုတာ စဉ်းစား နေလို့လေ"

"အင်းလျားမှာ သွားထိုင်ကြမယ်"

သော်တာလမင်းက သူ့ထုံးစံအတိုင်း သူပြောချင်ရာကို ဆက် ပြောတာတာကို ဦးတည်သည်၊

နေခင်းဘက်မို့ အင်းလျားက လူရှင်းပြီး နေပူအက်ဖြင့် ခြောက် သွေ့သယောင် ဖြစ်နေသည်၊ သော်တာလမင်းကတော့ အမိုးအကာလေး ရှိသော အဒေးဆိုင်မှာ ဝင်ထိုင်ပါသည်၊

"ဘာသောက်မလဲ"

"ဘာပဲဖြစ်ဖြစ် ရပါတယ်၊ သောက်မယ်"

"ဒါဖြင့် Cola နှစ်လုံး"

အေးစိမ့်ပြီး ရေခဲတွေသီးနေသော ကိုကာကိုလာနှစ်ဗူး ရောက် လာသည်၊ သော်တာလမင်းက သူ့ဘာသာ တစ်ဗူးဖောက်သောက်သည်၊ ကို တစ်ဗူးထိုးပေးရင်း…

"သောက်လေ"

ဟု တိုက်တွန်းသဖြင့် မြူ ယူသောက်လိုက်ပါသည်၊ အေးပြီး စူးရှ သော အရသာသစ်ကို ခံစားရသည်၊ မြန်မာပြည်ဖြစ် အအေးတွေသာ သောက်ဖူးသော မြူ့အတွက် နိုင်ငံခြားဖြစ် အအေးဗူး၏ အရသာသည် ဆန်းသစ်ဖြစ်နေသည်၊ သို့သော် အေးပြီး ချိုချိုစူးစူးရှရှလေးမို့ သောက် ကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မင်းပိုင်ကို ပြောလိုက်ပြီ"

"ဘာတွေပြောလိုက်တာလဲ"

"မြလင်းလင်းနား မကပ်နဲ့တော့လို့ ပြောလိုက်တယ်"

"ဘာဖြစ်လို့ အဲဒီလိုပြောတာလဲ"

"ဒီကောင်က အလကား၊ ရှေ့တိုးရဲတဲ့သတ္တိလည်း မရှိဘဲနဲ့၊ မြ လင်းလင်းကို ချောင်းကြည့်၊ ပြုံးပြန်၊ အထာပေးလုပ်နေတယ်၊ သူကြိုက်ရင် လိုက်ပါလား၊ လိုက်လည်းမလိုက်ရဲဘူး၊ တွေဝေနေတယ်၊ ဒီတော့ကျွန်တော် ပြောလိုက်တယ်၊ မင်း အခုကစပြီး လက်ရှောင်တော့လို့၊ မြလင်းလင်းက ငါနဲ့ပဲ ဆိုင်တယ်လို့"

မြ ရင်ထဲထိတ်ကာ လန့်သွားပါသည်။

"ဘာ...ဘာပြောတယ်...ဘာဆိုင်တာလဲ"

"ဆိုင်တယ်လေ၊ ကျွန်တော်တို့ တွဲကြမယ်လို့ ဆုံးဖြတ်ပြီးပြီလေ အဲဒါ ဆိုင်တာပေါ့၊ ကျွန်တော်နဲ့တွဲနေသမျှ မြလင်းလင်းကို ဘယ်ကောင်မှ မကပ်ရဘူး"

"ရှင့်ကို တွဲမယ်လို့ ကတိမပေးရသေးဘူး၊ ပြီးတော့ ယောကျ်ား လေးတစ်ယောက်ကို မချစ်ဘဲနဲ့ မတွဲနိုင်ဘူး၊ ရည်းစားမတော်နိုင်ဘူး"

"လာပြန်ပြီ . . . ချစ်တာတွေ၊ သစ္စာတွေ၊ မေတ္တာတွေ၊ ဒီမှာ မြ လင်းလင်း၊ ကျွန်တော့်ရင်ထဲရှိတာကို ပြောမယ်၊ ကျွန်တော် မင်းပိုင်လို ဘယ် တော့မှ မတွေဝေဘူး၊ သတ္တိမနည်းဘူး၊ မိန်းကလေးတစ်ယောက်ကို စိတ် ထဲမှာ သဘောကျတယ်ဆိုရင် သူ့ရဲ့အဆင့်အတန်းတွေ၊ ဂုဏ်တွေ၊ အသိုင်း အဝိုင်းတွေ ကျွန်တော် မစဉ်းစားတော့ဘူး၊ သူ့ကိုတွဲရလို့ စိတ်ချမ်းသာမယ် သူ့အနားမှာ နေနေရရင် ပျော်မယ်လို့ထင်ရင် ရှေ့ဆက်တိုးတော့တာပဲ





ကျွန်တော်က ကိုယ့်ကိုယ်ကို အတ္တကြီးတယ်လို့ ခံယူထားတဲ့ကောင်ပါ၊ အတ္တကြီးကြီးနဲ့ ကိုယ့်စိတ်ပျော်မယ်၊ ကိုယ်စိတ်ချမ်းသာမယ်ထင်ရင် ဘာ ကိုမှ မတွေဝေဘူး၊ ဆက်လုပ်မှာပဲ၊ ဒီတော့ ကျွန်တော်နဲ့မြလင်းလင်း ဆိုင် တယ်ဆိုတာ အားလုံးကို ပြောလိုက်ပြီးပြီ"

"ရှင် တွဲချင်တိုင်းတွဲလို့ရမယ့်မိန်းကလေးမျိုး ထင်လို့လား"

"သိပ်အကျယ်ချဲ့မနေပါနဲ့ မြလင်းလင်းရာ၊ ကျွန်တော် ဘယ် မိန်းကလေးကိုမှ အထင်သေးတဲ့စိတ်နဲ့ မဆက်ဆံဘူး၊ အားလုံးကို respect (ရီစပက်) ပေးပါတယ်၊ ကျွန်တော် တွဲမယ်ပြောလို့ လက်ခံလိုက်တာကို လည်း လွယ်တယ်၊ သိက္ခာမဲ့တယ်လို့ ဘယ်တော့မှ စိတ်ထဲမှာ မထားဘူး၊ ရှင်းပွင့်လင်းလင်းစိတ်သဘော ရှိတယ်၊ မူယာမာယာ မများဘူးလို့တောင် ထင်တယ်၊ စောင့်ကြည့်ပါ၊ ကျွန်တော် မြလင်းလင်းကို ဘယ်လိုမျိုး ပြောဆို ဆက်ဆံမယ်ဆိုတာ လေ့လာပါ။ ကျွန်တော့်မှာ အစ်မနှစ်ယောက်ရှိမယ်၊ ဒီတော့ ကျွန်တော့်အစ်မတွေနဲ့ယှဉ်ပြီး ဘယ်မိန်းကလေးကိုမဆို မကောင်း တဲ့စိတ် မထားပါဘူး"

ငါ့လို ရုပ်သိပ်အလှကြီးလည်းမဟုတ်တဲ့ မိန်းကလေး၊ မဝတ်နိုင် စားနိုင်တဲ့ မိန်းကလေး၊ သူတို့ကျင်လည်တဲ့ အသိုင်းအဝိုင်းမှာ မဝင်ဆံ့နိုင် တဲ့ မိန်းကလေး၊ ငါ့ဆီက ဘယ်လိုစိတ်ချမ်းသာမှုမျိုးကိုမှ မကြားရနိုင်မယ့် မိန်းကလေးကို သူ ဘာကြောင့် တွဲချင်ရတာလဲ၊ သူဟာ ဘာကို စတန့်ထွင် ချင်တာလဲ၊ သူနဲ့ငါ တွဲရရင်ရော၊ ငါ့ဘဝက ဘာများပြောင်းလဲသွားမှာမို့လဲ၊ ဆတ်မစားနိုင်ဘဲ သိမ်သိမ်နုပ်နုပ်ပုံစံနဲ့ သူ့ဘေးမှာ တွဲရမှာ ဘယ်လောက် ထိတ်ချာလိုက်သလဲ၊ သူကတော့ ယောကျ်ားလေးမို့ မရှက်ပေမယ့် ငါက



www.burmeseclassic.com

www.burmeseclassic.com



တော့ အရှက်ရမှာ၊ မြူသည် မိန်းကလေးပီပီ ကိုယ့်အဝတ်အစား အိမ်ထောင်လှဆား၊ အပြင်အဆင် နစ်လှတာကို အားငယ်နေကာ တစ္ဆတ်ထိုးနိုင်လှသော၊ သော်တာလယ်င်းကို နိုင်အောင် ဘယ်လိုပြောရမလဲဆိုတာ စဉ်းစားလို့တို့ မရတော့ပြီ။

*   *   *

(၉)

အလုပ်ဝင်ပြီး တစ်ပတ်လောက်ကြာသောအခါ တစ်ရက်မှာ နေရှာဟုသိထားသည့် (အင်တာဗျူးလုပ်ခဲ့သူ) ဦးထင်ကျော်က လာပါသည်။

"ဝိုင်ရှင်သူဌေး ရောက်နေတယ်၊ မမြူလင်းလင်းကို တွေ့ချင်တယ် ပြောတယ်"

"ရှင်…ရှင်…ဟုတ်ကဲ့…လာခဲ့ပါမယ်"

"ဘာမှမပူပါနဲ့၊ သူဌေးလေးက သဘောကောင်းပါတယ်၊ အသစ် လိုက်တဲ့ ဝန်ထမ်းမို့လို့ ခေါ်တွေ့တာဖြစ်မှာပါ"

"ဟုတ်ကဲ့ပါ၊ ကျွန်မ အခုပဲ သွားတွေ့ရင် ဖြစ်တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာက ခေါင်းညိတ်သဖြင့် မြ ခပ်သွက်သွက်ပဲ သူတို့
ပြောသာ သူဌေးရှိသည်ဆိုသော အခန်းကို သွားလိုက်ပါသည်။ အခန်းမှာ
ခန်းအနောက်တွင် သီးသန့်ဖွဲ့ထားသော အခန်းငယ်ဖြစ်ပြီး အပေါ်မှ
တစ်ဝက်၊ အောက်ပိုင်းသစ်သားတစ်ဝက်တို့ဖြင့် ကာထားသည်။ မှန်
တွေကို အတွင်းမှ Blinds (ဘလိုင်း(စ))ဟုခေါ်သော အဖွင့်အပိတ်
လို့ရသည့် ဝါးယင်းလိပ်အကာများဖြင့် ကာထားပါသည်။ ယင်းလိပ်
တော့ အနည်းငယ်သာ ဟထားပြီး အကုန်ဖွင့်မထားပါ။ အခန်းထဲမှာ
တစ်ယောက်ရှိနေသည်ကိုသာ စိုးတိုးဝါးတား မြင်ရပါသည်။

ပိတ်ထားသော တံခါးဝမှာရပ်ပြီး တံခါးကို လက်ဖြင့် အသာခေါ်
လိုက်လျှင်...

"ဝင်လာခဲ့ပါ"

ဟူသော အသံခပ်အုပ်အုပ်ကို ကြားရသည်။ တံခါးဘုကို အသ
လှည့်ဖွင့်ဝင်လိုက်လျှင် Laptop (လက်တော့(ပ))ကွန်ပျူတာတင်ထ
ရာ စားပွဲတစ်လုံးနောက်မှာ ဆုံလည်ကုလားထိုင်ပေါ်တွင် တံခါးဝကို ကျေ
ပေးထိုင်နေသော လူတစ်ယောက်ကို တွေ့ရသည်။

"ကျွန်မ မြလင်းလင်း ရောက်ပါပြီရှင်"

"ထိုင်"

လူကို လှည့်မကြည့်ဘဲနှင့် ထိုင်ဟု တစ်လုံးပြောသော သူဌေး
မြ စိုက်ကြည့်နေမိသည်။ ဒီလို အသားဖြူဝင်းပုံမျိုး၊ ကျောပြင်ပြန့်ပြ
နောက်ကျောမျိုးကို မြင်ဖူးသည်ဟု ထင်နေမိစဉ် ဆုံလည်ကုလားထိုင်
ဖျတ်ဆို ဒီဘက်လှည့်လာပါသည်။ ရုတ်တရက် ဆုံလိုက်ရသော မျက်
တစ်စုံကို မြတစ်ယောက် မင်သက်ငေးမော မှေ့မြောသွားပါသည်။





"ဟယ်လို...လေဒီ"

ဟယ်လို လေဒီဟု နှုတ်ဆက်သံမှာ အသံရှည်ဆွဲပြီး ခပ်နောက်နောက် ပြောလျက် မြ၏ မင်သက်ငေးကြောင်နေသော မျက်လုံးအစုံရှေ့ကို လက်ဖြင့် ဝှေ့ယမ်းလိုက်သည့် သော်တာလမင်း၏ လက်တွေကြောင့် မြ အဲဒီတော့မှ မျက်တောင်ခတ်လေသည်။

"သော်...သော်တာလမင်း...ရှင်..."

"Boss (ဘော့စ်)လေ...ဟဲဟဲ"

"ဒီ...ဒီဆိုင်ပိုင်ရှင်သူဌေးလား"

"ဒီဆိုင်ကို ကျွန်တော်ဖွင့်ထားတာပါခင်ဗျာ"

"ဘာလို့ အစက မပြောလဲ"

"ပြောရင် ဒီမှာ အလုပ်မလျှောက်မှာစိုးလို့"

"ဒါဖြင့် ဒီအလုပ်ရတာ ရှင် တမင်ခန့်လိုက်တာပေါ့"

"ဒါပေါ့...ဒါပေါ့"

"အလုပ်ပေးတာ ကျေးဇူးတင်ပါတယ်"

"ကျေးဇူးအတင်ခံချင်လို့ မဟုတ်ပါဘူး။ မြလင်းလင်းကို စိတ်ချမ်းသာစေချင်လို့ပါ၊ အခု စိတ်ချမ်းသာတယ်မဟုတ်လား"

"စိတ်ချမ်းသာပါတယ်၊ အလုပ်ချိန်ကလည်း ပုံမှန်ပဲ၊ လစာကျတော့ အများကြီးပေးထားတယ်၊ အဲဒါ ကျွန်မမို့လို့ ပေးတာမဟုတ်လား"

"နောက်ဆို ဆိုင်မန်နေဂျာရာထူးအထိပါ တိုးပေးမယ်၊ ဘာမှတွေးပူမနေနဲ့၊ လခကိစ္စလည်း ခေါင်းထဲမထားနဲ့၊ ကျွန်တော် လုပ်ပေးလို့ရလို့ ကူညီတာ၊ မြလင်းလင်းက ကျွန်တော့်ကောင်မလေးလေ၊ ကျွန်တော့်ကောင်မလေးအတွက် ဒီလောက်တော့ လုပ်ပေးရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မြူ ဘယ်လိုလုပ်မလဲ၊ ရှင့်ကောင်မလေး မဟုတ်ဘူးလို့ မငြင်းရဲ မအော်ရဲ၊ ပြန်မပြောရဲ၊ သူက ကိုယ့်အလုပ်ရှင်သူဌေး ဖြစ်နေတာနဲ့တင် မြူ ဝတ်ခနဲ ပြန်ပြောချင်သမျှတွေ လည်ချောင်းထဲ တစ်ဆို့နေသည်၊ သူ့ ကိုယ်သူ ကျေနပ်အထင်ကြီးကာ မြူဟာ သူ့ကစားစရာအရုပ်တစ်ရုပ်ပမာ ကြည့်နေသော သော်တာလမင်း၏ မျက်လုံးတွေကိုကြည့်ရင်း လွန်ခဲ့တဲ့ တစ်ရက်က ကိုမင်းပိုင်နဲ့တွေ့စဉ် ပြောပြခဲ့သော စကားတွေကို ပြန်လည် ကြားယောင်နေမိသည်။

အဲဒီနေ့က မူကြိုကျောင်းမှာ နောက်ဆုံး ဝင်လုပ်ရသောနေ့ ဖြစ်သည်၊ ကျောင်းအဆင်းမှာတော့ တမင်သက်သက်ပင် လာရပ်စောင့်နေသော ကိုမင်းပိုင်ကို ဆုံရပါသည်။ နာကျင်ပြီး မခံချိမခံသာဖြစ်နေသော မျက်လုံးတွေနဲ့ မြူ့ကိုကြည့်ကာ...

"လမင်းနဲ့ကျွန်တော် ပြဿနာလေးနည်းနည်း ဖြစ်ကြတယ်၊ မြူ ကို သူ ချစ်တာလည်းမဟုတ်ဘဲ တွဲမယ်လို့ ပြောလာတော့ ကျွန်တော်နဲ့ စကားများကြတာလေ၊ လမင်းက သိပ်အတ္တကြီးတယ်၊ သူလိုချင်တာကို ရအောင်ယူတယ်၊ သူလုပ်ချင်ရာ ဖြစ်အောင်လုပ်တယ်၊ သူ့မှာ သူများကို ညှာတာတာ၊ ကိုယ်ချင်းစာတာ၊ တရားတာ၊ မတရားတာတွေ ဘာမှစဉ်းစား ပေးတတ်တဲ့စိတ် မရှိဘူး၊ ငယ်ငယ်တည်းက ဖူးဖူးမှုတ် အလိုလိုက်ခံလာရ တော့ ဗိုလ်ကျချင်တဲ့စိတ်လည်း အပြည့်ရှိတယ်။ ဒီတော့ မြူ သတိထားပါ။ ကျွန်တော်လည်း မြူ့ကို ဘာမှမကူညီနိုင်ဘူး၊ မြူ သူ့ကို သိပ်မယုံလိုက်ပါနဲ့"

ဟု၍ တရစပ်ပြောနေပေမယ့် သူ ဘာကြောင့် ဒီလိုလာပြောရ တယ်၊ ဘာကြောင့် မြူ့ကို စိုးရိမ်ရတယ်ဆိုတာတွေ တစ်ခွန်းမှ မဟ။ မြူ သူ့ကို





တိတ်၍သာ ကြည့်နေမိသည်၊ မြူ့မျက်လုံးတွေ သူ့ရင်ထဲကို ထွင်းဖောက် ကြည့်ဟန်ပြုပေမယ့် သူက မတုန်မလှုပ်ရှိခဲ့သည်။

မြူ့ကို ကျွန်တော် ချစ်နေလို့ စိုးရိမ်ပူပန်ရပါသည်ဆိုတာ ဘာ ကြောင့် သူ ဖွင့်မပြောချင်ခဲ့သလဲ၊ မြူက သူနဲ့ အဆင့်မတူလို့လား။ ဆင်းရဲ ဖြစ်တည်းတဲ့ ဘဝထဲက မိန်းကလေးမို့လို့လား။ သူ တွေဝေနေသေး သလား၊ သတ္တိမရှိတော့ဘူးလား။

ကိုမင်းပိုင်ကို စိုက်ကြည့်ပြီး ရင်ထဲမှာ မေးခွန်းတွေ ထုတ်နေစဉ် မှာတောင် သော်တာလမင်းရဲ့ ဝေဖန်သံတွေကို လက်ခံသလို ဖြစ်သွားခဲ့ ရသည်၊ ဒါကြောင့် သူ့ကို တွေဝေတယ်၊ သတ္တိမရှိဘူး။ ချောင်းကြည့်ပြီး ငြိမ်ဘဲ လုပ်ရဲတယ်လို့ သော်တာလမင်းက ဝေဖန်ခဲ့တာပဲဟု မြူ လက်ခံစွာ အမှတ်ရခဲ့ပါသည်။

မြူသည် ဆုံဆည်းရသော ယောကျ်ားနှစ်ယောက်တို့၏ အသီးသီး ပိုင်ဆိုင်ကြသော အတ္တတွေကြားမှာ မျောပါနေသူဖြစ်နေလေပြီ။ သော်တာ လမင်းကလည်း အရာရာကို ဗိုလ်ကျအနိုင်ယူချင်သော အတ္တနဲ့ လွှမ်းမိုးလု သလို ကိုမင်းပိုင်ကလည်း တွေဝေပြီး ကိုယ့်ဘက်ကိုယ် စည်းမကျော်အောင် ထိန်းချင်သော အတ္တတွေနဲ့ ပြည့်နေသူတည်း။

"ပေးစရာရှိတယ်"

မြူ အတွေးလွန်နေစဉ် သော်တာလမင်းက ပြောပြောဆိုဆိုပင် စားပွဲအောက်မှာ ချထားသော အထုပ်တချို့ကို စားပွဲပေါ်တင်လိုက်သည်။

"ဘာတွေလဲဟင်"

"မြူလင်းလင်း ဝတ်ဖို့လေ"



www.burmeseclassic.com

www.burmeseclassic.com



မြူ အထုပ်ကို လှမ်းယူ၍တောင် မကြည့်ဖြစ်ဘဲ သူ့ဘက် ပြန်တွန်း လိုက်လျှင် သူက ဖျတ်ခနဲ မြူ့လက်ချောင်းကို ဆုပ်ကိုင်ပြီး ပြန်တွန်းထား လိုက်သည်။ မြူ့လက်ထိပ်ဖျားလေးတွေကို မလွှတ်ဘဲ ဆုပ်ကိုင်ထားရင်း

"မငြင်းနဲ့၊ ယူရမယ်၊ ကျွန်တော့်ကောင်မလေးအနေနဲ့ တွဲရမယ့် သူတာ အဝတ်အစားလေးမှ ကောင်းကောင်းမဝတ်ထားရင် မဖြစ်ဘူး။ ဒါ ကြောင့် မှန်းပြီး ဝယ်လာပေးတာ၊ ဘာမှ များများဝယ်လာတာ မဟုတ်ဘူး အင်္ကျီသုံးထည်၊ စကတ်သုံးထည်၊ ဖိနပ်တစ်ရံ၊ ဟန်းဘက်တစ်လုံး ဒါပဲ လောလောဆယ်ဝတ်ဖို့ ဝယ်ပေးတာ၊ မြူလင်းလင်းကိုယ်တိုင် နောက်မှ စိတ်ကြိုက်လိုက်ဝယ်ချင်ရင်လည်း ရတယ်"

"ကို...ကို...သော်တာလမင်း"

"လမင်းလို့ပဲ ခေါ်ပါ"

"ကျွန်မ . . . ကျွန်မ . . . မခေါ်ရဲဘူး။ ရှင်က ကျွန်မရဲ့ အလုပ်ရှင် သူဌေး"

"ကျွန်တော့်မိဘ ပိုက်ဆံချမ်းသာလို့ သူတို့ပိုက်ဆံကို သုံးပြီး ဆိုင်ဖွင့်နိုင်တာလေ၊ ကျွန်တော်ကိုယ်တိုင် သူဌေးမဟုတ်ပါဘူး။ ကဲ . . . တွေထားပါတော့၊ ဒီနေ့ကစပြီး ကျွန်တော့်ကို လမင်းလို့ ခေါ်ရမယ်နော်၊ မြူ လင်းလင်း အလုပ်ကို စိတ်ဖြောင့်ဖြောင့် လုပ်ပါ၊ အလုပ်ထဲမှာ ကျွန်တော် ဝင် မပါပါဘူး။ လာလည်းမရှုပ်ဘူး။ ဟဲဟဲ...ဒါပေမယ့် အလုပ်ချိန်ပြင်ပမှာတော့ လာရှုပ်မယ်"

"ကျွန်မ . . . ဒါတွေ မလိုချင်ဘူး၊ မဝတ်ချင်ဘူး၊ ဘာလို့ ဝယ်ပေး တာလဲ"





"ဝယ်ပေးနိုင်လို့ ဝယ်ပေးတာပေါ့။ ကပ်မမေးနဲ့လေ၊ ဟေး . . . အဲဒီ လောက် မျက်မှောင်ကျုံ့ပြီး စဉ်းစားမနေနဲ့၊ ဘာမှစိတ်ညစ်စရာမပါဘူး၊ ကျွန်တော့်နဲ့တွဲရလို့ပျော်တဲ့ကောင်မလေးတွေပဲ တွေ့ဖူးတယ်၊ မင်းလောက် စိတ်ရှုပ်ပြီး အကြီးအကျယ်စဉ်းစားနေတဲ့ပုံစံမျိုး မတွေ့ဖူးဘူး"

ကျွန်မ ရှင့်ကို မတွဲချင်ဘူး ဟု မြူ့လည်ချောင်းထဲတွင် အော်နေ သော်လည်း ဘာအသံမှ ထွက်မလာခဲ့ပါ။ စီးပွားရေး အဆင်မပြေ၊ အကြွေးတွေနဲ့ နေ့လျက် ကုန်စုံဆိုင်လေးကို ယိုင်တိယိုင်နဲ့နဲ့ ဖွင့်နေရသော ဖေဖေလေး မျက်နှာ၊ အရွယ်မရောက်သေးတဲ့ ဝမ်းကွဲမောင်လေး၊ ညီမလေးတွေရဲ့ မျက်နှာကို မြင်ယောင်နေသည်။ မြူ လခကောင်းသောအလုပ်ရသည် ဆို သောအခါ...

"ဖေဖေလေးကို မပေးရင် မပေးပါနဲ့၊ ညည်းမောင်လေး ညီမလေး တွေ ကျောင်းလခလေးတော့ ထောက်ပံ့ပါ၊ တအုပ်ဖိုး၊ ခဲတံဖိုးတော့ ပေးပါ၊ ဒါဆိုရင်ပဲ အသက်ရှုချောင်ပါပြီ"

ဟု ပြောရှာသော ဖေဖေလေးမျက်နှာကို မြူ မမေ့တော့။ ဆန်ကုန် မြေလေး ဟင်းဖိုးမရှိဘူးဟု၍ ဖေဖေလေးကို မပြောရက်ဘဲ ကိုယ်စုထားတဲ့ ပိုက်ဆံ လေးထဲက ထုတ်ပြီး ဝယ်ဖြည့်ပေးနိုင်ဖို့ အလုပ်တစ်ခု လိုကိုလိုတာမို့ မြူ သည်းခံရပါမည်။

အဲဒီလိုနဲ့ပဲ မြူသည် သူဝယ်ပေးတာတွေ လိုချင်တပ်မက်စိတ် မရှိပါဘဲ လက်ခံရလေသည်။

"ဒီတနင်္ဂနွေကျရင် တွေ့မယ်၊ လမ်းထိပ်မှာ လာစောင့်နေမယ်၊ ကားနဲ့ အိမ်နားရှိ ထွက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို နာခံကာ မြူ့ရဲ့အားရက်တစ်ရက်ကို သူ့အတွက် ပေး ရလေသည်။ မြူ့လက်ထဲ ဟန်းဖုန်းတစ်လုံး ထည့်ပေးကာ...

"လိုအပ်ရင် ဖုန်းဆက်မယ်၊ ယူထား။ ဒီဖုန်းနံပါတ် ဘယ်သူ့ကိုမှ မပေးရဘူး။ ဒါ မြူလင်းလင်းအတွက် ကျွန်တော် ဆက်သွယ်နိုင်ဖို့ ပေး ထားတာ"

မြူမငြင်းရဲ၊ လက်ခံရသည်။

"ဘာလို့ ဒါတွေ ဝယ်ပေးရတာလဲ"

ဟု မေးမိတိုင်း...

"ဝယ်ပေးနိုင်လို့ ဝယ်ပေးတာပေါ့။ မပျော်ဘူးလား။ ပျော်ပျော်နေ စမ်းပါ။ ကျွန်တော်နဲ့တွဲရတာ ဘာစိတ်ညစ်စရာရှိလဲ၊ မြူလင်းလင်းကို စိတ် ညစ်အောင် ကျွန်တော် ဘာမှမလုပ်ဘူးလေ"

မြူ့ကို မြူလင်းလင်းဟုခေါ်ကာ သူ့ကိုယ်သူ "ကျွန်တော်" ဟု သာ သုံးနှုန်းလျက် တစိမ်းဆန်ဆန် ပြောဆိုပေမယ့် သူ့အပြုအမူတွေကတော့ တရင်းတနှီးရှိလှသည်။

မြူ့ပုခုံးကို ထွေးပွေ့လေ့ရှိသည်။ ကျားလက်သည်းကလစ်ဖြင့် ခေါက်ရွေတင်ထားသဖြင့် ကပိုကရို ပြန့်လွင့်စင်ကျနေတတ်သော မြူ့ဆံပင် တွေ နားရွက်နောက်ထဲ ပြန်ထည့်ပေးတတ်သည်။ မြူ့လက်ကိုတွဲပြီး သွား လာတတ်သည်။

တစ်နေရာရာမှာ စကားထိုင်ပြောကြရင်ဖြစ်ဖြစ်၊ လူရှင်းသော ဆိုင်လေးတစ်ဆိုင်မှာ ထိုင်ရင်ဖြစ်ဖြစ် မြူ့မျက်နှာကို မလွှတ်တမ်း စိုက် ကြည့်ကာ သူ့လက်ညှိုးဖြင့် မြူ့ပါးပြင်မှတစ်ဆင့် မေးဖျားထိ ပွတ်ဆွဲတာမျိုး





မြူ့နှာခေါင်းထိပ်လေးကို ဆွဲညှစ်တာမျိုး၊ မြူ့နားရွက်သီးအဖျားလေးကို လက်ညှိုးနဲ့ တို့ထိတာမျိုး သူ မကြာခဏ ပြုမူတတ်သည်။

လေးငါးခေါက်လောက် အတူတွဲသွားတွဲလာ လုပ်ပြီးသောအခါ ပိုပြီး ရင်းနှီးလာစဉ်မှာတော့ သူ မြူ့ကို ရှုပ်ခနဲ၊ ဖြတ်ခနဲ၊ ဝေ့ခနဲ နမ်းလိုက်တာ မျိုးတွေဖြင့် မြူ့အတွက် အတွေ့အကြုံသစ်ကို ထပ်မံရင်ဆိုင်ရစေသည်။ မြူ တာ သူနဲ့ အနီးကပ်နေရလေလေ သူ ကိုယ့်ကို မချစ်ဘူး၊ အပျော်တွဲတာ၊ သူ့စိတ်အပြောင်းအလဲအနေနဲ့ သူပေးသမျှယူ၊ သူပြောသမျှ နာခံနိုင်မယ့် မိန်းကလေးတစ်ယောက်ကို အနားမှာ ထားကြည့်တာပါဆိုသော အသိစိတ် ဖြင့် နာကျင်ကြေကွဲရလေလေ။

ဒါပေမယ့် မသိစိတ်မှာတော့ ရင်ထဲနှလုံးသားထဲမှာ လှုပ်လှုပ်ရှား ရှားနဲ့ သူ့ကို ချစ်မိလာလေလေ၊ သူ့လို ချောမောအဆင့်မြင့်ပြီး ချစ်စရာ ကောင်းသော ကောင်လေးကို အဘယ်မိန်းကလေးကရော မချစ်ဘဲ နေနိုင် မည်နည်း။

တစ်ရက်ကတော့ မြူ့လက်ချောင်းလေးတွေကို ဖြန့်ကြည့်ရင်း...

"လက်သည်းတွေ အရောင်မထွက်ဘူး။ အရောင်တင်ရမယ်"

ဟုဆိုကာ အတင်းပင် အလှပြင်ဆိုင်ခေါ်သွားပြီး လက်သည်း၊ ခြေ သည်းတွေ အရောင်တင် အလှပြင်စေပါသည်။ မြူ့လက်သည်း၊ ခြေသည်း တွေကို အမြဲတစေ တစ်ပတ်တစ်ခါလောက် ခပ်တိုတိုညှပ်ထားတတ်ပေ မယ့် အိမ်အလုပ်လုပ်ရတာ များတာကြောင့် လက်သည်းတွေက ကြွေ ရောင်တောက်ပမနေခဲ့ပါ။ ဒီတော့ လက်သည်းခြေသည်းလှီးဖို့ကို ဆိုင်မှာ အသွားလုပ်ပြီးသန့်စင်သော အရောင်အကြည်လေးတင်ထားတတ်သည့်



www.burmeseclassic.com

www.burmeseclassic.com



သော်တာလမင်းဆီ လက်သည်း ခြေသည်းတွေနှင့်ယှဉ်လျှင် မလှမပဖြစ်နေ ရှုံး တို့သည်ဟုသာလည်း သိပါသည်။ သူက အတင်းခေါ်သွားပြီး အလှပြင် ဆိုင်မှာ ပြင်ဆင်စေသောအခါ နှစ်ခါလောက် ငြင်းကြည့်ပေမယ့် သူ့ကို နိုင်အောင် ဘယ်တော့မှ ပြောလို့မရမှန်း သိတော့ ငြိမ်ခံလိုက်ရသည်။

"တစ်ဆက်တည်း . . . ဆံပင်ကိုပါ စတက်(ပ)ပုံစံ လုပ်လိုက်ပါ လား။ ဆံပင်ရှည်ကြီး ဖို့ရိုဖားလျားနဲ့၊ အမြဲခေါက်တင်ထားရတော့ အကြည့်ရ ဆိုးတယ်"

"ဟာ…မလုပ်ပါနဲ့၊ မဖြတ်ချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဘုရားလှူမလို့ အရှည်ထားထားတာ"

"အစလည်း တော်တော်ရှည်နေပြီပဲ၊ ဖြတ်ပြီး ပြန်ယူလာလိုက်၊ ဘုရားလှူလို့ရနေပြီပဲ၊ ဆံပင်အရှည်ကြီး မပြင်မဆင်နဲ့ဆိုတော့ အိုတတယ်၊ ပခုံးကျော်စတက်လေး ညှပ်လိုက်ပါ၊ လှသွားမှာ…စိတ်ချ"

အလှပြင်ပေးသူကောင်မလေးကတော့ ခပ်ပြုံးပြုံးကြည့်နေသည်။ လှမ်းမိုးအနိုင်ကျင့်တတ်သော ကောင်လေးတစ်ယောက်ရဲ့ အလိုကို လိုက်နေသော မြူ့ကို သနားတာလား၊ ကဲ့ရဲ့တာလား၊ မဝေခွဲနိုင်သည့် အကြည့်တွေနဲ့ကြည့်တာဖြစ်သည်။

သူက သူပြင်ဆင်စေချင်တာတွေ ပြောပြီး အလှပြင်ဆိုင်မှာ ထားကာ…

"သုံးနာရီကြာမယ်လို့ ပြောတယ်၊ ပြန်လာခေါ်မယ်၊ စောင့်နေ ဘယ်မှထွက်မသွားနဲ့နော်"





အပြင်ပြန်ထွက်သွားပါသည်။ သူ ဘယ်သွားနေမှန်း မသိပေမယ့် သုံးနာရီကျော်ကြာလာသောအခါမှာတော့ ဆိုင်ထဲပြန်ရောက်လာပါသည်။

ဘေးစောင်းစတက်ဆံပင်လေးဖြင့် ပုံစံပြောင်းသွားသည့် မြူ့ကို အံ့အားသင့်သလိုကြည့်ပြီး ငါးသောင်းလောက်နီးပါး ဘီလ်ကို ထုတ်ရှင်းလျှင် မြူသည် အလှပြင်ဆိုင်က မိန်းကလေးတွေကို ဘယ်လိုမျက်နှာပေးနဲ့ ရင်ဆိုင်ရမှန်းပင် မသိတော့။ ကိုယ် ပြင်ဆင်ထားသမျှကို ပိုက်ဆံလာထုတ် ရှင်းပေးသည့် ကောင်လေးတစ်ယောက်ကို ချုပ်ကိုင်ထားနိုင်လှချည်လား ဆိုသော အတွေးမျိုး သူတို့ခေါင်းထဲမှာ တွေးနေခဲ့လျှင်…

"မြူလင်းလင်း ဘာဖြစ်နေတာလဲ၊ မျက်မှောင်ကြီးကျုံ့ပြီး…"

"ကျွန်မ စိတ်ညစ်တယ်၊ ရှင် ဒါတွေပြင်ဆင်ပေးလိုက်လည်း ကျွန်မရုပ်က ပိုလှမလာပါဘူး။ ပြီးတော့ လက်သည်းခြေသည်းတွေကလည်း ကျွန်မလိုပုံစံနဲ့ မတန်ပါဘူး၊ အိမ်အလုပ်တွေလုပ်ရင်း အရောင်ပြန်မွဲသွားမှာပဲ"

အမှန်တော့ မိန်းကလေးပီပီ ကိုယ့်လက်သည်း၊ ခြေသည်းလေးတွေဟာ တိုနေပေမယ့် ကြွေရောင်လေးနဲ့ ကြည်နေတာမြင်ရတော့ ကျေနပ် ပီတိဖြစ်သွားတာပင်။ သို့သော် စိတ်ထဲမှာလည်း ငါ့လိုအနေအထားမျိုး၊ ငါ့လိုအခြေအနေမျိုးနဲ့ မိန်းကလေးဟာ ဒါတွေ မတန်ပါဘူး။ အလှတွေ ပြင်နေရာလည်း မလိုပါဘူးဟု ဆန့်ကျင်နေမိပြန်သည်။

"လက်သည်းတွေ ဘယ်လောက်ရေထိထိ သုံးလတော့ ကောင်းကောင်းခံပါတယ်၊ အရင်ကထက် ပိုလှသွားတာပဲ၊ ဘာဖြစ်လို့ စိတ်ညစ်နေရာလဲ၊ ဒီကမ္ဘာကြီးမှာ မလှချင်တဲ့သူ ဘယ်သူမှမရှိဘူး၊ ပိုလှလို့ စိတ်ညစ်သွားတဲ့သူ ရှိတယ်လည်း မကြားဖူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နဲ့ အပြိုင်မပြောပါဘူး၊ ပြိုင်ပြောလည်း မနိုင်နိုင်မှန်း သိပါတယ်၊ ရှင်က အရွယ်နဲ့မလိုက်အောင် လူတစ်ယောက်ကို လွှမ်းမိုးချုပ်ကိုင်ချင်စိတ် တော်တော်များတာပဲ"

"အဲဒီလိုလုပ်ရတာ ကြိုက်တယ်၊ ပျော်တယ်"

မြူလင်းလင်း သူ့ကို မျက်စောင်းလေး ထိုးမိသည်။ သူက မြူရဲ့ မျက်စောင်းကိုကြည့်ပြီး…

"မျက်စောင်းတစ်ခါထိုးရင် တစ်ခါနမ်းခံရမယ်"

"အိုး…"

မြူ ရှက်ကာ လန့်၍အော်မိသည်။ မြူသည် တကယ်တော့ သော်တာလမင်းအတွက် အရုပ်ကလေးတစ်ရုပ်သာ ဖြစ်ခဲ့ပါသည်။

* * *

BURMESE CLASSIC .com

## (၁၀)

"သူဌေးဆိုင်ရောက်နေပြီ၊ ဒီတစ်ခါ သူ့အစ်မတွေပါ ပါတယ်"

ထိုအသံကြောင့် မြူ နားစွင့်မိသည်။ သူ့အစ်မတွေပါ ပါသတဲ့။
်တာလမင်းဟာ ဘယ်တော့မှ သူ့အကြောင်း မပြောပြတတ်သဖြင့် သူ့
စ်မတွေ၊ ညီမတွေ၊ အစ်ကိုတွေ၊ ညီတွေ ရှိ၊ မရှိပင် မြူ မသိရေး။ အလုပ်
ည်း မြူ ဝင်စပ်စုစု မမေးတတ်၊ နားမထောင်တတ်၍ ဘာမှမသိခဲ့ပါ။

ဒီအလုပ်ဝင်တာ နှစ်လနီးပါးမှာ သော်တာလမင်းဟာ သုံးရက်
ခါတော့ ဆိုင်လာကြည့်တတ်ပါသည်။ ထိုအခါမှာ မြူနဲ့ဆုံရရင်တော့
တောင် မကြည့်၊ စကားတောင် အဖက်လုပ်ပြောဟန်မပြဘဲ ဟန်
င်ကောင်းတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ထိုသို့ ဟန်ဆောင်သောအခါ မြူက ထိုဟန်ဆောင်မှုကိုလ
သဘောတွေ့ပါသည်။ မြူကို အရေးတယူ ဆက်ဆံပြနေရင် မြူတို့ အဖြ
အိမ်အတွေသလို ဆက်ဆံပြခဲ့ရင် ဒီအလုပ်မှာ မြူ တော်တော်အနေရကျ
သောချာသည်။ သူ့ အနေမှန်မှုအတွက် မြူ သူ့ကိုပင် ကျိတ်၍ ကျေးဇူး
မိသည်။

"သူဌေးက အေးဆေးပါ၊ လူငယ်စတိုင်လ်နဲ့ လူငယ်လေးဆို
ဆက်ဆံရတာ ကောင်းတယ်၊ နားလည်မှုရှိတယ်၊ သူ့အစ်မတွေက
မရဘူး၊ အရင်းရှင်ဆန်တယ်၊ စီးပွားရေးသမား သိပ်ဆန်တယ်"

မြူ ကွန်ပျူတာထဲ စာရင်းထည့်ရင်း မီးဖိုချောင်က မုန့်ဖုတ်
ကောင်မလေးတွေ ပြောနေသံကို နားစွင့်လိုက်မိသည်၊ ဟုတ်တ
သော်တာလမင်းက ဝန်ထမ်းတွေအပေါ် သိပ်တင်းတင်းမာမာကြီး မ
ဆံတတ်ဘူး။ အေးအေးဆေးဆေးပဲ၊ ဒီဆိုင်အပေါ်လည်း သိပ်အသ
အသန်ကြီး ဖိဖိစီးစီး လုပ်နေတာ မရှိဘူး၊ ဒီတော့ ဝန်ထမ်းတွေအကြ
ပေါ့။ လခကောင်းကောင်းပေးပြီး pressure (ပရက်ရှာ) ဖိအားသိပ်
တဲ့သူဌေးကို သဘောကျကြမှာပေါ့။

"ဒီလောက်ချမ်းသာနေတာဟာယ် . . . ဘာလို့များ ငွေ
လောဘတကြီး ဆက်ရှာနေလည်း မသိဘူးနော်၊ သူ့အစ်မတွေက သိ
ငွေစကားပြောတယ်လို့ကြားဖူးတယ်"

"အဲဒါကြောင့် အရမ်းလှ၊ အရမ်းတော်နေတာတောင် ယော
မရတာပေါ့"

"ဟဲ့ . . . ဘာဆိုင်လဲ၊ အဲဒီလိုမိန်းကလေးတွေဆို ကြိုက်တဲ့သူ
ဝိုင်းနေမှာပေါ့"





"ကြိုက်တဲ့သူတွေကို သူတို့က ရှေးကွက်တွက်ပြီး ပြန်မကြိုက်နိုင်
တော့ ယောကျ်ားမရတော့ဘူးပေါ့"

"သူတို့မောင်ကိုတော့ ဖူးဖူးမှုတ်ထားတာနော်၊ သူ့မောင်နဲ့ပတ်
သက်ရင် မျက်နှာကို ချိုနေကြတာတဲ့"

"အေးပေါ့ဟဲ့ . . . သူဌေးကလည်း ကြည့်ဦးလေ၊ ဂျပန်လိုလို၊
ကိုရီးယားလိုလိုပုံလေးနဲ့ မှန်နေအောင်ချောတာ၊ မင်းသားလေးကျနေ
တာပဲ . . . ဟီဟီ"

"ကောင်မ . . . ကဲမနေနဲ့၊ မုန့်တွေ တူးကုန်တော့မယ်၊ တူးနဲ့ထွက်
မှ ဟိုအစ်မတွေသိပြီး တစ်ဖွဲ့လုံး အလုပ်ဖြုတ်ခံနေရမယ်"

"ဟယ် . . . လာပြီ . . . လာပြီ . . . လာကြပြီ၊ အသံတိတ်တော့"

မြူလည်း မီးဖိုချောင် မုန့်ဖုတ်ရာဘက်ဆီ လျှောက်လာသော
ခြေသံ ပြင်းထန်သော တခေါက်ခေါက်နှင့်အတူ စကားသံသဲ့သဲ့တို့ကြောင့်
မိမိအလုပ်ကိုယ် ပို၍အာရုံစိုက်လိုက်ပါသည်၊ မုန့်ဖုတ်ဆောင်၏ မုန့်နံ့
တို့ကို လွှမ်းသွားစေလောက်အောင် မွှေးပျံ့သော အကောင်းစားရေမွှေးနံ့
နှင့်အတူ လူရိပ်တချို့ ဝင်လာခဲ့သည်။ ဆိုင်မန်နေဂျာကြီးရယ်၊ စာရင်းအင်း
ကြီးရယ်နဲ့အတူ နတ်သမီးလေးတွေအလား မှန်ညက်ချောမောလှပ
လှသော မိန်းကလေးနှစ်ယောက် ခြံရံပြီး ဝင်လာသည့် သော်တာ
လမင်းနှင့် မြူတို့ အကြည့်ချင်း ဆောဆုံလိုက်ပါသည်။ နောက်တော့ အသိ
အကျွမ်းသိဘာသာပင် မျက်နှာလွှဲလိုက်ကြပါသည်၊

"ဆိုင်က ဖွင့်တာဖြင့် ခြောက်လကျော်နေပြီ၊ ရောင်းအားက သိပ်
မကောင်းသေးဘူး ထင်တော့၊ မကျေနပ်ဘူး။ ဘယ်နေရာ ဘာလိုလဲ၊ သိချင်တယ်၊ ပစ္စည်း
အင်းတွေလည်း အရမ်းသုံးထားတယ်၊ မုန့်ဖုတ်ရင်လည်း ဂျုံ သကြား



www.burmeseclassic.com

www.burmeseclassic.com



ထောပတ်ကအစ ပထမတန်းစားတွေပဲ သုံးထားတာဆိုတော့ Bakery ထဲ
လည်း နာမည်ထွက်ရမှာ မထွက်ဘူး၊ အဲဒီတော့ လာမစစ်လို့ကို မ
တော့ဘူး"

"အဲဒါကြောင့် မကြီးကို မေခင် အကြံပေးတာပေါ့၊ သာမန်မုန့်ဖုတ်
သမားမျိုး မငှားဘဲ Pastry Chef (ပေစရီရှက်(ဖ်)) လက်မှတ်ရထား
လူမျိုး ငှားရမှာ၊ ဒါမှ သူ့ receipe (ရီဆက်ပီ)နဲ့ မုန့်စပ်ပြီး မုန့်လုပ်ရင် အရည်
အသွေးမီတဲ့ မုန့်တွေ ထွက်လာမှာပေါ့"

"ဟုတ်တယ် . . . အခုတော့ မကြီးလည်း မေခင်ပြောတာ လက်
သွားပြီ၊ လူပြောင်းမှဖြစ်မယ်၊ မုန့်တွေကငါမြည်းကြည့်တာတစ်ခုမှမကောင်း
ဘူး၊ ပုံစံလုပြီး ဘာလိုနေမှန်းကို မသိတဲ့ အရသာဆိုတော့ ဘယ်သူက 
ချင်မှာလဲ"

"မောင်လေးကလည်း လိုပါတယ်၊ ဆိုင်ကို နည်းနည်းပါး 
ကြပ်ပါဦးလား၊ ကိုယ့်ဆိုင် ရောင်းရလား၊ မရောင်းရလားတော့ မကြည့်
နေတိုင်း ဘယ်သီချင်းဖွင့်ရမလဲ၊ သောကြာ၊ စနေ၊ တနင်္ဂနွေညနေတွေ
ဘယ်အဆိုတော်နဲ့ unplugged (အန်ပလက်) ရှိုး လုပ်ရမလဲဘဲ ခေါင်း
ထားနေလို့ မရဘူး"

အစ်မတွေအသံက ဆူပူတာမျိုးတော့ မဟုတ်ဘဲ သူတို့ဘာသာ
ဆွေးနွေးတိုင်ပင်ရင်း ပြောသလိုမျိုးမို့ သော်တာလမင်း မျက်နှာတစ်ချ
မပျက်။ မြန်မြန်ပြီး အေးရှောပုံစံဖြင့် အစ်မတွေနောက်က လိုက်နေပေ
လက်ထဲမှာရှိသော အသစ်ဝယ်ထားဟန်တူသည့် ဖုန်းအသစ်ကို ထ
နေသည်။





"ဟိုတစ်ယောက်က ဘယ်သူလဲ၊ စတိုထဲမှာ စားပွဲကုလားထိုင်နဲ့
ပါလား"

မြူ့ကို မြင်သွားပြီး မန်နေဂျာကို မေးလိုက်သံ ကြားရလျှင် မြူ လှုပ်
တောင်မလှုပ်ရဲတော့။ ခေါင်းငုံ့ကာ စာရင်းစာအုပ်ကိုသာ ငုံ့ဖတ်နေမိသည်။
အလုပ်ဝင်ပြီးမှ သိရသည်မှာ တကယ်တော့ ဒီအလုပ်နေရာမှာ မလိုအပ်လှ
တာကိုပင်။ မီးဖိုချောင်တွင် တာဝန်ယူရက်ပြုတ်ရသူတွေ၊ မုန့်ဖုတ်သူတွေ
ထဲမှ အလုပ်ကြီးကြပ်တစ်ဦးကသာ စတိုထဲတွင် ဘာတွေတုန်နေပြီ၊ ဘာ
တွေလိုတယ်၊ ဘယ်အရာ အိပ်စပိုင်ယာဖြစ်ပြီး ရက်လွန်နေတယ်ဆိုတာ
မှတ်လိုက်ရင် ရပြီး မန်နေဂျာကို တင်ပြရုံသာဖြစ်သည်။ သို့သော် သော်တာ
လမင်းကတော့ မြူ့ကို အလုပ်တစ်နေရာပေးလို၍ ကြံဖန်ခန့်ခိုင်းထားသည်
ဖြစ်ရာ မြူ ဒီနေရာကိုဝင်ရတာမျိုး ဖြစ်နေသည်၊ တကယ်တော့ တစ်နေ့
တစ်နေ့ အလုပ်လာပြီးလျှင် ဘာမှတောင် လုပ်စရာမရှိ။ မီးဖိုချောင်ဘက်
မုန့်ဖုတ်တဲ့ဘက်ကတွေ စာရင်းနှင့်တကွ ပစ္စည်းလာထုတ်ရင် စာရင်းမှတ်ရုံ၊
ဒီနေ့ ပန်းကန်ဘယ်နှစ်ခု ပဲ့တယ်၊ အက်တယ်၊ ကွဲတယ်ဆိုတာ တင်ပြရင်
မှတ်ရုံအပြင် ဘာမှမလုပ်ရ။ ဟိုယောင်ယောင်၊ ဒီယောင်ယောင်။ ဟိုနေရာ
သွားရပ်ကြည့်၊ ဒီနေရာ သွားရပ်ကြည့်နှင့်သာ အချိန်ကုန်နေသည်။

"သူက စတိုကီပါပါ"

"ဘာရယ်၊ စတိုကီပါ . . . ဟုတ်လား၊ အဲဒီနေရာ လိုလို့လား၊ ဒီ
အလုပ်မှာ ဝင်သမျှလူကို ကျွန်မတို့ညီအစ်မနဲ့ ဦးထင်ကျော်ပဲ အင်တာဗျူးပြီး
ခန့်ထားတာလေ"

"အခု သူ့ကို ဘယ်သူခန့်တာလဲ"

"ကျွန်တော်ခန့်ခိုင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



သော်တာလမင်း အမှတ်မထင် ပြောလိုက်သော စကားကြောင့် အစ်မနှစ်ယောက်၏ မျက်လုံးအကြည့်တွေ ဒိုင်းခနဲ သူ့ဆီရောက်လာတော့သည်။

"သူ အလုပ်တစ်ခုရဖို့ သိပ်လိုနေလို့ အကူအညီပေးလိုက်တာ၊ သူ့ကို ကျွန်တော် ထောက်ခံပေးတာကြောင့် ဦးထင်ကျော် ခန့်လိုက်တာပဲ၊ ဒီတစ်နေရာပေးပြီးခန့်လို့ ဘာမှဖြစ်မသွားပါဘူး"

"အမယ်လေး . . . အမယ်လေး . . . ဘာပြောတယ်၊ ဝိုက်ဆံတွေ အလကားအလှူပေးချင်တဲ့လေသံနဲ့"

"ဒါ ကျွန်တော့်ဆိုင်၊ မကြီးနဲ့မလေး ကူညီသင့်သလောက် ကူညီပြီးပြီ၊ နောက်ပိုင်း ကျွန်တော့်ဘာသာ ဘယ်သူ့ခန့်ခန့်၊ ဘယ်သူ့ဖြုတ်ဖြုတ်ရှာ"

သော်တာသက်ထားနှင့် သော်တာမေခင်တို့မှာ မောင်ကိုချစ်စိတ်ဖြင့် မောင်ဖြစ်သူက ကလန်ကဆန် ဂျစ်ကန်ကန်ပြောတာကို မနာ၊ အပြစ်လည်း မမြင်၊ သို့သော် မဆိုင်တဲ့သူ မဲတယ်ဆိုတဲ့စကားအတိုင်း ချက်ချင်းပင် မြှူကို မျက်လုံးစိမ်းစိမ်းကြီးတွေဖြင့် စိုက်ကြည့်လာတော့သည်။ တရားခံတစ်ယောက်ကို ရှာဖွေစစ်ဆေးမေးမြန်းတော့မလို စေ့စေ့စပ်စပ်ကြည့်နေပုံမှာ အရည်တောင် ပျော်ကျတော့မတတ်ပင်။ ဦးထင်ကျော်ဆိုတာ မျက်နှာပျက်ကြီးပျက်လျက် ပြုံးရမလို၊ မဲ့ရမလိုမျက်နှာ ဖြစ်နေတော့သည်။

မြှူအနားရောက်လာသောအခါ မြှူ အလိုလိုနေရင်း ထရပ်ပြီးသား ဖြစ်နေသည်။ သော်တာလမင်းကတော့ စိတ်ပျက်တဲ့ပုံစံဖြင့် ဒီဘက်လိုက်မလာဘဲ ခါးကို ခပ်ပြေပြေထောက် ရပ်ကြည့်နေခဲ့သည်။ မြှူ သူ့ကို မကြည့်ရဲ၊





၌ မျက်လုံးချင်းဆိုင်အောင် မကြည့်ဘဲ မျက်နှာလွှဲနေသည်ဖြစ်ရာ သူ မြှူကို ဘယ်လိုမျက်နှာအမူအရာနဲ့ ကြည့်နေသလဲဆိုတာ မသိရပါ။

"ဒီမှာ ဘာတာဝန်တွေ ယူရသလဲ ပြောပါဦး"

သော်တာသက်ထားက အချိုသာဆုံးအသံဖြင့် စမေးလိုက်သည်။ ချက်ချင်းပင် ချိုသာနူးညံ့သော မျက်နှာအမူအရာ ဖြစ်သွားဟန်ကြောင့် မြှူပင် အံ့ဩရသည်။ ခုနကတော့ ချက်ချင်းပဲ အလုပ်ထုတ်တော့မလိုပုံစံ ခါလား။

"ကျွန်မ . . . ကျွန်မ . . . စတိုကို ကြီးကြပ်ရပါတယ်၊ ပစ္စည်းအဝင်အထွက်စာရင်းတို့၊ လိုအပ်တာဝယ်ဖို့ စာရင်းတို့ လုပ်ရပါတယ်"

"စာရင်းကိုင်တက်ထားဖူးလား"

"မတက်ဖူးပါဘူး"

"ဒါဖြင့် အရင်က ဘာလုပ်ငန်းအတွေ့အကြုံရှိလဲ"

"အရင်က မူကြိုမှာ အကူဆရာမလုပ်ပါတယ်"

"ပညာအရည်အချင်းကရော"

"အဝေးသင်နဲ့ ကျောင်းပြီးသွားတာ သိပ်မကြာသေးပါဘူးရှင်၊ ဆိုင်းအဝိကနဲ့ ပြီးပါတယ်"

"ဒီနေရာမှာ ကျွမ်းကျွမ်းကျင်ကျင်ဖြစ်ချင်ရင် စာရင်းကိုင်ဒီပလိုမာတော့ ယူထားလိုက်ပါ၊ စာရင်းဇယားတွေက အမြဲလုပ်နေရတာလေ၊ အမှားနည်းစေချင်လို့ပါ"

"ကိုယ့်ဘာဝလည်း ဝိုတိုးတက်ပြီး ကောင်းတဲ့အလုပ်တစ်နေရာလောက်ရှာရင် ထပ်ရှာနိုင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“သာမန်တော်စီဆိုင်လေးမှာ စတိုကီပါလုပ်နေရလို့တော့ ဘာ
လာမှာမဟုတ်ဘူးလေ၊မတို့က စေတနာနဲ့အကြံပေးတာနော်”

ညီအစ်မနှစ်ယောက် ရှိုးသာနွဲ့သွဲ့စွာ တစ်ယောက်တစ်လှည့်
ပြောနေပုံမှာ ဘာအဓိပ္ပာယ်မှန်းကို မသိ။ မြူမှာ ကိုယ့်ကို အထက်စီး
ဆက်ဆံဘဲ တရင်းတနှီးပုံစံနဲ့ မေးမြန်းပြောဆိုသော အစ်မနှစ်ယော
တို့ကို ခင်မင်ရင်းစိတ် ဖြစ်ရမည့်အစား ပိုချိုပိုချဉ် ကြောက်လာလေသည်
ရှိုးသာနွဲ့သွဲ့သော စကားသံတွေနောက်ကွယ်မှာ ဘာတွေရှိနေမလဲ။

“ကဲ ... ခုပဲ မှတ်ထားလိုက်ပါ၊ စတိုကီပါဆိုပေမယ့် ဆိုင်အတွ
လိုအပ်တာလေးရှိရင် မန်နေဂျာကို အကြံပေးရမယ်၊ သတိပေးရမယ်
တော့ ဘေကာရီက အခု မုန့်အရည်အသွေးတွေကျပြီး ရောင်းမကောင်း
ဖြစ်နေတယ်၊ မုန့်ဖုတ်နည်းတတ်ရုံနဲ့ မရဘူးဆိုတော့ Pastry Chef အ
ငှားရမယ်ဆိုတာလေး မှတ်ထားလိုက်ပါ”

Pastry Chef တဲ့။ မြူသည် အင်္ဂလိပ်စာလည်း အားနည်းလှသ
ဖြစ်ရာ ဘယ်လိုစာလုံးဖေါင်းမှန်းပင် မသိ။ ဘယ်လိုရေးရမှန်းပင် မသိ
တော့ မြန်မာလိုပင် ပေစရီရှက်(ဖ်)ဟု အသံထွက်အတိုင်း ချရေးရ
သည်။ မြူ ဘာရေးသလဲ ကြည့်နေသော အစ်မနှစ်ယောက်တို့ကတော့
စကားလုံး ချရေးတာမြင်လျှင် နှုတ်ခမ်းတွေ မသိမသာ ဖွဲ့လိုက်ကြသည်
ဒါလေးတောင် အင်္ဂလိပ်စာလုံးနဲ့ မရေးတတ်ဘူးလားပေါ့။

စတိုနဲ့မဆိုင်တာတွေ တစ်ယောက်တစ်လှည့်စီပြောပြီး ရေး
နိုင်းပြန်လေရာ မြူမှာ ချွေးပြန်ရသည်။ အင်္ဂလိပ်စာလုံး တော်တော်များ
ပါသော အကြောင်းအရာတွေကို ရေးရမှာ အတော်အခက်တွေ့လှ





ကြောင့် မြူ ထွက်ပြေးချင်လာတဲ့အထိပင်။ ဆယ်မိနစ်လောက် ဒုက္ခရောက်
ပြီးသောအခါမှ ညီအစ်မနှစ်ယောက် ဆိုင်ထဲက ပြန်ထွက်လေသည်။

မြူသည် ရုပ်ရည်ချောမောလှပြီး အပြောအဆို လည်ဝယ်သော
ဒီညီအစ်မနှစ်ယောက်ဟာ မြူနဲ့ သော်တာလမင်းကို မယုံသင်္ကာဖြစ်ကြမှန်း
အလိုလိုသိနေသည်။

သူတို့ အကုန်ပြန်သွားပြီး သိပ်မကြာပါ။ မြူထံ မက်ဆေ့ချ်ဝင်လာ
သံကြားသဖြင့် ဖုန်းကို စစ်ကြည့်လိုက်ရာ ...

“မြူလင်းလင်း အခု ထွက်လာခဲ့ပါ၊ တွေ့ကြမယ်”

သော်တာလမင်းဆီမှ မက်ဆေ့ချ်ဖြစ်နေလျှင် မြူ စိတ်ရှုပ်သွား
ပါသည်။

“အလုပ်ရှိန်ကြီး ... ကျွန်မ ... ထွက်လာလို့ မရဘူးထင်တယ်”

မြူ ပြန်ရေးပို့သော ဝါကျအစီအစဉ်မလှတဲ့ စာလုံးပေါင်းမမှန်တဲ့၊
အကျိုးအပဲ့ အင်္ဂလိပ်စာတွေကို သော်တာလမင်း ဖတ်ရှုတော့ ရမည်
ထင်သည်။

“နေ့တစ်ဝက်ခွင့်ယူပြီး ထွက်လာခဲ့၊ ဒီအလုပ်ပိုင်ရှင်ဟာ ဘယ်သူ
လဲဆိုတာ သိတယ်နော်၊ အကြောင်းပြနေဖို့ မလိုပါဘူး၊ ခုပဲ ထွက်လာခဲ့ပါ”

အဓိပ္ပါယ်ဆန်သော အကြောင်းတွေကို ကြိုးစားဖတ်ရင်း အင်္ဂလိပ်
စာအားနည်းလှသော ကိုယ့်ကိုယ်ကို ဒီတစ်ခါ တော်တော်စိတ်ပျက်သွားမိ
သည်။ ဆယ်တန်းအောင်တုန်းက အောင်ရုံလေးရခဲ့သော အမှတ်ပိုင်ရှင်
မြူသည် သော်တာလမင်းတို့လို နိုင်ငံခြားမှာတောင် ကျောင်းသွားတက်
လာသည့်သူက ရေးသော သာမန်အင်္ဂလိပ်စာကြောင်းတွေကိုပင် ဖတ်ရ



www.burmeseclassic.com

www.burmeseclassic.com



တာ တော်တော်အခက်အခဲရှိနေတော့၏။ နောက်ဆို မက်ဆေ့ရှ်မပို့ဘဲ ဖုန်းပဲဆက်ပါလို့ပြောရင်ကောင်းမလား။ ဒါမှမဟုတ် မြန်မာစာကိုပဲ အင်္ဂလိပ်လို အသံထွက်ပေါင်းသော Myanglish (မြန်မာအင်္ဂလိပ်၏)အရေးအသားတိုပဲ သုံးခိုင်းရင် ကောင်းမလား။

ဘာပဲဖြစ်ဖြစ် မြူသည် သော်တာလမင်းကို မလွန်ဆန်နိုင်သည် ဖြစ်ရာ မန်နေဂျာကို မရဲတရဲ သွားတွေ့ပြီး…

"ကျွန်မအဒေါ် နေမကောင်းလို့ နေ့တစ်ဝက်ခွင့်ယူပြီး ပြန်ချင်ပါတယ်"

လို့ လိမ်ညာခွင့်တိုင်ရတော့သည်။

"ရတယ်၊ ပြန်ပါ၊ မနက်ဖြန်တော့ စောစောလေး လာလိုက်ပါ၊ လုပ်စရာလေးတွေ ရှိတယ်"

"ဟုတ်ကဲ့"

မန်နေဂျာ ဦးထင်ကျော် မျက်နှာသိပ်မကောင်းလှတာကို သတိထားမိသည်။ ဟိုအစ်မတွေ ဘာများပြောသွားပါလိမ့်။ မြူ အလုပ်အတွက်တော့ ရင်ထိတ်သွားပါသည်။

မြူ ဆိုင်အပြင်ထွက်လာပြီးမှ သူက ထွက်လာခဲ့သာ ပြောတယ်၊ ဘယ်မှာဆုံမှာလဲဆိုသော အတွေးက ခေါင်းထဲရောက်လာသည်။ မြူ ဟိုကြည့်ဒီကြည့်ဖြင့် လမ်းပလက်ဖောင်းတစ်လျှောက် လျှောက်လာစဉ်မှာ မြူ အနားကို ကားထိုးရပ်လာသည်။

"လာ…တက်"

မြူသည် သော်တာလမင်းကားထဲကို တံခါးဖွင့်ဝင်ထိုင်လိုက်ရသည်။ မြူ ဝင်ထိုင်လိုက်တာနဲ့ ချက်ချင်း မောင်းထွက်လိုက်သောကြောင့်





ရှေ့ကို ငိုက်သွားကာ ခေါင်းဆောင့်မိတော့မလိုတောင် ဖြစ်သွားပါသည်။ ဘာတွေ စိတ်တိုနေတာလဲ။ မြူ … မမေးရဲ၊ သူ့ကိုဆို အခုနောက်ပိုင်းမှာ အရှိန်အဝါတစ်မျိုးနဲ့မို့ မြူ ကြောက်နေတတ်လေသည်။

စိမ်းလန်းစိုပြေထဲ ကားဝင်ရပ်လိုက်ပြီးမှ သော်တာလမင်း စကားပြောလေသည်။

"မြူလင်းလင်း ဒီအလုပ်မရှိတော့ရင် ဘယ်လိုရင်ဆိုင်မယ် စိတ်ကူးထားလဲ"

မြူနှားထဲ ဗုံးတစ်လုံးအနီးကပ်ပေါက်သလိုပင် စံစားလိုက်ရသည်။ သူ့အစ်မတွေက မြူ့ကို အလုပ်ဖြုတ်ဖို့ ပြောလိုက်ပြီလား။

"ဘယ်လိုရင်ဆိုင်ရမလဲ၊ ဒီလိုပဲပေါ့၊ အလုပ်ထပ်ရှာရမှာပေါ့၊ အလုပ်မရှိလို့မှမဖြစ်တာ၊ ဘွဲ့တစ်ခုရပြီးပြီ၊ ခုထိဝင်ငွေတစ်ပြားမှမရှိသေးဘူးဆိုရင် ဘယ်သူကမှ ကြည်ဖြူမှာမဟုတ်ဘူး"

"ကျွန်တော်ကတော့ အလုပ်မဖြုတ်ပါဘူး၊ ဒါပေမယ့် မကြီးနဲ့ မလေးက မန်နေဂျာကို ဖိအားပေးတော့မယ်၊ မန်နေဂျာဆိုတဲ့လူကလည်း ကျွန်တော့်အစ်မတွေကို ဒီကိစ္စမှာ မလွန်ဆန်နိုင်မှန်း သိသွားပြီဆိုတော့ မြူလင်းလင်းကို သူက မဲတော့မှာပဲ၊ စတိုနေရာမှာ ကြီးကြပ်ဖို့ လူ မလိုဘူးဆိုပြီး ပင်ပန်းတဲ့မုန့်ဖုတ်တဲ့နေရာကို ပို့ရင်ပို့မယ်လို့ ထင်တယ်၊ အဲဒီဘက်က လခလည်း သိပ်မကောင်းဘူး၊ ပင်လည်း ပင်ပန်းတယ်၊ မြူလင်းလင်းကို မလုပ်စေချင်ဘူး"

"အလုပ်ဖြုတ်တာထက်စာရင် တော်သေးတာပေါ့"

"မဟုတ်ဘူး … မြူလင်းလင်း၊ မင်း နားမလည်ဘူးနော်၊ မင်း အလုပ်လည်းပင်ပန်းမယ်၊ အစ်မတွေကလည်း မင်းကို လာလာပြီး ပြက်ရှာ



www.burmeseclassic.com

www.burmeseclassic.com



ပေးတော့မယ်၊ မန်နေဂျာကလည်း အစ်မတွေ မျက်နှာလိုအားရ မင်းကို ပို မိမယ်၊ ကဲ…အဲဒီလိုမျိုးမှာ ဆက်လုပ်ချင်သေးလား"

သူက မြူ့ ဆံပင်လေးတွေ ပါးပြင်ပေါ် ဝဲကျနေတာကို သိမ်းပြီး မြူ့ နားရွက်နောက်ထဲ ထိုးထည့်ပေးရင်း ပြောပါသည်။ သူ့ရဲ့ ယုယကြင်နာမှုကို မြူ ကျေနပ်စွာ ခံယူလိုက်မိသည်။

မြူ သူ့ကို ချစ်သည်လေ။ သူဟာ မြူ့ဘဝရဲ့ အိပ်မက်ထဲက မင်းသားလေးတစ်ပါးမို့ မြူ ချစ်မိလေပြီ။ အနေနီးစပ်တာကြောင့်လား၊ သူ့ရဲ့ တယုတယ ဆက်ဆံမှုတွေကြောင့်လား၊ ဂရုစိုက်တတ်မှုတွေကြောင့်လား။ မြူ တစ်ခုမှ မစဉ်းစားချင်။ မြူ အနေသိတာက သူ့ကို ချစ်တာတစ်ခုတည်းပင်။ သူ့ဘက်က ဘယ်လိုသဘောထားသည်ပဲဖြစ်ဖြစ် မြူသည် ဓာတပိုင်ဆိုင် ခွင့်ရသည့် အိပ်မက်ကမ္ဘာကို တမက်တမော ပျော်ရွှင်မိလေသည်။

"ကျွန်တော် ဝန်ခံတယ်၊ ကျွန်တော်က အလုပ်မှာ လုံးဝစိတ်မဝင် စားတဲ့ကောင်၊ ဆိုင်သာဖွင့်လိုက်တယ်၊ အားလုံးဟာ ကျွန်တော့်အစွမ်းအစ ဘာမှမပါဘူး။ အစ်မတွေ အစအဆုံး စီစဉ်ပေးလို့ နာမည်တစ်လုံး ကောက် ပေးပြီး ဖွင့်လိုက်တဲ့သဘောပဲ၊ ဒီဆိုင်ရဲ့ စာရင်းဇယားတွေတောင် မဖတ်ဖူး ဘူး။ သူတို့ပဲ ကိုင်တာလေ၊ သူတို့ကြိုက်သလို လုပ်လို့ရတယ်"

"အဲဒီတော့ ကျွန်မ ဘာလုပ်ရမလဲ"

"ကျွန်တော့်အသိမိတ်ဆွေတွေဆီမှာ အလုပ်ကောင်းရနိုင်မလား လို့တော့ စုံစမ်းပေးထားမယ်၊ ခုလောလောဆယ် မြူလင်းလင်း ဒီဆိုင်မှာ ဆက်လုပ်လို့တော့ ရပါတယ်၊ ဒါပေမယ့် အနေနဲ့အမြန်ပဲ အပြောင်းအလဲ တွေဖြစ်ကုန်လိမ့်မှာတော့ သေချာတယ်"





"လမင်း ရှင်ကသာ စိတ်ပူနေတာပါ။ ကျွန်မကတော့ ပင်ပန်းတာ ကို ခံနိုင်ရည်ရှိပါတယ်၊ ရှင့်အတွက် ပင်ပန်းပေမယ့် ကျွန်မအတွက်တော့ ပင်ပန်းချင်မှ ပင်ပန်းမှာပေါ့"

"မဟုတ်ဘူး၊ မလုပ်ရဘူး၊ ဒီလိုအလုပ်မျိုး မင်း မလုပ်ရပါဘူး၊ ကျွန်တော်လည်း ပေးမလုပ်ဘူး"

သူ့ရဲ့စေတနာစကားသည် မြူ့ရင်ကို အေးငြိမ့်ကာ တစိမ့်စိမ့် ဝိတိ ဖြစ်ခံစားရစေလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# (၁၁)

နှစ်ပတ်လောက်ကြာသောအခါ ဦးထင်ကျော်က မြူကို ခေါ်

ပါသည်။ စတိုကီပါနေရာဟာ မလိုအပ်တော့ကြောင်းနဲ့ မြူကိုလည်း အလု

ဆက်ပေးချင်တာမို့ ဘောကာရီမှာဖြစ်ဖြစ်၊ မီးဖိုချောင်မှာ ချက်ပြုတ်ဆေ

စားဖိုမှူး (Chef) ရဲ့အကူဖြစ်ဖြစ် ဝင်လုပ်ခွင့်ပေးကြောင်းတွေ ပါသည်။

မြူ ကြည်ကြည်ဖြူဖြူ၊ ကျေကျေနပ်နပ်ပင် မီးဖိုချောင်အကူနေ

ကို လက်ခံလိုက်ပါသည်။ မီးဖိုချောင်အကူဖြစ်၍ လိုအပ်သော အသီးအရွ

တွေ လှီးရ၊ ထောင်းရတာတွေရှိမည်။ အသားငါးတွေ ခုတ်ထစ်ဆေးကြေ

ပေးရတာ ရှိမည်။ စားဖိုမှူးက ညွှန်ကြားလျှင် အတုံးတုံးသင့်တာတုံး၊ ကြေ



သင့်တာကြော်၊ ပြုတ်သင့်တာပြုတ်ပေးရမည်ဆိုတာတွေ ရှင်းလင်းပြောဆို

ပြီးမှ မြူကို မီးဖိုဆောင်သို့ လွှဲပေးလေသည်။

မြူကတော့ ဘာအလုပ်ပဲလုပ်ရလုပ်ရ ကျေနပ်သဖြင့် သော်တာ

လမင်းကို ပြန်မပြောတော့ပါ။ မြူကို လခလည်းမလျှော့ကြောင်း သိထား၍

မြူသည်မီးဖိုချောင်အကူအလုပ်ကိုကျေနပ်ပျော်ရွှင်စွာပင်ယူလိုက်ပါသည်။

မြူ ဒီနေရာပြောင်းပြီး နှစ်ပတ်ကျော်ကြာတဲ့အထိ သော်တာလမင်း မသိပေ။

သူ ဆိုင်ကိုလာရင်လည်း ခဏတစ်ဖြုတ်လာပြီး မန်နေဂျာနဲ့သာ စကားပြော

ပြန်တတ်သဖြင့် မြူ ဘယ်နေရာမှာ ရှိသလဲပင် သူ သတိထားမိပုံ မရ။

တစ်ပတ်တစ်ရက်တော့ မြူရဲ့ အားရက်ရပါသည်။ အရင်ကဆို

ခြောက်ရက်လုပ်၊ နှစ်ရက်နားမဟုတ်ဘဲ တစ်ပတ်တစ်ရက်မှာ ကိုယ်နားချင်တဲ့

ရက် ပုံသေယူရသဖြင့် မြူက တနင်္ဂနွေတစ်ရက်ကို ယူလိုက်ပါသည်။ ဘာ

ကြောင့်လဲဆိုတော့ များသောအားဖြင့် သော်တာလမင်းဟာ တနင်္ဂနွေနေ့

တွေဆို အပြင်ထွက်ဖို့ ဆက်သွယ်တတ်၍ပင်။

ဒါပေမယ့် ဒီဝိတ်ရက်တနင်္ဂနွေမှာတော့ သူ အပြင်ထွက်လာဖို့

မခေါ်ပါ။ သို့သော် မြူအတွက်တော့ အပြင်ထွက်စရာကိစ္စရှိသဖြင့် ထွက်

လာခဲ့သည်။ အဒေါ်က ...

"သမီးမြူရေ ... ဒေါ်လေး မနေ့က အားနည်းပြီး မူးလဲလို့ ဆေးခန်း

သွားလိုက်ရတယ်၊ ဆရာဝန်က သွေးအားနည်းလွန်းလို့ နလုံးမှာပါအားနည်း

ပြီး နလုံးရောဂါဖြစ်မလိုတောင် သံသယဖြစ်နေပြီပြောတာပဲ၊ ရောဂါပိုဆိုး

မလာစေချင်ရင် သွေးအားတိုးဆေးတော့ ပုံမှန်စားရမယ်ဆိုတာပဲ၊ သမီး

အားရက်ကျ ဒေါ်လေးကို ဆေးသွားဝယ်ပေးပါကွယ်၊ ဒေါ်လေး ပိုက်ဆံပေး

ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ အကူအညီတောင်းလာလျှင် မြူ့ လိုလိုလားလားဝင် ရေ မိသည်။

"တနင်္ဂနွေနေ့ မြူ အားပါတယ် . . . ဒေါ်လေးရဲ့ ဆေးလည်း သွ ဝယ်ပေးမယ်နော်၊ ပိုက်ဆံလည်း မပေးပါနဲ့၊ မြူ ဝယ်တိုက်ပါ့မယ်၊ ဒေါ်လေ ဆေးဖိုး မြူ အကုန်ခံလိုက်ပါ့မယ်"

အဲဒါနဲ့ပဲ မြူတစ်ယောက် ဆေးဝယ်ဖို့ မြို့ထဲက ဆေးဆိုင်ကြီး ထွက်လာခဲ့ရတော့သည်။ ဘာကြောင့် အနီးအနားမှာ မဝယ်လဲဆိုသေ ဆရာဝန်ရေးပေးလိုက်သောဆေးမှာအလွန်ဈေးကြီးပြီးသာမန်ရပ်ကွက် ဆေးဆိုင်လေးတွေမှာ ဝင်လေ့မရှိသော ဆေးမျိုးဖြစ်နေလေရာ အနီးအ ဘယ်ဆိုင်မှာမှ ရှာမရဘဲဖြစ်နေ၍ မြို့ထဲရှိ ဆေးဆိုင်ကြီးတစ်ဆိုင်ကို ည တာနဲ့ပဲ ထွက်လာရတာဖြစ်သည်။

ဘတ်စ်ကားပေါ်ကဆင်းပြီး ဆေးဆိုင်ရှိရာဆီ လျှောက်လာစဉ်

"ဟေး . . . မြူ . . . မြူလင်းလင်း"

ဟူသော နောက်က လှမ်းခေါ်သံကြောင့် . . .

"ဪ . . . ကိုမင်းပိုင်"

"ဘယ်လာတာလဲ"

"ဒီနားက ဆေးဆိုင်တွေမှာ ဆေးတစ်ခု လိုက်မေးဝယ်မလ ကျွန်မတို့နားက ဆေးဆိုင်လေးတွေမှာကျ မတင်ဘူး၊ မြို့ထဲက ဆေး တွေမှာ ရှိတယ်ဆိုတာနဲ့"

"ပြပါဦး . . . ဘာဆေးလဲ"

သူက ဆေးကျောင်းသားပဲ၊ ဆရာဝန်တောင် ဖြစ်ခါနီးပြီ၊ ဆေ ပတ်သက်ရင် သိမှာပဲ၊ ဒေါ်လေးရောဂါကို ပြောပြရင် သူ့ဆီက မှတ်





တော့ ကြားရမှာပဲဆိုသော အထင်ကြီး အားကိုးစိတ်က တဒင်္ဂမှာ ဖြစ်သွား ပါသည်။

"ဪ . . . ဒီဆေးပဲ"

"ဒေါ်လေးအတွက်လေ၊ ခေါင်းအရမ်းမူးမူးနေလို့တဲ့၊ ဆေးခန်း သွားပြတော့ သွေးအားသိပ်နည်းနေတယ်၊ သွေးအားနည်းလွန်းလို့ နလုံးကို တောင် ထိနိုင်တယ်ပြောတာ၊ အဲဒါ ဘာများဖြစ်နိုင်မလဲ ကိုမင်းပိုင်၊ ကျွန်မ စိတ်တော်တော်ပူမိတယ်"

"လာ . . . လာ . . . ဆေးဝယ်ပြီးရင် တစ်နေရာရာမှာ ထိုင်စကား ပြောကြတာပေါ့၊ မြူနဲ့မတွေ့တာတောင် ကြာပြီ၊ မြူပုံစံလည်း ပြောင်းသွား တော့ မှတ်တောင် မမှတ်မိလို့ မနည်းလှမ်းကြည့်ယူရတယ်"

မြူမှာ ရှက်သလိုဖြစ်ပြီး ခေါင်းငုံ့မိသည်။ အခုနောက်ပိုင်း သော်တာ လမင်းက တစ်မျိုးပြီးတစ်မျိုး ဝယ်ပေးလွန်း၍ မြူ့အဝတ်အစားတွေပင် သား သားနားနားဖြစ်နေသလို ခေတ်လည်း မီနေသည်။ မဝတ်ချင်ပါဘူး ပြော သည်း မရဘဲ အတင်းဝယ်ဝယ်ပေးသဖြင့် မြူ လက်ခံထားရပြီး ဝတ်လည်း တ်ဖြစ်ပါသည်။

ဆေးဆိုင်မှာ သူကိုယ်တိုင်မေးမြန်း၊ ဈေးဆစ်ဝယ်ပေးသော မင်း ပိုင်ကို မြူ အထင်ကြီးစွာ ငေးနေမိသည်။ ဆေးကို အင်္ဂလိပ်လို ရေးထားတာ မြူ တလုံးပေါင်းကြည့်တာတောင် ဘယ်လိုအသံထွက်ရမှန်းမသိချိန်မှာ င်းပိုင်ကတော့ အလွယ်တကူဖတ်ပြီး မေးဝယ်နိုင်လေသည်။ မြူသာဆို င် ဆေးရောင်းသူလက်ထဲ ဆရာဝန်ပေးလိုက်သော စာရွက်ကြီး ထိုးထည့် းဝယ်မှာဖြစ်သည်။

"အအေး သောက်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းပိုင် သဘောပါပဲ"

အနီးအနားမှာရှိသော အအေးဆိုင်ကြီးတစ်ဆိုင်မှာ ဝင်ထိုင် ခါသည်။ မျက်နှာချင်းဆိုင်ထိုင်မိကြတာမို့ မင်းပိုင်က မြူ့မျက်နှာကို သော အကဲခတ်ရင်း...

"မြူ့မျက်နှာက တစ်မျိုးပဲ၊ ထူးတော့ထူးခြားနေတယ်၊ ပိုလှ သလိုပဲ၊ ဆံပင်ပုံစံကြောင့်လားမသိဘူး"

ဟု ထပ်ပြောပြန်သည်။ မြူ ရှက်ကိုးရှက်ကန်း ရယ်မိသည်။ ခါးတောင်အကောင်းစားရှင်မတောင်သံနပ်ခါး ဝယ်မလိမ်းနိုင်ခဲ့သော အခုတော့ သော်တာလမင်းဝယ်ပေးသမျှ နေ့လိမ်းခရင်မ်တို့၊ ညလိမ်း တို့ကို လိမ်းနေရတာ မင်းပိုင်ကို မပြောရဲ၊ အကောင်းစား နိုင်ငံခြ ကရင်မ်တွေနဲ့ လိမ်းရင်လိမ်းသလိုပဲ အသားအရည် ဝင်းပတက်လာ နဂိုက ခပ်ညိုညိုမျက်နှာပြင်မှာ ဝင်းပညိုညက်လာတာတော့ အမှ မျက်လုံးကလေးကြည်ပြီး လှသော မြူ့မျက်နှာသည် အသားအရည် လာတာကြောင့် ပိုပေါ်လာပြီး သိသိသာသာလေး လှလာပါသည်။

"မြူနဲ့လမင်းတို့ အဆင်ပြေနေကြပြီလား"

"ကိုမင်းပိုင်ကို သူ ဘာပြောထားလဲ"

"ကျွန်တော်နဲ့သူ မတွေ့တာကြာပြီ၊ သူလည်း ကျွန်တော့်ကို တယ်၊ ကျွန်တော်လည်း သူ့ကို ရင်ဆိုင်မိရင် ပြဿနာဖြစ်မှာစိုးလို့ သူ့ တွေ့ဆုံရင် သွားမတွေ့ဘူး"

ဘာကြောင့်လဲဆိုတာ မြူ သိနေသဖြင့် ဆက်မမေးတော့ နေမိသည်။





"မြူတို့ရဲ့ ပတ်သက်မှုကိုတော့ ဝင်မပါချင်ပါဘူး၊ ဒါပေမယ့် လမင်း သတိထားပါ၊ သူ့စိတ်က ဘယ်လိုပြောမလဲ၊ ကလေးတစ်ယောက် အရုပ် တစ်ရုပ်ကို ကြိုက်တဲ့စိတ်ဓာတ်မျိုးလိုပါပဲ၊ သိပ်လိုချင်တုန်း သိပ်ကြိုက် တုန်းမှာ မက်မက်မောမောရှိပေမယ့် ရိုးသွားရင် လှည့်တောင်ကြည့် မှာ မဟုတ်တဲ့ စိတ်ဓာတ်ရှိတယ်၊ မြူ သတိထားပါနော်"

ဒါပေမယ့် မြူ သူ့ကို ချစ်နေမိပြီလို့ နှလုံးသားထောင့်တစ်နေရာမှာ တိတ်တိတ်လေး ညည်းညူမိသည်။ မင်းပိုင်ရဲ့စေတနာနဲ့ သတိပေးသော စကားတွေကို မြူ စိတ်တော့မဆိုးပါ။ မြူကိုယ်တိုင်လည်း အမှတ်မထင်မက် သော အိပ်မက်ကို လက်ဆုပ်လက်ကိုင် ဖမ်းဆုပ်နိုင်၍ ရမယ်မှန်း မျှော် လင့်မနေခဲ့ချေ။ မြူ အအေးပိုက်တံလေးကို လက်ဖြင့်လှည့်ရင်း ငြိမ်သက်နေ သည်။ မင်းပိုင်က မြူ့ကို မလွတ်တမ်း စိုက်ကြည့်နေလေရာ မြူ အသာ မျက်လွှာချထားရပါသည်။ တခြားတစ်နေရာကနေ လှမ်းကြည့်သူတွေ တွက်တော့ ချစ်သူစုံတွဲလေးနှစ်ဦး တစ်ယောက်နဲ့တစ်ယောက် စိုက် ကြည့်ကာ ကြည်နူးနေကြဟန်မျိုး ဖြစ်နေပါမည်။

"မြူလင်းလင်း"

အနားမှာလာရပ်ကာ ရုတ်တရက် ဟိန်းဟောက်သလို အော် သော ခေါ်သံကြောင့် မြူ တုန်ယင်ချောက်ချားစွာပင် မော့ကြည့်လိုက် သည်။ ဘာကြောင့်လဲဆိုတော့ ဒီအသံပိုင်ရှင်ဟာ သော်တာလမင်းပဲ ကြောင်း မြူ သိနေ၍ပင်။

"လမင်း"

"မင်းပိုင် မင်းကို ဘာပြောထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ကို အမိန့်ပေးစရာ မလိုဘူး၊ လွှမ်းမိုးချုပ်ကိုင်စရာ မလိုဘူး လမင်း၊ ငါ သူနဲ့ စကားပြောချင်ရင် ပြောမယ်၊ တွေ့တဲ့အခါ နှုတ်ဆက်ရင် နှုတ်ဆက်မယ်၊ ဘာမှ ရှောင်စရာမလိုဘူး"

"မြူလင်းလင်းကို ငါ ပိုင်တယ်၊ မင်း လာရှုပ်စရာ မလိုဘူး၊ လာအိ စရာ မလိုဘူး၊ မင်းဘာသာ သတ္တိမရှိလို့ နောက်ကျကျန်ခဲ့ပြီးမှ ပြန်လာလု ချင်လို့ မရဘူး"

"ဟော့ကောင် . . . သူငယ်ချင်းချင်းတွေကွာ၊ မင်း အဲဒီလောက် သွေးစိမ်းဆန်ဆန် ပြောစရာမလိုပါဘူး၊ မင်းနဲ့ငါ ရန်သူလည်း မဟုတ်ဘူး မိန်းကလေးတစ်ယောက်ကြောင့် ကိုယ့်သူငယ်ချင်းကို ရန်သူလိုမျိုး အညှိုး ဖွဲ့တဲ့ ခပ်ညံ့ညံ့ကောင် မဖြစ်ချင်စမ်းပါနဲ့"

"မင်းသာ သူနဲ့ ခပ်ဝေးဝေးနေရင် မင်းနဲ့ငါ လာငြိစရာ မရှိဘူး မင်းပိုင်"

လူတော်တော်များများ သတိထားကြည့်မိကြတာမြင်လျှင် မြူ သိပ်ရှက်လာကာ သော်တာလမင်း၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင် လိုက်ရင်း...

"လမင်း...လာပါ၊ သွားရအောင်ပါ၊ လူတွေ ကြည့်ကုန်ပြီ၊ ကိုမင်း ပိုင်နဲ့လည်း ရန်မဖြစ်ပါနဲ့၊ ရှင်တို့ ငယ်သူငယ်ချင်းအရင်းကြီးတွေပါ"

"သွား...ကားပေါ်သွားတက်ထိုင်နေ၊ မင်းနဲ့ငါရှင်းမယ်"

မြူ့ကို လှည့်အော်ကာ တွန်းထုတ်လိုက်သဖြင့် မြူ့မျက်နှာ ဖြန်းခနဲ ဖြစ်ပြီး ရှက်သွားပါသည်။

"ကားပေါ်သွားထိုင်နေ မြူလင်းလင်း"





သူ့ကားကို အဝေးမှ ရီမုတ်ဖြင့် တံခါးဖွင့်ရင်း ထပ်၍ ခပ်မာမာ ပြောလိုက်သည်။ မြူမှာ ရှက်လည်းရှက်လှသဖြင့် ဒီနေရာက မြန်မြန်ထွက်သွားချင် ပြီးရောသဘောဖြင့် ကားပေါ်ပြေးတက်ထိုင်မိပါသည်။ ကားပေါ်မှာ မျက်ရည်တွေ တပေါက်ပေါက်ကျရင်း ကိုယ့်ဘဝကိုယ် မုန်းနေမိသည်။ သူ လွှမ်းမိုးချုပ်ကိုင် အမိန့်ပေးနိုင်သော အရုပ်လေးတစ်ရုပ်ဖြစ်မှန်း မသိဖြစ်နေခဲ့ပြီတည်း။ ဆယ်မိနစ်မျှကြာသောအခါမှာတော့ ကားပေါ် ဝုန်းခနဲတက်ထိုင်ကာ ကားတံခါးကို အသံကျယ်ကြီးပိတ်လိုက်သော သော်တာလမင်းနဲ့ ရင်ဆိုင်ရပါသည်။

"မြူလင်းလင်း၊ မင်း ငါ မကြိုက်တာ လုပ်တယ်၊ ဒီတော့ မင်းကို အပြစ်ပေးရမယ်"

သော်တာလမင်းက ခြိမ်းခြောက်သလိုအသံဖြင့် လှည့်ပြောကာ ကားကို ဒေါသတကြီး ဆောင့်ထွက်မောင်းနှင်တော့လေသည်။

"လမင်း . . . လမင်း . . . ကားကို ဖြည်းဖြည်းမောင်းပါ၊ ကျွန်မ . . . ကြောက်တယ်"

မြူ ဘယ်လောက်ပြောပြော မရ။ သူက ကားကို အရှိန်မလျှော့ဘဲ ဆက်မောင်းနေသည်။ ကားက တခြားကားတွေကို ကွေ့ကာဝိုက်ကာ ကျော်တက်ကာ အရှိန်လည်း မလျှော့ဘဲ မောင်းသဖြင့် ဟွန်းသံတွေ၊ ဆဲဆိုသံတွေ ကျန်ရစ်တာကိုလည်း သူ ဂရုမစိုက်ချေ။ သူ ဘာကို ဒေါသကြီးနေမှန်း မသိလေရာ မြူ ထပ်မမေးချင်တော့။ တဖြည်းဖြည်းနဲ့ ကားဟာ ရန်ကုန်မြို့ပြင် လမ်းမကျယ်တွေကို ဦးတည်လာလျှင် မြူ အလန့်တကြားဖြစ်လာပြီး ငြိမ်မနေနိုင်တော့...



www.burmeseclassic.com

www.burmeseclassic.com



“[illegible] . . . ဘယ်သွားနေတာလဲဟင်၊ မြို့ပြင်ရောက်လာပြီး [illegible] အိမ်ပြန်ပို့ပေးပါတော့၊ ဒေါ်လေး နေမကောင်းလို့ ဆေးဝယ်ဖို့ [illegible] သူဆေးသောက်ဖို့ ပါတယ်၊ အပြင်မှာ အကြာကြီး အချိန်ဖြုန်းလို့ [illegible]လို့ပါ”

“ပဲခူး သွားမလို့”

“ဟင် . . . ပဲခူး . . . ပဲခူး ဟုတ်လား၊ ဘာလုပ်မလို့လဲ၊ ဒီလောက် အဝေးကြီးသွားရင် နေ့ချင်းပြန် ဘယ်ရောက်မလဲ၊ နောက်အပတ်မှ သွားပါ လမင်းရယ်၊ အခုပဲ ညနေစောင်းနေပြီ၊ အချိန်မီ ပြန် . . .”

“ပြန်မယ်လို့ ဘယ်သူက ပြောလဲ”

မြူ့စကားမဆုံးခင် သူ ဖြတ်ပြောလိုက်သံကြောင့် မြူ အံ့ဩထိတ်လန့်သွားရပါတော့သည်။

*       *       *

# အပိုင်း ( ၃ )

## ( ၁၂ )

သူ စိတ်စဉ်နေသမျှ ဘာမှမပြောဘဲ နားထောင်နေရှာသော မြူ့လင်း[illegible] ငယ်ထိပ်လေးကို ဖိအုပ်ခါရမ်းလိုက်မိသည်။ အားငယ်ပြီး စိတ်[illegible]နေဟန်ရှိသော၊ မရွှင်ပျသော မျက်လုံးလေးတွေကို ကြည့်လျက် [illegible]တောင်ဖျားလေးကို တစ်ချက်ငုံ့နမ်းလိုက်မိပါသည်။

“ဘာဖြစ်နေတာလဲ၊ ပျော်ပျော်နေစမ်းပါ၊ ငါတောင် မိဘတွေ [illegible] အစ်မတွေပါ အကြီးအကျယ် အမွေဖြတ်ခွန့်လွှတ်ခံရတာကို ပျော်ပျော် [illegible]နိုင်သေးတယ်၊ မြူက ဘာကို စိတ်ညစ်နေတာလဲ”

“ကျွန်မ . . .”



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် . . . ဘာကျွန်မလဲ . . . ကိုယ့်ကိုယ်ကို မြူလို့ပြောရမယ်လို့ သင်ထားတာယ်လေ၊ မေ့ရင် တစ်ခါရိုက်မှထင်တယ်"

တားရောင်းလိုက်သောငွေဖြင့် သင့်တင့်သော ရပ်ကွက်မှာ နှစ်ချပ်အခန်းတစ်ခန်း ငှားနေဖို့၊ အိမ်ထောင်ပရိဘောဂဝယ်ဖို့တို့ကို ငွေတွေ ဝေါဝေါကြီး သုံးပစ်နေသဖြင့် မြူ ရင်လေးနေသည်။ သာမန်ရပ်ကွက်လေးထဲက တိုက်ခန်းအဟောင်းမှာ ဒီလောက်ကောင်းတဲ့ ပရိဘောဂတွေ ဝယ်ဖို့ မလိုဘူးဆိုတာ သူ သိပုံမရ။ သူဌေးသားပီပီ ကောင်းပေ့ညွှန့်ပေ့လေးမှ သုံးခနကျဖြစ်သော သူ့ကို မြူ ဘယ်လိုရှင်းပြပြီး တားရမလဲ။ ဒီပိုက်ဆံတွေကို ကျစ်ကျစ်လျစ်လျစ်သုံးတတ်ရင် အကြာကြီး သုံးရတယ်လို့ မြူ ရှင်းပြရင် သူ လက်ခံပါ့မလား။ မြူဟာ သူနဲ့ဆို အမြဲပင် နာခံသူ၊ အနိုင်ကျင့်ခံသူ၊ ပြန်မပြောရဲသူဖြစ်နေသဖြင့် သူ့ကို တစ်ခွန်းမျှ မပြောရဲ၊ ဆရာ မလုပ်ရဲသလို ဖြစ်နေသည်။

မြူသည် ဒီရက်ပိုင်းအတွင်း ဖြစ်ခဲ့သမျှတို့ကို ပြန်တွေးတိုင်း အပြောင်းအလဲမြန်လှသော ကိုယ့်ဘဝကိုယ် အံ့ဩမဆုံး ဖြစ်မိသည်။ မင်းပိုင်နဲ့တွဲတွေ့လို့ စိတ်ဆိုးဒေါသထွက်တာနဲ့ပဲ မြူ့ကို အပြစ်ပေးတယ်ဆိုပြီး နိုးပြေးခဲ့သတဲ့။ သူ မြူ့ကို တကယ်လည်း မချစ်ဘဲနဲ့ ဘာကြောင့် နိုးပြေးပြီး ပေါင်းသင်းရသလဲ။ သူ့အသိုင်းအဝိုင်းဟာ အမွေပြတ်စွန့်ခံရဲတဲ့အထိ သူ စွန့်စားရဲခဲ့တာ တကယ်လား၊ စိတ်ကူးယဉ်လား၊ သူ ငြီးငွေ့ပြီး စိတ်မပါတော့တဲ့တစ်နေ့မှာ မြူ့ကို ထားရစ်ခဲ့လေမလား။ မြူသည် ဒီသံသယတွေနဲ့ ဘယ်တော့မှ အပြည့်အဝ မပျော်နိုင်ပါ။ မြူ သိပ်ချစ်ရသော သူ့ရင်ခွင်မှာ နေနေရပေမယ့်သူ့ကိုမြူတကယ်မပိုင်ဆိုင်ဘူးဆိုတာအလိုလိုသိနေသည်။





မြူ့ကို ဘာဖြစ်လို့ ယူတာလဲ၊ မြူ့ကို ချစ်တယ်လို့ တစ်ခါမှ မပြောနားဘဲ ဘာဖြစ်လို့ ဒီအခြေအနေထိ ရှေ့တိုးတာလည်းဆိုသော မေးခွန်းတွေ မြူခေါင်းထဲမှာ ပြုံကာ တစ်ခါတလေ ရှုံးချင်သလိုတောင် ဖြစ်မိသည်။

မြူ့အတွက်တော့ သော်တာလမင်းကို လက်ထပ်လိုက်ရခြင်းမှာ ဘာမှ ဆုံးရှုံးနစ်နာစရာမရှိပေမယ့် သော်တာလမင်းအနေနဲ့ မြူ့ကို ယူလိုက်ရခြင်းကြောင့် သိန်းသန်းပေါင်းများစွာသော အမွေအနှစ်ကို ခံစားခွင့်မဲ့ရလေပြီ။ မိသားစုအသိုင်းအဝိုင်းရဲ့ ပစ်ပယ်ခြင်း၊ စွန့်ပစ်ခြင်းကို လက်တွေ့ ခံစားလိုက်ရပေပြီ။ မြူ ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုထက် ချစ်ရသော သူ့ကို အပြီး သနားကရုဏာ ဖြစ်မိပါသည်။

သူ တကယ်နေပျော်ရဲ့လား။ အတွေ့အကြုံ အသစ်အဆန်းမို့လို့ ခဏတာ သာယာပျော်ရွှင်နေတာပဲလား။ သူကတော့ သူဌေးသားဘဝက လာသောသူပီပီ ပိုက်ဆံအသုံးအဖြုန်း အပျက် အကောင်းမှ သုံးချင်စိတ် မပျက်ဘဲ ပိုက်ဆံကို ရေလိုသုံးလေသည်။

မနက် အိပ်ရာကနိုးတိုင်း . . .

"လာ . . . ဒင်းဆမ်းသွားစားမယ်"

"လာကွာ . . . လက်ကီးဆဲဗင်းသွားရအောင်"

"မြို့ထဲတစ်ခါတည်းထွက်ရင်း မနက်စာရော၊ ညနေစာပါ စားမယ်နော်"

ဆိုတာမျိုး တစ်နေ့တစ်မျိုး မရိုးရအောင်ပင် ပိုက်ဆံကို ကြဲဖြန့်သုံးတတ်လေသည်။

မနက်ဆိုလည်း မနက်မို့၊ နေ့လယ်ဆိုလည်း နေ့လယ်မို့၊ ညဆို



www.burmeseclassic.com

www.burmeseclassic.com



လည်း ညမှို့ အပြင်စာပဲ ဝယ်စားချင်တာ၊ တစ်နေရာရာသွားတိုင်းလည်း တက္ကစီကိုသာ အသုံးပြုတတ်ပြန်သည်။

တစ်ခါတလေ ဟိုနားဒီနားသွားတာလည်း အငှားကားတက္ကစီကို လက်တားပြီး စီးတတ်သဖြင့် မြူက မနေနိုင်ဘဲ ...

"လမ်းလျှောက်သွားရအောင် လမင်းရယ်၊ နီးနီးလေးပဲ"

ဟု ပြောမိလျှင် မျက်နှာကြီးရှုံ့မဲ့ကာ ...

"လမ်းလျှောက်ရတာ လူကလည်း ရှုပ်၊ ကားတွေ၊ ဆိုက်ကားတွေကလည်း ရှုပ်နဲ့ ဖုန်လည်း ရှူရသေးတယ်၊ မလျှောက်ချင်ဘူး၊ ကားနဲ့ပဲ အေးအေးဆေးဆေး သွားတော့မယ်"

ဟူ၍ အမြဲပင် ငြင်းဆန်တတ်သည်။

ပြီးတော့လည်း သူ့မှာ အဝတ်အစားတစ်ခုမှ ပါမလာဘူးဆိုကာ ဝတ်ဖို့ ဝယ်လိုက်ခြမ်းလိုက်တာ တစ်ရက်တည်းနဲ့ပင် ဆယ်သိန်းလောက်ကုန်သည်ဆိုသောအခါ မြူ မျက်လုံးပြူးရပြန်သည်။

"အဝတ်အစား သုံးလေးစုံပဲရတာနော်၊ ဆယ်သိန်းတောင် ကုန်တယ် ဟုတ်လား"

"ဒါတောင် လျှော့ဝယ်လာရတာ၊ မြူ့ကို လိုက်ခဲ့ပါပြောသားပဲ၊ မလိုက်ဘဲနဲ့ အဝတ်အစား ဈေးကြီးတာတွေ ပြန်သိပြီး မျက်လုံးပြူးနေတယ်၊ မြူ့အတွက် ဝယ်ပေးချင်တာတောင် ပါသွားတဲ့ပိုက်ဆံ ကုန်သွားလို့ ဘာမှ ဝယ်မလာရဘူး"

"အို ... နေ ... နေ ... မဝယ်ပေးပါနဲ့၊ မြူ့မှာ ရှိတယ်လေ၊ မြူ အခေါ်အိမ်ကနေ အဝတ်အစားတွေ အကုန်သွားယူလို့ ရလို့ ပါလာတာပဲ၊ အဲ့ဒိုကုန်တယ်၊ မဝယ်ပါဘူး၊ အဝတ်အစားတွေ အများကြီး ဘာလုပ်ရမှာလဲ"





"ဝတ်ရတာပေါ့"

"ဟုတ်တယ်လေ၊ ဒါပေမယ့် မြူက မလိုပါဘူး၊ မြူ အရင်ကတည်းကလည်း အဝတ်အစား၊ အသုံးအဆောင် သိပ်မမက်ပါဘူး"

"ဒါဖြင့် မြူက ဘာမက်လဲ"

မြူ မျက်လုံးလေး ဝိုင်းနေအောင် စဉ်းစားမိသည်။ မြူ ဘာကိုမက်ပါလိမ့်။ အိမ်ကောင်းကောင်း နေရဖို့လား။ အဝတ်အစား၊ အသုံးအဆောင်ကောင်းကောင်း ပိုင်ဆိုင်ဖို့လား၊ ပိုက်ဆံချမ်းသာဖို့လား၊ ဘာတစ်ခုမှ ရေရေရာရာမရှိလှ။ ဘာကိုမှ မက်မက်မောမော လိုချင်တောင့်တခဲ့တာ မဖြစ်ဖူးခဲ့ပေမယ့်. ဒေါ်လေးတို့မိသားစု ငွေကြေးကြပ်တည်းလာသောအခါ လခကောင်းကောင်းရသော အလုပ်အကိုင်လေးတော့ ရချင်ပါရဲ့လို့ အဲဒီတစ်ခါပဲ တောင့်တမက်မောခဲ့ဖူးပါသည်။

မြူ့ဘဝမှာ တစ်ခါမှ အရမ်းကို မက်မောခဲ့တာမျိုး မဖြစ်ခဲ့ဖူးပါ။ အခုချိန်တွင် မြူသည် မမက်မော၊ မတောင့်တပါဘဲ ရုပ်ချောသော သူဌေးသားလေးကို ပိုင်ဆိုင်ရသည်ဟု အသိစိတ်တွင် ရှိသော်လည်း ဒါဟာ မြူ တကယ်ပိုင်တာမဟုတ်သေးဘူး၊ တစ်နေ့ကျရင် မြူ သူ့ကို ပြန်ဆုံးရှုံးသွားရလိမ့်မယ် ဆိုတဲ့ မသိစိတ်ရဲ့ခံစားမှုလည်း ရှိနေပါသည်။

သို့သော် ငါ သူ့ကို သိပ်ပိုင်ဆိုင်ချင်လှချည်ရဲ့ဆိုသော စိတ်ဆန္ဒမျိုး မရှိခဲ့။ သူ စိတ်မပျော်တော့ဘူးဆိုရင် ငါ သူ့ကို ပိုင်ဆိုင်ထားတာဟာ ဘာအဓိပ္ပာယ်ရှိတော့မှာလဲဆိုသော စိတ်ကူးဖြင့် သူ့ကို ချုပ်နှောင်မထားလိုပြန်ပါ။ မြူ သူ့ကိုချစ်သော်လည်း အတ္တကြီးစွာ မချုပ်ကိုင်ထားလိုသည်မှာ မြူ့ရဲ့စိတ်ရင်းအမှန်သာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . အမယ်လေး . . . စဉ်းစားနေလိုက်တာ မျက်လုံးတောင် ပြူးပြီး ကျွတ်ထွက်တော့မယ်၊ ဘာမှစဉ်းစားမရရင် ကိုယ့်ကိုမက်တယ်လို့ ပြောလိုက်ပေါ့၊ အလိုက်တာ၊ ဟား . . . ဟား . . . ဟား"

"သိပ်မက်မောပြီး တကယ်မရခဲ့ရင် ခံစားရမယ့် ဝေဒနာကို ကြောက်တယ်"

"ဟင် . . . ဘာရယ် . . . ဘာပြောတာလဲ၊ စကားလုံးတွေက ရှုပ်နေတာပဲ၊ ဉာဏ်မမီတော့ဘူး မြူလင်းလင်းရေ"

မြူပြောလိုက်တဲ့ စကားအဓိပ္ပာယ်ကို သူ တကယ်မသိတာလား မသိချင်ယောင် ဆောင်တာလား၊ မြူ အသေအချာ အကဲမခတ်တတ်ပါ။ သူက သူ တစ်ခုခု မသေချာ၊ မရေရာဖြစ်လာရင် (မြူနဲ့ပတ်သက်ရင်) မြူကို ဆွဲပွေ့ကာ မြူ့မျက်နှာကို သူ့ရင်ဘတ်မှာ ဖိကပ်ထားခြင်းဖြင့် အဆုံးသတ်တတ်လေသည်။ သူ့မျက်လုံးထဲက အရိပ်တွေ၊ သူ့မျက်နှာအမူအရာတွေကို မြူ အကဲမခတ်မိစေချင်လို့ သူ ဒီလိုလုပ်တတ်တာပဲလို့သာ မြူ နားလည်လိုက်ပါသည်။

သူ မြူ့ကို ခိုးပြေးပြီး တစ်လကြာမှ ရန်ကုန်ပြန်လာဖြစ်ပါသည်။ ပဲခူးကနေ ဆက်မောင်းလာပြီးမန္တလေး၊ မေမြို့ထိရောက်အောင် သူ့သဘော သူ့စိတ်ကြိုက် လည်ပတ်ပါသည်။ လမ်းခရီးတစ်လျှောက် နေဖို့၊ စားဖို့၊ သုံးဖို့တွေကို အလွယ်တကူပင် သူ့နာရီချွတ်ပြီး ရောင်းသုံးလေသည်။

သိန်းရာဂဏန်းရှိသည်ဟု သူပြောမှ သိရသော သူ့နာရီအကောင်းစားကြီးကို ထက်ဝက်ဈေးနဲ့ ရောင်းရသဖြင့် မြူမှာ နမြောလို့မဆုံး။ သူ့နာရီကြီးက သိန်းရာဂဏန်းရှိသည်ဟု သိရမှ တစ်သောင်းတန် ကိုယ့်လက်ပတ်





နာရီလေးကို သိမ်ငယ်ပြီး ဘယ်နားဖွက်ရမှန်းတောင် မသိအောင် ဖြစ်ခဲ့ဖူးသည်။

"ငါးသယ်နီးပါးပဲ ရတာ၊ မတန်ပေမယ့် ကိုယ်လည်း ဝတ်ပြီးနေပြီ၊ ပိုက်ဆံလည်း လိုနေပြီဆိုတော့ ရောင်းရတာ တန်ပါတယ်လေ၊ ဒီနာရီလည်း သိပ်မကြိုက်တော့ပါဘူး၊ နောက်မှ အသစ်ဝယ်မယ်"

ဘယ်မြို့ရောက်ရောက် အကောင်းဆုံးဆိုသော ဟိုတယ်မှာတည်းကာ ငွေတွေ တဝေါဝေါသုံးသော သူ့ကို မြူ အဲဒီကစပြီး တအံ့တသြ မင်သက်ငေးမောရုံသာ။ သူပိုင်ပစ္စည်း သူရောင်းသုံးသဖြင့် မြူမှာ မတားရဲ၊ မဟန့်ရဲ။ တစ်ခါတလေ မတန်မှန်းသိပေမယ့် သူကတော့ ဖောဖောသီသီ ပိုက်ဆံပေးချေနေသဖြင့် ရင်ထဲ ကလိကလိဖြစ်ရသည်။

အခုလည်း ကားရောင်းရငွေနဲ့ တိုက်ခန်းငှား၊ ပရိဘောဂဝယ်၊ သူလိုချင်တဲ့အဝတ်အစားတွေဝယ်နှင့်ဘယ်သူမှလည်းအလုပ်ထွက်မလုပ်ကြဘဲ ထိုင်စားနေရလေရာ တစ်လတိတိ ဘယ်လောက်ကုန်နေပြီမှန်းပင် မသိ။

"ရော့ . . . ဒါ မြူသုံးဖို့ ယူထား"

ဆိုကာ လက်ထဲ အတင်းလာထည့်သော ပိုက်ဆံသိန်းဂဏန်းကို မြူမှာ ကျစ်နေအောင် သိမ်းထားမိသည်။

လက်ထပ်ပြီး အတူနေကြတာပဲ သုံးလနီးပါးရှိတော့မည်။ အိမ်မှာ တစ်ခါမှ ထမင်းဟင်းတောင် မချက်စားရသေးရာ ဝယ်ထားသော အိုးခွက်ပန်းကန်တွေဆိုတာ အသစ်ကျပ်ချွတ်ဖြစ်နေသည်။ မြူက အိမ်မှာ နေချင်ပေမယ့် သူက နေ့တိုင်းလို အပြင်ထွက်ကာ မြူ့ကို ပါအောင် ခေါ်တတ်သလို မြူ မလိုက်ချင်ကြောင်း ငြင်းလွန်းမက ငြင်းရင်လည်း သူ့ဘာသာ အပြင်ထွက်ဖို့ပြင်ဆင်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဝယ်လာခဲ့မယ်…စောင့်နေ…ဘာမှချက်စားမနေနဲ့"

"လမင်း…မဝယ်လာပါနဲ့၊ မြူ…ရှိတာနဲ့ စားလိုက်မယ်"

"ဘာလဲ . . . လက်ဖက်နဲ့စားတာ၊ ကြက်ဥပြုတ်နဲ့ ဆီနဲ့ဆား ထမင်းနဲ့ စားတာလား၊ အဲဒါမျိုး မစားရပါဘူး၊ ကိုယ်လည်း မစားတတ်ဘူး၊ မြူလည်း မစားနဲ့"

သူ အဲဒီလို အမိန့်သံဆန်ဆန် ပြောခဲ့လျှင် မြူမှာ နာခံပြီး သူ ဘယ်အချိန်မှပဲ ပြန်လာလာ အဆာခံပြီး စောင့်တတ်ပြန်ပါသည်။

တစ်ရက်ကျတော့ မြူ အရဲစွန့်ပြီး သူ့ကို မေးမိသည်။

"လမင်း…မြူ…တစ်ခုမေးချင်တယ်"

"ဘာလဲ"

"ဘာဖြစ်လို့ အိမ်မှာ ထမင်းဟင်း ချက်မစားချင်တာလဲဟင်၊ အပြင်ကပဲ ဝယ်ဝယ်စားနေတာ လနဲ့ချီနေပြီ"

"အိမ်က မီးဖိုချောင်ကိုပဲ ကြည့်ဦး"

"ဘာလဲဟင်၊ မြူ နားမလည်ဘူး"

"ကျဉ်းကျဉ်းလေး၊ မီးဖိုကလည်း ဂက်စ်မီးဖိုလေးတစ်လုံး၊ လျှပ်စစ်မီးဖိုလေးတစ်လုံးနဲ့ ဘယ်လိုချက်မလဲ"

"ဟင် . . . အဲဒါ ချက်လို့ရတာပေါ့၊ ချက်ပြုတ်ဖို့ ဝယ်ထားတာမဟုတ်ဘူးလား"

"ရေနွေးတည်ဖို့၊ ဟင်းနွှေးဖို့ပဲ ဝယ်ထားတာ"

"လမင်းတို့အိမ်မှာ ဘယ်လိုမီးဖိုမျိုး သုံးလို့လဲဟင်"

"ဒါမျိုးတွေပေါ့၊ ကိုယ်တို့အိမ်က မီးဖိုချောင်က အကျယ်ကြီး၊ တိုက်ခန်းတစ်ခန်းစာလောက် ရှိတယ်"





သော်တာလမင်းက သူ့လက်ထဲတွင်ရှိနေသော အင်္ဂလိပ်မဂ္ဂဇင်းစာအုပ်ထဲမှ ခေတ်မီမီးဖိုချောင်ပုံစံတစ်ခုကို ပြပါသည်။ နိုင်ငံခြားရုပ်ရှင်တွေမှာ မြင်ဖူးသော မီးဖိုချောင်အကျယ်ကြီးနဲ့ နံရံကပ်ဗီရိုများ၊ ညှော်နံ့စုပ်ထုတ်သော Range Hood (ရိန်ချ်ဟုတ်)နှင့် လှပကျယ်ပြန့်သော လက်ဆေးဇလုံတို့ကို မြူ သေချာစွာ စိုက်ကြည့်မိသည်။

"မြူ့အတွက် အဲဒီလောက်ကြီးတာမျိုး မလိုပါဘူး၊ ဒေါ်လေးအိမ်မှာတုန်းကဆို မြူ တစ်ကိုယ်လုံး မီးသွေးပြာတွေလူးအောင် မီးသွေးမီးဖိုလေးတစ်လုံးနဲ့ ချွေတာပြီး ချက်ရတာ"

"မြူ . . . ဘာလို့ချက်ချင်ရတာလဲ၊ ပင်ပန်းတယ်၊ ပြီးတော့ မြူ့ကို ဘယ်သူမှ ကူမယ့်သူ မရှိဘူး"

"နှစ်ယောက်စာပဲ ချက်ရတာ၊ ကူမယ့်သူ လိုလို့လား၊ မလိုပါဘူး"

"ကိုယ်တို့အိမ်မှာဆို အိမ်ဖော်တွေ အဆင်သင့်ပြင်ထားတာကို မေမေက ဝင်ချက်လိုက်ရုံပဲ၊ ပြီးတော့ ပန်းကန်တွေ၊ ခွက်တွေလည်း မဆေးရဘူး၊ ပန်းကန်ဆေးစက် သုံးရုံပဲ၊ ဒီမှာ ဘာမှမရှိဘူး၊ မြူပဲ လုပ်ရမှာ၊ ကိုယ်လည်း ဘာမှမလုပ်တတ်ဘူး၊ မြူ့ကို မကူညီနိုင်ဘူး"

မြူက သော်တာလမင်းမျက်နှာကို အကဲခတ်နေမိပါသည်။ သူ့အိမ်အကြောင်း ထည့်ပြောတိုင်း နည်းနည်းလေး ညိုသွားတတ်သော မျက်လုံးတွေကို တွေ့ရသည်။ သူ့အိမ်ရဲ့ နန်းတော်တမျှ ခမ်းနားကြွယ်ဝမှု၊ ကျယ်ပြောမှုကို သတိရနေပြီလား၊ နောင်တရနေပြီလား…လမင်းရယ်။

"မြူ့ကို ဘာမှကူစရာမလိုပါဘူး လမင်းရယ်၊ မြူ နှစ်ယောက်စာလောက်လေးကို လုပ်နိုင်ပါတယ်၊ လမင်း နေတတ်သလို နေပါ၊ မြူ ထမင်းဟင်းချက်တာ၊ ပန်းကန်ဆေးတာတွေ လုပ်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့် . . . ပြောမရပါလား၊ ဘယ်လိုဖြစ်လို့ အဲဒီလောက်တောင် ဟင်းချက်ကြည့်ချင်နေရတာလဲ"

"လမင်းကို မြူလက်ရာ ချက်ကျွေးချင်လို့ပါ"

"ကဲ . . . ကဲ . . . ဒါဆိုလည်း ချက် . . . ချက် . . . ဟုတ်ပြီလား"

မြူမှာ မထင်မှတ်ပါဘဲ ကိုယ်လိုချင်တဲ့ အခွင့်အရေး ရလိုက်သူ တစ်ဦးလိုပဲ ဝမ်းသာအားရ အသံထွက်ရယ်လိုက်မိလျှင် သော်တာလမင်းက ငေး၍ ကြည့်နေခဲ့သည်။ သူ အဲဒီလို အကြာကြီး ငေးကြည့်နေတော့ မြူ အနည်းငယ် ရှက်သွားပြီး . . .

"ဘာဖြစ်လို့ ကြည့်တာလဲ"

ဟု ရှက်ကိုးရှက်ကန်း မေးမိသည်။

"မြူ . . . အဲဒီလိုမျိုး တစ်ခါမှ မရယ်ဖူးဘူး"

"ဟုတ်လား"

"ဒီတစ်ခါပဲ စိတ်ပါလက်ပါ ရယ်တာ၊ မြူ ကြည့်လိုက်ရင် အမြဲ စိုးရိမ်စိတ်နဲ့ အသက်ရှင်နေရသလိုမျိုး ဖြစ်နေလို့"

မြူ ဘာကိုစိုးရိမ်နေသလဲဆိုတာကို သူ မမေးခဲ့တာပင်၊ ကြံ့ကျေးဇူးတင်ပါသည်။ မြူမှာ "တစ်နေ့ကျရင်" ဆိုသော စိုးရိမ်စိတ်ရဲ့ ခြောက်လှန့်မှုနဲ့ ရှင်သန်နေရတာ သူ သိလိမ့်မည်မထင်။

*   *   *

## (၁၃)

သော်တာလမင်းသည် လာသမျှ တက္ကစီတွေမှာ လှုပါနေသဖြင့် ...ပြီး ငှားနေရတာ အချိန်ကြာလာသောအခါ တော်တော်စိတ်ပျက်လာမိ ...ည်။ ကိုယ့်ကားနဲ့ကိုယ်သာဆိုလျှင် အချိန်မရွေး ကောက်သွားနိုင်ရက်နဲ့ ...ခုတော့ . . . အငှားကားတက္ကစီကိုသာ အားထားနေရတာမို့ အခါများစွာ ...တွေမှာ သူ စိတ်ဓာတ်ကျဖူးသည်။ ကားကို ရောင်းတုန်းက ရောင်းလိုက်ပြီး ...လိုအခြေအနေတွေကို ထည့်မတွက်မိခဲ့သော သူ့ကိုယ်သူ စိတ်တိုလို့ ...ဆုံးပေ။ ဒီလိုမှန်းသိရင် စိန်နားကပ်ကို ရောင်းလိုက်ပါတယ်ဆိုသော အသိ ...နောင်တရပေမယ့် ဒီနားကပ်ကိုလည်း သူက အသေကြိုက်လေရာ ချွတ်ဖို့ ...တ်ကူး မရှိခဲ့ပြန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"လမင်း . . . နေ့လယ်စာမစားဖြစ်ပေမယ့် ညစာတော့ စားဖို့ ပြန်ခဲ့နော်၊ မြူက လမင်းစားမယ်ထင်ပြီး လမင်းကြိုက်တဲ့ဟင်းတွေပဲ ရွေးချက်ထားတာ"

မနက်က အပြင်ထွက်မယ်ပြင်တော့ မြူက မျက်နှာငယ်လေးနဲ့ ပြောသံကို ပြန်ကြားယောင်မိ၏။

မနက်စောစောဆိုလည်း...

"လမင်းစားလို့သာ လိုက်လိုက်စားနေရတာ၊ မနက်စောစောဆို မြူ မုန့်တွေ၊ ကော်ဖီ၊ လက်ဖက်ရည်တွေ စားလေ့မရှိတော့ မစားချင်ဘူး။ ထမင်းဟင်းချက်ပြီးရင် မနက်စာနဲ့ နေ့လယ်စာပေါင်းပြီး စောစောစားလိုက်တော့မယ်နော်၊ လမင်းပဲ စားချင်တာသွားစားတော့နော်"

ဟူ၍ တောင်းပန်သလိုလေး ငြင်းဆန်ဖန်များလာတော့ နောက်ပိုင်း သူ အတင်းမရမက မခေါ်ဖြစ်တော့။ သူကိုယ်တိုင်လည်း အဝေးကြီး တက္ကစီစီးပြီး ဟိုဟာသွားစား၊ ဒီဟာသွားစားတာတွေ မလုပ်ဖြစ်တော့ဘဲ ရပ်ကွက်အနီးဝန်းကျင်က လက်ဖက်ရည်ဆိုင်ကြီးတွေမှာသာ ထွက်စားဖြစ်တော့သည်။ ကြာတော့လည်း ထိုင်သုံးနေရသဖြင့် ပိုက်ဆံက သိသိသာသာ လျော့လာသည်မို့ သူ စိတ်ထဲ မလုံခြုံတော့သလို ခံစားလာရသည်။

မြူ့ကို ကားရောင်းရောင်းချင်းတုန်းက သုံးဖို့စွဲဖို့ဆိုပြီး နှစ်သိန်းလားသုံးသိန်းလား မမှတ်မိ။ သူ ပေးထားဖူးတာကလွဲရင် နောက်ထပ် မပေးဖြစ်။ မြူကလည်း မတောင်း။ နေ့စဉ်တော့ ဟင်းကောင်းကျွေးကောင်းတွေ ဝယ်ချက်နေတာ တွေ့ရသည်။ အိမ်ရောက်မှ မြူ့မှာ ပိုက်ဆံရှိသေးရဲ့လား မေးပြီး ထပ်ပေးရဦးမည်ဟု လမ်းလျှောက်ရင်း စဉ်းစားလာမိ၏။





ကားက ဒီနားမှာ ငှားမရတော့ နည်းနည်းထပ်လျှောက်ပြီး ဟိုဘက်လမ်းဘက်မှာ သွားငှားရင် ကောင်းမလားတွေးကာ လျှောက်လာမိတာဖြစ်သည်။ အခုတော့ သူ လမ်းပေါ်မလျှောက်ချင်ပါဘဲ လျှောက်နေရသည်။ လမ်းပေါ်မလျှောက်ချင်ရတာက ချွေးထွက်ရင် မကြိုက်တာကြောင့်ရော၊ သူ့လိုပုံစံကောင်လေးကိုဆိုရင် တွေ့သမျှလူတွေက တငေးတမော လိုက်ကြည့်ကြသောကြောင့်ရော၊ အဲဒါတွေကြောင့် လမ်းပေါ်မလျှောက်ချင်တာဖြစ်သည်။

"လမင်း"

"ဟင်"

ဘေးနားမှာ ရုတ်ခနဲ ထိုးရပ်လိုက်သော ကားကြီးတစ်စီးနဲ့အတူ ယှဉ်ပါးနေသော ခေါ်သံတစ်သံကြောင့် သော်တာလမင်းပြန်ကြည့်လိုက်သည်။

"မကြီး"

"မောင်လေး...ဘယ်သွားမလို့လဲ"

ဖြူဖွေးတောက်ပသော မာစီဒီး(စ်)ကားကြီး၏ နောက်ခန်းမှ မှန်လျှောခနဲ ကျလာသောအခါ အစ်မဖြစ်သူ သော်တာသက်ထားကို တွေ့လိုက်ရသည်။ ဒရိုင်ဘာမောင်းသော ကားနောက်ခန်းမှာ PRADA (ပရာဒါ) လက်ကိုင်အိတ်ကြီးပွေ့လျက် သူ့ကို မျက်ရည်ဝေ့သည့် မျက်ဝန်းတွေနဲ့ ကြည့်ရင်း...

"ကား မပါဘူးလား"

ဟု မေးလိုက်သံကြောင့် သော်တာလမင်း ရင်ထဲ ဘာကိုဝမ်းနည်းအားငယ်မှန်းမသိ ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေ့ပူထဲမှာ အသားတွေလည်း နီရဲနေပြီ၊ လာ . . . ကားပေါ်တက်၊ မကြီး လိုက်ပို့ပေးမယ်၊ ဘယ်သွားမှာလဲ"

"မ . . . မကြီး"

"ဘာလဲ"

"လမင်းကို အမွေပြတ်စွန့်လွှတ်ထားတယ်လေ၊ မကြီးတို့နဲ့ လမင်း ဘယ်လိုလုပ် ပတ်သက်တော့မလဲ"

"အမယ်လေးဟဲ့ . . . သူကပဲ တစ်ပြန်ကြီး မာနထားနေရသေး တယ်"

"မာနထားတာ မဟုတ်ပါဘူး၊ မကြီးတို့ စိတ်ဆိုးကြတာကို သထိ လို့ပါ"

"လာ . . . တက်ပါဟယ် . . . ဘယ်လောက်ပဲ အမွေပြတ်စွန့်လွှတ် စွန့်လွှတ်၊ နင်က ငါတို့မောင်ဆိုတာ လူတိုင်းသိတာပဲ၊ ဥပဒေကသာ စွန့်လွှတ် လို့ရပေမယ့် သွေးမျိုးတော်စပ်မှုကတော့ စွန့်လွှတ်လို့မှ မရတာ"

သော်တာလမင်းမှာ နေကလည်းပူ၊ လူတွေကလည်း သူ့ကိုကြည့် ဖုန်နဲ့ကားစက်မီးခိုးနံ့တွေကလည်း ရှုရှုစသော အဆင်မပြေမှုတွေကြောင့် ဆက်ဟန်ဆောင်ငြင်းဆန်မနေတော့ဘဲ အစ်မဖြစ်သူ ခေါ်သောကား တက်လိုက်တော့သည်။

မွှေးပြီးအေးသော မာစီဒီး(စ်)ကားကြီးက ကျယ်လှပြီး ငြိမ့်ညောင်း နေသည်၊ ခုနက အပြင်မှာ ပူနေတာနဲ့ လုံးဝမဆိုင်အောင်ပင် သီးသန့်ကမ္ဘာ ထဲ ရောက်သွားသလို ဖြစ်သွားပါသည်။

"အသားတွေတောင် ညိုသွားသလိုပဲ၊ ဘယ်လိုဖြစ်ရတာလဲ"





သော်တာလမင်းက အစ်မဖြစ်သူ ထွေ့သလို၊ ငေါ်သလို မေးမြန်း တာကို မဖြေဘဲ . . .

"မကြီး ဘယ်သွားမလို့လဲ"

ဟု၍သာ ပြန်မေးလိုက်သည်။

"ဆိုင်ဘက်သွားမလို့"

"ဒီလမ်းကသွားတယ်"

"နင် မသိပါဘူး၊ ငါတို့ ဆိုင်အသစ်တစ်ခု ထပ်ဖွင့်မှာမို့ ဝယ်ပြီး ဒီကိုရေးရှင်းလုပ်နေတာ သွားကြည့်မလို့လေ"

မကြီးတို့ရဲ့ ဆိုင်ဟာ ဒီလမ်းဘက်က သွားရင် မရောက်နိုင်ဘူးဆို တာသိထား၍ မေးလိုက်ရာ နောက်ထပ်ဆိုင်အသစ်တစ်ဆိုင် ဖွင့်မှာမို့ ဒီ လမ်းက သွားတယ်ဆိုတာ သိလိုက်ရသည်။ အစ်မတွေကတော့ စီးပွားတွေ နင်းကန်ရှာနေလိုက်တာ၊ သူကျတော့ ဘာအလုပ်အကိုင်မှလည်း ရေရေ ရာရာ မရှိပါလား၊ ကော်ဖီဆိုင်လည်း သူ့ကို အမွေဖြတ်လိုက်ပြီးကတည်းက သူနဲ့ လုံးဝမသက်ဆိုင်ကြောင်းကို သတင်းစာမှာ ထည့်ကြေညာခဲ့လေရာ သူ ခြေဦးမလှည့်ဖြစ်တော့ပါ။ အခုချိန်မှာတော့ ဘာအလုပ်မှ မလုပ်ဘဲ ထိုင် စားနေရင် မဖြစ်တော့ဘူးဆိုသော အသိနည်းနည်းဝင်လာသဖြင့် "အလုပ်" တို့၊ "စီးပွားရေး" တို့ဆိုတာကို ခေါင်းထဲထည့်မိသည်။

"ကားရောင်းလိုက်ပြီလို့ နင့်သူငယ်ချင်းတွေဆီက သတင်းကြား တာ ဟုတ်နေပြီပဲ၊ ကားမရှိတော့ လမ်းပေါ်လျှောက်သွားရတော့ အသားက ___ ၊ လူက ၊ ဖုန်ပေနဲ့ အရင်ကဆို ဖြူညပြီး သန့်နေတဲ့အသားက နေလောင် တုန်ပြီ



www.burmeseclassic.com

www.burmeseclassic.com



"တက္ကစီ စီးပါတယ်၊ ဒီနေ့ ငှားမရလို့"

"တူမလားဟဲ့၊ တက္ကစီနဲ့ ကိုယ်ကိုယ်တိုင် စိတ်ကြိုက်လက်တင်
မောင်းတဲ့ကားနဲ့"

"မကြီး . . . ထားလိုက်ပါဗျာ၊ ကားကိစ္စ ခေါင်းထဲမထည့်ပါနဲ့"

"အခု ဘယ်လဲ"

"ဒီလမ်းထဲက သူငယ်ချင်းတစ်ယောက်ဆီလာတာ၊ သူ မရှိ
ဆိုဝဘာနဲ့ သူ့အိမ်ထဲ ဝင်မနေတော့ဘဲ ပြန်ထွက်လာတာပဲ"

"ဒီကောင်နဲ့ သေသေချာချာ ချိန်းထားရက်နဲ့"

"ဒီလမ်းထဲမှာ ဘယ်သူနေလို့လဲ၊ မင်းပိုင်တို့၊ သီဟတို့၊ ဖေယ
တစ်တွေ ဒီမှာ မနေဘူးဆိုတာလောက်တော့ ငါသိပါတယ်"

"လမင်းမှာ သူတို့ပဲ ပေါင်းစရာရှိတာ မဟုတ်ဘူး၊ တခြားကော
တွေလည်း ရှိသေးတယ်"

"သူတို့နဲ့ မခေါ်ကြတော့ဘူးမဟုတ်လား၊ ဘာဖြစ်ကြတာလဲ"

မြို့ကို ရအောင်ယူလိုက်လို့ သူတို့အချင်းချင်းကြားမှာ ပြဿ
တက်ကြတယ်။ သူငယ်ချင်းတွေက မင်းပိုင်ဘက်ကပါပြီး သူ့ကို ဝိုင်း
ကြတယ်။ သူဟာ တမင်သက်သက် မင်းပိုင်ကို အနိုင်ရချင်လို့ မြို့ကို လု
သွားတယ်ဆိုသော စွပ်စွဲချက်တွေရယ်၊ "မင်း ကောင်မလေးကို ချစ်လှ
မချစ်ဘဲနဲ့ အဲဒီလို မလုပ်သင့်ဘူး" ဟူသော ဝေဖန်ချက်တွေရယ်နဲ့ သူ
ရှောင်သွားကြသည်။

"ဖေဖေနဲ့မေမေ နေကောင်းကြလား"

သော်တာလမင်း စကားလွှဲသည့်အနေနဲ့ မေးလိုက်ပါသ
တကာယ်လည်း ဖေဖေ၊ မေမေတို့ကို သတိရတာလည်း ပါသည်။





"ဖေဖေကတော့ ပုံမှန်ပဲ၊ သူ့ရင်ထဲမှာ ဘာတွေခံစားရသလဲ မသိ
နိုင်ဘူး။ မေမေကတော့ နင့်သတင်းကြားခါစက ငါ့သားလေး အညွန့်ကျိုး
ပါပြီဆိုပြီး ငိုချလိုက်တာ တက်တောင်တက်သွားလို့မနည်းပြန်လုပ်ယူရတယ်။
ရင်ထဲမှာ ဆို့တက်လာတာတဲ့။ သူ သတိရမှ ပြန်ပြောတာလေး၊ အသက်
နှစ်ဆယ့်တစ်နှစ်နဲ့ မိန်းမယူတာကို အပြစ်မပြောပါဘူး၊ ဒါပေမယ့် ယူတဲ့
မိန်းမကလည်း ကြည့်ဦး၊ တကာယ့်ကို အောက်ဆုံးအဆင့်က မိန်းကလေး။
ကိုယ့်အိမ်က အိမ်ဖော်လောက်ပဲ အဆင့်ရှိတာ၊ ရုပ်ရည်ကျတော့လည်း
အပျံစားကြီးလှသလားဆိုတော့ မဟုတ်ဘူး၊ သာမန်ကာလျံကာပုံစံမျိုးကိုမှ
နိုးပြေးပြီးတောင် ယူရတယ်၊ ကိုယ့်လူပျိုဘဝလေး အဆုံးခံပြီးတော့တောင်
အဲဒီမိန်းမအတွက် စွန့်စားရတယ်ဆိုတော့ မတန်လိုက်တာ၊ ကိုယ့်ဘဝကိုယ်
အညွန့်ချိုးတာပဲ၊ ငါတို့ အဲဒါကို ဆတ်ဆတ်ထိမခံ နာရလွန်းလို့ အမွေပြတ်
စွန့်လွှတ်လိုက်တာပေါ့၊ ကိုယ့်မောင်ပဲ ကိုယ်ကြည်ဖြူတယ်၊ ကိုယ်ရှာထား
တာတွေ ကိုယ့်မောင်ကြိုက်သလောက် ထိုင်သုံးဦး၊ မမှုဘူး။ အောက်တန်း
စားမိန်းကလေးကိုတော့ မသထာနိုင်ပါဘူး၊ ယောင်းမလည်း မတော်နိုင်
ပါဘူး၊ အမျိုးတော်ရမှာတောင် သနတယ် . . . တကာယ်"

သူ့ရင်ထဲတွင် ကျင်ခနဲနာသွားပါသည်၊

"သူ့ကို အဲဒီလောက် မနိမ့်ပါနဲ့ မကြီး၊ လူလူချင်း ဘာမှနိမ့်စရာ
မရှိဘူး၊ သူ့ဘာသာသူ ဆင်းရဲတာ အပြစ်လား၊ အကျင့်စာရိတ္တကောင်းရင်
ပြီးတာပဲမဟုတ်လား"

"အမယ်လေး . . . အမယ်လေး . . . အပြင်ပန်းတော့ ဘာမှအပြစ်
မရှိတဲ့ ယုန်ကလေးလို ဟန်ဆောင်ချင် ဆောင်မှာပေါ့၊ သူမှာယာမာယာတွေ
ဘယ်လောက်တောင် သုံးလိုက်သလဲဆိုတာ နင်က မှုန်နေတော့ မသိဘူး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ ရိုးအပြီး အပြစ်ကင်းချင်ဟန်ဆောင်ပြီး နင့်လိုသူဌေးသား လူချောလေးကို ချက်ချင်း အပိုင်ကိုင်လိုက်နိုင်တာ သိုက်တူးသွားတာ အင်မတန်ကို လည်လွန်းလို့ နင် ခံလိုက်ရတာ မသိဘူးမဟုတ်လား"

မြူက အဲဒီလိုမဟုတ်ဘူး၊ မြူကို သူပဲ အနိုင်ယူခဲ့တာ။ သူပဲ အနိုင်ကျင့်ခဲ့တာ။ ဒါလုပ်ချင်မှန်းမသိ၊ မလုပ်ချင်မှန်းမသိ။ ဖြစ်ချင်မှန်းမသိ မဖြစ်ချင်မှန်းမသိ တစ်ခွန်းမမေးဘဲ မြူကို လွှမ်းမိုးချုပ်ကိုင် အနိုင်ယူခဲ့တာ သူကိုယ်တိုင်ပဲ။ ဒါကို ဘယ်သူမှ အဖြစ်မှန်မသိကြဘဲ အပြင်ပန်းလူတွေ အမြင်မှာတော့ မြူ လူလည်ကျသွားတယ်၊ ရအောင်ယူသွားတယ်ဟုသာ မြင်နေကြလေသည်။

"ခုရှိန်တော့ နင်က မှန်နေသေးတော့ ငါပြောတာ ဘယ်လက်မလဲလေ၊ စောင့်ကြည့်လိုက်ပါ၊ နင့်မှာရှိတဲ့ ပိုက်ဆံကုန်လာရင် သူ နင့်ကို ဘယ်လိုဆက်ဆံလာမလဲဆိုတာလေ၊ လောင်းတောင်လောင်းရဲတယ်"

"မကြီး…ဒီနားရပ်နိုင်းပြီး ဆင်းတော့မယ်"

"ဘာ…နင်က ငါပြောတာ နားညည်းတယ်ပေါ့…အဲဒီလိုလား"

"မဟုတ်ပါဘူး၊ လမင်း ဒီနားမှာနေတာ၊ ဒီလမ်းထဲမှာ နေတာပါ"

ဒရိုင်ဘာကို ကားရပ်နိုင်းလိုက်သဖြင့် ကားက ညင်သာစွာ လမ်းဘေးတစ်နေရာ ငြိမ့်ခနဲ ရပ်လိုက်သည်။ သော်တာသက်ထားက သော်ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှုရင်း…

"လူတွေရှုပ်၊ ကားတွေရှုပ်နဲ့ ဒီလိုနေရာမျိုးဆိုတော့ တိုက်ခန်းကျဉ်းပဲရမှာပေါ့" ဟူ၍ ရှုတ်ချသလို ဝေဖန်လိုက်သေးသည်။

"မောင်လေး…လမင်း"





သော်တာလမင်း ကားတံခါးဖွင့်ဆင်းတော့လည်း မနေနိုင်၊ ကိုယ့်မောင်လေးဟာ နန်းတော်တမျှ ခမ်းနားကျယ်ဝန်းသော တိုက်အိမ်လုံးချင်းကြီးနဲ့ ခြံအကျယ်ကြီးမှာ တင်းနစ်ကွတ်၊ ရေကူးကန်နဲ့ နေခဲ့ရသူ။ အခုတော့ သာမန်လူနေရပ်ကွက်မှာ ဒုက္ခခံနေရရှာတယ်ဆိုတာကိုပင် ရင်ထဲ ပွဲကြွေတော့မလို နာကျင်နေသည်။ ဆွေစဉ်မျိုးဆက် တိုက်အိမ်ကြီးတွေနဲ့ပဲ နေလာခဲ့ရသူတွေမို့ ဒီလိုနေရတာလေးကိုပင် စိတ်ထဲမှာ ခံစားနေရသည်။

"နင် . . . စိတ်ဆင်းရဲခံမနေနဲ့နော်၊ မပျော်တော့ဘူး၊ နေရတာ အဆင်မပြေတော့ဘူးဆိုရင် အချိန်မရွေး ပြန်လာခဲ့၊ ဖုန်းတစ်ချက် ဆက်လိုက်၊ ငါတို့ လာခေါ်မယ်၊ ဒါပေမယ့် နင့်တစ်ယောက်ကိုပဲ ခေါ်မှာနော်၊ ဖြစ်နိုင်ရင် သူ့ကို ကျေနပ်လောက်အောင် လျော်ကြေးပေးပြီး ကွာရှင်းပေးပြီး နင် စိတ်လွတ်လက်လွတ် ပြန်နေလို့တောင် ရတယ်၊ ဘာမှဝန်ထုပ်ဝန်ပိုးကြီးလို ခေါင်းထဲမထားနဲ့နော်၊ သံယောဇဉ်လည်း အတွယ်မခံနဲ့၊ ကလေးရှိနေပြီဆိုပြီး ငဲ့ညှာစရာတွေ ရှိလာလိမ့်မယ်၊ အဲဒါတော့ သတိထားပြီးတော့သာ ရှောင်နော်"

အစ်မဖြစ်သူ၏ ကားကြီး မောင်းထွက်သွားသောအခါ သော်တာလမင်းတစ်ယောက် အိပ်မက်မက်ရာမှ နိုးထလာသူလိုပဲ လေးပင်စွာ၊ တွေဝေစွာ၊ နောင်တမကင်းစွာပင် လမ်းထဲလျှောက်ဝင်လာခဲ့တော့သတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

"စားလေ…လမင်းရဲ့"

ဟင်းတွေ အတင်းခပ်ထည့်ပေးရင်း သူ့မျက်နှာကို အကဲခတ် သော မြူ့ကို အားနာစွာပင် မျက်နှာလွှဲလိုက်မိသည်။ မကြီးစကားရေ ကြောင့် ဒီရက်ပိုင်းအတွင်းမှာ တွေဝေကာ စိတ်နဲ့ကိုယ်နဲ့ မကပ်လှသေ ကြောင့် ကိုယ့်ကိုယ်ကို ဘာဖြစ်နေမှန်းပင် မသိ။

"ဘာလဲဟင် . . . ဒီနေ့ချက်တာ မကောင်းလို့လား၊ လမင်း အသားဟင်းပဲ ကြိုက်တယ်ဆိုလို့ မြူ အသားဟင်းတွေပဲ ရွေးရွေးချက် တာ၊ တစ်ခါတလေ ဟင်းထပ်နေမှာစိုးလို့ ဘာဟင်းချက်ရမှန်းတော စဉ်းစားမရဘူး"



"ကောင်းပါတယ်၊ ဗိုက်သိပ်မဆာလို့"

"မနက်က မုန့်တွေများသွားတယ်ထင်တယ်"

မြူ ဒီလောက်ပဲ မေးရဲ၊ ပြောရဲပါသည်။ သူ ခုတလော ငြိမ်ပြီး မျက်နှာမကောင်းလှတာကို သတိထားမိနေတာမို့ မြူလည်း ကိုယ်မျှော်လင့် နေသော ရက်တစ်ရက် ရောက်လာခါနီးပြီဟုသာ တွေးကာ ရင်ထဲမှာ ကျိတ် ခံစားနေရပါသည်။ လက်ထပ်စာချုပ်လေးကို ထုတ်ထုတ်ကြည့်ကာ တစ်နေ့ ကျရင် ဒီစာချုပ်နဲ့အတူတူ ကွာရှင်းစာချုပ်ဆိုတာကိုပါ မြူ အတူသိမ်းရလိမ့် ည်ဟု မြင်ယောင်နေခဲ့ပြန်သည်။

"မြူ…ဗိုက်ဆံဘယ်လောက်တောင် ကျန်သေးလဲ"

"ဟင်…ရှိပါတယ်၊ မြူမှာ ရှိတယ်"

"ရှိလည်း ယူထားလိုက်"

"လမင်းပဲ ယူပါ၊ မြူမှမလိုတာ၊ မြူ အပြင်လည်း ထွက်တာမဟုတ် တော့ ဘာမှမလိုဘူး"

မြူ မယူဘူး ငြင်းသဖြင့် သူ ဆက်မမေးတော့ဘဲ ပြန်ယူထား ိုက်ကာ…

"ဗိုက်ဆံတွေ ဘယ်ကရတယ်ထင်လဲ"

ဟု ရယ်မောမေးလိုက်သည်။ မြူ ရိုးသားစွာပင် သူ့ကိုကြည့်လျက် သိဘူးလေဟူသော လေသံလေးဖြင့် ခပ်တိုးတိုးဖြေသည်။

"ဒီမှာကြည့်"

"ဟင်…နားကပ်မရှိတော့ဘူး"

မြူ့ကို သူ့နားပေါက်တွေထိုးပြပြီး ခေါင်းညိတ်လိုက်သည်။

"ဒါကုန်ရင် တော်ပြီ၊ ဟား…ဟား…"



www.burmeseclassic.com

www.burmeseclassic.com



သူက ဗိုက်ဆံထုပ်ကိုပြရင်း ရယ်ပစ်လိုက်လျှင် မြူ ငြိမ်သက်စွာ တွေးနေသည်။ မြူတွေးနေပြီဆိုလျှင် လှုပ်တောင်မလှုပ်၊ မေးစေ့လေး ထောက်ပြီး မျက်လုံးကို တစ်နေရာတည်းစိုက်ကြည့်ကာ မျက်တောင်လည်း သိပ်မခတ်ဘဲ ငြိမ်သက်နေတာမျိုး။ မသိရင် သတိမေ့နေတယ်တောင် ထင် ရစေတဲ့ ကျောက်ရုပ်လေးလို ငြိမ်တာမျိုးမို့ သူ အသည်းယားလာကာ...

"ဟိတ်"

ဟု အော်ပြီး ပခုံးမှ ဆွဲပွေ့လှုပ်ယမ်းလိုက်မိသည်။ ပြီးတော့ သူ့ ရင်ဘတ်ထဲ ထွေးထားကာ...

"ဘာဖြစ်သွားတာလဲ"

"လမင်းကို မြူ တစ်ခုပြောချင်လို့"

"တစ်ခုပြောချင်တာပဲ၊ ငြိမ်ပြီး တွေးနေလိုက်တာ"

"လမင်း...အော်မှာစိုးလို့"

စိတ်မထင်ရင် မထင်သလို အော်တတ်ဟောက်တတ်သော သူ့ ဒေါသကို မြူ မြင်ဖူးပြီး ရည်ရွယ်ပြောခြင်းဖြစ်သည်။ သူ အော်ငေါက်မိသဖြင့် မြူတစ်ယောက် မျက်ရည်လည်ရွှဲဖြစ်ကာ တစ်နေ့လုံး၊ တစ်ညလုံး မျက်ရည် ကျမဆုံး ဖြစ်ခဲ့ဖူးပေမယ့် သူ ပြန်မချော့ဖြစ်ခဲ့ပေ။ ဒီလောက်အော်တာလေး နဲ့ ငိုစရာလားလို့တောင် အပြစ်မြင်ခဲ့သေးသည်။ လူတစ်ဖက်သားရဲ့ရင်ထဲက ခံစားချက်ကို ကိုယ်ချင်းမစာတတ်တာဟာ သူ့စရိုက်ပဲမို့ သူ ဘယ်လိုမှ မခံစားခဲ့ရပါ။ ဒါပေမယ့် မြူကတော့ ဒါကို အကြီးကျယ် မှတ်သွားပုံရသည်။

"မအော်ဘူး...ပြော"

"မြူတို့ ဒီလို အလုပ်မလုပ်ဘဲ ထိုင်သုံးနေလို့ မဖြစ်ဘူးထင် တယ်လို့"





"အင်း..."

"အခုပဲကြည့် . . . ခြောက်လမပြည့်သေးဘူး လမင်းမှာပါသမျှ တုန်ပြီ၊ ဒီတိုင်း ရှေ့ဆက်သွားရင် ဘယ်လိုလုပ်ကြမလဲ"

"မသိဘူး"

"မြူ...အလုပ်လုပ်ချင်တယ်"

"ဘာအလုပ်ရှိလို့လဲ"

"ဒီလိုပဲ လျှောက်ရှာရမှာပေါ့"

"လခက ဘယ်လောက်ပေးမှာမို့လဲ"

"လခကတော့ လမင်းရယ်၊ အများကြီး ဘယ်မှန်းလို့ရမလဲ"

"သောင်းဂဏန်းနဲ့ တစ်နေကုန် နေ့တိုင်းထွက်ပြီး အလုပ်လုပ်ရဦး မယ်၊ သောင်းဂဏန်းလောက်နဲ့ ဘာသွားသုံးမလဲ"

"လမင်း မသုံးတတ်ပေမယ့် မြူကတော့ ရအောင်သုံးတတ် ပါတယ်"

"မိန်းမက အလုပ်လုပ်ပြနေရင် ယောကျ်ားကပါ အလုပ်ထွက်လုပ် ရတော့မယ့်သဘောပဲ"

"လမင်း မလုပ်လည်း ရပါတယ်၊ မြူကတော့ ဒီတိုင်းထိုင်မနေချင် လို့လုပ်တာပါ"

သူကိုယ်တိုင်လည်း အလုပ်လုပ်ရမယ်မှန်း သိပေမယ့် ဘယ်က ပြီး လုပ်ရမှန်းပင် မသိ။ အစ်မတွေ အဆင်သင့်ပြင်ဆင်ဖွင့်ပေးသော ကော်ဖီဆိုင်လေးတစ်ဆိုင် ဖွင့်ဖူးခြင်းကလွဲရင် ဘာစီးပွားရေးမှတောင် ဆောင်းစားဖူးသော သူက ဘယ်လိုအလုပ်မျိုးနဲ့ စရမလဲ။ ကိုယ်ပိုင်စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး ပိုင်ရှင်သူဌေးနေရာက နေခဲ့သော သူက သူများလက်အောက်ခံ ဝင်လုပ်ရဲပါ့မလား။

ကိုယ်ပိုင်စီးပွားရေးလို့ တွေးလိုက်တာနဲ့ စိန့်နှုးကပ်ရောင်းထားသော ပိုက်ဆံထုပ်ကို ကြည့်မိပါသည်။ သိန်းငါးဆယ်မပြည့်တပြည့်လေးရှိသော အနေအထားနဲ့ ဘယ်လိုစီးပွားရေးကို စရမလဲ။

"လမင်း...လမင်း"

မြူက သူ့မေးစေ့ကို ဆွဲလှုပ်ပြီး ခေါ်လိုက်တော့မှ သူ အသိပြန်ဝင်လာသည်။

"အဲဒီလောက် စဉ်းစားမနေပါနဲ့၊ ပျော်ပျော်နေပါနော်၊ မြူ လမင်းကို စိတ်မဆင်းရဲစေချင်ဘူး"

"ဘာဖြစ်လို့လဲ"

"---------"

"ဟော့...ဖြေလေ၊ ဘာဖြစ်လို့လဲ"

"လမင်းကို...ချစ်လို့"

"အိုး...ဟားဟား...တကယ်လား"

မြူ့ရင်ထဲ နင့်သွားပါသည်။ သူ့ကိုချစ်တယ်လို့ မြူ တစ်ခါမှ မပြောဖူးခဲ့သလို သူ့ဘက်ကလည်း မြူ့ကို ချစ်တယ်လို့ မပြောခဲ့ဖူးပါဘဲ အတူတူနေခဲ့ကြတာမို့ "ချစ်တယ်" ဆိုသောစကားသည် အထူးအဆန်းလိုဖြစ်နေသည်။ ပြီးတော့ ပြောရတာပဲ ရှက်သလိုလို၊ စိတ်မလုံသလိုလို ခံစားရစေသည်။

"ဘာလို့ တကယ်လားလို့ မေးတာလဲ"

သော်တာလမင်း ဘာမှမဖြေဘဲ ပနံ့သာ တွန့်ပြုံးပါသည်။





မြူ . . . သူ့ကို ချစ်နေတယ်ဆိုတာ သူ အလိုလို ရိပ်မိနေသားပဲ။ ဒါပေမယ့် "ချစ်တယ်" ဆိုသောစကားနဲ့ ပတ်သက်ရင် အစ မလုပ်ချင်ပါ။ သူ့ရင်ထဲမှ မသေချာခဲ့သော အရာတစ်ခုကို မြူနဲ့ မဆွေးနွေးချင်ပါ။

နောက်နေ့မနက်ကျတော့ ချက်ပြုတ်ပြီးတာနဲ့ မြူ အပြင်ထွက်ဖို့ ပြင်သည်။ သူကတော့ နှစ်ယောက်ထိုင် ဆိုဖာခုံတွင် လှဲ၍ ဂျာနယ်ဖတ်ရင်း ဝတ်စားပြင်ဆင်ပြီး ထွက်ဖို့ပြင်နေသော မြူ့ကို လိုက်ကြည့်နေပါသည်။ မြူ အသားတွေဖြူလာပြီး လှလာသလိုပဲဟု သူ့ဘာသာ အမှတ်ပေးမိသည်။ အိမ်ထဲမှာ အနေများလို့ပဲလားမသိ။ ညိုဝင်းသော အသားအရည်က ခုတော့ မြူသည့်ဘက်တောင် လှလာသည်။ အပို့ဘဝတုန်းကထက်ပိုပြီး ပြင်တတ်ဆင်တတ်လာတာကလည်း သော်တာလမင်းကိုယ်တိုင်က ဟိုလိုပြင်လိုက်၊ ဒီလိုပြင်နိုင်းလိုက်၊ ဝတ်စားနိုင်းလိုက်နဲ့ အားပေးသဖြင့် မြူက ခေတ်မီမီနဲ့ ကြည့်ကောင်းလှပနေသည်။ ဘောင်းဘီတိုတွေ၊ စကတ်တိုတွေ၊ ဂျင်းနိပင်တွေ ဝတ်ထားတာမျိုး မဟုတ်ဘဲ စကပ်ရှည်လေးတွေ၊ စကတ်လုံချည်လေးတွေနဲ့ ခေတ်မီနေတာမျိုးဖြစ်သည်။

"လမင်း...ဘာကြည့်နေတာလဲဟင်၊ မြူသွားမှာ မကြိုက်လို့လား"

"မဟုတ်ပါဘူး၊ သွားပါ၊ မြူက အလုပ်လုပ်ချင်နေလို့ လွှတ်ရတာ၊ ဘယ်လိုအလုပ်မျိုး ရမှာမို့လို့လဲ၊ ဘွဲ့တစ်ခုရပြီး ဘာလက်မှတ်မှမရှိရင် လွယ်ဘူးနော်"

"မြူနဲ့အတူတူ မူကြိုဆရာမလုပ်ဖူးတဲ့ သူငယ်ချင်းနဲ့ မနေ့က ဖုန်းအဆက်အသွယ်ရတယ်၊ သူအခုလုပ်နေတဲ့ပလာဇာအသစ်မှာ supervisor (စူပါဗိုက်ဇာ) ရာထူးလိုတယ်တဲ့၊ သူ ပြောပေးမယ်၊ ရနိုင်တယ်လို့ ပြောတယ်၊ မြူက လမင်းဆိုင်မှာလည်း စတိုကီပါ လုပ်ဖူးတယ်ဆိုတဲ့ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အရာကလည်း အစုလျှော့ကျမယ့် ရာထူးကိုရဖို့ အထောက်အကူ
တယ်လေ"

"မြူ့သူငယ်ချင်းကရော၊ ဘာရာထူးနဲ့ လုပ်နေလို့လဲ"

"သူလည်း စုပါဗိုက်ဇာပဲလေ"

"အလုပ်ရရင်နေ့တိုင်းဆင်းရမှာပေါ့၊ ပလာဇာတွေ၊ မောလ်တွေ
ဝိတ်ရက်မရှိဖွင့်တာ"

"ကိုယ့်ရက်နဲ့ကိုယ် ပေးနားတယ်ပြောတယ်"

"ကိုယ်လည်း လိုက်ခဲ့မယ်"

"ဟယ်...တကယ်လား"

မြူ အလုပ်သွားလျှောက်မယ့်ဆီ သူ လိုက်လာမယ်ပြောသဖြ
ဝမ်းသာသွားမိသည်။

"ကားအတူတူသွားကြမယ်၊ မြူ့ကို ချပေးထားခဲ့မယ်လေ
မှာနေရတာ ပျင်းလာလို့ အပြင်ထွက်ချင်တာနဲ့ လိုက်မယ်ပြောတာ"

ဘာကြောင့်ပဲ သူ ပါလာပါစေ၊ မြူ ပျော်နေသည်။ ခုတလော
ချည်း တစ်ယောက်တည်း အပြင်ထွက်သွားတတ်ပြီး မြူကတော့ အိမ်
ဒအောင်းကာ နေမိသဖြင့် အတူတွဲမသွားရတာတောင် ကြာပြီ၊ မြူတို့
ထွက်သွားကြတော့ လမ်းထဲကလူတွေ ငေး၍ကြည့်သူကြည့်၊ မြူနဲ့ မျက်
တန်းနေသော အိမ်နီးချင်းတချို့က နှုတ်ဆက်လိုဆက်နှင့်။

"မြူလင်းလင်းယောက်ျားလေးက ချောလိုက်တာလေ၊ ရှ
တာပဲ၊ ရုပ်ရှင်မင်းသားလုပ်ဖို့တောင် သင့်တယ်"

ဟု အိမ်နီးချင်းတချို့နဲ့ စကားပြောစဉ်က ဝေဖန်မှုတာကိုပြ
ယောင်ပြီး မြူ လမင်းကို မော့၍ခိုးကြည့်မိသည်။ ဟုတ်ပါရဲ့လေ...ချော





တာ၊ အသားအရည်က ဖြူပြီးဖွတ်နေတာ မဟုတ်ဘဲ ဖြူဝင်းနေတာ၊ နှုတ်ခမ်းတွေ တိကျထူထဲပြီး ပန်းရောင်လွှမ်းနေတာ၊ မျက်ခုံးထူထူက မည်းနက်ပြီး မျက်တောင်တိုတို ထူထူစိပ်စိပ်တို့ ဝန်းရံထားတဲ့ မျက်ဝန်းအိမ်သည် မျက်ဆန်အညိုလေးနဲ့ဖြစ်သည်။ မျက်ဝန်းအိမ်ပုံစံမှာ ထောင့်မှာ ရှည်ရှည်လေးဖြစ်နေပါသည်။

"ဘာငေးနေတာလဲ...ဟိတ်"

မြူ့လက်ကို တွဲထားသော သူက လှုပ်ခါမေးလိုက်ပြီး သူ့နှိုးဖမ်းသလိုပြုံးစေ့စေ့လုပ်နေသည်။

"အိမ်မှာ အမြဲမြင်နေရတဲ့သူကို မမြင်ဖူးတာကျနေတာပဲ၊ လမင်းမှာ ခလုတ်တောင်တိုက်တော့မလို့"

"သူများတွေက လမင်းကို ချောတယ်ပြောလို့"

"သူများပြောမှ သိတာလား"

"သိပါတယ်၊ အရင်ကတည်းက သိပါတယ်၊ မြင်မြင်ချင်းထဲက"

"ကားနဲ့ဝင်တိုက်တဲ့ကောင်ဆိုပြီး မှတ်မိသွားတာမဟုတ်လား"

"အဲဒီမတိုင်ခင်ထဲက သိနေတာ"

"ဘယ်လို...အံ့မယ်...ကြည့်စမ်း...တစ်ခါမှ အဲဒါ မပြောဖူးဘူး၊ ဘယ်တုန်းက သိတာလဲ"

"ကိုမင်းပိုင်နဲ့ တစ်ခါက လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး စောင့်နေတုန်းက"

"ကိုယ်...အဲဒီတုန်းက"

"မြူ့ကို လှောင်သလိုကြီး အော်ရယ်လိုက်တယ်၊ မြူ လမင်းကို ကြည့်မိသွားတယ်၊ အဲဒီမှာ တစ်ခါတည်းနဲ့ကို မှတ်မိသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်ဆိုးတဲ့ကောင်ဆိုပြီးတော့ မဟုတ်လား"

"အံ့ဩသွားတာပါ။ အရမ်းချောပြီး သူဌေးသားရုပ်ထွက်နေ
ကောင်လေးက ငါ့ကို အရေးတယူ နောက်ပြောင်တယ်၊ လာစောင့်ကြ
တယ်ဆိုပြီး အံ့ဩသွားတာ"

"ဟိုကောင် ... မင်းပိုင်ပေါ့၊ အသည်းအသန်ကို ကြွေနေလို့ သ
လောက်များ လုခနေလို့လဲဆိုပြီး အားလုံး လိုက်ကြည့်ကြတာလေ"

"တကယ်လည်းမြင်ရော သိပ်လည်းမလှဘူး၊ ပိုက်ဆံချမ်းသာ
အသိုင်းအဝိုင်းပုံစံလည်း မပေါက်ဘူးဆိုပြီး လမင်း အံ့ဩသွားရောလား"

မြူက အမှန်အတိုင်း ပြောရဲပေမယ့် သော်တာလမင်းကတော့
အားနာသလိုဖြစ်ပြီး ဘာမှမဖြေဘဲ မြူ့လက်ဆစ်လေးတွေကို သူ့လက်မ
ဖွဖွပွတ်နေသည်။

"ဒါပေမယ့် နောက်ဆုံးတော့ ကိုယ် မြူ့ကို သူများလက်ထဲ
အောင် လုယူခဲ့တာပဲလေ"

"လုယူစရာ မလိုခဲ့ပါဘူး လမင်းရယ်၊ မြူ့ကို ပိုင်ခဲ့ဖူးတာ လ
တစ်ယောက်ပဲ ရှိတာပါ"

"ဟော ... တက္ကစီလာနေပြီနော်၊ တားလိုက်မယ်၊ မြူသွားရ
ပလာဇာနာမည်ကို ပြောလိုက်၊ ကိုယ်က မြူ့ကိုချပြီးမှ ဆက်သွားမှာ"

ကားပေါ်မှာ မြူတို့နှစ်ယောက် အတွေးကိုယ်စီနဲ့ ငြိမ်သက်စွာ
လာသည်။ မြူ ပလာဇာမှာ ဆင်းပြီးသောအခါ သူက မြူ့ကို လက်ပြသွ
လျှင် မြူ ရပ်ငေးပြီး ကျန်ခဲ့ရသည်။ သူ ဘယ်သွားမယ်ဆိုတာ မြူ့ကို
တော့မှ ပြောလေ့မရှိတာမို့ မြူ မမေးဖြစ်ပါ။ အိမ်ကနေ နေ့တိုင်း သူ ထွ
သွားတိုင်းလည်း မြူ မမေးခဲ့၊ သူလည်း မပြောခဲ့၊ ဘယ်အချိန်ပြန်လာ





ဆိုတာလည်း မသိခဲ့၊ သူ မြူ့ဆီ ပြန်လာချင်စိတ်ရှိသေးရင် ပြန်လာမှာပဲဆို
သော မျှော်လင့်ချက်နဲ့ နေ့စဉ်အသက်ရှင်နေရလေသည်။

မြူ့ကို ဘယ်တော့မှ ချစ်တယ်လည်း မပြော၊ ချစ်သည့်အမူအရာ
လည်း မပြ။ မြူ ဘာကြိုက်တတ်သလဲပင် မှတ်မှတ်ရရ မရှိသော သူ့ကို မြူ
ထိမနေနိုင်ဘဲ တစ်နေ့ထက်တစ်နေ့ပင် ပိုချစ်နေမိသည်။ သူ ရိုးအီစိတ်
ပျက်သွားလို့ ထားသွားခဲ့လျှင်ဆိုသော တစ်နေ့ကိုလည်း မြူ ရင်ဆိုင်ရဲဖို့
သတ္တိကြိုမွေးနေခဲ့သေးလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

ဆိုင်၏ မှန်တံခါးကို တွန်းဖွင့်ဝင်ခဲ့သည်။ မွှေးရနံ့ လတ်လတ်ဆတ်ဆတ်ထည့်ထားသော လေအေးစက်ကြောင့် အရောင်းပြခန်းတစ်ခန်းလုံး မွှေးပြီး အေးစိမ့်နေသည်။ ရတနာပစ္စည်းများထည့်သော မှန်ပုံးကောင်တာများနောက်မှာ မြန်မာအင်္ကျီကိုယ်စီဝတ်ထားသော အရောင်းဝန်ထမ်းတွေ မတ်တတ်ရပ်လျက်သား ရှိနေသည်။ မြန်မာရင်ဖုံးအင်္ကျီလက်ရှည်ဝတ်ထားသော အရောင်းဝန်ထမ်းတိုင်းမှာ အမည်တပ်ထားသည့် ရင်ထိုးလေးတွေ ထိုးထားသည်မို့ ဘယ်သူဘယ်ဝါဆိုတာ သိနိုင်ပါသည်။

မှန်ပုံးရတနာပစ္စည်းကောင်တာများတင်မက အရောင်းဝန်ထမ်းမိန်းကလေးတွေ ရပ်နေသော နောက်ကျောနံရံတွေမှာလည်း မှန်နံရံကပ်





တွေရှိနေပြီး လက်ဝတ်ရတနာမျိုးစုံ၊ ကျောက်မြတ်ရတနာများနဲ့ စီခြယ်သော ရုပ်ထု၊ ပန်းပုလက်ရာမျိုးစုံတို့လည်း ရှိနေသည်။ အားကောင်းသော မီးရောင်များဖြင့် တစ်ဆိုင်လုံးကို ထွန်းထားလေရာ အိပ်မက်ကမ္ဘာထဲ ရောက်သွားသလိုတောင် ထင်ရစေသည်။

သော်တာလမင်းကတော့ ဒါတွေ မြင်နေကျ ရိုးနေပြီမို့ ဂရုစိုက်နေတော့ဘဲ အစ်မတွေရှိနေသော ဆိုင်၏ရုံးခန်းထဲသော တန်းဝင်လာခဲ့သည်။

ရုံးခန်းထဲရှိ ကျယ်ပြောသော ထောင့်ချိုးပုံစံ တစ်ဆက်တည်း ရှည်ရှိသည့် ကတ္တီပါသား ဆိုဖာခုံရှည်ကြီးပေါ်တွင် သူ့အစ်မနှစ်ယောက် ကြပြီး သူတို့ရှေ့က စားပွဲပေါ်မှာတော့ ပြိုးပြိုးပြက်ပြက်နေသည့် ကျောက်မြတ်ရတနာမျိုးစုံတို့ကို ကတ္တီပါအနီစပေါ်မှာ တွေ့ရသည်။

"မောင်လေး...ရောက်လာပြီပဲ၊ လာ...လာ...အတော်ပဲ၊ အခုပဲ ည်းအသစ်တွေ ရောက်နေတာ ကြည့်ရတာပေါ့"

"မကြီး...နင်ကသာ ဝမ်းသာအားရသင်ပေးနေ၊ သူက သူ့မိန်းမကို ဆင်ကျွေးဖို့ အခုမှပဲ လိုလိုလားလား ဒီပညာတွေ လာလာသင်နေတာနော်"

"မေခင်ရယ်...ကိုယ့်မောင်လေးပဲ၊ ခွင့်လွှတ်လိုက်ပါ"

"ခွင့်လွှတ်ပါတယ်၊ ခွင့်လွှတ်လို့ကို သူ ဒါ သင်ချင်ပါတယ်ပြောတော့ စိတ်ပါလက်ပါ ပညာကုန်သင်ပေးတာပေါ့၊ ဒါပေမယ့် တစ်ချက်ချက် တွေးမိရင်လည်း အရင်တုန်းက သင်ပါ၊ လုပ်ပါ၊ လေ့လာပါဆိုတော့ တစ်စက်မှ လှည့်မကြည့်တဲ့ကောင်က ခုမှ သင်ရသလားဆိုပြီး စိတ်တယ်...တကယ်၊ ဟိုဟာမက ဘာတွေသွေးထိုးပေးသလဲမှ မသိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်ချင်၊ သုံးချင်၊ နေချင်လာမှာပေါ့၊ ငါသူဌေးသားယူထားတာပဲ၊ ဒီလိုနဲ့ မကျေနပ်နိုင်ဘူးဆိုတာမျိုးတွေ ဖြစ်လာပြီဆို အရေးကြီးတာက နှင် စိတ်မယိုင်သွားဖို့ပဲ…မောင်လေး"

သော်တာလမင်း စိတ်ပျက်ပျက်ဖြင့် ခေါင်းခါရှုံ့မဲ့ရင်း…

"ဘာတွေလျှောက်ပြောနေတာလဲဗျာ၊ သူ ဘာမှမပြောဘူး၊ ဘာမှလည်း မပူဆာဘူး၊ သူ့ဘာသာ အေးဆေးနေတဲ့သူပါ၊ လမင်း ပြောပြရင်လည်း မကြီးတို့က ယုံမှာမဟုတ်ဘူး၊ မှန်ပြီး ပြောတယ်၊ မိန်းမဘက် လိုက်ပြောတယ်ဖြစ်ဦးမယ်"

ဟု ညည်းညည်းညူညူ၊ ရှုရှုမှုမှု ပြန်ပြောလိုက်တော့ ညီအစ်မနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြကာ ပါးစပ်ပိတ်သွားပါသည်။

အစ်မတွေနဲ့ အဆက်အသွယ်ပြန်လုပ်ပြီး ဒီပညာတွေ လာသင်နေတာဆိုတာ မြူတောင် မသိပါ။ သူပြောလည်း မပြောပါ။ မြူသည် သူ ဘာလုပ်လဲ၊ ဘယ်သွားလဲဆိုတာ ဘယ်တုန်းကမှ မမေးခဲ့။ မြူ သူ့ကို မမေးရဲလို့ မမေးတာဖြစ်ကြောင်း သူ သိနေပေမယ့် သူ့အကျင့်ကိုက အရေးတယူ ပြောပြချင်တဲ့အကျင့် မရှိချေ။ မေးလာခဲ့ရင်တော့ ပြောပြမှာပေမယ့် မြူ မမေးသောအခါ မပြောချင်ပါ။ မြူလည်း သူ့ဘာသာ အရောင်းပလာဇာကြီးရဲ့ Department (ဒီပါ့မင့်န်)တစ်ခုမှာ စူပါဗိုက်ဇာ (အလုပ်ကြီးကြပ်သူ) ရာထူးနဲ့ အလုပ်ဝင်ရ၍ ဝမ်းသာကျေနပ်ပြီး အလုပ်ဆင်းနေတယ်၊ တစ်လကျော်တောင် ရှိနေပြီ၊ လခရသောအခါ ပျော်မြူးတက်ကြွပြီး…

"လမင်းကို မြူ ဝယ်ကျွေးမယ်၊ အပြင်ထွက်စားရအောင်"





ဟု သူမကပဲ အရင်စခေါ်ကာ ညစာအတူထွက်စားဖြစ်ကြသေးသည်။ တော်ရုံတန်ရုံဆို အပြင်စာတွေ စားလေ့မရှိ၊ ကြိုက်လည်း ကြိုက်ပုံရသော မြူက ထိုနေ့ကို စိတ်ပါလက်ပါပင် အပြင်ထွက်စားခဲ့တာဖြစ်သည်။

"မြူလခက ဘယ်လောက်ရလို့လဲ"

"လမင်းကြားရင် ရယ်လိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"တစ်သိန်းတောင် မပြည့်လို့"

"ဘာပဲဖြစ်ဖြစ် မြူ ပျော်တယ်မဟုတ်လား"

"ပျော်တာပေါ့၊ အိမ်ထဲမှာ ခပ်တုံးတုံး ထိုင်နေရတာထက်စာရင် အပြင်ထွက် အလုပ်လုပ်တော့ လူမှုဆက်ဆံရေးလည်း အတွေ့အကြုံ ရတယ်၊ စီးပွားရေးအမြင်လည်း ရှိလာတယ်"

"မပင်ပန်းဘူး မဟုတ်လား"

"မပင်ပန်းပါဘူး လမင်းရဲ့"

"ပင်ပန်းတယ်ထင်ရင် မလုပ်နဲ့၊ ချက်ချင်းသာ ထွက်လာခဲ့နော်"

"စိတ်ချပါ၊ မြူ လမင်းစကားကို နားထောင်ပါ့မယ်"

တကယ်တော့ နေ့စဉ် သူကသာ အပြင်ထွက်သွားပြီး မြူက ကျန်ခဲ့ကာ သူ့အပြန်ကို စောင့်နေခဲ့ရာမှ မနက်ဆို မြူ အလုပ်သွားဖို့ အိမ်က ထွက်ရင် သူ ကျန်ခဲ့ရမှာကို အလိုလို မနစ်မြို့သည်ဖြစ်ရာ သူပါ လိုက်ထွက်သည်၊ တက္ကစီငှားပြီး အတူတူစီးကာ မြူ့ကို ပလာဇာမှာ ချပေးလေ့ရှိသည်။ လိုလုပ်မိတာကလည်း မြူ့ကို ပင်ပင်ပန်းပန်း ဘတ်စ်ကားတိုးစီးရမှာ စိုး၍ ဖြစ်သည်၊ မြူကတော့ ပလာဇာမှာ ကျန်ခဲ့ပြီးလျှင် သူကတော့ အစ်မတွေ ဆိုင်ကို ဆက်ထွက်လာလိုက်ပြီး အစ်မတွေ ရောက်နှင့်နေလျှင် သူတို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



အတူတူ ကျောက်မြတ်ရတနာလုပ်ငန်းကိစ္စတွေ စိတ်ဝင်တစား စလုပ်မိသည်။ အစ်မတွေ မရောက်သေးရင်တော့ ဆိုင်မှာ လိုအပ်သမျှ လိုက်ကြီးကြပ်ပေးမိလေ့ရှိသည်။

သူ့ဘာသာ အလုပ်ကိစ္စတွေ စိတ်ဝင်တစား ရှိလာတာလည်း ဘယ်ကဲ့ဘယ်လို ပေါ်လာသော စိတ်ဓာတ်မှန်း မသိပေမယ့် အစ်မတွေကတော့ တစ်မျိုးအထင်လွဲကာ မကြာခဏပင် စကားနဲ့ ခနဲ့လေ့ရှိသည်။

"ဒါနဲ့ လမင်း မေးရဦးမယ်၊ နင့်နားကပ်ရော၊ နောက်ပြီး ငါတို့ ဆွစ်ဇာလန်သွားတုန်းက ဝယ်လာပေးတဲ့ လက်ပတ်နာရီတွေရော၊ မမြင်ပါလား"

"မမြင်တာ မရှိတော့လို့ပေါ့"

သော်တာမေခင်မှာ သိရက်သားနဲ့ တမင်မေးလိုက်တာဖြစ်သည်။ နားကပ်နဲ့နာရီကိုတော့ အင်မတန်မှ နှစ်သက်တဲ့ မောင်ဖြစ်သူက အခုကျ ဒါတွေ မဝတ်ရပဲလည်း နေနိုင်နေသလားလို့ တွေးလေသည်။

"ကားလည်း ရောင်းသုံးလိုက်ပြီ၊ နားကပ်နဲ့ နာရီလည်း ရောင်းသုံးလိုက်ပြီဆိုတော့ ရောင်းစရာမကျန်တော့ရင် နင် ဘယ်လိုသုံးမလဲ"

"မသုံးဘူးပေါ့"

"ဟဲ့...လွယ်လွယ်မပြောနဲ့လေ၊ မသုံးဘဲနေလို့ရမလား၊ ဟိုဟာမက အိမ်မှာ စားစရာမရှိလာရင် ဒီအတိုင်းနေမတဲ့လား၊ နင့်ကို အလုပ်ထွက်လုပ်ဖို့ ပူညံပူညံပြောလာတော့မှာပေါ့"

"ကြားလို့မှမကောင်းဘူး၊ဦးသော်တာသားမှာပိုက်ဆံမရှိတော့လို့ စားစရာတောင် ဝယ်မစားနိုင်တော့ဘူးဆိုတာမျိုး နင် အဖြစ်ခံမလို့လား၊ နင့်ခေါင်းထဲမှာ ဘာမှမတွေးပါလား"





"မြို့မှာ အလုပ်ရှိပါတယ်၊ စားဖို့သောက်ဖို့တော့ သူ ဝယ်ကျွေးရာပေါ့"

"အံမယ် . . . သူကများ အလုပ်နဲ့ ဘယ်တုန်းက ထွက်လုပ်နေနိုင်လဲ"

"ကြာပြီ...နှစ်လနီးပါးရှိတော့မယ်"

"သူ့ဘာသာ ဘာပဲလုပ်လုပ် အဆင့်မရှိတဲ့ အလုပ်မျိုးပဲ ရမှာပေါ့"

သော်တာလမင်းကတော့ စိန်ပွင့်သေးသေးလေးကို သေသေချာချာ စိတ်ကူးနဲ့စီရင်း လက်စွပ်လေးတစ်ကွင်းအဖြစ် ပုံဖော်နေမိသည်။ နီကလေးဖြစ်ပြီး နားပေါက်တောင် မရှိသော မြို့ကို တစ်ခါကတော့ မေးသည်။

"လက်ဝတ်ရတနာ ဝတ်ရမယ်ဆိုရင် ဘယ်လိုရတနာမျိုးကြိုက်လဲ"

"မသိဘူးလေ၊ ရွှေကလွဲရင် ဘာမှမ မမြင်ဖူးတာ၊ ဒါတောင် အမေ အနှံ့ခဲ့တဲ့ ရွှေနားကပ်လေးနဲ့ လက်စွပ်မောင်းကွင်းလေးတစ်ကွင်းပဲ မြင်ဖူးလို့သိနေတာ၊ ရတနာဆိုရင် အနီ၊ အပြာ၊ အစိမ်း၊ အဖြူရှိတာတော့ သိတယ်၊ ဘာကို ဘယ်လိုတွဲခေါ်ရမှန်းတောင် မသိဘူး"

"စိန်တော့ သိပါတယ်ကွာ"

"အင်း...အင်း...အဲဒါတော့ သိတာပေါ့၊ တီဗွီမှာ စိန်ဆိုင်ကြော်ငြာတာတွေ တွေ့ဖူးနေတာပဲ၊ ပြီးတော့ ဝိုစတာတွေ တွေ့ဖူးတော့ သိတယ်"

"ကြိုက်လား"

"ဘာကိုလဲ"

"စိန်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟီဟိ . . . အတင်းပဲ စိန်ကို ကြိုက်ခိုင်းနေတယ်၊ ဖြိုးပြက်ပြီး အကြီးကြီးတွေတော့ မကြိုက်ပါဘူး။ စိန်သေးသေးလေးတွေကို လက်စွပ်လေးလုပ်ဝတ်ရရင် ကောင်းမယ်လို့တော့ တစ်ခါတလေ ပိုစတာကြည့်ပြီး တွေးဖူးတယ်၊ ဒါပေမယ့် သိပ်ကြီး မက်မက်မောမောလည်း မဖြစ်ပါဘူးလေ၊ ကိုယ်နဲ့ သိပ်မဆိုင်တဲ့အရာတွေလို့ပဲ စိတ်ထဲက ထင်နေတာ"

စိန်လေးတွေစိရင်း မြူပြောတာကို သူ အစအဆုံး အမှတ်ရနေမိသည်။ မြူ့ကို လက်စွပ်လေးတစ်ကွင်းတောင် ဝယ်မဆင်ဖြစ်ပါလား။ အမှတ်တရအနေနဲ့ လက်ဆောင်ပေးသင့်ပါတယ်လေ၊ ဒါပေမယ့် ဒီအခြေအနေမှာ သူ့အဖြစ်က စိန်လက်စွပ်မပြောနဲ့၊ ရွှေလက်စွပ်တောင် မဝယ်ပေးနိုင်တော့တဲ့ အခြေအနေ ဖြစ်နေပြီ၊ သူ့တစ်သက်မှာ တစ်ခါမှ မစိုးရိမ်ဖူးသော ပိုက်ဆံပြတ်သွားရင် ဘယ်လိုလုပ်မလဲဆိုသည့် စိုးရိမ်စိတ်က ဝင်လာလေသည်။

"ဖေဖေကတော့ ခပ်တည်တည်ကြီးဆိုတော့ သူ့စိတ်ထဲ ဘာရှိမလဲဆိုတာ ခန့်မှန်းလို့မရဘူး၊ ဒါပေမယ့် မေမေကတော့ တစ်နေ့တစ်နေ့ "ငါ့သားလေး အခုချိန် ဘယ်လိုများနေလဲ၊ ဘာများလုပ်နေမလဲ၊ ပိုက်ဆံသိပ်သုံးတဲ့ကောင် ခုတော့ ဘာနဲ့များ သုံးနေသလဲ"နဲ့ တဖွဖွပြောနေတာ။ နင့်အကျီအဝတ်အစားတွေရှိတဲ့ ဗီရိုဖွင့်ပြီး ကြည့်လိုက်၊ နင့်ရဲ့အိပ်ရာလေးမှာ သွားထိုင်လိုက်၊ နင့်အခန်းထဲမှာ ဟိုဟာလေးရှင်း၊ ဒီဟာလေးရှင်းလုပ်ပြီး အချိန်ဖြုန်းလိုက်နဲ့၊ မောင်လေးက ဆိုင်ကိုတော့ အမြဲလာပါတယ်ပြောတော့ ဟုတ်လားတဲ့။ မေမေတို့ဆီ လာခဲ့ပါလားလို့ သူ ပြောချင်နေပေမယ့် ပြောရခက်ပုံပဲ။ သားသမီးဘက်က အလိုက်တသိနဲ့ မေမေ ကျွန်တော် မှားပါပြီ ခွင့်လွှတ်ပါ၊ တစ်ချက်ပြောပြီး သွားတွေ့ရင် ဖေဖေမေမေတို့က သိပ်ဝမ်းသာမှာပါ"





မကြီး သော်တာသက်ထားက တွေဝေဟန်ရှိသော သော်တာလမင်း၏ အရိပ်အကဲကိုကြည့်ပြီး ခပ်ဖြည်းဖြည်း နားဝင်အောင် ပြောနေလေသည်။

"လမင်းကို အမေ့ပြတ်စွန့်လွှတ်ထားတာလေ"

"ဪ...ဒါကတော့"

"ပြန်သွားရင် အမွေမက်လို့ ပြန်လာတယ်ထင်ဦးမယ်၊ တကယ်တော့ လမင်းအမွေမမက်ပါဘူး။ ဖေဖေတို့၊ မကြီးတို့ရှာထားလို့တိုးပွားနေတဲ့ ငွေပုံကြီးပါ။ လမင်းရဲ့အစွမ်းအစ တစ်ပြားမှမပါဘဲ ရထားတဲ့ စည်းစိမ်တွေ မယူပါဘူး"

"နင် ဘယ်လိုသုံးသုံး ကြည့်ဖြူပါတယ် ပြောပြီးသား။ နင့် တစ်ယောက်တည်းဆိုရင် ဘာပဲသုံးသုံးပါ။ အခုဟာက နင့်ကို သနားလို့ ပေးမယ်ဆိုရင် ကြားထဲကအချောင်ဟိုဟာမ တွက်ခြေကိုက်နေမှာစိုးလို့"

"မကြီးပြောတာ ဟုတ်တယ် လမင်း။ ငါတို့က နင့်ကိုပဲ ကြည့်ဖြူတာ၊ ကိုယ့်မောင်ဒုက္ခရောက်နေလို့ သနားပြီးကူညီရင် ဟိုဟာမက တိန်တိန်နဲ့ စင်ပေါ်မှာ ဖိမ်ကျနေတော့မှာမို့ ကိုယ့်စိတ်ကိုယ် မနည်းထိန်းချုပ်ထားတာ"

"အခုတောင် ဒါ ကလေးမရှိသေးလို့၊ ကလေးရှိလာရင် ငါတို့က ကိုယ့်သွေးဆိုပြီး..."

"ဟာ . . . ဘာတွေပြောနေတာလဲ၊ ဘယ်က ကလေးက ပါလာရတာလဲ၊ စိတ်ကို မဝင်စားလို့ မယူခိုင်းထားဘူး . . . စိတ်ချ၊ ဘာကလေးမှ မရှိစေရဘူး၊ သူလည်း လမင်းကို မလွန်ဆန်ရဲဘူး၊ ပြီးတော့ သူကလည်း မကြီးတို့ထင်နေတဲ့ မိန်းကလေးမျိုး မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး...ဟုတ်မဟုတ်...စောင့်ကြည့်ပါဦး၊ ရုမှ ဘယ်လော သေးလို့လဲ၊ တစ်နှစ်တောင် မပြည့်သေးဘဲနဲ့၊ သူ့အရိပ်အကဲကို ခန့်မှန်း မရပါဘူး၊ နင့်ကို ရအောင်ယူတယ်ဆိုကတည်းက သိုက်တူးချင်လို့ ယူတာ

ကျွန်တော် သူ့ကို အတင်းခိုးပြေးသွားတာလို့များ ပြောလိုက် အစ်မတွေ ဒီနေရာမှာတင် တက်ပြီး သေသွားမလားမသိ၊ အစ်မတွေဆီ တိုင်း တစ်နေ့တစ်မျိုး မရိုးရအောင် ဝေဖန်သော မြူအကြောင်းတွေ အတိုက်အခံ ပြန်မဖြေရှင်းခဲ့ပေမယ့် မြူဟာ သူတို့စွပ်စွဲတဲ့ မိန်းကလေ မဟုတ်ဘူးဆိုတာ သူကိုယ်တိုင် လက်ခံယုံကြည်ထားပါသည်။

အေးချမ်းသော မြူမျက်လုံးတွေဟာ အမြဲ အပြစ်ကင်းစင်လျ ဒေါသတွေ၊ မာန်မာနတွေ မရှိနေခဲ့ရေး၊ ဒါကြောင့်လည်း မင်းပိုင်ဟာ အပြစ်ကင်းစင်မှုကိုတွေ့ပြီး သဘောကျခဲ့တာ၊ သူကတော့ သူ့ကိုယ်သူ သေသေချာချာ မဝေဖန်မိခဲ့ပါ၊ ဘာကြောင့်မှန်းမသိ ကိုယ်လည်း သ သဘောအကျကြီး မဟုတ်ပါဘဲ မင်းပိုင်ထက်ဦးအောင် မြူကို လုယူခဲ့သ မြူကို သူပဲ မူပိုင်ဖြစ်ချင်ခဲ့သည်။

ချစ်တယ်လို့ တစ်ခွန်းမပြောပါဘဲ အရယူခဲ့တဲ့အထိ အဖြစ်အပ တွေ မြန်မြန်ဆန်ဆန် ပြောင်းလဲခဲ့တဲ့အပေါ် သူကိုယ်တိုင်ပင် တအံ့တသြ ဘာကို နောင်တရမှန်းမသိ ရနေခဲ့တာတော့ အမှန်ပင်။

ဘာကို နောင်တရသလဲ၊

စောစောစီးစီး မိန်းမကောက်ယူလိုက်ရလို့ လူပျိုဘဝ ဆုံးရှုံးလို ရခြင်းအတွက်လား၊

သူ့အသိုင်းအဝိုင်း တစ်ခုလုံးနဲ့ ဆန့်ကျင်တဲ့ အနေအထား မိန်းကလေးကို ယူလိုက်မိတဲ့အတွက်လား။





တစ်ဖက်လူအပေါ် အနိုင်ရချင်စောနဲ့ ကိုယ်ချစ်မှန်း၊ မချစ်မှန်း သေသေချာချာတောင် မဆန်းစစ်မိတဲ့ မိန်းကလေးကို ဒီအခြေအနေထိ ရောက်အောင် ဆွဲခေါ်ခဲ့မိတဲ့အတွက်လား။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

မြူသည်ကြားလိုက်ရသောသတင်းအတွက်တုန်လှုပ်ချောက်ချား ရတော့မလိုလို၊ ချက်ချင်းပဲ အရည်ပျော်ပျောက်ဆုံးသွားချင်တော့သလို ဖြစ်သွားပါသည်။ မျှော်လင့်ထားပြီးသား ဖြစ်နေပေမယ့် မဖြစ်နိုင်ပါဘူး ဆိုသော မျှော်လင့်ချက်ကလည်း ရေးရေးမျှ ရှိထားသေးရာ မျှော်လင့် အတိုင်းဖြစ်မလာသောအခါ လူက ချက်ချင်းပဲ ကြံ့ရာမရဖြစ်သွားပါသည်။

"သေ ... သေချာပါတယ်နော် ... ဒေါက်တာ၊ ဟို ... တစ်မျိုးမထင် ပါနဲ့၊ ကျွန်မ ... ကျွန်မ ... မမျှော်လင့်ထားမိလို့ပါ"

"သေချာပါတယ်၊ ဒီ test တွေက မှားခဲပါတယ်၊ သမီးက ဆေး သောက်တယ်သာပြောတယ်၊ ခဏခဏမေ့တယ်၊ အချိန်လည်း မမှန် ဆိုတော့ ကိုယ်ဝန်ရသွားတာပေါ့"





"နှစ်ခါလားမသိဘူး၊ မေ့တာပါ"

"ဆေးကပုံမှန်သောက်ရမယ်၊ အချိန်လည်းမှန်ရမယ်၊ မေ့သွားရင် မေ့သွားတဲ့ဆေးလုံးအတွက်ရော၊ နောက်နေ့သောက်ရမယ့်ဆေးအတွက်ပါ နှစ်လုံးသောက်ရမယ်၊ ဥပမာ-ဒီည ဆေးသောက်ဖို့မေ့သွားပြီဆိုပါတော့၊ နောက်နေ့မနက် သတိရရင် ရရချင်း ချက်ချင်းသောက်လိုက်ရမယ်၊ အဲဒါ တွေ ရှိတယ်"

မြူ ချက်ချင်းပဲ ငိုချချင်လောက်အောင် စိတ်ညစ်သွားပါသည်။ ခင်းတော့ စိတ်ဆိုးတော့မှာပဲ။ သူ့ကိုယ်တိုင် သေသေချာချာ မှာထား ကြီးနဲ့ ဂရုမစိုက်သလို ဖြစ်သွားပြီ၊ တမင် ကလေးရအောင် ယူလိုက်သလို ဖြစ်သွားပြီ။

"လိုအပ်တဲ့ ဆေးစစ်မှုတွေလုပ်ဖို့ အန်တီ ရေးပေးလိုက်မယ်၊ တော်တဆ ရသွားတယ်ဆိုပေမယ့် ကိုယ်လည်း တတ်နိုင်နေတာပဲ၊ ယူ လိုက်ပါ၊ သူ့အချိန်တန်လို့ ရတယ်လို့ သဘောထားလိုက်ပါ၊ အမျိုးသားလေး ကိုလည်း နားလည်အောင် ပြောပြပေါ့၊ ဒါမျိုးက ဖြစ်တတ်ပါတယ်၊ ကလေး ကို မမြင်ရသေးလို့ မလိုချင်တာပါ၊ မြင်လိုက်ရတော့လည်း ကိုယ့်သားသမီး ပြီး တုန်နေအောင် ချစ်ကြတာပါပဲ"

သူက ချစ်ပါ့မလား။ မြူ့ကိုတောင် ချစ်တယ်တစ်ခွန်း မပြောခဲ့တဲ့ သူက မြူနဲ့ပတ်သက်လို့ ရလာတဲ့ သွေးသားကို ချစ်ခင်တွယ်တာပါ့မလား။ ကိုခင်မှ ဥကိုမင်တယ်ဆိုတဲ့စကားလည်း ရှိတယ်။ မချစ်တဲ့မိန်းမဆီက လာမယ့် သားသမီးကို သူ ချစ်ပါ့မလား။ သူ့ကို ရှုန်းမထွက်နိုင်အောင် တမင် ညှိနှောင်တယ်လို့များ ထင်မလား။



www.burmeseclassic.com

www.burmeseclassic.com



"ကလေး...ကလေးကရော ပုံမှန်ပဲမလား"

"ပုံမှန်ဖြစ်မှာပါ၊ ဘာဖြစ်လို့လဲ"

"ကျွန်မ ဆေးကို သောက်လိုက်၊ မသောက်လိုက်လုပ်ရင်း ရသွား

တော့ စိုးရိမ်လို့ပါ"

"မစိုးရိမ်ပါနဲ့၊ ကဲ . . . ဒီမှာ အန်တီရေးပေးလိုက်တာလေး

သေသေချာချာလုပ်လိုက်နော်၊ ပြီးရင် အန်တီ့ဆီ ပြန်လာပြချင်လည်းပြ

ချင်ရင်လည်း တခြားဘယ်ဂျီပီမဆို ပြလို့ရတယ်နော်၊ အားဆေးတော့

ကတည်းက စသောက်သင့်တယ်၊ သမီးရဲ့သွေးအားဟာ တော်တော်နည်း

နေတယ်"

ဆရာဝန်မကြီးဆီက အပြန်တွင် မြူသည် လမ်းသာလျှောက်နေ

ပေမယ့် ဦးတည်ချက်မဲ့စွာ လျှောက်မိသလို ဖြစ်နေသည်၊ အိမ်လည်း မပြ

ချင်သေး။ ဘယ်ကို သွားရမှန်းလည်း မသိ၊ မြူမှာ အရင်းနှီးဆုံးဆွေမျိုး

ဒေါ်လေးမိသားစုပဲ ရှိသည်၊ သူငယ်ချင်းဆိုတာလည်း သိပ်မရှိခဲ့။ ဒီတော့

ဘယ်သူ့ဆီမှာမှ ရင်ဖွင့်တိုင်ပင်စရာ မရှိ။ ဒေါ်လေးတို့လည်း သူတို့

သူတို့ မနည်းရုန်းကန်နေရချိန်မှာ ကိုယ်က ဒီကိုယ်ဝန်ရှိတာလေးကို စိ

ဆင်းရဲစရာကြီးလုပ်ပြီး ဒုက္ခမပေးချင်။

"ညည်း သူဌေးသားကိုရသွားတာပဲ ဝမ်းသာလှပါပြီ မြူရယ်၊ ကို

မနေနိုင်၊ မစားနိုင်ပေမယ့် ကိုယ့်တူမလေး ချမ်းချမ်းသာသာ နေနိုင်၊ စားနိုင်

တယ်ဆိုရင်လည်း ငါ့အစ်မကြီးကိုယ်စား တူမလေးကို ကျွေးမွေးတော်

ရောက်ရကျိုးနပ်ပါပြီလို့ပဲ ယူဆပါတယ်"

ဒေါ်လေးကတော့ အထင်တကြီးနဲ့ပင် မြူအတွက် ကျေနပ်ဝမ်းသာ

နေခဲ့သူ ဖြစ်လေသည်။ ကျောက်မြတ်ရတနာ လုပ်ငန်းရှင်ကြီး၏ တစ်





တည်းသောသား၊ သူဌေးသားလူချောလူလှကို ရသွားသည်ဆိုကာ မြူ့

အတွက် စိတ်ချနေရှာသော အဒေါ်ကို အပူတွေမပေးချင်။ အဆင်မပြေမှု

တွေ သွားမပြောချင်။ အကယ်၍ လမင်းက တစ်နေ့ ကိုယ့်ကို ထားရစ်ခဲ့ရင်

တောင် ဒေါ်လေးဆီ ပြန်မသွားဘူး၊ ဒုက္ခတွေ မျှဝေမနေတော့ဘူး။ ကိုယ့်

ထိုက်နဲ့ကိုယ့်ကံ ကျိတ်မှိတ်ခံလိုက်တော့မယ်လို့တောင် စိတ်ကူးထားခဲ့တာ

မို့ ဒီလောက်ပြဿနာလေးကို ပြေးပြောမနေချင်တော့ပါ။

မြူ့ ကိုယ့်ကိုယ်ကို သတိထားလိုက်မိချိန်မှာ ဆူးလေဘုရားဘက်

လျှောက်လာမိသည်ကို သတိထားမိသည်။ ဒီတော့ ဘုရားပေါ် ခပ်ဖြည်း

ဖြည်းတက်လာရင်း ကိုယ့်ဝမ်းဗိုက်လေးကို ငုံ့ကြည့်မိပြန်သည်။ မမြင်ရသေး

ပေမယ့် မင်းကို ငါ ချစ်ပါတယ် ကလေးရေ၊ ငါချစ်တဲ့သူရဲ့ သွေးသားကို ငါ့

ဗိုက်ထဲမှာ ထည့်ထားခွင့်ရလို့ ဝမ်းသာပါတယ်၊ ဒါပေမယ့် ဘာတွေဖြစ်လာ

မယ်မှန်း ကြိုမသိနိုင်တာမို့ မင်းကို ငါ ကတိတွေအများကြီး မပေးရဲဘူး၊

ဖေဖေရယ်၊ မေမေရယ်၊ ကလေးရယ်ဆိုတဲ့ မိသားစုပုံစံမျိုး ငါ မင်းကို ပေးနိုင်

ပါ့မလား။ မင်းနဲ့ငါ့ကို မင်းဖေဖေက တစ်နေ့ကျရင် ထားရစ်ခဲ့တဲ့အခါ မင်း

သိပ်အားငယ်၊ ဝမ်းနည်းရမှာပဲ စိုးရိမ်ပါတယ်၊ ငါကတော့ သူထားခဲ့ရင်ဆို

တာကို ကြိုတင်ပြင်ဆင်ထားပြီးသားမို့ ခံနိုင်ရည်ရှိနေမှာပေမယ့် မင်း

ကလေးကတော့ ဒါကို မျှော်လင့်ထားခဲ့မှာ မဟုတ်တဲ့သူမို့ မင်း တော်တော်

ခံစားရမှာကိုပဲ ငါ စိတ်မကောင်းဖြစ်မိတယ်။

"အခုဆို . . . ကိုယ်ဝန်က ခြောက်ပတ်လောက်ရှိပြီနော် . . . သမီး၊

အစစအရာရာ ဂရုတစိုက် နေထိုင်သွားလာပါ"

ခြောက်ပတ်ရှိပြီတဲ့၊ မင်း ငါ့ဗိုက်ထဲမှာ တိတ်တိတ်လေးဝင်နေခဲ့

တာ ခြောက်ပတ်တောင်ရှိပြီ၊ အလုပ်ကလည်း အခုမှ ရခါစရှိသေးတာ၊



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် ဗိုက်က ထွက်လာတော့မယ်ဆိုရင် အလုပ်ထဲမှာ အဆင်ပြေပါ့မလား။ ဒီရာထူး ဒီနေရာနဲ့ ဆက်ပြီးထားချင်ပါ့မလား။ ရှောပင်းမောလ်တွေ၊ ဝလာစတွေနဲ့ ဒီပွဲမင်္ဂလာလိုတည်းတဲ့စတိုးတွေမှာ ဗိုက်တကားကားနဲ့ အလုပ်လုပ်နေတာ ဘယ်မှာမှ မတွေ့ဖူးဘူး၊ ဒီတော့ ဗိုက်ပိပိပြင်ပြင် ထွက်လာရင် ဒါတော့ ဒီအလုပ်က ထွက်ရလိမ့်မယ်ထင်တယ်။

ဘုရားပေါ်မှာ အကြာကြီး ရည်ရွယ်ချက်မဲ့စွာ ထိုင်နေမိသည်။ နာရီပေါင်းများစွာ ထိုင်နေမိသလိုမျိုး ဖြစ်နေသည်။ ဒီနေ့ အလုပ်က အားရက်တစ်ရက်ရသည့်နေ့ကို အိမ်မှာမနေမိဘဲ လမင်း အပြင်ထွက်သွားပြီး သိပ်မကြာ၊ မြူကိုယ်တိုင်ပါ အပြင်ထွက်ခဲ့ပြီး ဆေးခန်းဝင်ပြတာဖြစ်ပါသည်။ ပုံမှန်ရာသီလာရမည့်အချိန် မလာတော့တာ ရက်အတော်ပင် ကျော်လွန်သွားသဖြင့် သို့လောသို့လော စိုးရိမ်စိတ်တွေနဲ့ ဆေးခန်းဝင်ပြပြီးလျှင် အဖြေမှန်ကို သိလိုက်ရတာလည်း ဖြစ်သည်၊ အခုတော့ မြူ ဘာလုပ်ရမှန်း မသိ။ အိမ်လည်း မပြန်ချင်။ လမင်းကိုလည်း ရင်မဆိုင်ချင်။ မပြောပြချင်။ သူ သိပ်စိတ်ဆိုးသွားမယ်၊ တမင်လုပ်တယ်လို့ အထင်လွဲသွားမယ်ဆိုတာ ကြိုသိနေသည်။

"ကလေးယူလို့ မဖြစ်သေးဘူးနော်၊ ဆရာဝန်နဲ့ သွားတိုင်ပင်ပြီး တားထားလိုက် သိလား။ ကိုယ်တို့ ငယ်ငယ်လေးပဲ ရှိသေးတာ၊ စောစောစီးစီး ကလေးအဖေ မဖြစ်ချင်ဘူး၊ ပြီးတော့ ကိုယ်ကလည်း မိဘတွေ အမွေဖြတ်ခံထားရတဲ့ကောင်၊ ဘာဖြစ်မယ်မှန်း မသိသေးတော့ မယူတာကောင်းတယ်၊ မြူလည်း မယူချင်နဲ့နော်"

လမင်းဟာ သူကိုယ်တိုင်လည်း ထိန်းထိန်းသိမ်းသိမ်းနဲ့ ကလေးမတော်တဆရသွားတာမျိုး မဖြစ်အောင်နေခဲ့သလို မြူကိုလည်း သူကိုယ်





တိုင် ဆရာဝန်လိုက်ပြပေးပြီး သန္ဓေတားဆေးသုံးဖို့ တိုက်တွန်းခဲ့သူဖြစ်သည်။ လူငယ်ပေမယ့် ဒီနေရာမှာ အမျှော်အမြင်ရှိရှိ နေတတ်ခဲ့ခြင်းဟာ သူ့ကို မြူ အပြစ်မတင်ပါ၊ ခဏတာသာယာမှုအတွက်၊ ဒါမှမဟုတ် သူ စိတ်လိုက်မာန်ပါ လုပ်လိုက်မိတဲ့ အမှုအတွက်ကြောင့် မြူကို ယူလိုက်ရသလို ဖြစ်သွားပေမယ့် သူမချစ်သော မိန်းမတစ်ယောက်ထံမှာ ဘာသံယောဇဉ်မှ ထားခဲ့ချင်ဟန် မတူပါ။ မြူ ...ဒါကို ရိပ်မိပြီး နားလည်ပေးခဲ့ပါသည်။

အိမ်ပြန်ချိန်သင့်ပြီဟု ဆုံးဖြတ်ကာ ဘတ်စ်ကားစီး အိမ်ပြန်ခဲ့ရပေမယ့် လမင်းကို ဘယ်လိုရင်ဆိုင်ရမလဲဆိုတာ စဉ်းစားလာခဲ့သည်။ မပြောသေးရင် ကောင်းမယ်ဆိုတဲ့ ဆုံးဖြတ်ချက်သာ ခေါင်းထဲမှာ အခါခါ သတိပေးလာခဲ့မိပြန်သည်။ လမ်းထဲဝင်လာတော့ ညနေစောင်းဖို့ လမ်းထဲမှာ ဆော့ကစားနေသော ကလေးတွေ၊ အိမ်ရှေ့မှာ ထိုင်စကားစမြည်ပြောနေသည့် မိသားစုတွေနဲ့ စည်ကားနေသည်။ လမင်းကတော့ အဲဒါကို မကြိုက်လှချေ။

"တစ်နေ့တစ်နေ့ ...လမ်းထဲကလူတွေ ထိုင်ကြည့်ပြီး စပ်စုလိုက်၊ အတင်းပြောလိုက် လုပ်နေတာ မကြိုက်ပါဘူး" ဟုလည်း ဝေဖန်ကာ ...

"မြူလည်း သိပ်မရောနဲ့၊ ကိုယ့်ဘာသာနေ၊ အရောဝင်ရင် စပ်စုပြီး ဟိုပြောဒီပြော ဖြစ်လာလိမ့်မယ်"

ဟု၍ သတိပေးထားသဖြင့် မြူမှာ အိမ်နီးချင်းတွေကိုပင် ဟက်ဟက်ပက်ပက် စကားမပြောရဲပါ၊ ရပ်ကွက်နဲ့မနေဖူးတဲ့သူမို့ မြန်မာမိသားစု အများစုနေတဲ့ ရပ်ကွက်စရိုက်ကို မမြင်ဖူးလေရော လမင်းက ဒါကို မကြိုက်လှ။ အမှန်တော့ စပ်စုတာလည်း စပ်စု၊ အတင်းပြော တာလည်း ပြောနဲ့ပဲ တစ်ယောက်နဲ့တစ်ယောက်ရင်းပင်းကူညီတတ်ကြတာဘာ မြန်မာရပ်ကွက်တွေရဲ့ဓလေ့စရိုက်မို့ မြူအတွက်တော့ စိတ်အနှောင့်အယှက်မဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မြူတို့နေရာ သုံးလွှာတိုက်ခန်းကိုရောက်တော့ အမှတ်မထင် မော့ကြည့်လိုက်လျှင် ဝရံတာကျဉ်းကျဉ်းလေးမှာ လက်ထောက်ရပ်ရင်း မြူကို စောင့်ကြည့်နေသော လမင်းကို ထူးထူးဆန်းဆန်း တွေ့ရလေသည်။ ဘာကြောင့်လဲဆိုတော့ သူက သူ့ အိမ်အရင်ဆုံး ပြန်ရောက်ရင်လည်း မြူ အလုပ်ကပြန်အလာကို အဲဒီလို စောင့်လေ့မရှိပါ။ အိမ်ထဲမှာသာ နေတတ်လေသည်။ ဒီနေ့တော့ မြူကို စောင့်နေဟန်တူသည့် အမူအရာကြောင့် အံ့အားသင့်သွားပါသည်။

မြူ အပေါ်ထပ်တက်လာခဲ့တော့ အခန်းတံခါးကို အသင့်ဖွင့်ထားတာ တွေ့ရသည်။

"ဘယ်သွားနေတာလဲ"

အိမ်ထဲဝင်ဝင်ချင်း မေးလိုက်သော လမင်းအသံက နည်းနည်းမာနေသည်။

"မြူ…မြူ…ဟိုဟာ…ဆုံးလေဘုရားသွားတာ"

"အလုပ်အားရက်မို့ အိမ်မှာ နေချင်တယ်ထင်တာနဲ့ အပြင်ခေါ်မသွားတာပါ။ ဒီလိုမျိုး အပြင်ထွက်လည်ချင်မှန်းသိရင် ခေါ်ပါတယ်"

"မြူ…လျှောက်လည်တာ မဟုတ်ပါဘူး၊ ဘုရားသွားချင်လို့ ထွက်သွားတာပါ"

"မင်းကို အပြစ်တင်တာ မဟုတ်ပါဘူး၊ စောစောစီးစီး ပြန်မလာတော့ ဘာများဖြစ်နေလဲဆိုပြီး စိတ်ပူလို့ပါ"

"လမင်း ဘယ်တုန်းက ပြန်ရောက်လဲဟင်"

"ကြာပြီ၊ သုံးနာရီလောက်ကတည်းက"

"ဩော်…"





မြူက ခြောက်နာရီထိုးခါနီးမှ အိမ်ပြန်လာသဖြင့် အိမ်မှာ သူ ဒေါ်တော်ဒေါ်သဖြစ်နေပုံရသည်၊ ဒါပေမယ့် သူ ဒေါသဖြစ်ကြောင်းတော့ မပြပါ။

"လမင်း။ ခါတိုင်းဆို တစ်နေကုန်သွားတာဆိုတော့ စောစောစီးစီး ပြန်မရောက်သေးဘူးထင်လို့ မြူလည်း ဘုရားမှာ အကြာကြီးထိုင်နေမိတာပါ"

"မင်း အားရက်မှာ မင်းကို ထားထားပြီး တစ်နေကုန်ထွက်နေတော့ မတရားဘူးထင်တာနဲ့ စောစောပြန်လာပေးတာပါ"

"လမင်း။ အဲဒီလိုသွားနေကျဆိုတော့ မြူ နေတတ်ပါတယ်"

"ဩော် … ဘာလဲ၊ မင်းက ငါ ဒီအိမ်မှာမရှိရင် ပိုကောင်းတယ်လို့ ပြောချင်တာလား"

"မဟုတ်ပါဘူး…လမင်းရဲ့ အဲဒီသဘောနဲ့ ပြောတာမဟုတ်ပါဘူး၊ ထင်မဆိုးပါနဲ့၊ မြူလည်း စိတ်ညစ်စရာရှိလို့ စကားပြော အဆင်မပြေသလို သွားတာပါ။ မြူက … မြူကလေ … လမင်း မြူ့အနားမှာ အမြဲတမ်းနေတာကို ကြိုက်ပါတယ်၊ အမြဲတမ်းလည်း နေနိုင်ပါစေလို့ ဆုတောင်းနေတယ်"

"ဘာရယ်…ဘာပြောတယ်…ဘာကြောင့် ဆုတောင်းစရာရှိလဲ"

ဒီနေ့ ဘာဖြစ်လာမှန်းမသိ အလိုလိုနေရင်း စိတ်တိုနေပုံရသော လမင်းကို မြူ ခွင့်လွှတ်စွာ မော့ကြည့်ရင်း…

"လမင်းကတော့ ကိုယ့်ကိုယ်ကို သိချင်မှသိမယ်၊ မြူကတော့ လမင်းရဲ့စိတ်ကို လမင်းထက်တောင် ပိုသိပါတယ်၊ မြူ့ကို မလိုချင်တော့တဲ့ နေ့တချိန် လမင်း ထွက်သွားနိုင်တယ်ဆိုတာ မြူ သိပါတယ်၊ မြူ မတားဘူး လမင်းကို မချုပ်ကိုင်ပါဘူး၊ မချည်နှောင်ပါဘူး၊ လမင်း ထွက်သွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါ တစ်ယောက်တည်း ပြန်နေတတ်အောင်ပဲ ကြိုတင်စဉ်းစား လေ့ကျ
ထားတာပါ”

မြူ . . . မထူးတော့ပြီမို့ ထိုသို့ပြောချလိုက်သောအခါ လမင်းရ
ဝေငြိမ်သက်စွာ မြူ့ကို ပြန်ကြည့်နေလေသည်။ မြူ ဒါကို တမြုံ့မြုံ့နဲ့ ခံစား
ရတာထက်စာရင် လမင်းသိအောင် ပြောထားလိုက်ချင်ပါပြီလေ။

“ငါက ဘာလို့ ထွက်သွားရမှာလဲ”

“လမင်း၊ ခုချိန်မှာ ဒါကို လက်မခံနိုင်သေးပေမယ့် တစ်နေ့
တော့ မြူပြောတာ ဟုတ်တယ်လို့ လက်ခံလာမှာပါ”

“မဟုတ်သေးပါဘူး၊ မင်းကို ငါလက်ထပ်ထားတာလေ၊ ဇနီးမ
အဖြစ် လက်မှတ်ထိုးပြီး အပိုင်ယူထားတာ”

“လမင်းရယ်၊ အဲဒါကို မြူ အငြင်းမပွားပါဘူး၊ လမင်း . . . မြ
ဘာကြောင့်ယူခဲ့သလဲပဲ သိချင်နေခဲ့တာ၊ ဒါပေမယ့် မမေးခဲ့ပါဘူး”

“ငါ ပြောပြီးသားလေ၊ မင်းကို မင်းပိုင်နဲ့ အရောမဝင်ပါနဲ့လို့
ထားရက်နဲ့ ရောတာကိုး၊ ငါက စိတ်ဆိုးရင် လုပ်ချင်တာလျှောက်လုပ်တ

မြူ ရင်ထဲမှာ နာကျင်စွာပင် မျက်ရည်များကြားမှ ပြုံးနေလို
သည်။ သူ့ဆီမှာ အဖြေမရှိပါဘူး။ မြူလိုချင်တာ ဒီအဖြေမဟုတ်မှန်း
လျက်နဲ့ ဒီအဖြေပဲ ပေးနေတယ်။

“ကဲပါလေ . . . မြူ . . . အပြင်ကို အကြာကြီးထွက်နေမိတဲ့အ
တောင်းပန်ပါတယ်၊ မြူ မှားသွားပါတယ်၊ မိန်းကလေးတစ်ယောက်
အပြင်ကို အကြာကြီး လျှောက်မသွားသင့်ဘူး”

မြူက သူ့ကို နောက်ကျောဘက်ကနေ ခါးကို သိုင်းဖက်ပြီး
ကျောပြင်တွင် မျက်နှာအပ်ကာ မျက်ရည်တွေကို သူ့အကျႌနဲ့ သုတ်ပစ်





ရင်း တောင်းပန်စကား ပြောလိုက်ပါသည်။ မြူ့ကို ပြန်လှည့်မကြည့်၊ ပြန်ပြီး
မထွေးပွေ့ဘဲ အသံတိတ်နေသော သူ့ကို မြူ နာကျင်စွာပင် ခွင့်လွှတ်လိုက်
သည်။ သူ့မှာ ဘာအခက်အခဲ၊ ဘာပြဿနာတွေ ရှိလာလို့လဲ၊ ဒီနေ့ သူ့
မျက်နှာ မကြည်ဘူး။ ဒီနေ့မှ မဟုတ်ဘူး၊ ခုတလော သူ ကြည့်ရတာ မကြည်
မလင်၊ သုန်သုန်မှုန်မှုန်နဲ့မို့ တစ်ခုခု အဆင်မပြေဖြစ်နေလို့မယ်လို့ မြူ ခန့်
မှန်းမိပါသည်။

သူ့လက်ထဲမှာ ပိုက်ဆံ ဘယ်လောက်ကျန်နေလဲ၊ ဘယ်လောက်
ရှိသလဲဆိုတာ မြူ မသိပေမယ့် သူ သုံးပုံမျိုးနဲ့ဆို အခုလောက်ဆိုရင် သိပ်
အများကြီး မကျန်နိုင်တော့တာမို့ သူ ဒါကိုပဲ စိတ်ညစ်နေသလား။ ဘဝဆို
တာကို အစမှ စတင်ရုန်းကန်ရတဲ့အတွက် ဒါကို ခံနိုင်ရည်မရှိတော့ဘူးလား။

မြူ . . . မနက်ဈေးသွားရင်တော့ သူက ဈေးဖိုးဆိုပြီး လက်ထဲ
အတင်းလာထည့်တတ်ပါသည်။

“နေပါစေ . . . မြူ မယူပါဘူး၊ မြူ့မှာ ရှိတယ်” ဟု မြူ ငြင်းတတ်သဖြင့်

“ဟေ့ . . . မငြင်းရဘူးလေ၊ ဘာသဘောနဲ့ ငြင်းနေတာလဲ၊ အဲဒါ
မကြိုက်ဘူး၊ မငြင်းနဲ့၊ ယောကျ်ားက ဈေးဖိုးပေးတာကို ငြင်းတဲ့မိန်းမ ရှိ
သေးတယ်”

ဟူ၍ ဆူဆူပေါက်ပေါက်ပြောပြီး လက်ထဲထည့်သော ပိုက်ဆံက
တစ်ထပ်ကြီးမို့ . . .

“ဈေးဝယ်တာ အဲဒီလောက် မကုန်ပါဘူး”

မနည်းနားလည်အောင်ပြောကာ ပြန်ပေးရပါသည်။

“ကိုယ်တို့အိမ်မှာဆို ဈေးဝယ်ရင် အများကြီးဝယ်ရတယ်၊ ခုမေမေ
ကိုယ်တိုင် ဈေးသွားတာ၊ ကောင်မလေးတွေက ခြင်းတောင်းလိုက်ကိုင်ပေး



www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ မေမေ့အိတ်ထဲမှာ ပိုက်ဆံတွေ အထပ်လိုက်ကြီး ထည့်သွားနေကြ ဆိုတော့...”

“အိမ်မှာ လူအများကြီးရှိတယ်မဟုတ်လား၊ အဲဒီတော့ အများကြီး ဝယ်ရတော့ ပိုက်ဆံကုန်တာပေါ့”

“ဟုတ်တယ်၊ အိမ်ဖော်ကချည်း သုံးယောက်၊ ဒရိုင်ဘာနဲ့၊ ပြီးတော့ မြို့ကို မြက်ရိတ်၊ ပေါင်းပင်ရှင်း၊ ပန်းပင်ရေလောင်း၊ ပြုပြင်၊ အမြဲ နေ့တစ်ဝက် လာလုပ်ရတဲ့ အလုပ်သမားလေးလည်း ရှိတယ်၊ သူတို့ကိုပါ ထမင်းဟင်း တွေ ကျွေးတာလေ၊ လူလူချင်းကို ဖေဖေနဲ့မေမေက ခွဲခြားပြီးကျွေးတာ မကြိုက်ဘူး၊ အိမ်မှာစားသလိုပဲ၊ အတူတူကျွေးတာ၊ ထမင်းအိုးဆို အကြီး ကြီးပဲ၊ ဟင်းတွေဆို တစ်ပုံကြီးပဲ၊ မြင်နေကျ”

“ကောင်းတာပေါ့...နေ့စဉ်အလှူလုပ်နေတဲ့သဘောပေါ့”

“ဖေဖေနဲ့မေမေက ရက်ရောတယ်၊ အလှူအတန်းလည်း ခဏ ခဏ လုပ်တာ၊ ဘုရားတည်၊ ကျောင်းဆောက်လည်း လုပ်တယ်၊ လိုအပ်တဲ့ နေရာတွေမှာလည်း လိုက်လှူတယ်၊ မိဘမဲ့ကျောင်းတို့၊ ဘိုးဘွားရိပ်သာတို့ လိုမျိုးမှာ သုံးလတစ်ခါလောက်ကို သွားလှူတာလေ၊ မကြီး မလေးတို့ လည်း လှူတာတန်းတာ ဝါသနာပါတယ်၊ သူတို့ ရတနာဆိုင်မှာလုပ်တဲ့ အရောင်းဝန်ထမ်းတွေဆို ထမင်းကျွေးတယ်၊ နေ့လယ် ကော်ဖီနဲ့မုန့် ကျွေး တယ်၊ အမြဲတမ်း ကျွေးမွေးလှူဒါန်းနေတဲ့သဘောနဲ့ စေတနာပါပါ ကျွေး တာပါ”

မြူကတော့ ပုံပြင်တစ်ပုဒ် ကြားရသလိုပဲ ငေးပြီး နားထောင်နေမိ သည်။ သူ့မိသားစုအကြောင်း ပြောရရင် မျက်လုံးတွေ အရောင်တောက်ပ ကာ ကျေနပ်ရွှင်ပျနေတတ်သော လမင်းရဲ့ရှင်ထဲကို မြူ မြင်နေရသည်။





အားလုံးကို အပေါ်စီးက မိုးကြည့်နိုင်ပြီး ထမင်းရည်ချောင်းစီး အောင် ကျွေးမွေးလှူဒါန်းနိုင်သော ဘဝကို ဘယ်သူကများ မမက်မောဘဲ၊ မတောင့်တ ဘဲ နေမည်နည်း။ အိမ်ခန်းကျဉ်းလေးထဲမှာ လင်မယားနှစ်ယောက်တည်း ရှင်းရှိခြောက်သွေ့စွာ ဖြတ်သန်းရသော နေ့ရက်တွေကို သူ ငြီးငွေ့စပြုလာ ခဲ့ပြီဖြစ်ကြောင်း မြူ...ရိပ်မိနေပါသည်။

*   *   *

www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

"ဘာဖြစ်နေတာလဲ…မြူ"

သူ့အသံ ရုတ်တရက် ကြားလိုက်ရတာကြောင့် မြူ လန့်ပြီး ထိတ်သွားလေသည်။

"နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"ကောင်းတယ်ဆိုရင် ခုနက ထိုးအန်တော့မလိုဖြစ်ပြီး ဘေစင်ပြေးသွားတာ…ဘာလဲ…အဲဒါ…ဘာဖြစ်တာလဲ"

"ခေါင်းတအားမူးပြီး ရင်ထဲက ပျို့လာလို့ပါ၊ မအန်ပါဘူး"

"မြူ…"





မြူ . . . လန့်ထိတ်ကာ သူ့ကို ရင်မဆိုင်ရဲသလို ဖြစ်နေသည်၊ သူ မြူ့ကို မရမက မေးတော့မလားလို့ တွေးကာ ကြောက်နေမိသည်။

"ကိုယ်…မင်းကို ပြောစရာရှိတယ်"

ဟူး . . . တော်ပါသေးရဲ့လို့ ရင်ထဲမှာ ထိတ်တခဏ ညည်းတွားလိုက်သည်။ သူ ဆက်မမေးတော့ဘဲ တခြားခေါင်းစဉ်ကို ပြောင်းသွားပေမယ့် မြူကတော့ ထပ်ပြီး ပျို့တက်လာတာကို မနည်းအောင့်အီးမျိုသိပ်နေရသည်၊ ဘုရားရေ . . . မြူ ဘယ်လောက်ကြာကြာ ဖုံးဖိထားနိုင်မှာလဲ၊ သူလည်း ခေတ်မီသော လူငယ်တစ်ယောက်မို့ ဒီလိုပုံစံအနေအထားကို မကြာခင်က မြင်ပါများရင် မရိပ်မိတော့ဘဲ နေမလား။ မြူ ဘယ်လိုများ ရင်ဆိုင်ရပါ့မလဲ။

"ကိုယ့်အစ်မတွေနဲ့ အဆက်အသွယ် ပြန်လုပ်မိတယ်၊ သူတို့ဆီ ဝင်ထွက်ရင်း ကိုယ် ကျောက်မျက်ရတနာနဲ့ပတ်သက်တာတွေ လေ့လာသင်ယူမိနေတယ်၊ တစ်နေ့ကျရင် ကိုယ်လည်း ဒီအလုပ်ကို လုပ်ဖြစ်မယ်ဆိုတဲ့ စိတ်ကူးနဲ့ သင်မိတာ၊ ကိုယ့်မှာ ဘာအရင်းအနှီးမှတော့ မရှိဘူးပေါ့၊ ဒါပေမယ့် ကိုယ် အဲဒီဆိုင်မှာ ဝင်ထွက်သွားလာမိနေတယ်"

သူ အခုမှ ပြောပြပေမယ့် မြူ့မျက်နှာက ဒါကို စိတ်ဝင်စားဟန်မပြဘဲ မြူ့ဖျော့ကာ ရောဂါဝေဒနာတစ်ခုခုကို ခံစားနေရသလိုပုံ ပေါက်နေသည်။

"ဘာဖြစ်နေတာလဲ၊ နေမကောင်းရင် ဆေးခန်းသွားပြမယ်လေ"

"မဟုတ်ဘူး၊ ရတယ်၊ မြူ . . . အိပ်ရေးပျက်လို့ဖြစ်တာ၊ အိပ်ရေးဝအောင်အိပ်လိုက်ရင် ရပါတယ်"

"ဘာဖြစ်လို့ အိပ်ရေးပျက်ရတာလဲ"

"ဒီလိုပဲ၊ ဟိုတွေးဒီတွေးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မတွေးပါနဲ့၊ ငွေကြေးကိစ္စအတွက်ဆိုရင် တွေးပြီး မပူပါနဲ့၊ အ
မေမေတို့က ကိုယ့်ကိုပြန်ခေါ်ချင်နေပြီ၊ သူတို့ပစ်မထားနိုင်ပါဘူး။ အဲဒီတော့
အားလုံး အဆင်ပြေသွားမှာပါ"

"မြ...မြကို...သူတို့ လက်မခံဘူးထင်တယ်၊ လမင်းကိုပဲ လ
ခံချင်တာပါ၊ လမင်းက သူတို့ရဲ့အချစ်ဆုံးသားပဲ"

"အဲဒီလိုတော့ ဘယ်ဟုတ်မလဲ၊ မြလည်းပါရမှာပေါ့"

မြ...သဘောပေါက်နားလည်စွာပင် ဆက်အငြင်းမပွားတော့
သားကိုတော့ ကြည်ဖြူနိုင်တယ်။ မြကိုတော့ မကြည်ဖြူနိုင်ဘူးဆိုတာ
ရှားနေတာပဲ။

"မြ...လမင်းတို့အသိုင်းအဝိုင်းထဲ မဝင်ရဲပါဘူး။ လမင်းကို
ခေါ်ရင် လမင်းပဲ မိဘတွေ၊ အစ်မတွေနဲ့ ပြန်ဆက်သွယ်လိုက်ပါ။ မြ
လည်း ရပါတယ်၊ မြက ဆင်းရဲတဲ့ အသိုင်းအဝိုင်းကလာတာဆိုတော့ သူ
ချွေးမတော်ချင်မှာ မဟုတ်ဘူး"

လမင်းက မြပြောတာကို အငြင်းအခုန်လုပ်မနေဘဲ တွေဝေ
သည်။ သူ မြကို မညာချင်ဘူးဆိုတာ မြ နားလည်ပါသည်။ မြသည်
ဆောင်ပြီး စကားဆက်ပြောနေရပေမယ့် နောက်ဖေးမှာ ချက်ထားသေ
ဟင်းနံ့က နှာခေါင်းထဲ တစ်ချက်ဝင်လာလေရာ ရင်ထဲမှာ ပျို့လာတာကို
နိုင်တော့။ ပါးစပ်ကို ပိတ်ပြီး လက်ဆေးဘေစင်ကို အမြန်ပြေးရတော့သည်။

လက်ဆေးဘေစင်မှာ ထိုးအန်လိုက်ပေမယ့် မနက်ကတည်း
ဘာမှလည်း မစားထားတာကြောင့် လေတွေသာ အန်သလိုဖြစ်နေသည်။

"မြ...အဲဒါ ဘာဖြစ်တာလဲ"





နောက်က အော်မေးလိုက်သော လမင်းအသံကြောင့် မြ ကတုန်ကရင်ဖြင့် မျက်စိကိုမှိတ်ပြီး ဒီဘက်လှည့်လိုက်ရသည်။ မြကို လက်ပိုက်ကာ တည့်တည့်စိုက်ကြည့်နေသော သူ့မျက်လုံးတွေကို မြ ရင်မဆိုင်ရဲပေ။

"ဘာဖြစ်နေတာလဲလို့ မေးနေတယ်လေ မြလင်းလင်း"

"လမင်း...မြက..."

"ဘာလဲ...ပြော..."

"မြကို... မြကို...စိတ်မဆိုးပါနဲ့၊ မြက ဟို...မြမှာ...ကိုယ်ဝန်ရှိနေလို့"

"ဘာ..."

သူ အော်ချလိုက်သံကြောင့် မြမှာ တုန်ရီချောက်ချားသွားပါသည်။ တစ်နေ့ကျရင် မဖြစ်မနေ ပြောရတော့မယ်၊ ရင်ဆိုင်ရတော့မယ်ဆိုတာ သိပေမယ့် မြသည် တကယ်ရင်ဆိုင်ရသောအခါ မတ်မတ်ပင် မရပ်နိုင်တော့လောက်အောင် အားအင်လျော့နည်းသလို ခံစားနေရသည်။ မြ အကြောက်ဆုံးမှာ သူ မြကို စိတ်ပျက်ပြီး ထားသွားခဲ့မှာကိုဖြစ်ကြောင်း အခုမှ မြ အသေအချာ သိတော့လေသည်။

"မင်းကို ငါ ကလေးမလိုချင်သေးဘူး၊ ကာကွယ်ထားကြမယ်လို့ တိုင်ပင်ခဲ့တယ်၊ နှစ်ယောက်သဘောတူ ဆရာဝန်ဆီသွားပြီး တားဆေးစားဖို့ကို မင်းကိုယ်တိုင်ပဲ လက်ခံခဲ့တယ်လေ"

"မြအပြစ်ပါ၊ မြ...ခဏခဏ မေ့သွားလို့ မတော်တဆဖြစ်သွားတာပါ"

"ဘာ...ဘာမတော်တဆလဲ၊ မတော်တဆဆိုတိုင်း ရမလား၊ ငါက နွားလား၊ မစဉ်းစားတတ်တဲ့ကောင်လား။ မင်းကို မှာထားရက်နဲ့တမင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်တာ၊ တခင် ငါ့ကို ရှန်းမထွက်နိုင်အောင် အပိုင်ချုပ်တာ၊ တော်တော် အကြံပိုင်တာပဲ...မြူလင်းလင်း"

"မဟုတ်ဘူး...မဟုတ်ပါဘူး...လမင်းရယ်၊ မြူ လမင်းကို အပိုင်ချုပ်တာ မဟုတ်ပါဘူး၊ မြူရဲ့ ပေါ့လျော့မှုကြောင့် မတော်တဆ ဖြစ်သွားခဲ့တာပါ၊ တကယ်ပါ"

"ငါ စိတ်လိုက်မာန်ပါ ဆုံးဖြတ်မိလို့ ယင်ယင်ရှယ်ရှယ်နဲ့ မိန်းမရ သွားတယ်ဆိုပေမယ့် ယင်ယင်ရှယ်ရှယ်နဲ့ ကလေးအဖေတော့ အဖြစ်မခံနိုင်ဘူး၊ ငါ့ရဲ့လူငယ်ဘဝကို အဆုံးရှုံးခံပြီး ကလေးအဖေအဖြစ်နဲ့ ဖြတ်သန်းရမှာလား...တောက်...အမိပွာယ်မရှိလိုက်တာကွာ၊ ငါ သိတယ်၊ မင်း တမင်လုပ်တာ၊ ဒါကြောင့် ငါ့အစ်မတွေက သတိပေးတာပေါ့၊ ကလေးရသွားရင် ကလေးကြောင့်လို့အကြောင်းပြပြီး ငါ့ကို ချုပ်ကိုင်လိမ့်မယ်တဲ့၊ တကယ်လည်း ဟုတ်နေတာပဲ၊ မင်းက မင်းအနားမှာ ငါ အချိန်ပြည့်မနေသေးဘဲ တစ်နေကုန် အပြင်ထွက်နေလို့၊ အလုပ်အကိုင် မယ်မယ်ရရမရှိဘဲ လတ်လျားလတ်လျားလုပ်နေလို့ ချုပ်ကိုင်ချင်တာနဲ့ ကလေးကို အရကောက်ယူလိုက်တာပေါ့လေ၊ ငါ့ကို ကောင်းကောင်းပညာပေးလိုက်တာပေါ့လေ"

"မဟုတ်ရပါဘူး...လမင်းရယ်၊ မြူ...လမင်းကို ချုပ်ကိုင်မထားပါဘူး၊ မြူကို မလိုချင်တော့တဲ့တစ်နေ့ ထားခဲ့ရင်လည်း ကျေကျေနပ်နပ်နေပေးခဲ့ဖို့ စဉ်းစားထားပြီးသားပါ၊ မြူ...လမင်းကို မနှောင့်ယှက်ပါဘူး၊ လမင်းစိတ်ကြိုက် ဆုံးဖြတ်နိုင်ဖို့ မြူ အလျှော့ပေးလိုက်မှာပါ၊ ဒီ...ဒီကလေးကို လမင်း မလိုချင်လည်း နေပါ၊ မြူဘာသာပဲ ရအောင်မွေးပါ့မယ်၊ လမင်း မချစ်လည်း နေပါ၊ မြူကတော့ အစကတည်းက ချစ်တယ်၊ မြူမှာ...မြူ့ဘက်မှာ လမင်းနဲ့ပတ်သက်လို့ ဘာမှလိုချင်တောင့်တခဲ့တာ မရှိပါဘူး၊ ဒီ





တလေးလေးကတော့ လမင်းရဲ့သွေးသားအဖြစ် မြူ တကယ်လိုချင်ပါတယ်၊ အမှတ်မထင် ရသွားပေမယ့်...မြူ..."

"ဟာ...တော်စမ်း...နားညည်းတယ်၊ ဘာတွေရှုတ်နေမှန်း မသိဘူး၊ ဒီအိမ်မှာ နေရတာ ဘယ်တုန်းကမှ စိတ်မချမ်းသာခဲ့ဘူး၊ အခုတော့ ပိုဆိုးတယ်၊ နေတောင် မနေချင်တော့ဘူး"

ဝုန်းဒိုင်းနဲ့ တံခါးကို ဆောင့်ဖွင့်ကာ လှေကားမှ တောက်လျှောက်ဆင်းသွားခဲ့သော လမင်း၏ ခြေသံတွေကို မြူ ကြေကွဲစွာ နားထောင်ရင်း မြူ တိတ်ဆိတ်စွာ ကျန်ခဲ့သည်။ ရင်ထဲမှာ နာကျင်ကြေမွနေပေမယ့် သည်းသည်းထန်ထန် ငိုကြွေးချင်စိတ်မရှိဘဲ လူက သတိမေ့သလို ငေးကြောင်ငြိမ်သက်နေခဲ့သည်၊ သူ ထားရစ်ခဲ့ပြီဆိုသောအသိက နှလုံးသားကို ဆုတ်ညှစ်သလို အသက်ရှူကြပ်ရစေပြီး ရင်ထဲမှာ ဆို့နင့်နေသည်။

ငိုဖို့ သတိရပေမယ့် ငိုလို့မရဘဲ လည်ချောင်းထဲမှာ နင်နေသလို ခံစားရကာ အသက်ကို မနည်းရှူနေရသည်။ ရင်ဘတ်ဘယ်ဘက်မှာ အောင့်လာကာ လူက ထိုင်နေရာမှ ကွေးကွေးလေး လက်ပိုက်ဒူးကွေးပြီး တစ်စောင်းလှဲချလိုက်ရတော့လေသည်။

ချမ်းလိုက်တာ၊ ချမ်းလိုက်တာ။ စောင်လေးတစ်ထည်လောက် ခြုံချင်တယ်၊ အနွေးထည်လေးတစ်ထည်လောက် ဝတ်ချင်တယ်။ ရင်ထဲမှာ မောပြီး ဆို့ကြပ်နေတယ်။ ဘယ်သူမှလည်း အနားမှာ မရှိဘူး။ အားငယ်လိုက်တာ။ ဖေဖေ...မေမေ...ဒေါ်လေး...ဟု သတိတရ တမ်းတနေမိပြန်သည်။ လူက အလိုလိုနေရင်း ချမ်းတုန်လာကာ အိပ်ရာထဲမှာ သွားလှဲလိုက်ချင်ပေမယ့် ခြေထောက်တွေက ရွှေ့လျားမရသလို ဖြစ်နေသည်။ အား



www.burmeseclassic.com

www.burmeseclassic.com



အင်ကုန်ခမ်း ရှိနဲ့သလို ဖြစ်နေသည်။ လုံးဝမရွှေ့နိုင်၊ မလှုပ်နိုင်ဘဲ တအင်းအင်းညည်းရင်းမြူ ကွေးကွေးလေး မေ့မြောသလို ဖြစ်သွားပါသည်။ ဒီနေရာမှာပဲ အိပ်လိုက်တော့မယ်ဆိုသော အသိဖြင့် မျက်လုံးကို ကြိုးစားမဖွင့်တော့ဘဲ အစုံပိတ်ချလိုက်သောအခါ မြူကမ္ဘာသည် အေးချမ်းတိတ်ဆိတ်လို့ သွားခဲ့ပါသည်။

*   *   *

( ၁၀ )

အိပ်ရာကနိုးနိုးချင်း ခေါင်းထဲမှာ တဒိန်းဒိန်းထိုးကိုက်နေတာမို့ နားထင်ကို လက်နှစ်ဖက်ဖြင့် ဖိနှိပ်ရင်း ညည်းညူနေမိသည်။ နာရီကြည့်လိုက်တော့ မနက်ဆယ့်တစ်နာရီနီးပါး ရှိနေပြီ။ ကြည့်စမ်း . . . ညက ဘယ်အချိန်ကျမှ အိပ်ပြန်ရောက်ခဲ့သလဲ၊ ဘယ်အချိန်မှ အိပ်ဖြစ်သလဲဆိုတာတောင် မမှတ်မိတော့ပါလား။

သစ်လွင်မွေးပျံ့သော အိပ်ရာပေါ်တွင် ပက်လက်ပြန်လှဲရင်း ရင်ထဲမှာ မီးစလို ထိုးမှုနေတာကြောင့်ရော၊ ခေါင်းကိုက်နေတဲ့ ဒဏ်ကြောင့်ရော၊ ဒါ သေတော့မလားလို့ ကယောင်ကတမ်း တွေးနေမိပြန်သည်။ ငါသေရင် ဆိုသော အတွေးနဲ့အတူ တစ်စုံတစ်ယောက်ကို သတိရသွားသောအခါ



www.burmeseclassic.com

www.burmeseclassic.com



လူကအိပ်ရာထဲကနေဝုန်းခနဲရုန်ထမိတော့မလိုဖြစ်သွားသည်။ရုတ်တရက် ထလိုက်သည့်အရှိန်ကြောင့် ခေါင်းထဲမှာ ဝိုထိုးကိုက်သွားကာ တအားအား အော်နေမိသည်။

"ဟဲ့ ... သားငယ် ... သားလေး ... နိုးပြီလား၊ ဘာဖြစ်နေတာလဲ၊ ကြည့်စမ်း...ဟဲ့...လာကြပါဦး၊ သား...ဘာဖြစ်လဲမသိဘူး"

အခန်းထဲ တိုးဝင်လာသော ခြေသံတွေကို ကြားရပေမယ့် သူ့ မျက်လုံး ဖွင့်မကြည့်နိုင်ပါ။ ခေါင်းကိုက်လွန်း၍ ဘာကိုမှကြည့်ချင်စိတ်မရှိ။

"ဘာဖြစ်ရမလဲ၊ မေမေ့သား အရက်အမူးလွန်အောင် ဆက်တိုက် သောက်သောက်ပြီး ပြန်လာတာ ဘယ်နှစ်ရက်ရှိပြီလဲ၊ အမူးလွန်ပြီး ခေါင်း ကိုက်တာဖြစ်မှာပေါ့၊ ဒီမှာ အကိုက်အခဲပျောက်ဆေး ... ရော့ ... သောက် လိုက်ဦး၊ အဲဒီလိုအော်နေလို့ သက်သာမှာမဟုတ်ဘူး"

"အရက်သမား အရက်နာကျတယ်ဆိုတာ ဒါမျိုးပေါ့၊ ရှက်စရာ ကောင်းလိုက်တာလေ၊ ကိုယ့်မောင်ကျမှ အရက်သမား လာဖြစ်ရတယ်လို့"

"ဟဲ့ ... တော်ပါ ... သက်ထားရယ်၊ ညည်းတို့ကပဲ ကလေးကို စိတ်ဆင်းရဲအောင် အပြစ်တင်နေပြန်ပြီ"

"မိန်းမနဲ့ကွဲလာတာ အဲဒီလောက် ဖြစ်စရာလား။ ကိုယ်လည်း တကယ်မချစ်ဘဲနဲ့ စိတ်ကစားပြီး ယူမိတယ်ဆိုတာ ကိုယ့်ဘာသာ သိနေ တာပဲ၊ စိတ်ညစ်ပြီး အရက်သောက်တယ်ဆိုတာ မတန်ဘူး"

"ဟိုဟာမကတာသသတမ်းတနေရလောက်အောင်လည်းမဟုတ် ပါဘူး ... မေမေရယ်၊ မေခင် မြင်ဖူးပါတယ်၊ မောင်လေးလည်း တကယ် ကြိုက်လို့ ယူတာမှမဟုတ်တာ၊ ဟိုက ဘယ်လိုတွေ ဆွဲဆောင်လိုက်မှန်းမှ မသိတာ၊ တစ်ချက်အငိုက်မိပြီး ပါသွားတာပါ"





သေးတ တစ်ယောက်တစ်ပေါက် ပြောနေကြသော အစ်မတွေနဲ့ အမေ့အသံကို သည်းခံပြီး နားထောင်ရင်း ခေါင်းကိုက်တဲ့ဒဏ်ကို ငြိမ်ခံနေ မိသည်။ မျက်လုံးမှိတ်ရင်း ဝေဒနာကို ခံစားနေစဉ် လွန်ခဲ့တဲ့တစ်ပတ်က သူ ထားရစ်ခဲ့သော အပြစ်ကင်းသည့် မျက်ဝန်းတစ်စုံကို ဖျတ်ခနဲဖျတ်ခနဲ မြင်ယောင်မိသည်။ မျက်ရည်တွေပြည့်နေပေမယ့် အဲဒီမျက်ရည်တွေဟာ ဘယ်တော့မှ ပါးပြင်ပေါ် ကျမလာခဲ့ဘဲ သူ့ကို ခွင့်လွှတ်ကျေအေးစွာ ကြည့် နေခဲ့သော မြူ့ရဲ့ အပြစ်ကင်းတဲ့ မျက်ဝန်းတွေ။ ငါ ... မှားသွားပြီ။ မြူ့ကို စွန့် ပစ်သလို၊ မျက်နှာလွှဲခဲပစ် ထားခဲ့မိသလို လုပ်လိုက်မိတယ်။ မှားသွားခဲ့ပြီ။ အခုချိန်မှာ မြူ ဘယ်လောက်များ အားငယ်ဝမ်းနည်းနေရှာမလဲ။

ချစ်တယ်လို့ သူ့ရင်ထဲမှာလည်း မခံစားရ၊ ပါးစပ်ကလည်း တစ်ခွန်းမှ မဖွင့်ပြောဖြစ်ခဲ့တာကို သဘောပေါက်နားလည်စွာပင် မြူ ခွင့် လွှတ်ခနိုင်ခဲ့တာကို သူ တရေးရေး ပြန်မြင်ယောင်လာသည်။ ဗိုလ်ကျ အနိုင်ယူသလိုပုံစံနဲ့ သူလိုချင်တဲ့အရုပ်တစ်ရုပ်ကို သူများဆီက အတင်းလု ယူခဲ့မိတယ်။ မြူ သဘောတစ်ချက်မှမပါဘဲ သူ မြူ့ကို အတင်းခိုးပြေးခဲ့ မိတယ်။

"မြူ့ကို ပြန်ပို့ပေးပါ လမင်းရယ်၊ မြူ ငယ်သေးတယ်၊ အိမ်ထောင် မပြုချင်သေးပါဘူး။ လမင်းစိတ်ကြိုက်အသုံးချပြီးရင် ပြန်ပို့ပါ၊ မြူ...ဒေါ်လေး ကို ဆေးဝယ်ပေးရမယ်၊ မြူ့ဒေါ်လေး နေမကောင်းဘူး။ မြူ ...ဆေးဝယ်လာ ခဲ့မယ်လို့ ကတိပေးခဲ့တယ်"

ဟု၍ တဖွဖွတောင်းပန်ငိုယိုကာ အိမ်ပြန်ပို့ပေးဖို့ ပြောနေခဲ့တဲ့ မြူရဲ့စကားသံတွေကို ပြန်ကြားယောင်မိပြန်သည်။ အဲဒီတုန်းကသာ မြူ့ကို ပြန်ပို့ပေးခဲ့ရင် သူတို့နှစ်ယောက်ကြားမှာ ဘာတွေဖြစ်လာမလဲ။ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



သွားမှာလား၊ ဝိုနီးကင်သွားမှာလား၊ ဒါပေမယ့် သူ မြူ့ကို အနိုင်ယူကာ မြို မပို့ခဲ့ပါ။ မျက်ရည်တွေနဲ့ တောင်းပန်သော မြူ့ကို လျစ်လျူရှုခဲ့သည်၊ မြူ ပျော် လား၊ မပျော်လား မမေးဘဲ သူ စိတ်ပျော်မည့်ထင်ရာကို လျှောက်လုပ်ခဲ့ မိသည်။

မြူ . . . သူ့ကို ချစ်ခဲ့တယ်ဆိုတာ သိပေမယ့် "ကိုယ့်ကို ချစ်လား" လို့ သူ တစ်ခွန်းမှ မမေးခဲ့ပါ။ "အချစ်" ဆိုသော စကားလုံးဖြင့် မချည်နှောင် ချင်သည်မှာ သူ့ရဲ့အတ္တကြီးမှုတစ်ခုလည်းဖြစ်ခဲ့ပါသည်။

သောက်ထားသော ဆေးအရှိန်ကြောင့် ခေါင်းကိုက်နည်းနည်း သက်သာလာသဖြင့် လှဲနေရာမှ မျက်လုံးဖွင့်ကာ ထထိုင်လိုက်သည်။

"သားလေး...နေသာရဲ့လား"

"သက်သာသွားပါပြီ"

"တစ်ကိုယ်လုံး ချွဲစုတ်နေတာပဲ . . . သွား . . . ရေမိုးချိုးတော့ မောင်လေး"

"ဟဲ့...မိစိန်တို့ နင့်အစ်ကို ရေချိုးလိမ့်မယ်၊ ရေချိုးကန်ကို သောရှ ရေနွေးနဲ့စပ်ပြီး ရေဖြည့်ထားစမ်း၊ သူ သုံးနေကျဆပ်ပြာဆီထည့်ဖို့ မမေ့နဲ့"

သူ ရေချိုးဖို့ကို မကြီးနဲ့မလေးက အိမ်ဖော်တွေကို လှမ်းအော် ညွှန်ကြားရင်း ပျာယာခတ်ကုန်တော့သည်။ သူ ဘာမပြော၊ ညာမပြော မိဘအိမ် ပြန်ရောက်ချလာကတည်းက သူ့ကို ထားစရာမရှိအောင် ဂရုစိုက်ကြလျက် အိမ်ရှေ့မင်းသားတစ်ပါးလို ထားကြသော အမေနဲ့ အစ် တွေရဲ့မေတ္တာကို သူ နားလည်ပါသည်။ ဘာဖြစ်လာသလဲလို့ တစ်ခွန်း မမေး၊ မြူလင်းလင်းဆိုတာ ရှိတယ်လို့ကို ဂရုစိုက်ချင်ပုံမရသော အမေ့အစ





တွေနဲ့ သူ့ကို လိုက်လိုက်လှဲလှဲ နွေးထွေးစွာကြိုသော မိသားစုရဲ့ရင်ခွင်မှာ သူ ပျော်ရမယ့်အစား မပျော်ခဲ့ပါလား။ ပျော်လည်း မပျော်၊ ဘာလုပ်ရမှန်း လည်း မသိ၊ ဘာကို စိတ်တိုင်းမကျဖြစ်မှန်း မသိဖြစ်ကာ နေ့စဉ် အရက် သောက်မိနေတာကို တစ်ခွန်းမှ အပြစ်မပြောကြပေ။

အခုဆို တစ်ပတ်ရှိပြီ၊ နေ့စဉ် ဒီလိုပုံစံနဲ့ ဖြတ်သန်းနေတာကို သူ့ အမေနဲ့ အစ်မတွေက တစ်ခွန်းမဟန့်ပေမယ့် ဖေဖေကတော့ လေးရက် မြောက်နေ့မှာ သူ့ကို ခပ်ထန်ထန်စေတင်စောင့်ကြည့်လာတာကို သတိထား မိသည်၊ ဘာတစ်ခွန်းမှ ဝင်မပါသေးပေမယ့် တစ်ရက်ကျရင်တော့ ဖေဖေ သူ့ကို တစ်ခုခုပြောတော့မှာ သေချာသည်။

ထင်တဲ့အတိုင်းပင် သူ ရေမိုးချိုး၊ အဝတ်အစားအသစ်ဝတ်ကာ ကြည်လင်လန်းဆန်းစွာ အခန်းပြင်ထွက်ခဲ့တော့ မိသားစု စုံညီကာ သူ့ကို စောင့်နေတာ တွေ့ရသည်၊ မေမေကတော့ စိုးရိမ်သောမျက်နှာနှင့် . . .

"သားလေး...ဖေဖေက စကားပြောမယ်တဲ့ကွယ်...လာပါဦး"

ဒီအိမ်မှာ အစ်မတွေက စီးပွားရေးကို ဦးဆောင်ခြယ်လှယ်နေပေ မယ့် ဖေဖေကတော့ ဩဇာအရှိဆုံး ဖြစ်လေသည်၊ ဖေဖေ အမိန့်ပေးလျှင် ဘယ်သူမှ မငြင်းရဲ၊ ပြန်မပြောရဲ၊

"ကဲ . . . မင်းကို စောင့်ကြည့်နေတာ တစ်ပတ်ရှိပြီ၊ နေ့တိုင်း ပုံစံ မပြောင်းဘဲ ဒီလိုဆက်လုပ်နေတော့ ငါ မပြောရင် မရတော့ဘူး၊ မမေးရင် မရတော့ဘူးဆိုတော့ စကားပြောရတော့မယ်"

"ဖေဖေ...မောင်လေးက လိမ္မာပါတယ်"

"ဟုတ်ပါတယ် . . . ဖေဖေ၊ မေခင်တို့ သူ့ကို အလုပ်အတူလုပ်ဖို့ တောင်းပြောတော့မလို့"



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့ . . . တိတ်စမ်း၊ နှင်တို့မောင်ကို ချစ်တာလည်း ချစ်၊ အတို လိုက်တာလည်း လိုက်၊ ဒါပေမယ့် မျက်ကန်းအချစ်မဖြစ်စေနဲ့၊ ချစ်ရာ မရောက်ဘဲ နှစ်ရာရောက်လိမ့်မယ်"

"ဟုတ်ကဲ့ပါ၊ ဖေဖေ၊ သက်ထားတို့ နားလည်ပါတယ်၊ ဖေဖေ မောင်ရှလေးကို ဆုံးမပေးပါ"

အစ်မနှစ်ယောက် ငြိမ်ကျသွားပေမယ့် မောင်ဖြစ်သူ သူ့ကို သူတို့ နှစ်ယောက်ကြား ခေါ်ထိုင်ထားကာ အကာအကွယ်ပေးဖို့ပြင်နေသည်။

"သား . . . လမင်း၊ ငါကိုယ်တိုင်လည်း အရက်သောက်တယ် ဆွေမျိုးအသိုင်းအဝိုင်းမှာလည်း သောက်ကြစားကြတယ်၊ ဒါပေမယ့် အဆင့် အတန်းရှိရှိ လူကြီးလူကောင်း ပီပီသသပုံစံပဲ သောက်ကြတယ်၊ မင်းတို့ တော့ လူမှန်းသူမှန်းမသိ မူးရူးနေအောင် ဘယ်သူမှ မသောက်ကြဘူး၊ အဲ တော့ ကိုယ့်အဆင့်အတန်းနဲ့ကိုယ် နေတတ်၊ သောက်တတ်၊ စားတတ် အောင် ပြုပြင်ပါလို့ ပထမဦးဆုံး သတိပေးမယ်"

"စိတ်ချပါ . . . ဖေဖေ၊ လမင်း မှားသွားပါတယ်၊ ဒီနေ့ကစပြီး အဲဒီလို မဖြစ်စေရပါဘူး၊ အလကားနေရင်းလည်း မသောက်တော့ပါဘူး"

"အေး . . . ကြားရတာ ဝမ်းသာပါတယ်၊ ကိုယ့်ကတိ ကိုယ်တည်စေ"

မေမေက အခုမှ ရင်အေးသွားသလိုပုံစံဖြင့် . . .

"သားက မမတို့နဲ့ အလုပ်အတူတွဲလုပ်တော့မှာလား၊ ဒါမှမဟုတ် သားဖွင့်ထားတဲ့ဆိုင်ကို ဆက်ဦးစီးမလား၊ ဆိုင်ကတော့ တော်တော်အောင် မြင်နေပြီ . . . သား၊ ဆက်ကိုင်ရုံပဲ"

ဟု စကားလမ်းကြောင်းလွှဲပါသည်။





"မဟုတ်ဘူး . . . မြတ်၊ အဲဒါ အရင်ဆုံးစီစဉ်ရမယ့်ကိစ္စ မဟုတ် သေးဘူး"

ဖေဖေ ဆက်ပြောတော့ အားလုံး ငြိမ်သွားပါသည်။

"ကဲ . . . မင်းကို ရှင်းရှင်းပဲ မေးမယ်၊ မိန်းမနဲ့ ကွဲလာသလား၊ ဒါမှ မဟုတ် ရန်ဖြစ်စိတ်ဆိုးပြီး ဆင်းလာသလား"

"လမင်း သူနဲ့ စိတ်အခန့်မသင့်လို့ စိတ်လေပြီး ဖေဖေမေမေတို့ဆီ ပြန်လာတာပါ"

"ဟိုက ပိုက်ဆံနည်းလာပြီဆိုတော့ ရန်လုပ်လာပြီမဟုတ်လား၊ အဲဒါကြောင့် နင် စိတ်ညစ်ပြီး ထွက်လာရတာမဟုတ်လား"

"ဟော့ . . . သမီးကြီး သက်ထား ဝင်မပါနဲ့လေ၊ သား . . . ဘာပြော မလဲ၊ နားထောင်ပါဦး၊ စိတ်လိုက်မာန်ပါ မပြောနဲ့ . . . ဖေဖေ . . . မကြိုက်ဘူး"

ခေတ်ကာလမင်းတစ်ယောက် မိဘတွေကို အသိပေးရမှာ ရင်ထဲ တွင် ရှက်ရွံ့သလို ဖြစ်နေသဖြင့် ခေါင်းကို ငုံ့ထားမိသည်။

"စိတ်ဆိုးပြီး ထွက်လာတယ်ဆိုလည်း ဒီလိုမနေနဲ့ . . . သား၊ မင်း သေသေချာချာ ဆုံးဖြတ်ပါ၊ ငါ ဒီမိန်းကလေးကို ဆက်ပေါင်းနိုင်သလား၊ မပေါင်းချင်ဘူးလား၊ စဉ်းစားပါ၊ ဒီလို မပြတ်မသားမနေနဲ့၊ သူ့ကို စိတ်ကုန် လာတယ်ဆိုလည်း အပြီးအပြတ် ကွာရှင်းပေးလိုက်ပါ၊ သားက ငယ်သေး တယ်၊ တစ်နေ့ကျရင် ကိုယ် တကယ်မက်မောတဲ့ မိန်းကလေးမျိုး တွေ့လာ တဲ့အခါမှာ သူနဲ့ ရှင်းရှင်းလင်းလင်း မလုပ်ထားခဲ့ရင် သားဘဝအတွက် အနှောင့်အယှက်ဖြစ်နိုင်တယ်"

"သားက နှစ်ဆယ်ကျော်ရုံလေး ရှိသေးတာ၊ ရုပ်လေးကလည်း ဖွေးဥနေအောင် ချောတာ၊ ကိုယ့်သားလေးမို့ ကိုယ်ညွှန်းတာတော့ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ ဒီအသိုင်းအဝိုင်းမှာဆို King (ကင်း)ပဲ၊ ဘုရင်ပဲ။ လိုချင်တဲ့သူတွေ ဝိုင်းနေတာ၊ ကြိုက်တာကို ရွေးယူလို့ရတယ်၊ ဒီတော့ ကိုယ် သိပ်ပြီးမက်မက်မောမော သဘောကျတာမဟုတ်ဘဲ တအံ့ စိတ်သာယာမိလို့ ဖြစ်သွားတဲ့ မိန်းကလေးကို တစ်သက်လုံး တာဝန်ယူနေစရာ မလိုပါဘူး၊ သူ့ကို နစ်နာကြေးပေးပြီး ကွာရှင်းလိုက်ပါ။ ဖေဖေ့မေမေ့တို့ ငွေပုံပေးဖို့ ဝန်မလေးပါဘူး"

သူမှာ ဘာမှအပြစ်မရှိဘူးဟု ရင်ထဲမှာ အော်နေပေမယ့် ပါးစပ်ကတော့ တစ်ခွန်းမှ ထွက်မလာပါ။ ငါ သေသေချာချာ ပြောထားရက်နဲ့ ကလေးယူပစ်လိုက်တာ . . . ဘာသဘောလဲ ဟူသော နာကြည်းမှုက တစ်နေရာကနေ အော်ဟစ်နေသည်။

"မိန်းကလေးကိုတော့ ဖေဖေ မမြင်ဖူးပါဘူး။ ဒါပေမယ့် မင်းအမေနဲ့ အစ်မတွေ အပြောအရဆိုရင် တော်တော်အဆင့်အတန်းနိမ့်တဲ့ မိသားစုထဲကဆိုတော့ ချွေးမအဖြစ် လက်ခံရမှာ တော်တော်ခက်တယ်၊ သား စိတ်ထဲမှာ သူ့ကို သိပ်နစ်နစ်ကာကာမရှိဘူးဆိုရင် မင်းအမေ အကြံပေးသလိုပဲ သူ့ကို ကွာရှင်းလိုက်ပါ၊ ဒါ သားအတွက် အကောင်းဆုံးဖြေရှင်းမှုပဲ"

မိဘနဲ့ အစ်မတွေ စကားများကြောင့် တွေဝေကာ ဝေခွဲမရဖြစ်ခဲ့သော သော်တာလမင်းသည် နောက်တစ်နေ့မှာတော့ ဘယ်သူ့ကိုမှ မပြောမဆိုဘဲ မြူလင်းလင်းရှိရာကို ထွက်လာခဲ့ပါသည်။ အိမ်ကထွက်လာခဲ့ပြီး မြူကို သူထားရစ်ခဲ့ရာ တိုက်ခန်းရှေ့ကို ရောက်လာတဲ့အထိ သူ ဘာကြောင့် ထွက်လာခဲ့သလဲဆိုတာ ခေါင်းထဲမရှိချေ။ အိမ်ကယူမောင်းလာသော ကားကို တိုက်အောက်ရပ်ထားပြီး ကားထဲကမထွက်သေးဘဲ အကြာကြီးပြင်ကာ စဉ်းစားတွေဝေတာလည်း မဟုတ်ဘဲ ငေးမိငေးရာ ငေးနေခဲ့ပါသည်။





နောက်ဆုံးတော့ သူ ကားထဲကထွက်လိုက်သောအခါ အနီးအနားဝန်းကျင်မှာရှိသော အိမ်နီးချင်းတချို့က သူ့ကို တအံ့တသြ ငုံစမ်းသလို ကြည့်နေကြတာ တွေ့ရသည်။ လင်မယား အော်ကြီးဟစ်ကျယ်ရန်ဖြစ်ပြီး ဆင်းသွားသော ယောက်ျား အိမ်ပြန်လာတယ်ဆိုပြီး အံ့ဩသလား၊ စပ်စုချင်သလား။ သော်တာလမင်း မှန်တောင်းပင် အားလုံးကို ဂရုမစိုက်ဘဲ သူတို့ နေထိုင်ရာ အခန်းရှိရာ ဆီးတက်လာခဲ့သည်။ အခန်းနားနီးလာလေလေ သူ့ရင်ထဲမှာ တဒုတ်ဒုတ် ပိုမြည်လာလေလေ။

ဘုရားရေ . . . ငါ တစ်ခါမှ ဒီလောက် စိတ်မလှုပ်ရှားဖူးဘူး။ ဒီလောက် ရင်မခုန်ဖူးဘူး။ မြူ...မင်း ဘာလုပ်နေလဲ၊ အလုပ်သွားနေသလား၊ ဒါမှမဟုတ် အိမ်ထဲမှာ တိတ်တဆိတ်လေးအောင်းပြီး ဝမ်းနည်းနေမလား။ အတွေးမြင့် ပိုပြီးအခုန်မြန်သော နှလုံးသားသည် မြူကို တောင့်တောင့်တတ တွေ့ချင်လာသည်။

"လမင်း"

လို့ နုနုညံ့ညံ့လေးခေါ်တတ်တဲ့ မြူ့အသံကို ကြိုတင်ကြားယောင်နေမိသည်။ မြူ့ကိုတွေ့ရင် ဘာပြောမလဲ၊ မြူနဲ့အတူတူ နေတော့မယ်လို့ ပြောမိမလား။ ဒါမှမဟုတ် မြူ ကိုယ်တို့ ကွာရှင်းကြစို့လို့ ပြောဖြစ်သွားမလား။

အခန်းတံခါးက သော့ခလောက်ကြီး တန်းလန်းနဲ့မို့ သူမှာ အပိုဆောင်းထားသော သော့နဲ့ ဖွင့်မလို့ပြင်လျှင် ...

"ခြော် . . . မြူ့ယောက်ျား ပြန်လာတယ်ဆိုလို့ အောက်ထပ်က လှမ်းပြောတာနဲ့ ဖွင့်ကြည့်တာ"

တစ်ဖက်ခန်းမှ တံခါးချပ်ခနဲပွင့်လာပြီး ပြောလိုက်သံကြောင့် သော်တာလမင်း စိတ်ရှုပ်စွာ လှမ်းရေးအရ ပြန်လှည့်ကြည့်လိုက်ရသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှ စကားမပြော၊ အရောမဝင်၊ အဆင်းအတက်ဆုံလျှင် ရယ်တောင်မပြခဲ့ဘဲ သီးသန့်နေခဲ့ပေမယ့် မြန်မာရပ်ကွက်နေ လူတန်းစားပီပီ သူများကိစ္စ ဝင်ပါလိုပုံရသည်။

"မြူ...မရှိဘူး"

"သူ . . . အလုပ်သွားတာမဟုတ်လား၊ ကျွန်တော့်မှာ သော့ပါပါတယ်၊ ဖွင့်ဝင်လိုက်မယ်"

"မဟုတ်ဘူး . . . သား၊ မြူ . . . ဟိုလေကွယ်၊ မင်း ထွက်သွားပြီး အကြီးအကျယ်ဖျားလို့လေ၊ အဖျားကြီးပြီး သူ ဆေးခန်းသွားချင်တယ်လို့ အန်တီ့ကို အကူအညီတောင်းတာနဲ့ အန်တီ လိုက်ပို့ပေးမလို့ပါဘဲ၊ ပြင်ဆင်နေတုန်း သူ သတိလစ်သွားတယ်၊ အဲဒါနဲ့ အန်တီတို့လည်း စိုးရိမ်ပြီး ဆေးရုံပဲ ခေါ်သွားလိုက်ရတယ်၊ ဆေးရုံရောက်တော့..."

သော်တာလမင်းမှာ ဒီသတင်းစကားကြောင့် ရင်ထဲတွင် စိုးရိမ်စိတ်တို့ ဆောင့်တက်လာကာ...

"သူ...သူ...ဆေးရုံတင်လိုက်ရတယ်ဟုတ်လား၊ အခု ဘယ်လိုနေသေးလဲ၊ ဘယ်လောက်ကြာပြီလဲ...အန်တီ"

ဟု ဖြတ်မေးလိုက်မိတော့လေသည်။

"အဖျားကြီးပြီး ကလေးပျက်ကျသွားတယ်လို့ ပြောတယ်ကွယ်"

"ဗျာ...ခင်ဗျာ"

သူ့နားတွေ မခိုင်ချင်တော့သလိုဖြစ်ကာ မတ်မတ်ပင် မရပ်နိုင်တော့။ အခန်းသံတံခါးကို ကိုင်ကာ ရပ်နေရသလို ဖြစ်သွားပါသည်။ ရင်ထဲတွင် ဟာခနဲသွားကာ အကြီးအကျယ် နောင်တရသွားပါသည်။ မြူအပေါ် ရက်





စက်ခဲ့မိပြီ။ ဒုက္ခတွေ၊ ဝေဒနာတွေကြားမှာ ထားရစ်ခဲ့မိပြီ။ သူ့ကိုယ်သူ အမုန်းကြီးမုန်းသွားပါသည်။

"အန်တီ...စိတ်မကောင်းပါဘူးကွယ်"

"အခု...သူ"

"ရန်ကုန်ဆေးရုံကြီးကနေ ဗဟိုအမျိုးသမီးဆေးရုံကို ပြောင်းလိုက်ကြတယ်၊ အခု ဆေးရုံမှာ ရှိဦးမှာပါ၊ အန်တီ မနေ့ကတောင် တစ်ခေါက်သွားတွေ့လိုက်ပါတယ်"

"အခုလို...အခုလို...စောင့်ရှောက်ကူညီတာကို ကျေးဇူးအရမ်းတင်ပါတယ်...အန်တီ၊ ကျွန်တော် သူ့ကို ခုပဲ သွားတွေ့လိုက်ပါ့မယ်"

"အဆောင်(---)ဝင်နံပါတ်(---)မှာနော်"

အိမ်နီးချင်းအန်တီကြီး အော်ပြောသံက နောက်မှာ ကျန်ရစ်ခဲ့သည်။

ကားကို ဘယ်လိုနည်းနဲ့ မောင်းလာမှန်းပင် မသိ။ မျက်စိထဲမှာ ဘာမှမမြင်ဘဲ အေးချမ်းပြီး အပြစ်ကင်းတဲ့ မြူရဲ့မျက်ဝန်းလဲ့လဲ့တွေကိုသာ မြင်ယောင်နေမိသည်။ မြူ...မြူရယ်...မြူရယ်...ဖြစ်ရလေ...မြူရယ်၊ ကိုယ်...မြူကို တောင်းပန်ပါတယ်၊ မြူအပေါ် ရက်စက်ခဲ့မိတာတွေအတွက် အထောက်ပြီးတော့ကို တောင်းပန်ပါ့မယ်။

မြူကို ဘယ်တော့မှ မထားရစ်ခဲ့တော့ပါဘူး၊ မြူအနားမှာပဲ တစ်သက်လုံး နေပါ့မယ်၊ မြူကို စိတ်ချမ်းသာအောင် ထားပါ့မယ်၊ မြူနဲ့ အတူတူ ဘဝကို ရုန်းကန်ပါ့မယ်၊ မြူ...ကိုယ့်ကို ခွင့်လွှတ်ပါလို့ မတောင်းဆိုပါဘူး။ ဒါပေမယ့် ကိုယ့်ကို မမုန်းပါနဲ့၊ မနာကြည်းပါနဲ့၊ ကိုယ့်ကို အရမ်းချစ်ခင်တွယ်တာတဲ့ မျက်လုံးတွေနဲ့ ပြန်ကြည့်ဖို့ပဲ ကိုယ် မျှော်လင့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သော်တာလမင်းသည် ရင်ထဲတွင် ထတွတ်တွတ်အော်ဟစ်ထော ကာမြူကို တွေ့ရဖို့ အပြေးရောက်လာခဲ့တော့လေသည်။

* * *

## (၁၉)

"မမြူလင်းလင်းလား။ မရှိဘူး။ ဒီမနက်ပဲ ဆေးရုံက ဆင်းခွင့်ရလို့ ဆင်းသွားပြီလေ"

"ခင်ဗျာ"

ဒေါက်တာမင်းပိုင်သည် အေးဆေးတိတ်ဆိတ်စွာပင် သော်တာလမင်းကို လက်ပိုက်စောင့်ကြည့်နေခဲ့ပါသည်။ သူ ဒီကောင့်ကို စိတ်ရှိလက်ရှိ ထိုးကြိတ်ပစ်လိုက်ချင်စိတ်ကို အတော်ချုပ်တည်းထားရသည်။

နှ့စ်ဆီမှာ စုံစမ်းသိရှိပြီးနောက် မျက်စိမျက်နှာပျက်ကာ လှည့်ထွက်လိုက်သောအခါ သူ့ကို အေးဆေးစွာ စောင့်ကြည့်နေသည့် ဒေါက်တာမင်းပိုင်ကို ရင်ဆိုင်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းပိုင်"

"လမင်း"

"မြူ...မြူလေ...ငါ့ရဲ့မြူလေ...ဆေးရုံရောက်နေတယ်ဆိုလို့"

"ဟုတ်တယ်၊ ငါတာဝန်ကျတဲ့ဝဒ်မှာ သူ ရှိခဲ့တာ"

"သူ . . . သူ . . . အခု ဆေးရုံကဆင်းသွားပြီတဲ့၊ အိမ်လည်း ပြန်မရောက်သေးဘူး၊ မင်း သိလား၊ မင်းကို ဘာပြောသွားလဲ"

"ဘာမှမပြောသွားဘူး၊ ဒါပေမယ့် ဒီစာအိတ်တော့ ပေးခဲ့တယ်၊ မင်းနဲ့ငါ အဆင်မပြေမှန်းသိပေမယ့် မင်းကို ဆက်သွယ်လို့ရတာဆိုလို့ ငါ တစ်ယောက်ပဲရှိတယ်၊ မင်းနဲ့ပတ်သက်လို့ သူ သိတာဆိုလို့ ငါပဲရှိတယ်လို့ ပြောပြီး မင်းအတွက် ဒီစာအိတ် ပေးသွားတာ၊ မင်းကို ငါ မျက်နှာချင်း မဆိုင်ချင်ရင် သွားမပေးပါနဲ့၊ မင်းအစ်မတွေကတစ်ဆင့် ပေးပေးပါလို့ မှာသွားတယ်"

သော်တာလမင်းသည် သူ့ဘဝတစ်သက်တာတွင် တစ်ခါမှမခံစားရဖူးသော သိမ်ငယ်ခြင်းကို ခံစားလိုက်ရသည်။ အမြဲတမ်း လူတိုင်းအပေါ် အပေါ်စီးကနေ ဆက်ဆံခဲ့သော၊ အမြဲအသာစီးရခဲ့သော သူက ဆုံးရှုံးခြင်း၊ သိမ်ငယ်ခြင်း၊ ရင်မဆိုင်ရဲခြင်းတို့ကို ခံစားနေရသည်။ မင်းပိုင်သည် သူ့ကို ဘာအပြစ်တစ်ခုမှ မပြောပေမယ့် အေးစက်သော အကြည့်တွေကပင် သူ့ကို ကဲ့ရဲ့ရှုတ်ချခြင်း၊ အပြစ်တင်ခြင်း၊ စွပ်စွဲခြင်းတွေ အပြည့်ခံစားရစေသလို ဖြစ်နေပါသည်။

"သူ ဘယ်သူနဲ့ ဆေးရုံက ဆင်းသွားတာလဲ၊ မင်း . . . သိလား . . . မင်းပိုင်"

"သူ့အဒေါ်နဲ့"





"အေး...ကျေးဇူးပါပဲကွာ၊ ငါ သူ့ကို သွားတွေ့ပြီး တောင်းပန်မှာပါ"

ဒေါက်တာမင်းပိုင်က တစ်စုံတစ်ခုကို အလေးအနက်တွေးသလို မျက်မှောင်ကုတ်ရင်းမှ တစ်ခွန်းပြောလိုက်ပါသည်။

"မြူလင်းလင်းက မင်းကို အရမ်းချစ်တဲ့သူပါ . . . လမင်း၊ သူက အားလုံးကို အရှုံးပေးပြီးတော့တောင် ချစ်ခဲ့တာ"

"ငါ . . . အခုမှသိတာ မဟုတ်ဘူး . . . မင်းပိုင်၊ အရင်ထဲက သိပါတယ်၊ ဒါပေမယ့် . . . အေးလေ . . . ထားလိုက်ပါတော့၊ လွန်သွားခဲ့ပြီ၊ သူ ကျေနပ်တဲ့အထိ တောင်းပန်ပြီး သူ့ကို ငါ တစ်သက်လုံး စောင့်ရှောက်သွားမှာပါ"

ဒါပေမယ့် အဖြစ်အပျက်တွေက သူစီစဉ်ထားသလို ဖြစ်မလာ၊ သူ မျှော်လင့်ထားသလို မဖြစ်ခဲ့ကြောင်း မြူထားခဲ့သည့် စာအိတ်ကို ဖွင့်လိုက်စဉ်မှာ သိလိုက်ရပါသည်။

'လမင်း

မြူက လမင်းကို ချုပ်နှောင်မထားချင်ခဲ့ပါဘူး။ မြူနဲ့နေရတာ လမင်းမပျော်တော့ဘူးလို့ သိလိုက်ရပြီးတဲ့နောက်မှာ... မြူ...ဒီဆုံးဖြတ်ချက်ကို ကျေကျေနပ်နပ် ဆုံးဖြတ်လိုက်တာပါ။ လမင်းဘဝတစ်လျှောက်မှာ စိတ်ချမ်းသာပျော်ရွှင်နိုင်ပါစေ....

မြူ'

ဟူသော လက်ရေးသေ့သေ့ ရေးထားတဲ့ စာရွက်ဖြူလေး



www.burmeseclassic.com

www.burmeseclassic.com



ကို သူ အံ့ဩစွာ၊ မယုံကြည်နိုင်စွာပင် စိုက်ကြည့်နေမိသလို လျှောခနဲထွက်ကျလာသော စာရွက်တချို့ကိုလည်း အလောတကြီး ယူကြည့်မိပါသည်။

"ဟာ…မြူရယ်…မင်း လုပ်ရက်တယ်"

ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးပြီးလျက်သားကို တွေ့လိုက်ရလျှင် သူ့နှလုံးသားမှာ ပေါက်ကွဲထွက်တော့မလို နာကျင်သွားပါသည်။ တမုန်းရှုံးထိုးပင် စာရွက်တွေကို ပစ်ချပြီး ကားကို အလောတကြီး မောင်းလာမိသည်။ မင်းပိုင်ပြောတော့ သူ့အဒေါ် လာခေါ်သွားတယ်ဆိုတော့ သူ့အဒေါ်အိမ်မှာ ရှိမှာပေါ့။ မြူ…မင်း ငါ့ကို ဒီလိုထားသွားလို့မရဘူး၊ ငါက မင်း ထားရစ်ခဲ့ရမယ့်သူ မဟုတ်ဘူး၊ မင်းကို ငါ ပိုင်တယ်၊ မင်း ဘယ်မှမသွားရဘူး ငါထားတဲ့နေရာမှာ နေရမယ်၊ ခေါင်းထဲမှာ ဒေါသတကြီးအော်ဟစ်ကာ လူက ရူးတော့မလို ဖြစ်နေပါသည်။

မြူ့အဒေါ်၏နေအိမ်သို့ ရောက်သောအခါ သော့ခလောက်တန်းလန်းက ဆီးကြိုနေလေသည်။ သူ ဒေါသတကြီးပင် သော့ခလောက်ကို ဆွဲခါပစ်လိုက်မိသည်။ ဘေးအိမ်မှ အမျိုးသမီးတစ်ဦးက ကလေးခါးထစ်ခွင် ချီရင်း ရပ်ကြည့်နေလေသည်။

"အစ်မ…ဒီက မိသားစုဘယ်သွားလဲ"

"အိမ်ရောင်းသွားကြတယ်လေ၊ ဒီနေ့အပြီး ဆင်းပေးရမှာမို့ မနက်စောစောပဲ မိသားစုလိုက် အထုပ်အပိုးတွေနဲ့ ပစ္စည်းတွေ ကားငှားတင်ပြီး ထွက်သွားကြပြီ"

"ဒီမှာနေတဲ့ ဒေါ်မြင့်မြင့်တူမဆိုတာပါ ပါသွားလား"

"အဲဒါတော့ ကျွန်မ မသိဘူး၊ ဒေါ်မြင့်မြင့်လည်း ယောက်ျားက ရုတ်တရက် လေဖြတ်ပြီးဆုံးပြီးကတည်းက တရှောင်ရှောင်ဖြစ်နေတာ





လေ၊ စီးပွားရေးလည်း မကောင်းတော့ဘူးဆိုတော့ အိမ်ရောင်းပြီး ဇာတိရွာကိုပဲ ပြန်တော့မယ်ပြောနေတာ ကြာပြီ၊ သူ့တူမက အိမ်ထောင်ကျသွားတာတော့ သိတယ်၊ သူနဲ့ မနေတာကြာပြီ"

"သူတို့ဇာတိရွာဆိုတာ ဘယ်မှာလဲ"

"ကျွန်မကို ပြောမသွားဘူးရှင့်"

"ဒီနားတစ်ဝိုက်မှာရော…သိတဲ့သူ ရှိလား"

"အဲဒါလည်း မသိဘူး မောင်လေး…သိချင်ရင် လိုက်စုံစမ်းကြည့်ပါလား"

လမ်းစပျောက်သလို ဖြစ်သွားသော အခြေအနေကို သူ လက်မခံနိုင်စွာပင် ရင်ဆိုင်နေရသည်။ ရပ်ကွက်ထဲက ဘယ်သူ့မေးမေး…ရေရေရာရာ ပြောနိုင်သူမရှိ။ သိသူမရှိ၊ ပဲခူးမှာလိုလို၊ တောင်ငူမှာလိုလို၊ ထန်းတပင်ဘက်မှာလိုလို၊ သန်လျင်မှာလိုလိုတွေ ဟိုညွှန်ဒီညွှန်။ ဘယ်သူမှလည်း ဒီမိသားစုနဲ့အတူ မြူ ပါသွားသည်၊ မပါသွားသည်ကို အတိအကျ မသိကြ။ သူ နေ့စဉ် ဒီရပ်ကွက်နားရောက်လာတတ်ပြီး ဟိုဆိုင်ထိုင်၊ ဒီဆိုင်ထိုင်၊ ဟိုရေးသည်မေး ဒီရေးသည်မေး။ လမ်းပေါ်မှာ ဆော့ကစားနေသော ကလေးအုပ်စုတွေ လိုက်မေးနဲ့သာ တစ်နေ့တစ်နေ့ အချိန်ကုန်ခဲ့ပေမယ့် မြူနဲ့သူ့အဒေါ်မိသားစုသတင်းက ပိုပြီး ထူးခြားမလာခဲ့ပါ။ ပိုပြီး သေသေချာချာ ပြောနိုင်သူ မရှိခဲ့ပါ။

ထိုအခါမှာတော့ သော်တာလမင်းသည် သူ့ကိုယ်သူ ဒေါသတကြီး ခွင့်မလွှတ်နိုင်ခြင်းကြီးစွာ ကြေကွဲရလျက် အမိပ္ပာယ်ကင်းမဲ့သလို ဖြစ်နေသည့် နေ့ရက်တွေကို စတင်ရင်ဆိုင်ရတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်တွေနဲ့ လုံးထွေးရသော ညတိုင်းမှာ သူဟာ မြူ့အရိပ်တွေကို လိုက်လံဖမ်းဆုပ်ရင်း မောပန်းနွမ်းနယ်ကျင်စွာပင် အိပ်မက်မှ လန့်နိုးရခဲ့ရတတ်သည်။ အိပ်မက်ထဲမှာ မြူ့ကို ရှာမတွေ့တော့ဘူးလို့ ခံစားရလျှင် သူသည် ဝမ်းနည်းတကြီး ငိုမိပြီး ရုတ်တရက် လန့်နိုးလာတိုင်း မျက်ရည်တွေနဲ့ နိုးထမိသလိုဖြစ်ရတဲ့ ညပေါင်းမနည်း။

အိပ်မက်ထဲမှာ မြူ့ကို ပြန်ရှာတွေ့ပြီး ကြင်ကြင်နာနာ ထွေးပွေ့နှင့်ရတယ်လို့ မက်လျှင်လည်း ရုတ်တရက် လန့်နိုးတတ်ပြီး တကယ်များ ဖြစ်နေမလားဆိုသော စိတ္တဇတစ်မျိုးဖြင့် ကယောင်ကတမ်း ဘေးဘီကို ကြည့်မိတတ်ကာ..

"မြူ...ကိုယ့်ဆီပြန်လာခဲ့ပါ"

ဟု တမ်းတမ်းတတ ညည်းတွားရှိုက်ငင်မိတတ်ပြန်သည်။

သူ အခုမှ တကယ်သိလေပြီ၊ သူ့နှလုံးသားသည် တစ်စုံတစ်ယောက်ကို အပိုင်ပေးပြီး နေခဲ့လေပြီ၊ ထိုတစ်စုံတစ်ယောက်ကလွဲရင် ဘယ်သူ့ကိုမှ အစားထိုးလို့မရနိုင်တော့ဘူးဆိုသော အသိတရားကို နောက်ကျမှ သိခွင့်ရခဲ့သောအခါ....။

* * *

# လေးနှစ်ခန့်အကြာ

## (၂၀)

ရန်ကုန်နဲ့ သိပ်မဝေးလှသော ရွာတစ်ရွာပေမယ့် အဝေးပြေးကားလမ်းမကြီးမှ ရွာရှိရာကို ချိုးဝင်လိုက်တာနဲ့ လမ်းကြမ်းပြီး ဖုန်ထူသော အခြေအနေကို စတင်ကြုံတွေ့ရသည်။ Toyota Tarago (တိုရိုတာ၊ တာရာဂို) လို ရှုချစ်ဖွယ် သက်သောင့်သက်သာ ငြိမ်ညောင်းစွာ လိုက်နိုင်ပြီး အေးစိမ့်နေသော aircon ဖွင့်ထားသည့်ကားကို စီးလာရသည့် သူတို့မိသားစု အတွက်တော့ လမ်းကြမ်းတာ၊ ဖုန်ထူတာ၊ အပြင်မှာ ပူခြစ်နေတာတွေက ဘယ်လိုမှ အနှောင့်အယှက် မဖြစ်စေပါ။

"ညောင်စုရွာ ဘုန်းတော်ကြီးပညာသင်ကျောင်း" ဟူသော သာမန်ဆိုင်းဘုတ်လေးကို ဘွားခနဲတွေ့လိုက်ရတော့...



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ရောက်ပြီ၊ ရောက်ပြီ၊ ဆရာတော်ကြီးကျောင်း ရောက်ပြီ . . . မောင်လေး"

ဟုအစ်မတွေက ဝမ်းသာအားရ ပြောသည်။

"ငါ့သမီးတွေကတော့ တကယ်ချီးကျူးပါတယ်၊ ဒီလို ရှိုးရိုးငဲ့ဲ ဘုန်းတော်ကြီးကျောင်းလေးကို ရှာရှာဖွေဖွေ သိလာတယ်"

မေမေက သမီးချောနှစ်ယောက်၏ ရက်ရောစွာ လှူချင်လှသော အလှူတစ်ခုအတွက် ဝမ်းသာသော အပြုံးတွေနဲ့ ပြောသည်၊

"သမီးတို့ဆိုင်က ဝန်ထမ်းမိန်းကလေးကတစ်ဆင့် သိရတာပါ၊ သူတို့ရွာက အိမ်ရာနည်းပြီး ပိုက်ဆံတတ်နိုင်တဲ့သူလည်း နည်းတော့ မဖွံ့ဖြိုးဘူးတဲ့၊ ကလေးတွေကို မူလတန်းပညာလောက်တော့ သင်ခွင့်ရဖို့ဆိုပြီး ဆရာတော်ကြီးမှာ တတ်နိုင်သလောက်လေးနဲ့ပဲ ဘုန်းတော်ကြီးပညာသင်ကျောင်း ဖွင့်ထားရတာလို့ ပြောတယ်၊ ဆရာတော်ကြီးနဲ့ ဦးဇင်းတစ်ပါးရယ်၊ ဆရာမလေးနှစ်ယောက်ရယ်နဲ့ ပညာသင်ပေးနေရတာဆိုတော့ စာရေးကိရိယာ မလုံလောက်မှုတို့၊ ရန်ပုံငွေ မရှိတော့လို့ ကလေးတွေ နောက်နှစ်အတွက် ပညာဆက်သင်ပေးဖို့ စက်ခဲမှုတွေ ကြုံရတာ ပြောပြောနေတော့ တအားကို လှူချင်သွားတယ်၊ ကျောင်းမှာရော၊ ဆရာတော်ကြီးဆီမှာပါ လိုအပ်ချက်တွေ အများကြီးဆိုတော့ ဘယ်လောက်ကုန်ကုန် လှူမယ်၊ ရှင်မပြုရသေးတဲ့ ကလေးတွေလည်း ပြုမယ်ဆိုတဲ့စိတ်ကူးလေး ပေါ်လာတာပါ၊ ဖေဖေမေမေနဲ့ မောင်လေးကပါ လိုက်လိုက်လှဲလှဲ အလှူထဲပါလာတော့ ပိုပြီး ဝမ်းသာရပါတယ်၊ သမီးတို့အလှူ မဟုတ်ပါဘူး၊ မိသားစုအလှူပါပဲ"

မွန်းလွဲပိုင်း ဖြစ်နေသေး၍ ဘုန်းကြီးကျောင်းအိုကြီးနဲ့ အဝီအဆောင်လေးဆီမှ ကလေးတွေ စာအံသံကို ကြားနေရသည်။ ဒုတ်





ရေကားခင်းထားသော သစ်သားကျောင်းဆောင်ကြီးပေါ် မိသားစုလိုက်တက်လာကြသည်။ ဘုန်းကြီးကျောင်းသားလေး သွားလျှောက်ထား၍ဆရာတော်ကြီးက အသင့်စောင့်နေပါသည်။ သိပ်ပြီး သက်တော်မကြီးသေးပေမယ့် ရောင့်ရဲတင်းတိမ်ခြင်းတွေနဲ့ ရင့်ကျက်နေသော ဆရာတော်ကို ဖူးလိုက်ကြပါသည်။

"ကျောင်းအတွက် မီးစက်အလှူရှင်နဲ့ စာသင်ကျောင်းက ကလေးတွေ ပညာရေးစရိတ် လစဉ်ထောက်ပံ့မယ့် အလှူရှင် ပေါ်လာတာကို ဝမ်းမြောက်လှပါပြီ၊ အကျိုးတရား၊ အကြောင်းတရားတွေ တိုက်ဆိုင်လို့ ရေစက်ပါလို့ လှူခွင့်ရတဲ့ ဒါကဒကာ၊ ဒကာမတွေရဲ့ သဒ္ဓါတရားထက်သန်မှုကို ဘုန်းကြီး ဝမ်းသာစွာ သာဓုသုံးကြိမ်ခေါ်ပါတယ်၊ ဟုတ်ပြီလား၊ ကဲ . . . ဒကာတို့လည်း ရန်ကုန်ကနေ အလုပ်တွေပစ်ပြီး လာရတာဆိုတော့ အလှူရဲ့ လိုရင်း အစီအစဉ်လေးပဲ စလျှောက်ပါ၊ အစီအစဉ် မြန်မြန်သိရတော့ ဒကာတို့တွေနဲ့ ဘုန်းကြီး တိုင်ပင်ပြီး အချိန်လည်း မကုန်ရအောင် မြန်မြန်အကောင်အထည်ဖော်လို့ ရတာပေါ့"

ဖေဖေ၊ မေမေနဲ့ အစ်မတွေလျှောက်ထားသမျှ ဘေးကနားထောင်ရင်း သူကတော့ အေးချမ်းတိတ်ဆိတ်ပြီး သဘာဝလေနဲ့ နေလို့ထိုင်လို့ကောင်းသည့် ဘုန်းကြီးကျောင်းကိုသာ လှေလာကြည့်ရှုနေမိသည်။ တောဘုန်းကြီးကျောင်းဗိုဗိ ရေခဲသေတ္တာမရှိ၊ လေအေးစက်မရှိ။ သို့သော် သစ်ပင်ရိပ်တို့နဲ့ အေးနေကာ နေလို့ထိုင်လို့ကောင်းလှသည်၊ ဘယ်လိုငြိမ်းချမ်းမှုနဲ့မှ မတူသော ငြိမ်းချမ်းမှုကို ဒီနေရာမှာ ခံစားနေရသည်။

မိသားစုနဲ့အတူ ကျောင်းထိုင်ဆရာတော် စကားပြောနေစဉ် ကျောင်းပေါ်သို့ညင်သာစွာတက်လာသည့် ခြေသံသဲ့သဲ့ကြားရသည်၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ နောက်ကျောဘက် ခပ်လှမ်းလှမ်းမှာ ဝင်ထိုင်လိုက်သော လှုပ်ရှားမှုကို ခံစားရပေမယ့် လှည့်မကြည့်ခဲ့ပါ။

"ကျောင်းလွှတ်လိုက်ပြီလား...ဒကာမတို့"

"တင်ပါ့ဘုရား"

တိုးတိုးသဲ့သဲ့ ဖြေသောအသံကို ကြားလိုက်ရလျှင် သော်တာလမင်း၏ရင်ထဲတွင် ဖြန်းခနဲဖြစ်သွားပါသည်။ "လမင်း"လို့ တိုးတိုးညှံ့ညှံ့ လေး ခေါ်တတ်တဲ့ အသံတစ်သံကို တမ်းတမ်းတတ သတိရသွားပါသည်။ လှည့်ကြည့်ချင်ပေမယ့် ရိုင်းမှာစိုး၍ မလှည့်ကြည့်ဖြစ်သေးဘဲ အသံကို ဆက်နားစွင့်နေမိပါသည်။

"တပည့်တော်တို့ကို ပြန်ခွင့်ပြုပါဦးဘုရား"

ရင်တွေ တထိတ်ထိတ်ခုန်လာမိသည်။ ဒီအသံကို သူ ဘယ်တော့မှ မမေ့နိုင်စရာမရှိ။

"ဆရာမလေးနှစ်ယောက် ခန့်ထားရတယ်...ဒကာတို့၊ သူတို့မလဲ မဖြစ်ညစ်ကျယ် လစာလေးနဲ့ စေတနာပါပါ အသင်ပန်းခံပြီး ကလေးတွေကို ဘုန်းကြီးတို့နဲ့ ဝိုင်းကူသင်ပေးနေရရှာတာပါ၊ ဆရာမတွေက ရန်ကုန်မှာ ဘွဲ့ရလာကြတာလေ၊ ဆရာမ ခင်နွေဦးတဲ့၊ ဆရာမ မြူလင်းလင်းတဲ့၊ ကဲ... ဆရာမတွေရေ၊ ဒီလူတွေကတော့ ကျောင်းအတွက် လိုအပ်သမျှလှူမယ့် ရန်ကုန်က အလှူ့ရှင်တွေပါပဲ"

အံ့သြသော၊ မယုံကြည်နိုင်သော၊ တမ်းတကြေကွဲသော မျက်ဝန်း နှစ်စုံတို့ အကြာကြီး မေ့မြောငေးစိုက်သွားပါသည်။ အရာအားလုံး၏ တိုက် ဆိုင်မှုကို အံ့အားတသင့်နဲ့ ကျေနပ်လက်ခံလိုက်ရသော ဦးသော်တာအပါ





အဝင် ဇနီးနဲ့ သမီးနှစ်ယောက်တို့ကတော့ သားဖြစ်သူရဲ့ရင်ထဲက ခံစားချက် တို့ကို ခွင့်လွှတ်ခဲ့ကြသူတွေပီပီ သူတို့နှစ်ယောက်ရဲ့ပြန်လည်ဆုံဆည်းမှုကို အနှောင့်အယှက်မပေးဘဲ စောင့်ကြည့်ပေးလိုက်ကြသည်။

မြူသည် ပတ်ဝန်းကျင်တစ်ရလုံးမှာ ရှိနေသည့် အသံတွေအကုန် လုံး တိတ်ဆိတ်ငြိမ်သက်သွားသလို ခံစားရတဲ့အထိ သတိလစ်မေ့မြောနေ ခဲ့ရာမှ ရုတ်ချင်း အသိဝင်လာသည်။ မသိစိတ်တစ်ခုရဲ့စေခိုင်းမှုကြောင့် မြူ ကိုယ့် ကိုယ်ကို လှုပ်နှိုးကာ ပြန်အသက်ရှင်စေလိုက်ပါသည်။

"တွေ့ရတာ...တွေ့ရတာ...ဝမ်းသာပါတယ်"

မြူအသံ တိုးတိုးညှံ့ညှံ့လေးသည် သော်တာလမင်း၏အသိစိတ် ကို ရုတ်ချင်း သတိဝင်သွားစေပါသည်။

"ကျွန်မ...ကျွန်မတို့ကို ခွင့်ပြုပါဦးရှင်"

မြူ သုတ်ခနဲ ထပြေးလျှင် ဆရာမခင်နွေဦးလည်း အလှူ့ရှင်တို့ကို အားတုံ့အားနာပြုံးပြနှုတ်ဆက်ပြီး အမြန်ထလိုက်သွားရလေသည်။

"မြူ...မြူ...မသွားပါနဲ့"

BURMESE CLASSIC .com

သော်တာလမင်းတစ်ယောက် သူ့ကိုယ်သူ အားမရစွာ ရေရွတ် ရင်း ကျန်ရစ်ခဲ့သည်။ ခပ်တိုးတိုး သူ ရေရွတ်လိုက်တာကို ကျောင်းအောက် ဆင်းသွားပြီဖြစ်သော မြူကလွဲရင် ကျန်တဲ့သူ အကုန်တော့ ကြားနိုင်ပါ သည်။ ကျောင်းထိုင်ဆရာတော်ကတော့ တအံ့တသြ အကဲခတ်နေသည်။ ကျောင်းလွှတ်ချိန်တိုင်း သူ့ကို ဝတ်ပြုဦးချပြီးမှ အိမ်ပြန်လေ့ရှိသော ဆရာ မလေးနဲ့ ဒီမိသားစုပတ်သက်မှု တစ်စုံတစ်ရာကို မှန်းမရစွာ။

"သား...သွားလိုက်ပါ၊ လိုက်သွားလိုက်ပါ၊ ဒီလောက်နှစ်အကြာ ကြီး သူ့ကို လိုက်ရှာနေခဲ့ပြီးမှ အခု ရုတ်တရက် မထင်မှတ်တဲ့နေရာမှာ ပြန်



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရတော့ Shork (ရှော့(ခ်)ဖြစ်ပြီး ကြောင်နေတယ်ဆိုတာ ဖေဖေ သိထားတယ်။ ဒီတစ်ခါ သူ့ကို သား ဘယ်တော့မှ မဆုံးရှုံးရတော့ပါဘူး"

သူ လှုပ်လှုပ်ရှားရှား ထရပ်လိုက်သည်။

"သားချစ်တဲ့မိန်းကလေးကို မေမေအပါအဝင် ဒီမိသားစုကလည်း ဝမ်းသာအားရ လက်ခံပါမယ်လို့ ပြောပြလိုက်ပါ"

မေမေ့အသံကို လိုက်လှဲစွာပြုံးလျက် သူ့ခြေလှမ်းတွေ ဝိုသွက် လိုက်မိသည်။

"သွား . . . သွား . . . မောင်လေး။ မြန်မြန်လိုက်သွားလိုက်၊ တော် ကြာ အရင်တစ်ခါကလို ရုတ်တရက် ပျောက်သွားမှ ခက်မယ်"

"မပြီးရေ . . . ဒီတစ်ခါ ထပ်ပျောက်သွားရင်တော့ မောင်လေး ဘစ်သက်လုံး ရူးသွားဖို့ပဲ ရှိတော့တယ်"

သော်တာလမင်းသည် သူ့နောက်ကျောမှာ ကျန်ရစ်ခဲ့သော မိသားစုရဲ့အသံကြောင့် သူ့အဖြစ်သူ ပြုံးချင်ပေမယ့် ရင်ထဲမှာတော့ စိုးရိမ် တကြီးနဲ့မို့ စိတ်ချလက်ချ မပြုံးနိုင်သေး။

အိပ်မက်တွေထဲကလိုပဲ မြူ့ကို ရှာမတွေ့တော့ရင်၊ မြူ့ကို ရှာတွေ့ လို့ ပွေ့ဖက်ထားခဲ့ရင်လည်း သူ့အလိုလို ပြန်ပျောက်သွားခဲ့ရင်ဆိုသော စိုးရိမ် စိတ်ကြောင့်ကြစိတ်နဲ့ စိတ်ချလက်ချ မပြုံးနိုင်၊ မပျော်နိုင်။

သိပ်မဝေးသေးသော မြူ့ကျောပြင်လေးကို မြင်ရစဉ် နလုံးသား သည် ပေါက်ထွက်တော့မတတ် အခုန်မြန်လာသည်။

"မြူ . . ."

ဟု တမ်းတမက်မောစွာ ခေါ်လိုက်မိချိန်မှာ သူ့ဘဝတစ်ခုလုံး ပြီး ပြည့်စုံသလို ဖြစ်သွားပါသည်။ မြူ ကိုယ့်ကို ဘာလို့ ထားရစ်ခဲ့လဲ၊ မြူ့ကို ကိုယ်





အမြဲတမ်း လိုက်ရှာနေခဲ့တယ်၊ မြူ . . . ဘယ်ရောက်သွားတာလဲ၊ မြူ ဒီရွာမှာ ဘယ်သူနဲ့နေသလဲ၊ မြူ့ဒေါ်လေးမိသားစုနဲ့ နေနေတာလား၊ မဟုတ်ဘူး၊ ဒါတွေ အရင်မေးမှာမဟုတ်ဘူး၊ အဲဒီမေးခွန်းတွေ မေးဖို့မလိုဘူး၊ ဒါတွေက အရေးမကြီးဘူး၊ သော်တာလမင်းရဲ့ ရင်ထဲမှာ မေးခွန်းတွေနဲ့ ပြည့်ကြပ် လွန်ဆွဲနေခဲ့သည်။

သူ့ကို အေးဆေးတည်ငြိမ်စွာ စောင့်နေသော မြူ့မျက်ဝန်းတစ်စုံ ကို ဆုံလိုက်ရချိန်မှာ သူ အရည်ပျော်သွားပါသည်။ သူ့ရင်ထဲက မေးခွန်းတွေ အကုန်ပျောက်သွားခဲ့ပြီး တစ်ခုတည်းသော မေးခွန်းတစ်ခုသာ ကျန်ရစ်ခဲ့ တော့သည်။

"မြူ . . . ကိုယ့်ကို ချစ်သေးရဲ့လား"

မျက်ရည်တွေ ပြည့်လျက် ပြန်ကြည့်သော မြူ့ရဲ့မျက်ဝန်းများကို မြင်လျှင် သူ ဒီမေးခွန်းကို မေးဖို့မလိုကြောင်းအလိုလို နားလည်သွားပါသည်။

အိပ်မက်ထဲမှာတော့ အခါခါ ပြောနေမိပေမယ့် အပြင်မှာ တစ်ခါမှ ထုတ်မပြောခဲ့ဖူးတဲ့ စကားတစ်ခွန်းရှိတယ် . . . မြူ၊ အဲဒီစကားကတော့ . . .

"မြူ့ကို ကိုယ် ချစ်တယ်"

သူ မက်မောနှစ်သက်စွာပင် ခပ်တိုးတိုးညင်သာစွာ ပြောလိုက် သောအခါ သူတို့နှစ်ဦးကြားမှာ ဘာစကားမှ ထပ်ပြောစရာ မလိုတော့အောင် ဝင် အရာအားလုံး ပြီးပြည့်စုံသွားပါသည်။

တစ်ကြိမ်တစ်ခါမှ မပြောခဲ့ဖူးပေမယ့်လည်း ဒီတစ်ကြိမ်လေး ပြော ခွင့်ရလိုက်တာနဲ့တင် သူ့ရင်ထဲက ကြီးမားလေးနက်သော အချစ်ကို မြူ သိကြည်လက်ခံသွားခဲ့ပါပြီ၊ မြူ သူ့ကို ဘယ်တော့မှ မမုန်းခဲ့ဘူး၊ အမြဲတမ်း ချစ်နေခဲ့တယ်ဆိုတာ သူ သိအောင် တော့ ပြောပြလိုက်ချင်သေးရဲ့။

*   *   *

www.burmeseclassic.com

www.burmeseclassic.com

# 'အိပ်မက်ထဲက တကယ့်အဖြစ်အပျက်'

"အိပ်မက်မက်နေတယ်ထင်ပေမယ့်
ဒါဟာ တကယ့်အဖြစ်အပျက်ပါပဲလို့
နှလုံးသားမှာ ကြည်နူးမြူးထူးစွာ..."

ရှင်မိုး(ဆေးတက္ကသိုလ်)

7th December

Friday

2012

*   *   *

## Synergy Publications အမည်ဖြင့် စိစဉ်ထွက်ရှိပြီးစာအုပ်များ....

| | | |
|---|---|---|
| ၁။ | နိုင်းနိုင်းစနေ | အမေ့လက်ရေးစာစုများ |
| ၂။ | အစောက်တော်လှအောင် | သားစစ်သည်၏ နိုင်ငံသာရိ |
| ၃။ | မြသန်းတင့် | ခွဲနိုးမပီနှင့် အခြားဝံထောက်ဝတ္ထုတိုများ |
| ၄။ | နိုင်းနိုင်းစနေ | ပျော်ရွှင်ခြင်းရဲ့လျှို့ဝှက်အမှတ်အောင်မြင်သူရဲ့လမ်း |
| ၅။ | တင်မောင်မြင့် | လူငယ်များအတွက် ဒီနှံခဲ |
| ၆။ | နိုင်းနိုင်းစနေ | လင်းလက်တဲ့ချစ်ဦးအိမ |
| ၇။ | မြသန်းတင့် | အင်ဒါဆင်၏ ဒဏ္ဍာရီများ |
| ၈။ | မောင်မြတ်မိုး | ကျစ်ဆံမြီးတွင် ဖဲကြိုးစည်းလိုက်ပါနှင့် အမေ့သင်ခန်းစာများ |
| ၉။ | နိုင်းနိုင်းစနေ | ဟိုတုန်းက အမှတ်တရနှင့် အခြားဝတ္ထုတိုများ |
| ၁၀။ | ခိုနီဝင်းခိုင် | ယုံကြည်ရာ |
| ၁၀။ | နိုင်းနိုင်းစနေ | စမ်းချောင်းလေးရဲ့ခရီးစဉ် (စိတ်ခွန်အားဖြည့်စာစုများ) |
| ၁၂။ | မြသန်းတင့် | မယုံတစ်ကိုယ် |
| ၁၃။ | အစောက်တော်လှအောင် | လက်ညှိုးထိုးတာ လက်စွပ်ဝတ်ရတာမှမဟုတ်ဘဲ မောင်မောင်ရယ် |
| ၁၄။ | မြသန်းတင့် | ခေတ်ပြိုင်ရုပ်ပုံလွှာများ |
| ၁၅။ | နိုင်းနိုင်းစနေ | ဥယျာဉ်ထဲကပန်းတစ်ပွင့်(ဝတ္ထုတိုများ) |
| ၁၆။ | စောငုဝါ-ပျဉ်းမနား | အိုင်အမ်ဗီဝနည်းပညာအသုံးပြုစိုက်ပျိုးရေး |
| ၁၇။ | မြသန်းတင့် | မြသန်းတင့်၏စာပေါင်းစု |
| ၁၈။ | မောင်မြတ်မိုး | လူတိုင်းနှင့်စကားပြောနည်း |
| ၁၉။ | ထန်လိုင် | ဂန္ဓဝင်တေးသီချင်း (သို့) တွံတေးသိန်းတန် |
| ၂၀။ | နိုင်းနိုင်းစနေ | မေတ္တာတို့ပေါင်းစုရာ |
| ၂၁။ | တင်မောင်မြင့် | လာရိုကင်း၏ လာရိုကင်း |

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ၂၂။ ဇော်မြင့်ဦး | မြန်မာ့အောင်ဆန်း |
| ၂၃။ မြသန်းတင့် | အမှောင်ရိပ်ဝယ် |
| ၂၄။ နိုင်းနိုင်းစနေ | ရတနာများနဲ့ ဆက်သွယ်ခြင်း |
| ၂၅။ နတ်နွယ် | တစ်ယောက်ပြီးတစ်ယောက်နှင့်အခြားစုံထောက် လျှို့ဝှက်သည်းဖိုဝတ္ထုများ |
| ၂၆။ ရှမဝ | ရှမဝပုံပြင်ပေါင်းချုပ် |
| ၂၇။ စိန်ဝင်းစိန် | လန်ဒန်ဗိုင်ယာရီ |
| ၂၈။ တင်မောင်မြင့်နှင့် တင်စိန် (ပထဝီဝင်) | ရောင်းချခြင်း အတတ်ပညာ |
| ၂၉။ နိုင်နိုင်းစနေ | သတ္တိရှိတဲ့ ပထမခြေလှမ်း |
| ၃၀။ စောငှဝါ-မျှော်းမနား | အဆီပိုဝိုးသတ်ဆေးလွှတ် စိန်တစ်လုံး သရက်စိုက်ပျိုးထုတ်လုပ်ရေး |
| ၃၁။ ကလောင်စုံ | ရှမဝချစ်ကိုယ်တွေ့များ(၁) |
| ၃၂။ ကလောင်စုံ | ရှမဝချစ်ကိုယ်တွေ့များ(၂) |
| ၃၃။ နိုင်းနိုင်းစနေ | ကျွန်မဇာတ်ရို |
| ၃၄။ စိုးသိကြား | မေးသမျှဖြေကြ အကျော်ဖေယျ |
| ၃၅။ စောငှဝါ(မျှော်းမနား) | အဆီပိုဝိုးသတ်ဆေးလွှတ်မာလကာ စိုက်ပျိုးထုတ်လုပ်နည်း |
| ၃၆။ မောင်မြတ်မိုး | ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းနည်းများ |
| ၃၇။ ဗိုလ်သိမ်းဇေ | ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ |
| ၃၈။ နိုင်းနိုင်းစနေ | နှလုံးသားဝန်ဆောင်မှု |
| ၃၉။ စောငှဝါ(မျှော်းမနား) | ဂုဏ်သသမှုလိနွယ်ပင်နှင့်ကင်ဆာဘေးအန္တရာယ် လျော့ချရေး |
| ၄၀။ အောင်မျိုးဘွား | ကားဝယ်လမ်းညွှန် |
| ၄၁။ နယည် | ပုံပြင်ပေါင်းချုပ် |
| ၄၂။ နိုင်းနိုင်းစနေ | ၉၀-၁၀ နိယာမ |
| ၄၃။ မင်းသုတ | ဗိုလ်ချုပ်အောင်ဆန်း အင်္ဂလိပ်ဘာသာဖြင့် ပြောကြားခဲ့သော မိန့်ခွန်းများ (မြန်မာပြန်) |
| ၄၄။ နိုင်းနိုင်းစနေ | ကျွန်မဇာတ်ရို(၂) |
| ၄၅။ စောငှဝါ-မျှော်းမနား | အိမ်အပ်စီဝနည်းပညာအသုံးပြုစိုက်ပျိုးမွေးမြူရေး |
| ၄၆။ ရှင်မိုး(ဆေးတက္ကသိုလ်) | တောက်ပ၍ နွေးထွေးသော ကောင်းကင်တစ်ခုအောက်မှာ |
| ၄၇။ ဇညာဦး | ကိုလိုနီနယ်မှ လူစွမ်းကောင်း |
| ၄၈။ နိုင်းနိုင်းစနေ | လျှို့ဝှက်တဲ့ သန်းကြွယ်သူဌေး |
| ၄၉။ စောငှဝါ-မျှော်းမနား | ဟော်လန်သံပရာ |
| ၅၀။ နိုင်းနိုင်စနေ | ကျေးဇူးပြု၍ မေမေ့ကိုကြည့်ရှုစောင့်ရှောက်ပါ |
| ၅၁။ မောင်မြတ်မိုး | စတ္တုန့်ခြောက်ဆယ်အတွင်းအလုပ်ရရှိနည်း |
| ၅၂။ ရှင်မိုး | ၂၀၀၂ အချစ်ပုံပြင် |
| ၅၃။ စောငှဝါ-မျှော်းမနား | အဆီပိုဝိုးသတ်ဆေးလွှတ် ဇီဝနည်းပညာသုံး သဘော်စိုက်ပျိုးထုတ်လုပ်နည်း |
| ၅၄။ Wutyee Food House | ဟင်းလက်ရာ (၁၀၁)မျိုး |
| ၅၅။ ဇေယျာဝင်းထက် | လိုက်ဖက်ညီအရောင်များ |
| ၅၆။ နိုင်းနိုင်းစနေ | နေရာ |

**ယခုလ**

| | |
|---|---|
| ၅၇။ ရှင်မိုး | အိပ်မက်ထဲက တကယ့်အဖြစ်အပျက် |

BURMESE CLASSIC .com

www.burmeseclassic.com